
တင်မြင့်
Lee
သူဌေးသားတစ်ယောက်၏ စွန့်စားခန်း

တက္ကသိုလ် တင်မြင့်
သူဌေးသားတစ်ယောက်၏စွန့်စားခန်း

၂၀၁၄ခုနှစ်၊ ဇန်နဝါရီလ၊ ပထမအကြိမ်

တန်ဖိုး

၁၀၀ ကျပ်

အုပ်ရေ

၅၀၀

ထုတ်ဝေသူ

ဦးကျော်လှိုင် (၀၃၈၈၇) စေတနာစာပေ

အမှတ်(၅၉)၊ ၁၉-လမ်း၊ လသာမြို့နယ်။

ပုံနှိပ်သူ

ဦးကျော်လှိုင် (၅၅၇၃)၊ စေတနာ Offset

အမှတ်(၉၆)၊ ပဒုမ္မာလမ်း၊ ရဲရိပ်သာဝင်း၊ ဒဂုံမြို့နယ်။

၈၉၅.၈၃

တက္ကသိုလ်တင်မြင့်
သူဌေးသားတစ်ယောက်၏စွန့်စားခန်း (ရန်ကုန်)
စေတနာစာပေ၊ ၂၀၁၄
၂၈၈-စာ၊ ၅×၇
(၁) သူဌေးသားတစ်ယောက်၏စွန့်စားခန်း

# တက္ကသိုလ်တင်မြင့်

## သူဌေးသား
## တစ်ယောက်၏
## စွန့်စားခန်း

စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

၁၉၇၀ ပြည့်နှစ် ဝန်းကျင်
အဖြစ်အပျက်များကို
အခြေခံ ရေးဖွဲ့ထားပါသည်။

# ၄ . ၂

တန်ဆောင်မုန်းလပြည့်လေး ကျော်လာပြီ ဆိုသည်နှင့် မြောက်လေကလေးဝေ့ပြီး စိမ့်ခနဲ အေးသောမဆောင်း၏ အစလေး ပျိုးစပြုလေပြီ။

"ဆရာ … ဆရာ ထတော့လေ ငါးနာရီထိုးပြီ"

"ဟာကွာ … ကွေးလို့ကောင်းတုန်း ရှိသေးတာ စံအေးရ"

"ဘယ်ဖြစ်မလဲ ဆရာ၊ အမြန်ရထားက ခြောက်နာရီ ဒေါင်ခနဲ ထိုးတာနဲ့ ထွက်တာ။ ဆရာ ပြင်ဦး ဆင်ဦးမှာနဲ့ ရထားမီအောင် မနည်းကြိုရမှာ ဆရာ"

"နေပလေ့စေတော့ကွာ၊ နက်ဖြန်မှပဲ ငါ သွားတော့မယ်။ ကိစ္စက အရေးတကြီးလည်း ဟုတ်မှ မဟုတ်တာ"

"ဘယ်ဖြစ်မလဲ ဆရာ၊ လက်မှတ်က နှစ်ရက်တောင် တင်ကြိုဝယ်ထားရတဲ့ ပထမတန်း လက်မှတ်ကြီး၊ လက်မှတ်ဝယ်ရတာ လွယ်တာမှတ်လို့၊ မှတ်ပုံတင်ပေးပြပြီး ဝယ်ရတာ။

နောက်ပြီး တောင်ငူက ဆရာကျော်စိုးက ဆရာ့ကို စောင့်နေဦးမှာ မဟုတ်လား၊ ဆရာနဲ့ ဆရာကိုကျော်စိုးတို့ တောင်ငူမှာ ဖလှယ်စရာလေးတွေ တစ်ယောက်နဲ့တစ်ယောက် ဖလှယ်ကြရဦးမယ်လေ ဆရာ”

တပည့်ကျော် စံအေး ပြောသမျှမှာ တကယ့်အမှန်တွေချည်းမို့ ထွန်းထွန်းသည် အိပ်ရာထဲ ကွေးနေရာမှ စောစောစီးစီး မထချင် ထချင်နှင့် ထရလေတော့သည်။

ထွန်းထွန်းသည် အိပ်ပုပ်ကြီးပြီး အိပ်ရာထပျင်းသူတစ်ဦးဖြစ်ပါ၏။ ယခုလို ဆောင်းရာသီမျိုးဆိုလျှင် သာ၍ပင် အိပ်ရာထပျင်းသည်။

မန္တလေးမြို့၏ ဆောင်းရာသီသည် မည်သူမဆို အိပ်ရာမှ စောစီးစွာ မထလိုဘဲ ဂွမ်းကပ်ခြုံပြီး နှပ်နေချင်စရာကောင်းအောင်လည်း ချမ်းလှသည်။

“တောက် … ငါသွားမဲ့နေ့ကျမှ မိုးကလည်းရွာသေး။ သွားတောင် မသွားချင်တော့ဘူး”

“မဟုတ်တာဘဲ ဆရာ၊ မန္တလေးမိုးက ရွာနေတာ ဒီနေ့ပါဆို လေးရက်တောင် ရှိနေပြီ။ ဆရာသွားမဲ့ ဒီနေ့ကျမှ ရွာချတာမှ မဟုတ်တာ။ တောင်ငူ ရောက်ရင်လည်း မိုးရွာချင်မှ ရွာတော့မှာပါဆရာ။ ဒီမန္တလေးမှာလောက်လည်း ချမ်းမှာမဟုတ်ပါဘူး ဆရာ”

ထွန်းထွန်းသည် အိပ်ရာထဲမှ ထ,ထချင်း နဂါးဆေးပေါ့လိပ်တိုကို ကောက်ကိုင်ပါလေ၏။





ထို့နောက် အိပ်ရာဘေးရှိ စားပွဲပေါ်တွင် လက်တစ်ဖက်ဖြင့် ဆေးလိပ်ညှိရန် မီးခြစ်ကိုရှာသည်။

တပည့် စံအေးကပင် ကပျာကယာ တစ်နေရာမှ မီးခြစ်သွားယူပြီး ထွန်းထွန်း လက်ထဲ ထည့်ပေးရသည်။

ထွန်းထွန်းသည် ခါးအောက်ပိုင်းကို ဂွမ်းကပ်စောင်ကြီးထဲမှ မထွက်သေးဘဲ နဂါးဆေးပေါ့လိပ်တိုကို မီးညှိရှူဖွာနေသေးသည်။

“ဆရာ ရေချိုးဦးမှာလား”

“ချိုးမှာပေါ့ကွ”

မည်မျှပင် ဆောင်းတွင်းဖြစ်စေ၊ မည်မျှပင် မိုးတွင်းဖြစ်စေ ထွန်းထွန်းသည် အိပ်ရာမှ ထထချင်း နံနက်တစ်ကြိမ်၊ ညနေ ငါးနာရီနှင့် ခြောက်နာရီကြားတွင် တစ်ကြိမ် ရေမချိုးဘဲ မနေနိုင်ပါလေ။ နံနက်အိပ်ရာထ ရေမချိုးမိပါက တစ်ညလုံးအိပ်ထားသော ခန္ဓာကိုယ်မှ ကိုယ်ငွေ့များပြန်ကာ အပြင်ဘက်မှာ ဘယ်လောက်အေးနေ အေးနေ ထွန်းထွန်းမှာ ပူစပ်ပူလောင် ဖြစ်နေတတ်သည်။ အလားတူ ညနေဘက် ရေမချိုးမိပါကလည်း တစ်ညလုံး အိပ်ရာထဲဝယ် ဂွမ်းကပ်ခြုံထားပြီး ငြိစိစိကြီး ဖြစ်နေတတ်သည်။

“ဆရာ … လေ့ကျင့်ခန်းကော လုပ်ဦးမှာလား”

“လုပ်မှာပေါ့ စံအေးရ၊ နို့မဟုတ်ရင် သွေးဘယ်ပူမလဲ၊ သွေးမပူရင် ဒီလောက်ချမ်းအေးနေတာ ဘယ်ရေချိုးလို့ရမှာလဲ”

စံအေး ခေါင်းကုတ်သည်။

"ခက်တာပဲ ဆရာ၊ အခုတောင် ပြောရင်း ဆိုရင်း ငါးနာရီ ဆယ်မိနစ် ရှိသွားပြီ ဆရာ"

"ရှိရှိကွာ"

ထွန်းထွန်းသည် နဂါးဆေးလိပ်ကို ရှူဖွာပြီး ဆေးလိပ်ခွက်ထဲ ပြန်ထားကာ ခွမ်းကပ်ကို ဖယ်ပြီး အိပ်ရာမှ လုံးလုံးလျားလျားထကာ သူ လေ့ကျင့်ခန်းယူသော အခန်းသို့ လျှောက်သွားသည်။ ဝိတ်တံဝိတ်ပြားတွေနှင့် မ,သည် လေ့ကျင့်ခန်းကို အချိန်မရတော့ပြီမို့ မယူတော့ဘဲ ဖရီးဟင်းလေ့ကျင့်ခန်းကိုသာ ယူတော့သည်။

တစ်နေ့ရာတည်းမှာပင် အကြိမ်ပေါင်းများစွာ ခုန်သည်။ ခန္ဓာကိုယ် ကွေးချည် ဆန့်ချည် လက်မြှောက် လက်ကွေး စသည့် လေ့ကျင့်ခန်းများ ယူပြီးနောက် SHAW FIGHT ခေါ်လေထဲတွင် လက်သီးထိုး ခြေဆုတ် ခြေတက် စသည့် လေ့ကျင့်ခန်း ယူသည်။

မိနစ်နှစ်ဆယ်ခန့် ကြာသော် ထွန်းထွန်း ခန္ဓာကိုယ်မှာ ပူနွေးလာပြီး ချွေးလေးပင် စို့လာသည်။

"ဆရာ ငါးနာရီခွဲသွားပြီ၊ ဆရာ့ အတွက် ရေချိုးဖို့ ကျွန်တော် ရေနွေးစပ်ထားတာ အငွေ့တွေပြယ်သွားဦးမယ် ဆရာ"

"အေးပါ စံအေးရ၊ ငါ ယူသွားရမဲ့ ပစ္စည်းတွေသာ အစုံအစေ့ မင်း ထည့်ထား"

"အဆင်သင့်ပါ ဆရာ ... ညကတည်းက ထည့်ထားတာ"





"မော်တော်ကား စက်ကိုကော နှိုးထားပြီးပလား"

"အခုပဲ ကားကို အင်ဂျင်နွေးသွားအောင် ကျွန်တော် ကားဂိုဒေါင်သွား စက်နှိုးမလို့ ဆရာ"

စံအေး ကားဂိုဒေါင်သွားမှ ထွန်းထွန်း ရေချိုးခန်းဝင်ပြီး ရေချိုးသည်။

"အင်း ... ဒါကြောင့်လည်း ဖေဖေနဲ့ မေမေက စံအေးကို မိမိအတွက် ထားပေးတာကိုး"

ဟု တွေးရင်း ရေချိုးတော့သည်။

ထွန်းထွန်း၏ ဖေဖေနှင့် မေမေသည် ကျောက်မဲတွင် နေထိုင်ပြီး ထိုနယ်တစ်ဝိုက်တွင် လက်ဖက်ခြံတွေ တော်တော်များများ ပိုင်ဆိုင်ထားပြီး လက်ဖက်စို လက်ဖက်ခြောက်လုပ်ငန်းကြီးကျယ်စွာ လုပ်ဆောင်သည်။

မန္တလေးတွင် ဟီးနေသော လက်ဖက်စို လက်ဖက်ခြောက်ပွဲရုံကြီး ဖွင့်ထားကာ စီးပွားရေးစားကျက် ထူထောင်ထားကာ ချမ်းသာကြွယ်ဝသော ကြေးရတတ်များ ဖြစ်ကြ၏။

မန္တလေးပွဲရုံကြီးအား မေမေ၏ ဦးရီးတော်သူ လူပျိုကြီး ဘကြီးအောင်က ပွဲရုံကြီးကို ဦးစီးခေါင်းဆောင်ပေးသည်။

ဖေဖေနှင့် မေမေသည် တစ်နှစ်တွင် နှစ်ကြိမ် ကျောက်မဲမှ မန္တလေးသို့ ဆင်းလာပြီး မန္တလေးပွဲရုံကြီးမှာ ငွေစာရင်းပစ္စည်းစာရင်းနှင့် ပွဲရုံလုပ်ငန်း တိုးတက်မှု အခြေအနေများကို တစ်ခေါက်ဆင်းလာတိုင်း မန္တလေး၌ တစ်လကိုးသီတင်း နေထိုင်ကာ စစ်ဆေးမှုပြုသည်။

ကိုယ့်ခြံများမှ ထွက်သော လက်ဖက်စို လက်ဖက်ခြောက်များ ဖြစ်သည်မို့ အကောင်းဆုံး ကိုယ့်စိတ်ကြိုက် မွှမ်းမံကာ မန္တလေးပွဲရုံကို ဗဟိုပြုပြီး အောက်မြန်မာပြည်တစ်ဝှမ်း အထက်မြန်မာပြည်တစ်ဝှမ်းနှင့် ပြည်နယ်ဘိုင်း၊ မြို့ကြီး မြို့ငယ်များသို့ ကျောက်မဲအရင်းသာသာ အမြတ်ကြီးမယူဘဲ ဖြန့်ဝေရောင်းချမှုကြောင့် ပစ္စည်းဈေးမှန်ပြီး လုပ်ငန်းအောင်မြင်လှပါပေသည်။

ထို့ကြောင့် ဖေဖေနှင့် မေမေသည် မန္တလေး စိန်ပန်းရပ်ထဲတွင် ခြံနှင့် ဝင်းနှင့် တစ်ထပ်တိုက်လေးတစ်လုံး ဝယ်လိုက်သည်။

ဖေဖေနှင့် မေမေ တစ်လကိုးသီတင်း မန္တလေးလာရောက်ချိန် တည်းခိုစေ၊ ဘကြီးအောင် အတွက်လည်း သက်သောင့်သက်သာ မန္တလေးတွင် သီးသန့်နေရစေ ဆိုသည့် ရည်ရွယ်ချက်ဖြင့် ထိုတစ်ထပ်တိုက်လေးကို ဝယ်ယူလိုက်ခြင်းပါပေ။

ထိုစဉ်က ထွန်းထွန်းသည် မြန်မာစာအဓိကဘာသာဖြင့် မန္တလေးတက္ကသိုလ်သို့ စတင်တက်လာစ ဖြစ်ပေသည်။

မန္တလေးတွင် ဟီးနေသော ပွဲရုံကြီးနှင့် စိန်ပန်းရပ်တွင် ကိုယ်ပိုင်တစ်ထပ်တိုက်လေး ရှိစေကာမူ ထွန်းထွန်းသည် သူငယ်ချင်းများ စုဝေးစွာနေသော တက္ကသိုလ် အဆောင်မှာသာ နေပေသည်။

ကျောင်းရက်ရှည်ပိတ်ရက်များတွင် ဖေဖေနှင့် မေမေ ရှိရာ ကျောက်မဲသို့ ပြန်ချင်သည့်အခါ ပြန်သည်။ မပြန်ချင်သည့်အခါ မပြန်ပါလေ။





ဖေဖေနှင့် မေမေကလည်း တစ်ဦးတည်းသောသား ထွန်းထွန်း၏ အလိုကျ ဘာမဆို လိုက်လျောသည်။

ထွန်းထွန်းသည် မြန်မာစာအဓိကဖြင့် တက္ကသိုလ်သို့ မတက်ရောက်မီ ဟိုက်စကူးကျောင်းသားဘဝကတည်းက စာပေဝါသနာ ကြီးလှသည်။ ကဗျာစပ်သည်၊ ဝတ္ထုရေးချင်သည်။ ဟိုက်စကူးကျောင်းသား ဘဝကတော့ ဆယ်တန်းအောင်ဖို့ အဓိကအားစိုက် အာရုံစိုက်ရသောကြောင့် ဝါသနာကို အောင့်အည်းထားခဲ့သည်။ ဆယ်တန်းအောင်ပြီး တက္ကသိုလ်သို့ရောက်သူတို့ ဝါသနာအတိုင်း ကဗျာစပ် ဝတ္ထုရေးတို့တွင် အာရုံရှိသည့်အတိုင်း လုပ်ဆောင်တော့သည်။

ကဗျာဆိုလည်း စပ်သည်၊ ဝတ္ထုဆိုလည်း အတိုအရှည်အားလုံးရေးသည်။ မိမိ ရေးပြီးသမျှကို မဂ္ဂဇင်းတိုက်မျိုးစုံ စာစောင်မျိုး စုံတို့သို့ ပို့သည်။

"ဆက်လက် ကြိုးစားပါဦး"

ဟူသော မဂ္ဂဇင်းတိုက် စာစောင်တိုက်များမှ စာမူနှင့်တကွ ပြန်ပို့ခံရခြင်း အခြေမှာသာ ရှိပါ၏။ ထွန်းထွန်း စိတ်မပျက်။

"အို ... ကျောင်းစာတစ်ဖက်နဲ့မို့ ငါရေးသမျှ မအောင်မြင်သေးတာ၊ ရသမမြောက်လို့ အပယ်ခံရတာ ကျောင်းကထွက်ပြီးတဲ့အခါကျမှ ကျကျနန အချိန်ယူရေးပြမယ်"

ဟု ထွန်းထွန်း စိတ်ဓာတ်တင်းထားပါ၏။

ဤမှာပင် တောင်ငူမြို့မှ မန္တလေးတက္ကသိုလ်သို့ လာရောက်တက်သော ကျော်စိုးသည် ထွန်းထွန်းနှင့် မန္တလေး

တက္ကသိုလ်တွင် ဘာသာတူ၊ အတန်းတူ၊ အဆောင်အတူမက ဝါသနာခြင်း ထပ်တူ ထပ်ညီပြီး ခင်မင်သော အပေါင်းအသင်း သူငယ်ချင်း အရင်းအချာ ဖြစ်သွားတော့သည်။

"စာရူး"နှစ်ယောက် တွဲမိခြင်းဟု ဆိုနိုင်ပါ၏။

"ဟော့ ... စာရေးဆရာ ဆိုတာ ဒေသန္တရဗဟုသုတကြွယ်
မှ ကိုယ်ရေးတဲ့စာမှာ သိက္ခာတွေ ဟန်တွေ ရှိတာကွ"

ဟု နှစ်ဦးသား ဆုံးဖြတ်ကာ ဒီဇင်ဘာကျောင်းပိတ်ရက်မျိုးတွင် ထွန်းထွန်းကလည်း ကျောက်မဲသို့ မပြန်၊ ကျော်စိုးကလည်း တောင်ငူ မပြန်၊ နှစ်ဦးသား စာရေးရန် အတွက် ဒေသန္တရဗဟုသုတ ရှာကြတော့သည်။

ပုဂံညောင်ဦးလည်း ရောက်သည်။ ပုပ္ပားသို့လည်း ရောက်သည်။

ပြန်လာသည့်အခါ ထွန်းထွန်းရော ကျော်စိုးပါ တင်တင်ပျပျ စာတစ်ပုဒ်မှ မပါလာဘဲ ကျောင်းစာနှင့်ပြန်၍ နပန်းလုံးကာ တစ်နှစ်တစ်တန်း အောင်ရေးကို ကြိုးစားရပြန်သည်။

နောက်တစ်နှစ်ကျပြန်တော့လည်း ကျောင်းရက်ရှည် အပိတ် ကိုယ့်အိမ်ကိုယ် မပြန်ကြဘဲ ဟို မြစ်ကြီးနား၏ အထက် ဧရာဝတီမြစ်ဖျားခံရာ မေခနှင့် မေလိခ မြစ်ဆုံအထိ သွားရောက်ပြီး လေ့လာကြ ဒေသန္တရ ဗဟုသုတ ရှာကြပြန်သည်။ သူပုန်ကိုမကြောက်၊ သောင်းကျန်းသူကို ဂရုမစိုက်ဘဲ သွားလေ့လာပြီး ပြန်လာတော့လည်း အပြန်မှာ ဒုံရင်း ... ဒုံရင်း။





နှစ်ဦးစလုံးဝယ် မည်သည့်တိုက်ကမှ ပုံနှိပ်စာလုံးဖြင့် စာတစ်ပုဒ် ထွက်ပေါ်မလာပေ။

ယင်းသို့ဖြင့် နှစ်ယောက်စလုံးပင် မြန်မာစာအဓိကဖြင့် နှစ်စေ့အောင်မြင် ဘွဲ့အသီးသီး ရခဲ့ကြပါ၏။ ဘွဲ့ရကြပြီး နောက်တစ်နှစ်မှာပင် ကျော်စိုးအတွက် ဝမ်းနည်းစရာကိစ္စ ကြုံခဲ့၏။

တောင်ငူမှ ကျော်စိုးတွင် နဂိုကတည်းကပင် ဖခင် မရှိပါလေတော့၊ နဂိုကတည်းက ဖခင်မရှိဆိုသည့် စကားအဓိပ္ပာယ်မှာ ကျော်စိုး မန္တလေးတက္ကသိုလ်သို့ ပထမနှစ် ဝင်ရောက်စဉ်ကတည်းက ဝင်ခွင့်ပုံစံ၏ ဖခင်အမည်နေရာတွင် "ကွယ်လွန်"ဟု ရေးထားခဲ့သည်။

ကျော်စိုးမှာ မိခင်မုဆိုးမသား အဖြစ် ချို့တဲ့သည်တော့ မဟုတ်။ ပင်ကိုယ်အားဖြင့်ပင် တောင်ငူ၌ ကျော်စိုးတို့သည် သစ်လုပ်ငန်းဖြင့် ချမ်းသာကြွယ်ဝခဲ့သူများ ဖြစ်သည်။

တောင်ငူတွင် ကျော်စိုး၌ ကိုယ်ပိုင်လုပ်ငန်း၊ ကိုယ်ပိုင်တိုက်အိမ်၊ ကိုယ်ပိုင်ကားရှိသူများ ဖြစ်သည်။

ထွန်းထွန်းတို့ မန္တလေး ကျောက်မဲတွင် လုပ်ငန်းကြီးရှိပြီး မန္တလေးပွဲရုံကို စိတ်ချယုံကြည်ရသော ဘကြီးအောင်က ဆောင်ရွက်ပေးသလို ကျော်စိုးတို့၏ လုပ်ငန်းကြီး အားလုံးကိုလည်း မိခင်နှင့်အတူ ဦးကြီးတော်သူ တစ်ဦးက ဆောင်ရွက်ပေးနေခြင်း ဖြစ်သည်။

ထွန်းထွန်းတို့ ချမ်းသာသလို ကျော်စိုးလည်း ချမ်းသာသူ ဖြစ်ပေသည်။

ထပ်ဆင့်ပြီး ကျော်စိုး၏ ကြေကွဲစရာ အဖြစ်မှာ မန္တလေးတက္ကသိုလ်မှ ကျော်စိုး ဘွဲ့ရပြီး နောက်တစ်နှစ်မှာပင် ကျော်စိုး၏မိခင် မုဆိုးမကြီးသည် ဖျတ်ခနဲ သွေးတိုး ဦးနှောက်ကြောပြတ်ပြီး သေဆုံးသွားသည်။

ထွန်းထွန်းသည် ဘွဲ့ရပြီးနောက် ကျောက်မဲအိမ်သို့ မပြန်ဘဲ မန္တလေး စိန်ပန်းရပ် တိုက်အိမ်လေးတွင် ဆက်နေပြီး မဟာဝိဇ္ဇာ တက်သည်။

ထွန်းထွန်း လုပ်ချင်သမျှကို ဖေဖေနှင့် မေမေက လိုက်စမြဲသာ၊ စိန်ပန်းရပ် တိုက်အိမ်လေးတွင် ဘကြီးအောင် လူပျိုကြီးနှင့် ထွန်းထွန်းကို အတူနေစေသည်။

မဟာဝိဇ္ဇာတန်းမှာ အချိန်ပိုင်းသာ တက်ရသည်မို့ အဆောင်တွင် နေခွင့်မရတော့ပေ။

သားတော်မောင် ကျောင်းတက်ရင်စီးရန် မိဘများက မာဇဒါဂျစ်ကားတစ်စီး ဝယ်ပေးထားသည်။

ဘကြီးအောင်သည် နဂိုကတည်းကပင် စိန်ပန်းရပ်မှ တိုက်အိမ်လေးတွင် နေလိုသူ မဟုတ်။ သူ၏ပွဲရုံကိုသာ အစွဲအလမ်းကြီးမားသည်။ ပွဲရုံတွင် ညရေးညတာအတွက် စိုးရိမ်သည်။ ဖေဖေနှင့် မေမေ၏ ဩဇာကြောင့်သာ စိန်ပန်းရပ် တစ်ထပ်တိုက်လေးတွင် နေရခြင်း ဖြစ်သည်။

တစ်နည်း ဆိုပါမူ ဖေဖေနှင့် မေမေ ဝယ်ထားသော စိန်ပန်းရပ်မှ တစ်ထပ်တိုက်လေးအား ဘကြီးအောင်က ညရေးညတာ လာ၍ စောင့်ရှောက်ပေးသည့် သဘောမျှသာ ရှိသည်။





ဘကြီးအောင်၏ ဆန္ဒမှာ ညဘက်တွင် ပွဲရုံအား စောင့်ရှောက်ရန် ညစောင့်ဒရဝမ် ထားစေကာမူ သူ့ပွဲရုံကို စိတ်မချဘဲ နောက်ဆံတင်းနေသည်။ ထို့ကြောင့် ထွန်းထွန်း တစ်ထပ်တိုက်အိမ်သို့ ရောက်လာသည်နှင့် ဘကြီးအောင်သည် အိပ်ရာလိပ်ကာ ပွဲရုံသို့တစ်ကြိုးတည်း လစ်သွားပါလေတော့သည်။

ဤသည်ကို အကြောင်းပြုပြီး ဖေဖေနှင့် မေမေသည် မဟာဝိဇ္ဇာ တက်နေလေသည့် သားထွန်းထွန်းအား အစစအရာရာ စိတ်ချစွာဖြင့် အဖော်ရလေအောင် သူတို့၏ လက်စွဲလူယုံတော် စံအေးကို သားထွန်းထွန်း အတွက် ထည့်ပေးလိုက်ခြင်း ဖြစ်ပါလေ၏။ စံအေးသည် အသက်(၂၀)ကျော်ရုံလေးရှိသည်။ ထွန်းထွန်းထက် သုံးနှစ်ခန့်ငယ်သည်။

ထွန်းထွန်းသည် စိန်ပန်းလမ်း တိုက်အိမ်မှ တက္ကသိုလ်သို့ မဟာဝိဇ္ဇာတန်း တက်ရာတွင် ပထမအစဦးတော့ ဟုတ္တိပတ္တိ တက်သေးသည်။ သို့သော် ပထမနှစ် စာမေးပွဲ မဖြေရသေး ကျော်စိုး ထံမှ မိမိထံသို့ ပို့လိုက်သောစာ ရောက်လာသည်။

ကျော်စိုး စာတွင် အဓိက ဆိုလိုချက်မှာ သူ၏မိခင်ကြီး ဆုံးပါးသွားသည့်အတွက် သူ့တွင် မြင်းမိုရ်တောင်ကြီးပြိုကာ ယူကျုံးမရ ပူဆွေးသောက နေ့စဉ်နှင့်အမျှ ရောက်နေရသည်။

သူ့အိမ်တွင် သူတစ်ယောက်တည်း ကျန်ခဲ့ရာ၌ မိခင်ကြီးနှင့်အတူ နေခဲ့သည့် မိခင်ကြီး၏ ခြေရာ လက်ရာတွေကို နေ့စဉ် တွေ့ရှိပြီး နေ့စဉ် ပူဆွေးတမ်းတ စိတ်မကောင်း ဖြစ်နေရသည်။

ထို့ကြောင့် နဂိုက ဝါသနာထုံခဲ့သော စာရေးခြင်းကို စိတ်ပြေလက်ပျောက် ရေးလိုသည်။

ထွန်းထွန်း၏ မန္တလေးရှိ စိန်ပန်းရပ်တိုက်အိမ်လေးတွင် သူက ပြောင်းနေပြီး စာရေးမည်။ ထွန်းထွန်းကလည်း သူ၏ တောင်ငူတိုက်အိမ်တွင် လာရောက်ပြီး စာအုပ်ရေးရန် အကြံပြုသည်။

တို့နှစ်ယောက်လုံး အတူပူးတွဲနေပြီး စာရေးဖို့ဆိုတာတော့ မဖြစ်နိုင်ဘူး ထွန်းထွန်း။

မင်းနဲ့ငါ တွေ့ကြပြီဆိုရင် သာလီကာနဲ့ ကြက်တူရွေးတွေပဲကွာ၊ စကားတွေ ဖောင်ပြီး စာတစ်လုံးမှ ရေးဖြစ်တာမှ မဟုတ်တာ။

တို့ မန္တလေးတက္ကသိုလ် ကျောင်းသားဘဝက အဖြစ်ကိုပဲ ပြန်ကြည့်။ သွားလိုက်ကြတာ ကြီးကြီးကျယ်ကျယ်တွေလေ။ စာရေးဆရာ ဆိုတာ ဒေသန္တရဗဟုသုတတွေရှိမှ၊ ဘာရှိမှ ညာရှိမှ ဆိုပြီး ပုဂံ ညောင်ဦး၊ ပုပ္ပားတွေကိုလည်းရောက်ရော။ မင်း ဘာရေးဖြစ်ခဲ့သလဲ။ ငါကောဘာတစ်လုံး ရေးဖြစ်ခဲ့သလဲ ထွန်းထွန်း၊ တို့နှစ်ယောက် လေကန်ဟာဝါပန်းပြီး စာတစ်လုံးမှ မရေးဖြစ်ခဲ့ကြ [illegible] လေကွာ။

နောက်တစ်ခါ မကြောက်မရွံ့နဲ့ မြစ်ဆုံသွားပြီး လေ့လာကြပြန်တယ်။ သူပုန်ရဲ့ ကျည်ဆန်ကြားမှာ ကံကောင်းလို့ မသေ သံချောင်းတို့အဖေ ဖြစ်ခဲ့ပေမဲ့ မင်းရော ငါရော စာတစ်လုံး စာတစ်ပိုဒ် ရေးဖြစ်ခဲ့ကြလို့လား။





အဲဒီတော့ အခု ငါ စိတ်ပြေလက်ပျောက် စာရေးချင်တယ်။ မင်းရဲ့ စိန်ပန်းရပ်က တိုက်အိမ်လေးလာပြီး တစ်ယောက်တည်း စာရေးချင်တယ်။

မင်းကော စာရေးချင်စိတ် ရှိသေးလား။ အေး ... အဲဒီလို ဆိုရင်တော့ တောင်ငူက ငါ့တိုက်အိမ်မှာ လာရေးဖို့ ငါ အကြံပြုတယ်။

အဲဒါကို မင်း သဘောတူရင် ငါ့ဆီကို ကြေးနန်းပြန်ရိုက်။ တို့နှစ်ယောက် စိတ်ပြေလက်ပျောက် အပြောင်းအလဲ လုပ်ကြည့်ရအောင်။

မင်းကလည်း မသုံးမဖြစ်တဲ့ ပစ္စည်းတချို့ကို လက်ဆွဲအိတ်တစ်လုံးစာသာ ထည့်ယူလာခဲ့၊ ငါကလည်း အဲဒီအတိုင်းပဲ၊ မင်းအိမ်မှာ ရှိတာတွေကို အရှိအတိုင်းထားခဲ့။ ငါကလည်း ငါ့အိမ်မှာ အရှိအတိုင်း ထားခဲ့မယ်။

ကုန်ကုန် ပြောမယ်ကွာ။

မင်းဆီမှာ စံအေး ဆိုတဲ့ တပည့်ကျော် ရှိသလို ငါ့ဆီမှာ "ဦးသာဝ"ဆိုတဲ့ ယုံကြည်စိတ်ချရတဲ့သူ ရှိတယ်၊ မင်းရဲ့ မာဇဒါဂျစ်ကားကိုလည်း ထားခဲ့၊ ငါ့ရဲ့ လင့်ရိုဗာကားကိုလည်း ထားခဲ့မယ်။ မင်းတပည့်ကျော် စံအေးက ငါ့ကို မန္တလေးမှာ ကိစ္စအဝဝ ဆောင်ကျဉ်းပေးနိုင်သလို ဦးသာဝကလည်း တောင်ငူမှာ မင်းကို လိုအပ်တာအားလုံး ဆောင်ကျဉ်းပေးလိမ့်မယ်၊ ကဲ ... အဲဒါ ဘယ်နှယ့်လဲ ထွန်းထွန်း။

ကဲ ... စာပြန်ချင်ပြန်၊ ကြေးနန်းရိုက်ချင်ရိုက်၊
ဖုန်းနဲ့ပြောချင်ပြော၊ ကိုသူငယ်ချင်းနှစ်ယောက် တစ်ခဏ
လောက် ဘဝပြောင်းကြည့်ရင်း စိတ်ပြေလက်ပျောက်
ခမ်းကြည့်ကြစို့လား၊ ဒါပဲ ... ဒါပဲ ... သူငယ်ချင်း။

ကျော်စိုး
မက္ကတစ်လမ်း၊ တောင်ငူ

ကျော်စိုး ဆီမှ ထိုစာ ရောက်လာပြီးနောက် ထွန်းထွန်းသည် ကျောင်းဆက်ပြီး တက်ချင်စိတ် မရှိတော့။ ကျော်စိုး၏ စာကြောင့်သက်သက် ဟုလည်း မဆိုသာ။ ထွန်းထွန်းသည် နဂိုတည်းက ကျောင်းစာတွင် ကျက်မှတ်ဖို့ ပျင်းသူဖြစ်သည်။ ပြီးယခု မဟာဝိဇ္ဇာပထမနှစ် ဖြေဆိုရန်လည်း စာတွေ မိမိတွင် အဆင်သင့် ဖြစ်မနေခြင်းကလည်း ရှိသေးသည်။

ဒီကြားထဲ ကျော်စိုးထံမှ ရောက်လာသော စာသည် ထွန်းထွန်း အဖို့ မီးလောင်ရာလေပင့် ဖြစ်သွားပေတော့သည်။ မိမိ နေနေကျ နေရာနှင့် လုပ်နေကျ အလုပ်တွင် ငြီးငွေ့နေရာမှ အသစ်အဆန်းနေရာနှင့် အသစ်အဆန်း အလုပ်လေး လုပ်ကြည့်ဖို့ ထွန်းထွန်း စိတ်ထက်သန်လာသည်။

ထို့ကြောင့် ဒီနေ့ ဒီရက်တွင် တောင်ငူသို့ လာခဲ့မည်ဟု ကျော်စိုးထံ အကြောင်းပြန်ထားလိုက်သည်။

မီးရထားလက်မှတ်ကိုလည်း စံအေးကို မိမိမှတ်ပုံတင်ကတ်ပြားပေးကာ တင်ကြိုပြီး ဝယ်ခိုင်းထားပြီး ဖြစ်သည်။





ထွန်းထွန်းက တောင်ငူသို့ စံအေးကို ခေါ်သွားချင်သည်။ မိမိအထာကို စံအေးက အားလုံး နောကျေပြီးသား ဖြစ်သည်။

သို့သော် ကျော်စိုး၏ ဆန္ဒမှာ မန္တလေးတွင် လည်လည်ဝယ်ဝယ် ရှိနေသော စံအေး ရှိနေမှနှင့် တောင်ငူတွင်လည်း လည်လည်ဝယ်ဝယ် ရှိပြီးသား ဦးသာဝသည် ထွန်းထွန်း အတွက် ရှိနေမှ အဆင်ပြေမည်ဟု ခိုင်လုံသော အကြောင်းပြချက် ရှိသဖြင့် စံအေးအား မန္တလေးတွင် ကျော်စိုး အတွက် ထားခဲ့ရတော့မည် ဖြစ်ပါလေ၏။

"ဆရာ ... ဆရာ ... ငါးနာရီနဲ့ မိနစ်လေးဆယ် ရှိသွားပြီ ဆရာ။ ဘူတာသွားဖို့ မော်တော်ကားလည်း အဆင်သင့် လုပ်ထားပြီးပြီ"

ဆယ်မိနစ်အတွင်း ထွန်းထွန်း ရေချိုး အဝတ်အစားလဲပြီးသွားသည်။ စံအေး အသင့်ပြင်ပေးထားသော ခရီးဆောင်ဆွဲအိတ်ကိုဆွဲကာ သူ၏ မာဇဒါဂျစ်ကားဆီသို့ လှမ်းရင်း ကားပေါ်တွင် အသင့်ထိုင်စောင့်နေသော စံအေးအား ...

"ကဲ ... မင်းပဲ မောင်းကွာ စံအေး"

စံအေး မောင်းထွက်လာခဲ့သည်။

ရထားချိန်မီရန် စံအေးသည် ကားကို လေယာဉ်ပျံရှုံးအောင် မောင်းခဲ့သည်။ စံအေး မောင်းနိုင်သောကြောင့် အချိန်မီရုံလေးသာ ရှိသည်။

✿ ✣ ✿

## ၂

ထွန်းထွန်း ရောက်သွားချိန်ဝယ် အမြန်ရထားသည် ထွက်ခွာရန် ဥဩဆွဲနေလေပြီ။

အံကယ်၍သာ ထွန်းထွန်းတွင် လပ်ဝေ့(ဂျ်)လုပ်ရန် အိပ်ရာလိပ်တို့ သေတ္တာတို့သာပါလျှင် ဤရထားဖြင့် လိုက်ခွင့်မရတော့မှာ သေချာသည်။

ထွန်းထွန်း သူ လက်မှတ်ဝယ်ထားသော ပထမတန်းတွဲပေါ် လက်ဆွဲအိပ်ဆွဲပြီး တက်လိုက်ပြီးသည်နှင့် ရထားသည် ဘီးလိမ့်ထွက်သည်မှာ တစ်ချိန်တည်း ဖြစ်သွားတော့သည်။

ထွန်းထွန်းသည် သူ၏ လက်မှတ်တွင် ပါရှိသော သူ့ခုံနံပါတ်ကို အလယ်စင်္ကြံလမ်းအတိုင်း လျှောက်ခဲ့ရင်း ရှာဖွေသည်။

တွဲထဲတွင် နေရာယူပြီးသား ထိုင်ပြီးသား ပထမတန်းခရီးသည်တို့သည် ရထားဘီးလိမ့်မှ ကမန်းကတန်း တက်လာပြီး ခုံနံပါတ်ရှာနေသော ထွန်းထွန်းအား ဝိုင်းကြည့်နေကြပေသည်။





ကြည့်ကြသည်ကတော့ ဘာရယ်မဟုတ်၊ ထိုင်နေသူများကြားတွင် မားမားမားမားနှင့် လမ်းသလားကာ ထိုင်ခုံရှာနေသည်မှာ ထင်းခနဲ ဖြစ်နေသောကြောင့် ကြည့်ကြခြင်း ဖြစ်ပါ၏။

သို့သော် ထွန်းထွန်းသည် အကြည့်ခံနိုင်သောအရွယ်၊ အကြည့်ခံနိုင်သော ဥပမိရုပ်နှင့် အကြည့်ခံနိုင်သော အရုပ်အမောင်း၊ ကာယဗလရှိသူ ဖြစ်ပေသည်။

ယောကျ်ားသား တစ်ယောက်အဖို့ အသက်အစိတ်အရွယ်သည် အလွန်ကြည့်ကောင်းသောအရွယ် ဖြစ်ပါ၏။ အသက်နှစ်ဆယ်မပြည့်မီ ဟိုမှာဘက် အသက်အရွယ်တုန်းက ဆိုလျှင် မျက်နှာတွင် နီရဲရဲ ဝက်ခြံသီးလေးတွေ ဗလပျစ် ရှိချင်ရှိနေတတ်သည်။ ရှည်ထွက်လာသော အရုပ်အမောင်းနှင့် လိုက်ဖက်ညီမျှအသားက မပြည့်တတ်သေးသောကြောင့် ဒေါင်ကိုင်းကိုင်းရှည်လျားလျားနှင့် ကလန်ကလားပုံစံမျိုးလည်း ဖြစ်နေတတ်သည်။

ထွန်းထွန်းသည် အသားညိုသော်လည်း ကျန်းမာရေး သိပ်ကောင်းသူပီပီ သူ၏ အသားသည် စိုပြည် ချောမွတ်နေသည်။

ဒီကြားထဲ အသက်ဆယ့်ရှစ်နှစ်သား အရွယ်ကတည်းက မျောက်တစ်ကောင်လို အငြိမ်မနေဘဲ ကစားခုန်စားတွင် ထွန်းထွန်း ဝါသနာထုံခဲ့သည်။ ပြေးခုန်ပစ်ပြိုင်ပွဲ မှန်သမျှ ထွန်းထွန်းသည် သူ မပါသည်မရှိ၊ ပါဝင်ယှဉ်ပြိုင်တိုင်းလည်း ပထမ၊ ဒုတိယ၊ တတိယ တစ်ခုခု အမြဲချိတ်ခဲ့သည်။

လက်ဖွေ့ပွဲတွေဆိုလည်း ထွန်းထွန်း ဝင်၍ကြိုသည်။ နိုင်ပွဲများရှိသလို ရှုံးပွဲများလည်း ရှိခဲ့သည်။

လေ့လော့သင်း၊ ခြေလျင်နှင့် တောက်တက်အသင်း၊ သေနတ်ပစ် အသင်းမျိုးတွင်လည်း ထွန်းထွန်း ဝင်ရောက်ခဲ့သည် သာ။

ဆိုလိုသည်မှာ ထွန်းထွန်းသည် ဘာမဆို ဟိုစပ်စပ် ဒီစပ်စပ် လုပ်သည်။

သို့သော် တစ်ခုခုကို အာရုံစွဲပြီး ရေရှည်ကြီး လုပ်ရသည်မျိုးကျတော့ ထွန်းထွန်းက ပျင်းသည်။

ထွန်းထွန်း တကယ် မွဲစွဲမြဲမြဲ လုပ်လာသော အလုပ် တစ်ခုတော့ ရှိသည်။ ဘော်ဒီဗြူတီးဖြစ်အောင် အလေးမခြင်း၊ ရင်းဘားဆွဲခြင်း၊ ပယ်ရယ်(လ်)ဘား ကစားခြင်းတွေကိုတော့ ယခု အချိန်ထိ မှန်မှန် လုပ်ဆောင်နေသည်။ ထို့ကြောင့်လည်း ထွန်းထွန်းမှာ ရှည်သောအရပ်အမောင်းနှင့် လိုက်ဖက်စွာသော ခန္ဓာကိုယ် အချိုးကျ ရှိနေသည်။

ရုပ်ကလည်း ကြည့်ကောင်း၊ ခန္ဓာကိုယ်ကလည်း ကြည့်ကောင်းသော ထွန်းထွန်း လုလင်ပျိုကို အထက်တန်းတွဲ ထဲရှိ ထိုင်ပြီးသား ခရီးသည်တိုင်းလိုလိုက လှမ်းကြည့်ကြခြင်း ဖြစ်ပါ၏။

"ကိုး ... တစ်ဆယ် ... တစ်ဆယ့်တစ် ... အား ... ဒီမှာ လပ်နေတဲ့ ထိုင်ခုံနံပါတ် တစ်ဆယ့်နှစ်ပေကိုး"





ဟု တွေးပြီး ထိုင်ချလိုက်သည်။

"အာ ... ယို ... ယို"

ထွန်းထွန်းသည် သူနှင့် မျက်နှာချင်းဆိုင် ထိုင်ခုံ နံပါတ်ကိုးတွင် ထိုင်နေသော အမျိုးသမီး နုနုငယ်ငယ် ချောချော လှလှလေးကို တွေ့လိုက်ရသဖြင့် သူ့ဟာသူ ရင်ထဲက အာယိုယို ဟု ရေရွတ်လိုက်မိခြင်း ဖြစ်သည်။

ထွန်းထွန်း လှမ်းကြည့်ချိန်တွင် အမျိုးသမီးချောငယ် လေးကလည်း ဖိုသီဖတ်သီနှင့် ရထားဘီးလိမ့်မှ ကမန်းကတန်း တက်ရောက်လာသော ထွန်းထွန်းအား အများကြည့်သလို လှမ်း ကြည့်သည်မို့ ထွန်းထွန်း လှမ်းအကြည့်တွင် မျက်လုံးချင်း ဆုံမိ သွားသည်။

ဘာမဆို သွက်သော ထွန်းထွန်းက မျက်လုံးချင်း ဆုံသော အမျိုးသမီးလေး လှငယ်ချောကို ပြုံးပြရင်း ...

"အိပ်ပုပ်ကြီးမိတာ ကံကောင်းလို့ ဒီရထား မီရုံလေးရှိ တယ်"

ထွန်းထွန်းသည် သူ့အား ရိုက်စစ်ခြင်း မဟုတ်ပါပဲ လျက် ပါးစပ်မှ ပြောမိပြောရာ သူ အိပ်ပုပ်ကြီးကြောင်းကို ပြော လိုက်မိသည်။

အမျိုးသမီး လှငယ်ချောသည် ချာခနဲ တခြားသို့ မျက်နှာလွှဲပစ်လိုက်သည်။ ပြီး သူမ၏ပေါင်ပေါ်တွင် ဖတ်လက်စ, စာမျက်နှာကို မှောက်တင်ထားသည့် စာအုပ်ကို ပြန်ကောက်ကိုင်

ကာ သူမ၏ မျက်နှာကို စာအုပ်ဖြင့် ကွယ်ကာ ဆက်ဖတ်နေလိုက်သည်။

"အံမာ ... ဖြစ်နေလိုက်တာ၊ ချင်းစိမ်းနဲ့ မိသလင်ပေါ့"

ဟု ထွန်းထွန်းက စိတ်ထဲမှာပင် ရွတ်ဆိုရင်း အမျိုးသမီးငယ်၏ ထိုင်ခုံနံပါတ်ကိုးနှင့် ကပ်လျက်သား ထိုင်ခုံနံပါတ်(၁၀)ရှိ လူကို မျက်နှာလွှဲပြီး ထွန်းထွန်း ကြည့်မိပြန်သည်။

"အင်း ... ဒီဘူတားကြီးကတော့ မနိုပ်ဘူး၊ ကြည့်ရတာ စုဘ်တီးစုတ်ဖတ်နဲ့"

ဟု သူ့ဟာသူ မှတ်ချက်ချမိပြန်သည်။

ထိုင်ခုံ(၁၀)မှ ပုဂ္ဂိုလ်ကြီးသည် အသက်(၄၅)နှင့် ငါးဆယ်ကြားခန့်ရှိမည်ဟု ထွန်းထွန်း ခန့်မှန်းသည်။ စစ်ဂျာကင်အစိမ်းရောင်ကို ဝတ်ထားသည်။ ငါးရှည့်ရောင် တာဆိုဘောင်းဘီရှည် ဝတ်ထားသည်။ ရှူးဖိနပ် အနက်ရောင် စီးထားသည်။

"ဒီလူကြီးက စစ်ဘက်အရာရှိများလား"

မဖြစ်နိုင်ပေ၊ ယေဘုယျ အားဖြင့် စစ်ဘက်အရာရှိများသည် ဘာမဆို စည်းစနစ်နှင့် ဝတ်ဆင်သည်။ ယခု ထိုပုဂ္ဂိုလ်ကြီးမှာ ဖိုးရိုးဖားရား ဖြစ်နေသည်။ ပါးမြိုင်းမွေး၊ မုတ်ဆိတ်မွေးတွေကလည်း ထိုးထိုးထောင်ထောင်နှင့် ကဗျစ်ကညစ်ကြီး ဖြစ်နေသည်။ ဝတ်ထားသော ဘောင်းဘီအသားမှာ အကောင်းစားဖြစ်သော်လည်း ခေါက်ရိုးမပေါ်ဘဲ တွန့်ကျေနေသည်။ ရှူးဖိနပ်အနက်မှာလည်း တောက်ပြောင်မှု မရှိရုံမက ဖိနပ်ထိပ်တွေ ဘေား





တွေ ပွန်းပဲ့နေသည်။ တချို့နေရာတွင် ဖိနပ်သားရေဖတ်တွေပင် လန်နေသည်။

ပုဂ္ဂိုလ်ကြီးသည် ထိုင်ခုံနောက်မှီထိပ်တွင် ဦးခေါင်းမှေးကာ မျက်စိပိတ် မှိန်းနေသည်။ သူ၏ မျက်နှာမှာ ပါးမြိုင်းမွေးတွေ ကြားကပင် ဖြူဖပ်ဖြူရော် ဖြစ်နေသည်။ သူ၏ခန္ဓာကိုယ်တစ်ခုလုံးကို ထိုင်ခုံကူရှင်တွင် လျော့ရိလျော့ရဲ ခြေပစ်လက်ပစ်ထိုင်ထားသည်။ သူ့ကို ကြည့်ရသည်မှာ အင်မတိ အင်မတန် ပင်ပန်းနွမ်းနယ်နေပုံ ရသည်။

ထွန်းထွန်းသည် ဘာမဆိုင် ညာမဆိုင် စဉ်းစားကြည့်သည်။ ဤစုတ်တီစုတ်ဖတ် အမျိုးသားပုဂ္ဂိုလ်ကြီးနှင့် အမျိုးသမီးချောလေးတို့သည် ခုံနံပါတ်ကိုးနှင့် တစ်ဆယ်တွင် ယှဉ်တွဲထိုင်နေခြင်းမှာ သူတို့နှစ်ယောက် သားအဖပေလား။

သားအဖတော့ မဖြစ်နိုင်၊ ရုပ်ရည်ခြင်း သိပ်ကွာနေသည်။

တူဝရီးပေလား။

ဒါလည်း မဖြစ်နိုင်၊ သူတို့နှစ်ယောက်တွင် ဆက်ဆံပြောဆိုခြင်း မရှိဘဲ ကိုယ့်ဟာကိုယ်နှင့် သူ့ဟာသူ သဘောမျိုးတွေ့နေရသည်။

သူစိမ်းဆံနေကြသည်။

ပုံသဏ္ဌာန်မှာ လက်မှတ်ဝယ်ရာတွင် ခုံချင်းတွဲလျက်သား ရရှိကြသည့် သူ့ကိုယ်မသိ ကိုယ့် သူမသိ မျိုးသာဖြစ်မည်။

ထွန်းထွန်းသည် အမျိုးသမီးလေးကို ချင်းစိမ်းနဲ့ မိဿလင်ဟု သဘောထားကာ မကြည့်ဘဲ အားတင်းထားလျက် ကပင် ဒုတိယအကြိမ် ထပ်ကြည့်မိပြန်သည်။

မိန်းမချောလေးက စာအုပ်ဖတ်ရသည်ကို ငြီးငွေ့သွားသည့်အလား စာအုပ်မှ မျက်နှာခွာကာ ရထားပြတင်းပေါက်မှ ပြင်ပဆီသို့ ငေးကြည့်နေသည်ကို တွေ့ရသည်။

ချောမှချော၊ လှမှလှ။

တစ်ခဏ မိန်းမချောလေးကို ကြည့်ပြီး ထွန်းထွန်းသည် ဘယ်သူ့ကိုမှ မကြည့်တော့ဘဲ ဆေးလိပ်သောက်ချင်လာသဖြင့် သူ၏ ဆွဲအိတ်ကို ဇစ်ဆွဲဖွင့်ကာ အထဲမှ စီးကရက်ဘူးကို ထုတ်ယူပြီး စီးကရက်တစ်လိပ်ထုတ်ခါ နှုတ်ခမ်းတွင် တွဲလွဲချိတ်လိုက်သည်။

"အဲ ... မီးခြစ် ... မီးခြစ်"

စီးကရက်မီးညှိရန် မီးခြစ်သည် ဆွဲအိတ်ထဲတွင် ရှာမတွေ့။ စံအေးသည် စီးကရက်ဘူးကိုသာ ထည့်ပေးထားပြီး မီးခြစ် ထည့်ပေးဖို့ သတိမေ့သွားခြင်း ဖြစ်မည်။

ဘယ်တော့မဆို ထွန်းထွန်းတွင် ဤသို့သော ပြဿနာ အမြဲတွေ့လေ့ရှိသည်။ မိမိကိုယ်တိုင်က မီးခြစ်ကို အိတ်ထဲထည့်ထားပြီး ဆောင်လေ့မရှိ။

အိမ်မှာဆိုလျှင် မိမိဆေးလိပ် ကောက်ကိုင်သည်နှင့် "စံအေးရေ မီးခြစ်"ဟု အော်သည်နှင့် စံအေးက မိမိ့ဆေးလိပ်





ကို မီးခြစ်ပြီး ဆေးလိပ်ထိပ်တွင် တေ့ပေးသည်။ မိမိက အသင့်ရှူဖွာရုံသာ။

လမ်းသွားရင်း ဆေးလိပ်သောက်ချင်ပြီဆိုလည်း တစ်ပါးသူထံမှ မီးတစ်တို့လောက် တောင်းပြီး မီးညှိသည်။ ဒါမှမဟုတ် ကွမ်းရာဆိုင် တစ်ခုခုတွင် ဝင်ကာ မီးညှိသည်။

ယခုမူ မီးရထားတွဲထဲတွင် ဆေးလိပ်သောက်ချင်ပြီ၊ မီးခြစ်မရှိသဖြင့် တစ်တွဲလုံးကို မျက်စိဝေ့ပြီး တခြားဆေးလိပ်သောက်သူကို ရှာတော့သည်။

တွဲ၏ အလယ်လောက်ရှိ ထိုင်ခုံတစ်ခုဆီမှ မီးခိုးထွက်လာသည်ကို လှမ်းမြင်သဖြင့် ထိုလူ့ထံ သွားပြီး "မီးတစ်တို့လောက်" တောင်းညှိမည် ဆိုပြီး သူ့ထိုင်ခုံမှ ထရပ်လိုက်သည်။

"ပြန်ထိုင်ပါ မောင်ရင်၊ မောင်ရင် စီးကရက်ညှိဖို့ မီးခြစ် လိုချင်တယ် မဟုတ်လား၊ ရော့ ... ဒီမှာ ဦးလေးမီးခြစ် နဲ့ ညှိပါ"

ပုဂ္ဂိုလ်ကြီးထံမှ ပြောသံ ထွက်လာပြီး သူ၏ဂျာကင်စိမ်း အိတ်တစ်အိတ်မှ သစ်သားမီးခြစ်တစ်လုံး ထုတ်ယူကာ ထွန်းထွန်းကို လှမ်းပေးပေသည်။

"ကျေးဇူးပါပဲ ဦးလေး"

ထွန်းထွန်း ပြန်ထိုင်ပြီး မီးခြစ်ကို ယူကာ စီးကရက်မီးညှိသည်။

"ဦးလေးကော ... စီးကရက် သောက်ပါဦးလားခင်ဗျ"

"အင်း ... ကောင်းသားပဲ ထွန်းထွန်း၊ ဦးလေးကိုလည်း တစ်လိပ်လောက် မီးညှိပေးပါလား"

"ဗျာ ... ထွန်းထွန်း ... ဟုတ်လား၊ ဦးလေးက ကျွန်တော့်ကို သိနေသလား"

ထွန်းထွန်းက တအံ့တသြ ပြန်မေးမိသည်။

ပုဂ္ဂိုလ်ကြီးက ပြုံးသည် ဆိုရုံမျှ ပြုံးလိုက်ပြီး မှေးထားသော မျက်လုံးကို ဖွင့်လိုက်ကာ ထွန်းထွန်းကို ပြန်ကြည့်သည်။

"ထွန်းထွန်းက မန္တလေးတက္ကသိုလ်ကပါနော်"

"ဟုတ်ပါတယ် ... အဲ ... အဲ ... မဟုတ်ပါဘူး ခင်ဗျ"

"ထွန်းထွန်းရဲ့ လက်ဆွဲအိတ်ဘေးမှာ 'ထွန်းထွန်း၊မန္တလေးတက္ကသိုလ်'လို့ ရေးပြီးထားသားပဲ ထွန်းထွန်း။ ဒါနဲ့များတောင် ဘာလို့ မဟုတ်ပါဘူးခင်ဗျလို့ နောက်ဆက်တွဲငြင်းလိုက်တာလဲကွယ်"

ထွန်းထွန်းသည် ထိုအခါကျမှ သူ ယူလာသော ဆွဲအိတ်ဘေးကို ပြန်ကြည့်မိသည်။

ဟုတ်ပေ၏။

ထွန်းထွန်း တက္ကသိုလ်ကျောင်းသား ဘဝက ခရီးထွက်လေတိုင်း ဤလက်ဆွဲအိတ် အကောင်းစားတွင် အဝတ်အစားနှင့် ပစ္စည်းထည့်ကာ ယူဆောင်သွားလေ့ ရှိခဲ့သည်။





ခရီးသွားရာတွင် အခြားခရီးသည်များ၏ ဆွဲအိတ်များနှင့် မတော်တဆ ဆွဲအိတ်ချင်း တူနေပါက မမှားနိုင်အောင်လည်းကောင်း၊ မိမိကို တက္ကသိုလ်ကျောင်းသားမှန်း သိအောင်ကြွားချင်၍လည်းကောင်း၊ ဤစာလေးကို ဆွဲအိတ်ဘေးတွင် ရေးကပ်ထားခြင်း ဖြစ်ပါ၏။

ယခု ဤပုဂ္ဂိုလ်ကြီးသည် အာဂပုဂ္ဂိုလ်ကြီး ဖြစ်ပါလေ၏။ မျက်စိမှိတ် မှေးထားလျက်ကပင် မိမိဆွဲအိတ်မှစာကို သူ မြင်ပေသည်။

ထွန်းထွန်းက နောက်ထပ် စီးကရက်ထုတ်ယူ မီးညှိပြီး ထိုပုဂ္ဂိုလ်ကြီးကို လှမ်းပေးသည်။

ဘေးမှ မိန်းမချောလေးသည် တခြားသို့ မျက်နှာလွှဲထားသော်လည်း ထွန်းထွန်းနှင့် ပုဂ္ဂိုလ်ကြီး အပြန်အလှန်ပြောနေသည်ကို နားစွင့်ထားပုံ ရပေသည်။

ပုဂ္ဂိုလ်ကြီးက စီးကရက်ကိုယူ၍ ဖွာရင်း ထပ်မေးပြန်သည်။

"ဦးလေး မေးတာကို ထွန်းထွန်း ပြန်မဖြေသေးဘူးနော်"

"ဗျာ"

"ဪ ... ထွန်းထွန်းက တက္ကသိုလ်ကျောင်းသား ဖြစ်သားနဲ့ ပထမ ဟုတ်ပါတယ် ပြောပြီးမှ နောက်ဆက်တွဲ ဘာလို့ မဟုတ်ပါဘူးလို့ ပြောရတာလဲ ဆိုတာကို မေးတာပါ"

"သြော် … ဒါလား။ ကျွန်တော် ငြင်းတာ မဟုတ်ပါဘူး ဦးလေး။ လွန်ခဲ့တဲ့ နှစ်နှစ်လောက်ကပဲ ကျွန်တော် မန္တလေး တက္ကသိုလ်က ဘွဲ့ရပြီးမို့ ကျောင်းကထွက်ပြီးပါပြီ။ ကျွန်တော် ကျောင်းထွက်ပြီး တစ်နှစ်နားသေးတယ်။ ဒီနှစ်မှာ မဟာဝိဇ္ဇာတန်း ဆက်တက်ကြည့်ပါသေးတယ်။ ဒါပေမဲ့ ကျွန်တော် ကျောင်းလည်း မှန်မှန် မတက်ဘူး၊ စာလည်း ကောင်းကောင်း မကြည့်ဖြစ်ဘူး၊ ဒါကြောင့် ဆက်ပြီး စာမေးပွဲလည်း မဖြေတော့ဘူး၊ ဒါကြောင့် နောက်ဆက်တွဲ တက္ကသိုလ်ကျောင်းသား မဟုတ်တော့ဘူးလို့ ငြင်းတာပါ။ အခု ကျွန်တော်ယူလာတဲ့ လက်ဆွဲအိတ်က ကျောင်းတက် နေတုန်းက အသုံးပြုတဲ့ ဆွဲအိတ်မို့ ဒီစာတန်းလေးကို မဖြုတ်မိသေးဘဲ ရှိနေသေးတာပါ"

"သြော် … သြော် … ဒီလိုလား"

"ဟုတ်ပါတယ် ဦးလေး … အဲဒီလိုပါ"

ထွန်းထွန်းသည် သစ်သားမီးခြစ်ကို ထိုပုဂ္ဂိုလ်ကြီး အား ပြန်ပေးသည်။

"ယူထားပါ … ဦးလေးက ဆေးလိပ်သောက် သိပ်နည်းပါ တယ်၊ ထွန်းထွန်းက တောင်ငူမှာ ဆင်းမှာမဟုတ်လား။ တောင်ငူကို မွန်းလွဲတစ်ချက်တီးလောက်ကျမှ ရောက် မှာဆိုတော့ ဒီကြားထဲ ထွန်းထွန်း ဆေးလိပ်သောက်ဖို့ မီးခြစ် လိုနေဦးမှာပဲ … ယူထား၊ ယူထား"





"ဗျာ … တောင်ငူ … ဟုတ်လား"

ထွန်းထွန်းမှာ ဒုတိယအကြိမ် အံ့သြရပြန်သည်။ ထွန်းထွန်း အမည်နှင့် တက္ကသိုလ်ကျောင်းသား ဖြစ်မှန်းကတော့ လက်ဆွဲအိတ်တွင်ပါသော စာတန်းကြောင့် ပုဂ္ဂိုလ်ကြီး သိသည် ပဲ ထားဦး။ ထွန်းထွန်း တောင်ငူတွင် ဆင်းမည်မှန်း ဒီပုဂ္ဂိုလ်ကြီး က ဘယ်လိုများ သိသွားပြန်ပါသနည်း။

ယခုတစ်ခါ တောင်ငူတွင် ဆင်းမည်မဟုတ်လား ဟူသော စကားကြောင့် မိန်းမချောလေးကလည်း ထွန်းထွန်းအား မျက်ဝန်းစုံပင့်ကာ လှမ်းကြည့်လိုက်ပေသည်။

"ကျွန်တော် တောင်ငူမှာ ဆင်းမယ်မှန်းလည်း ဦးလေးက သိနေတာပဲနော်"

"အံ့သြနေသလား ထွန်းထွန်း၊ ဟောဒီ ဦးလေးဘေးက တူမလေးကလည်း တောင်ငူမှာ ဆင်းမှာပဲ မဟုတ်ဘူးလား တူမ"

"ဟုတ် … ဟုတ်ပါတယ် ဦးလေး၊ ကျွန်မ တောင်ငူမှာပဲ ဆင်းမှာပါ"

မိန်းမချောလေးသည် ခုနက ထိုလူကြီးနှင့် ထွန်းထွန်း စကားပြောနေစဉ် ထိုလူကြီးက သူ့ကိုယ်သူ စုံထောက်ကြီးဦးစံရှား လို ပြောနေကတည်းက စိတ်ဝင်စားမိသဖြင့် နားစွင့်နေမိရာမှ ဆတ်ခနဲ ထိုလူကြီးက သူမအား မေးလိုက်သောအခါ ထစ်ထစ် ငေါ့ငေါ့လေး အဖြေပြန်ပေးလိုက်ရှာသည်။

"တူမနာမည်က 'နွေးနွေး' ပါနော်"

"အယ် … ဦးလေးကြီးက ကျွန်မနာမည်ကိုပါ သိနေပြန်ပြီ"

ပုဂ္ဂိုလ်ကြီးသည် ပြုံးလိုက်သည်။

"မဆန်းပါဘူးကွယ် … မဆန်းပါဘူး၊ ဒီအစုန်အမြန်ရထားမှာ လိုက်ကြဖို့ အထက်တန်းတွဲရဲ့ လက်မှတ်ကို တင်ကြိုဝယ်ထားကြတယ် မဟုတ်လား၊ လက်မှတ်ဝယ်တဲ့ နေရာမှာ မိမိမှတ်ပုံတင် ကတ်ပြား ပြရတယ်လေ။ လက်မှတ်ရောင်းသူက လက်မှတ်ဝယ်သူရဲ့ ခရီးသွားသူအမည် အသီးသီးကို မှတ်သားပြီးမှ သွားမဲ့နေရာအတွက် လက်မှတ်ကို ရောင်းတာပဲ။ အဲဒီလက်မှတ်ရောင်းနေရာမှာ စာရင်းကြည့်တာနဲ့ ဦးလေးရဲ့ ထိုင်ခုံပတ်ဝန်းကျင်မှာ ဘယ်သူဘယ်ဝါတွေရှိမယ်၊ ဘယ်မှာ ဆင်းကြမယ်ဆိုတာ သိတာပေါ့"

မှန်၏။ မှန်ပါ၏။ ဒီလိုဆိုတော့လည်း အလွယ်လေးပါလားဟု ထွန်းထွန်း မှတ်ယူရပြန်သည်။

ထွန်းထွန်း စိတ်ထဲတွင် ဤစုတ်တီးစုတ်ဖတ် ပုဂ္ဂိုလ်ကြီးကို အထင်မသေးဝံ့တော့ပေ။ ထိုပုဂ္ဂိုလ်ကြီးသည် လင်းတလို ငိုက်မေ့နေသော်လည်း သူ၏ မျက်လုံးများနှင့် စူးစမ်းမှုက လင်းယုန်ငှက်၏ မျက်လုံးလို စူးစမ်းမှုမျိုး ရှိနေသည်။

"ကျွန်တော်တို့ ဘယ်သူဘယ်ဝါတွေဆိုတာ တွေ့တော့ ဦးလေးက သိနေပြီ။ ဦးလေး ဘယ်သူဘယ်ဝါ ဆိုတာကိုကော ကျွန်တော်တို့ကို မိတ်မဖွဲ့တော့ဘူးလား ဦးလေး"





ပုဂ္ဂိုလ်ကြီးသည် ထွန်းထွန်းကို တွေဝေသောအကြည့်ဖြင့် ငေးကြည့်လိုက်သည်။ ဦးလေးကြီး ကြည့်ပုံမှာ ဆွေးဆွေးမြည့်မြည့် နိုင်လှသည်ဟု ထွန်းထွန်း စိတ်ထင်မိသည်။

စိတ်က ထင်သည်သာ မဟုတ်သေး၊ တကယ်ကျတော့လည်း ဦးလေးကြီးသည် မအီမလည်နှင့် ဝေဒနာတစ်ခုကို ပြင်းထန်စွာ ခံစားနေရသည်ဟု ယူမှတ်စရာတွေ ရှိနေသည်။

ထွန်းထွန်းကိုကြည့်ပြီး တစ်ဖန် နွေးနွေး ဆိုသည့် မိန်းမချောလေးကို ဦးလေးကြီးက တွေဝေသော အကြည့်နှင့်ပင် ကြည့်ပြီး မပြုံးလိုပါဘဲလျက် ပြုံးပြသည်။ မချိပြုံးဟု ခေါ်ဆိုနိုင်မလား မသိ။

"မိတ်ဖွဲ့တယ် ဆိုတာ အစဉ်အမြဲ အသက်ရှင်နေသရွေ့ မိတ်ဆွေ ဖြစ်သွားကြဖို့ပဲ မဟုတ်လား၊ အေး … အခုတွေ့ပြီး တစ်ရက် တစ်ခဏ အတွင်း ပျောက်ကွယ်သွားမဲ့ လူမျိုးကို ဘာလို့ မိတ်ဖွဲ့ချင်ဦးမှာလဲ ထွန်းထွန်း။ ဒါပေမဲ့ ဦးလေးရဲ့ နာမည်ကိုတော့ ဦးလေး ပြောပြပါ့မယ်။ မှတ်ထားကြပေါ့ကွယ်။ ဦးလေး နာမည်ဟာ 'မြတ်ကောင်း' တဲ့၊ အဲဒီလောက် သိရရင် တော်ပါပြီကွယ်"

ဦးလေးကြီးသည် စကားဆက်မပြောချင်တော့သည့်အလား၊ ဒါမှမဟုတ် ဤမျှစကားပြောရသည်ကိုပင် သိပ်ပင်ပန်းသွားသည့်အလား တွဲနံရံတွင် ဦးခေါင်းမှေးကာ ကျောမှီရင်း ပြန်၍ မျက်လုံးမှိတ်ထားလိုက်သည်။

နွေးနွေးသည် မျက်ဝန်းစုံပင့်ကာ ထွန်းထွန်းအား လှမ်းကြည့်သည်။ ထွန်းထွန်းကလည်း သူမကို ကြည့်နေခိုက်မို့ မျက်လုံးချင်း ဆုံမိကြပြန်သည်။

နှစ်ဦးသား တစ်ဦးနှင့် တစ်ဦး ကြည့်ကြခြင်းမှာ ဤ"ဦးမြတ်ကောင်း"ဆိုသည့် ဦးလေးကြီးသည် တစ်မျိုးကြီးပါလားဟူသော အကြည့်ဖြင့် အပြန်အလှန် ကြည့်မိကြခြင်း ဖြစ်သည်။

ထွန်းထွန်း ကိုယ်တိုင် ဤပုဂ္ဂိုလ်ကြီး ဦးမြတ်ကောင်းအား ဘယ်လိုမှ အဆုံးအဖြတ် မပေးနိုင်သဖြင့် ကြည့်နေသော နွေးနွေးအား သူ၏ ပခုံးကိုသာ တွန့်ပြလိုက်တော့သည်။

အစုန်အမြန်ရထားသည် သာစည်ဘူတာတွင် ရပ်သည်။ ဆင်းသည့် ခရီးသည် သိပ်မရှိဘဲ ထပ်မံတက်ရောက်သော ခရီးသည် အနည်းအကျဉ်းရှိသည်။

သာစည်တွင် သုံးမိနစ် ရပ်နားသည့်အတွင်း ဦးမြတ်ကောင်းသည် မျက်လုံးကိုဖွင့်ကာ မိမိတို့ ပထမတန်းတွဲမှ ဆင်းသူနှင့် ထပ်မံတက်ရောက်သည့် တံခါးဆီသို့ မမှိတ်မသုန် လှမ်းကြည့်နေသည်ကို ထွန်းထွန်း သတိထားမိသည်။ ကုန်းထွန်းကလည်း ဦးမြတ်ကောင်း ကြည့်ရာ အဆင်းအတက် တံခါးပေါက်သို့ လိုက်ကြည့်သည်။

မိမိတို့ ပထမတန်း တွဲပေါ်သို့ အမျိုးသားနှစ်ဦး ထပ်မံတက်လာသည်ကို တွေ့ရသည်။





အမျိုးသားနှစ်ဦးစလုံးသည် အသက်သုံးဆယ်ကျော်ခန့်စီ ရှိမည်။ သားသားနားနား ဝတ်ဆင်ထားပါ၏။

တစ်ယောက်မှာ သူ၏ မျက်နှာကို ကြည့်လိုက်သည်နှင့် ကုလားကပြားတစ်ဦးဖြစ်မှန်း သိသာသည်။ ကျန်တစ်ယောက်ကတော့ ဗမာရုပ်ပင် ရှိသည်။ ကုလားကပြားထက် အရပ်ပိုနိမ့်ပြီး အသက်လည်း ပိုငယ်ပုံရသည်။ အသားဖြူပြီး လူပုံသွယ်သည်။

သူတို့နှစ်ဦးသည် အထက်တန်းတွဲ၏ ဝင်ပေါက်ထွက်ပေါက်အနီးရှိ ထိုင်ခုံနှစ်ခုတွင် ထိုင်လိုက်ကြသည်။ ခုံနံပါတ်သုံးနှင့် လေးလောက်ဖြစ်မည်။

"မင်း သေချာ သတိထားမိလား ထွန်းထွန်း"

"ဗျာ"

"အခု သာစည်က တက်လာပြီး အဝင်အထွက် တံခါးပေါက်နားက ခုံနှစ်ခုမှာ ဝင်ထိုင်တဲ့ လူနှစ်ယောက်ကို ဦးလေး ဆိုလိုတာပါ"

"သေသေချာချာ သတိထားတယ်တော့ မဟုတ်ဘူး ဦးလေး၊ ဦးလေးက သူတို့နှစ်ယောက်ကို စိုက်ကြည့်နေတာနဲ့ ကျွန်တော်ကလည်း လိုက်ကြည့်မိတဲ့ သဘောလောက်ပါ"

"အေး ... အခုတစ်ခါ ရထားဆိုက်ရင် ပျဉ်းမနားနော်၊ ပျဉ်းမနားဆိုက်ပြီးရင် နောက်တစ်ခါ ထွန်းထွန်းတို့ ဆင်းမဲ့ တောင်ငူမှာ ရထားဆိုက်မယ်။ အဲ ... ထွန်းထွန်း တောင်ငူမှာ ဆင်းတဲ့အခါ အဲဒီတံခါးပေါက်ကဆင်းရင်

ဒီလူနှစ်ယောက်ရဲ့ မျက်နှာကို သေချာမှတ်မိအောင် ကြည့်သွားဦးပေါ့"

"ကျွန်တော်က သူတို့နှစ်ယောက် မျက်နှာကို မှတ်မိအောင် သေချာ ဘာလို့ ကြည့်ပြီးမှ ဆင်းရမှာလဲ ဦးလေး"

ဦးလေးဦးမြတ်ကောင်းသည် ထွန်းထွန်း ပြန်မေးသော မေးခွန်းကို မဖြေဘဲ မျက်လုံးမှိတ်ထားရင်း သူ ပြောချင်သည်ကိုသာ ဆက်ပြောသည်။

"ကုလားကပြားလိုကောင်ရဲ့ ကုလားနာမည်က အဗ္ဗဒူလာမန်တဲ့၊ ဒါပေမဲ့ သူ့ကုလားနာမည်ကို သူ မသုံးဘူး၊ 'ခင်မောင်ဦး'ဆိုတဲ့ ဗမာနာမည်ကိုပဲ သူ သုံးတယ်။ နောက်တစ်ယောက်ဖြူဖြူသွယ်သွယ်ကောင်ကတော့ 'စောမြင့်ဆွေ'တဲ့"

"သူတို့နှစ်ယောက်ရဲ့ နာမည်တွေကို ကျွန်တော့်ကို ဘာလို့ ပြောပြနေတာလဲ ဦးလေး"

ဦးမြတ်ကောင်းသည် နောက်ထပ် တစ်ခွန်းမှ ဆက်မပြောဘဲ နေလိုက်ပါ၏။ စောစောက ပုံစံအတိုင်း စကားပြောရသည်ကိုပင် အင်မတန် မောပန်းနွမ်းနယ်သွားသလို မှေးမှိန်နေလိုက်ပြန်ပေသည်။

ထွန်းထွန်း၏ စိတ်ထဲဝယ် ဦးလေးကြီး ဦးမြတ်ကောင်းသည် စိတ်မှ မှန်ရဲ့လား၊ ဒါမှမဟုတ် အရက်များမူးနေသလားဟုပင် ထင်ရသည်။ သို့သော် အရက်နံ့တော့ မရပေ။





ဦးလေးဦးမြတ်ကောင်း ပြောနေသည်တို့မှာ တောင်စဉ်ရေမရသော သက်ဝင်နေသောကြောင့်သာ။ ရူးနေသလား၊ မူးနေသလားဟု ထင်ရခြင်း ဖြစ်သည်။

မည်သို့ဖြစ်စေ မိမိ ဆေးလိပ်သောက်ရန် သစ်သားမီးခြစ်ထုတ်ပေးထားသည့်အတွက်ကော ဦးလေးဦးကောင်းမြတ်ကို ထွန်းထွန်း ကျေးဇူးတင်နေမိသည်။

ထိုမီးခြစ်နှင့်ပင် နောက်ထပ် စီးကရက်တစ်လိပ် မီးညှိရှူဖွာပြန်သည်။

ဦးလေးဦးမြတ်ကောင်းက စကားဆက်မပြောတော့ဘဲ မှိန်းသွားပြန်သောကြောင့် ထွန်းထွန်းက နွေးနွေး ရှိရာဘက်သို့ လှမ်းကြည့်မိပြန်သည်။

နွေးနွေးက ထွန်းထွန်းကို ပြန်မကြည့်တော့ဘဲ သူမ၏ ဖတ်လက်စ စာအုပ်ကိုသာ ဖတ်နေသည်။

ထွန်းထွန်း၏ ဝမ်းခေါင်းထဲမှ တဂွီဂွီ တကျွတ်ကျွတ် မြည်သံတွေ ထွက်လာသည်။

ထွန်းထွန်း ဗိုက်ဆာပြီ။

မနက်က အိပ်ရာထ နောက်ကျပြီး ရထားမီအောင် ကသုတ်ကယက် ထွက်လာရသည်မို့ အိမ်က ဘာမှမစားခဲ့ရသေး။ ထွန်းထွန်းကဲ့သို့ အင်မတန် ကျန်းမာသူ တစ်ယောက်အတွက် အချိန်ကျလျှင် ဝမ်းဗိုက်က အစာတောင်းခံစမြဲသာ။

သာစည်တုန်းက တစ်ခုခု ဝယ်စားမည်ဟု ထွန်းထွန်း စိတ်ကူးမိသော်လည်း ဦးလေး ဦးမြတ်ကောင်းက အဇ္ဇဒူလာမန် ခေါ် ခင်မောင်ဦးနှင့် စောမြင့်ဆွေ အကြောင်း ပြောပြသည်ကို နားထောင်ရင်း ဘာမှ ဝယ်မစားမိဘဲ ရထား သာစည်မှ ထွက်လာခြင်း ဖြစ်သည်။

ထွန်းထွန်းမှာ စီးကရက်ကိုသာ တစ်လိပ်ပြီးတစ်လိပ် ဖိသောက်ရင်း ပျဉ်းမနားသို့ မြန်မြန်ရောက်ဖို့ ရထားရပ်နားဖို့သာ အာရုံထားရတော့သည်။

ယင်းသို့ဖြင့်ပင် ပျဉ်းမနားဘူတာသို့ ရထားဆိုက်ပေပြီ။

ထွန်းထွန်းသည် အောက်သို့မဆင်းဘဲ ရထားပြတင်းပေါက်မှ ခေါင်းရှုက်ရောင်း ဈေးသည်များကို လိုက်ကြည့်ပြီး ကြက်သားကြော် ဗန်းရွက်ရောင်းသူဆီမှ ကြက်ရင်အုပ်နှင့် ကြက်ပေါင်ကြော်ငါးခု ဝယ်လိုက်သည်။

ထွန်းထွန်း ဝယ်ပြီး တစ်ခဏမှာပင် ရထား ပြန်ထွက်သည်။

"ဦးလေး... ကြက်သားကြော် သုံးဆောင်ပါဦးလား ခင်ဗျ"

"စားပါ ထွန်းထွန်း၊ ကြက်သားကြော်ကို ဦးလေး ကြိုက်ပါတယ်။ ဒါပေမဲ့ အခု ဦးလေးအစာကို ဝါးပြီး မျိုချနိုင်စွမ်း မရှိဘူးကွယ်။ ထွန်းထွန်းရဲ့ စေတနာကို ဦးလေး ကျေးဇူးတင်ပါတယ်"





စကားအဆုံးဝယ် ဦးမြတ်ကောင်း ပြန်မေးသွားပြန်သည်။

ထွန်းထွန်းက နွေးနွေးကို လှမ်းပြောပြန်သည်၊

"အဲ... ညီမလည်း ကြက်သားကြော်လေး မြည်းကြည့်ပါလား"

"တော်ပါပြီ အစ်ကို၊ နွေးနွေး အိမ်ကစားလာလို့ ဗိုက်ပြည့်နေပါပြီ"

ဒီနောက်မှာတော့ ထွန်းထွန်းသည် တစ်ယောက်တည်းပင် ကြက်သားကြော်ကို တစ်ခုပြီးတစ်ခု စားနေတော့သည်။

နွေးနွေးသည် စာအုပ်ဖတ်ရင်းမှ ထွန်းထွန်း စားနေသည်ကို မသိမသာ ကြည့်မိသည်။ မြင်ရသည်မှာ သွားရည်ယိုတတ်သူသာဆိုပါက အားရပါးရ စားနေသော ထွန်းထွန်း စားပုံကို မြင်လျှင် သွားရည်ထိန်းနိုင်မည် မဟုတ်ဟူ၍တောင် နွေးနွေးက မှတ်ချက်ပြုမိပါ၏။

တကယ်ပင် ထွန်းထွန်း အစားပုပ်သည်။

ပျဉ်းမနားမှ ရထားထွက်ကတည်းက ကြက်သားကြော် အကြီးကြီးတွေကို တစ်ခုပြီးတစ်ခု ကိုက်ဝါးစားလာသည်မှာ ရေနီဘူတာသို့ ရထားမရပ်ဘဲ ဖြတ်ကျော်ချိန်၌ ကြက်သားကြော် ငါးခုစလုံး ထွန်းထွန်း စားပြီးသွားသည်။ အစားကုန်သောအခါ ထွန်းထွန်းသည် ဖစ်ဆွဲအိတ်ထဲမှ စံအေး ထည့်ပေးလိုက်

သာ လက်သုတ်ပဝါ ရေပုလင်းတို့ကို ထုတ်ယူပြီး လက်သုတ်သည်။ ရေပုလင်း မော့သောက်သည်။ ပြီးနောက် ခုံကူရှင်ကို ကျကျနန ကျောမှီပြီး စီးကရက် မီးညှိသောက်ပြန်သည်။

"အင်း ... ထွန်းထွန်း စားပုံသောက်ပုံကတော့ တကယ့်ကို အားရစရာကြီးပါပဲကွယ်။ ကောင်းတယ် ... ကောင်းတယ် ... ယောကျ်ားဆိုတာ အဲဒီလို ကျားကျားလျားလျားနဲ့ စားနိုင်မှကွယ့်"

"ကျွန်တော် မနက်က အိပ်ရာထ နောက်ကျပြီး ရထားမီအောင် ဒုန်းစိုင်းလာရတာမို့ အိမ်က ဘာမှမစားခဲ့ရတာမို့ ကြက်ပေါင်ကြော်ငါးခု ကုန်သွားတာပါ၊ နို့မို့ရင်တော့ ကျွန်တော် အဲဒီလောက် အရမ်းကြီး အစားမပုပ်ပါဘူး ဦးလေး"

"ခစ်"ခနဲ နွေးနွေး ထံမှ မအောင့်နိုင်၍ ရယ်သံထွက်သွားသည်ကို ထွန်းထွန်း ကြားသည်။

ထွန်းထွန်းသည် မိမိ အစားပုပ်သည်ကို ဦးလေး ဦးမြတ်ကောင်းအား အရှက်ပြေသဘောဖြင့် မိုးကြိုးပစ် ထန်းလက်ကာ သူ့ဟာသူ ဖြေရှင်းချက် ပြန်ပေးသော စကားကို နွေးနွေး ကြားရပြီး ခစ်ခနဲ ရယ်မိခြင်း ဖြစ်ပေသည်။

"ဘာရယ်တာလဲ ညီမက"

အိုးမလုံ အုံပွင့် အပြောဖြင့် ထွန်းထွန်းက နွေးနွေးအား ပြန်မေးလိုက်သည်။





"ဩော် ... နွေးနွေး ဖတ်နေတဲ့ စာအုပ်ထဲက ရယ်စရာကောင်းတာတစ်ခု ဖတ်ပြီးရယ်တာပါ"

"သြ ... သြ"

ထွန်းထွန်းနှင့် နွေးနွေး အချီအချ စကားပြောနေစဉ်မှာပင် ဦးမြတ်ကောင်းသည် တစ်ချိန်လုံး လည်ပင်းအထိ ဇစ်ဆွဲပိတ်ထားသော သူ့ဂျာကင်အစိမ်းကြီး ဇစ်ကို လျှော့ချဖွင့်ကာ ဂျာကင်အတွင်းအိတ်ထဲမှ ပစ္စည်းတစ်ခုခု နှိုက်ယူနေသည်ကို ထွန်းထွန်းက မျက်နှာချင်းဆိုင်မို့ မြင်မိသည်။

"ဟာ ... ဦးလေး ... ဦးလေး အထဲက ရှပ်အင်္ကျီရင်ဘတ်တစ်ခုလုံး နီရဲနေပါလား"

ဦးမြတ်ကောင်းသည် ပစ္စည်းကို ထုတ်ယူပြီး ချက်ချင်းပင် ဇစ်ကို လည်ပင်းအထိ ပြန်ဆွဲပိတ်လိုက်ပေသည်။

"အေးကွယ့် ... ဦးလေးက ဖောင်တိန်ကို မင်နီရောင်ပဲ သုံးတယ်။ အင်္ကျီအိတ်မှာ ချိတ်ထားတဲ့ ဖောင်တိန် မတော်တဆ ဖိမိပြီး ဖောင်တိန်အိုးကွဲသွားလို့ မင်နီတွေ အင်္ကျီမှာ စွန်းသွားတယ်"

ဦးမြတ်ကောင်းသည် သူ့အတွင်းရှပ်အင်္ကျီ အနီရောင်ပေကျံနေခြင်းကို ဆင်ခြေစကား ပြန်ပေးရင်း ရထားပြတင်းပေါက်မှ အပြင်သို့ လှမ်းကြည့်လိုက်သည်။

မီးရထားသည် မြို့လှဘူတာကို ဖြတ်သန်းခုတ်မောင်းနေပေပြီ။ မြို့လှဘူတာတွင် အမြန်ရထား မရပ်။ ဦးမြတ်ကောင်းက ထွန်းထွန်းကို ဆက်ပြောသည်။

"အခု ရထားက မြို့လှကို ဖြတ်နေပြီ။ မြို့လှ၊ သာဂရနဲ့ ဆွာဘူတာတွေမှာ ဒီရထား မရပ်ဘူး၊ တောင်ငူမြို့ကြီးကျမှ ဒီရထားရပ်မယ်"

"အဲဒါ ဟုတ်တယ်လေ ဦးလေး၊ အမြန်ရထားမို့ မြို့ငယ်ဘူတာ အသေးတွေမှာ မရပ်တာ"

"တောင်ငူ ရောက်ရင် ထွန်းထွန်းရော နွေးနွေးရော ဆင်းကြတော့မယ်နော်"

"အဲဒါ ဟုတ်ပါတယ် ဦးလေး"

"ထွန်းထွန်းက ဆေးလိပ်သောက်ပြီး မီးခြစ်တော့ မဆောင်ဘူး"

"အဲဒါလည်း အမှန်ပါပဲ ဦးလေး"

"ကဲ ... ဒါဆို ရော ... ထွန်းထွန်း အတွက် ရထားမှာ တစ်ခါဆုံခဲ့ဖူးတဲ့ ဦးလေးမြတ်ကောင်းရဲ့ မေတ္တာလက်ဆောင်ပေါ့ကွာ"

ဦးမြတ်ကောင်းသည် စောစောက ဂျာကင်စိမ်းကြီး ဇစ်ဖွင့်ပြီး နှိုက်ယူထားသည့် ပစ္စည်းမှာ ဓာတ်မီးခြစ်တစ်လုံးဖြစ်ပြီး ထိုမီးခြစ်ကို ထွန်းထွန်း ပေါင်ပေါ်သို့ တင်ထားပေးလိုက်သည်။





နိုင်ငံခြားလုပ် မီးခြစ်အကောင်းစားတစ်လုံး ဖြစ်ပေသည်။

KENT ဆိုသည့် နိုင်ငံခြား စီးကရက်ကုမ္ပဏီကြီးမှာ စီးကရက်ကြော်ငြာအတွက် လက်ဆောင်ပေး မီးခြစ်မျိုး ဖြစ်ပါ၏။

DOUBLE CASE မီးခြစ်မျိုး ဖြစ်သည်။ အဖုံးဆွဲချုတ်ပြီး ဓာတ်ဆီလောင်စာ ထည့်ရသည်။

မီးခြစ်မှာ အသစ်စက်စက် ဖြစ်ပါသည်။ အဖြူဆွတ်ဆွတ် အခံတွင် အမည်းလေးများ ကန့်လန့်စင်း ဒီဇိုင်းပေါ်တွင် "KENT" ဆိုသည့် အင်္ဂလိပ်စာလုံး အမည်ရေးဖော်ထားသည်။

"ဟာ ... ဦးလေးရဲ့ မီးခြစ်က အသစ်စက်စက်ကြီးပဲ။ ဦးလေးပဲ ဒီမီးခြစ်ကို သုံးပါ။ ကျွန်တော်က မီးခြစ်ကို ဖွဲ့ဖွဲ့မြဲမြဲလည်း ကိုင်လေ့မရှိပါဘူး၊ နောက်ပြီး ... အခုခရီးသွားတာမို့ အပျင်းပြေ စီးကရက် ဒီလောက်သောက်တာပါ။ အိမ်မှာဆို ဒီလောက် မသောက်ဘူး။ ဆေးပေါ့လိပ်ပဲ သောက်တာပါ။ ဦးလေး ဘာသာပဲ ဒီမီးခြစ်ကို သုံးပါ ဦးလေး"

"မေတ္တာလက်ဆောင် ပေးတာကို ဘယ်တော့မှ မငြင်းကောင်းပါဘူး ထွန်းထွန်း၊ ထွန်းထွန်းလည်း ခေတ်ပညာတတ် လူငယ်တစ်ဦးပဲ။ ယဉ်ကျေးမှုအရ ပေးတဲ့လက်ဆောင်

ကို မငြင်းကောင်းပါဘူးကွယ်။ ဒီပီးခြစ်ဟာ လက်ဆောင်ပေးဖို့ ထွန်းထွန်းနဲ့သာ အထိုက်တန်ဆုံးလို့ တွက်ပြီး၊ ဦးလေးက ထွန်းထွန်းကို ပေးတာပါ၊ မငြင်းပါနဲ့"

ထွန်းထွန်း အဖို့ မငြင်းသာပါတော့။

ဦးလေး ဦးမြတ်ကောင်း ကျေနပ်အောင် "ကျေးဇူးတင်ပါတယ်"ဟု ပြောပြီး လက်ခံလိုက်ပေတော့သည်။

"အေး ... မေတ္တာလက်ဆောင် ပေးရတယ်ဆိုတာ ပေးတဲ့သူမှာရော လက်ခံတဲ့သူမှာရော ပီတိဖြစ် ကြည်နူးရတာမျိုးပဲမို့ ဦးလေး ပီတိဖြစ် ကြည်နူးမိတယ် ထွန်းထွန်း"

"ကျွန်တော်လည်း ပီတိဖြစ် ကြည်နူးပါတယ်"

"သြော် ... တစ်ခုတော့ ရှိတယ်။ ဒီမီးခြစ်က အသစ်စက်စက်မို့ ဓာတ်ဆီမထည့်ရသေးဘူး။ ထွန်းထွန်း တောင်ငူအိမ်ရောက်မှ အဖုံးကို ဆွဲထုတ်ပြီး ဓာတ်ဆီထည့်ပေါ့၊ အဲဒါ မမေ့နဲ့နော် ထွန်းထွန်း"

"ဟုတ်ကဲ့ပါ ဦးလေး"

ထွန်းထွန်းက KENT မီးခြစ်လေးကို တရိုတသေဖြင့် သူ့အင်္ကျီအိတ်ထဲသို့ ဦးလေးဦးမြတ်ကောင်း မြင်အောင် ထည့်ပြလိုက်သည်။

"အေး ... အေး ... ဦးလေး စိတ်ချပါပြီ ထွန်းထွန်း"

ဦးမြတ်ကောင်းသည် ဦးခေါင်းကို ပြန်မှေးကာ မျက်လုံးစုံမှိတ်ထားလိုက်ပြန်သည်။





ထွန်းထွန်း အကဲခတ်မိသော ထူးခြားချက်တစ်ခုမှာ ဦးလေးဦးမြတ်ကောင်းသည် သူပြောချင်သော စကားကို ပြောပြီးနောက် စကားဆုံးသောအခါ ပင်ပန်းနွမ်းနယ်စွာနှင့် မှေးစက်လိုက်တတ်ခြင်းပင်။

မြို့လှ၊ သာဂရနှင့် ဆွာတို့မှာ တစ်ဘူတာနှင့် တစ်ဘူတာ သိပ်ကြီး အလှမ်းကွာလှသည်မဟုတ်။ အထူးသဖြင့် အမြန်ရထား ခုတ်မောင်းသော မိုင်နှုန်းနှင့်ဆိုလျှင် ဝေါခနဲ ဖြတ်ကျော်သွားသော ဘူတာစဥ် ဘူတာငယ်လေးများ ဖြစ်ကြပေသည်။

"မန္တလေးအစုန် အမြန်ရထားနှင့် လိုက်ပါလာသော လုပ်သားပြည်သူ ခရီးသည်အပေါင်းတို့ရှင့်။ မန္တလေး အစုန် အမြန် ရထားသည် မကြာမီ တောင်ငူဘူတာသို့ ဆိုက်ရောက်ပါတော့မည်။ တောင်ငူဘူတာတွင် ငါးမိနစ်တိတိ ရပ်နားပါမည်။ တောင်ငူဆင်း ခရီးသည်များသည် မိမိတို့၏ သတ်မှတ်ထားသော နေရာတွင် စနစ်တကျ မိမိတို့၏ ဖြတ်ပိုင်းလက်မှတ်များဖြင့် ရွေးယူနိုင်ကြပါသည်ရှင့်"

နွေးနွေးသည် သူ၏ တိုလီမိုလီ ပစ္စည်းလေးတွေကို သူမ၏ ပလတ်စတစ်ခြင်းထဲသို့ ထည့်ပေတော့သည်။

ကျေးတောဘူတာငယ်လေးကို ဖြတ်ကျော်ပြီး တစ်ခဏအတွင်းမှာပင် တောင်ငူမြို့ထိပ် သချိုင်းကို မြင်ရသည်။ ထိုနောက်မှာတော့ မီးရထားသည် တောင်ငူဘူတာတွင် ဆိုက်ကပ်ပေတော့မည်။

"သွားမယ် ဦးလေး"

နွေးနွေးက ဦးလေးကြီး ဦးမြတ်ကောင်းကို နှုတ်ဆက်သည်။

"သွားတော့မယ် ဦးလေး"

ထွန်းထွန်းကလည်း နှုတ်ဆက်ပါ၏။

"အေး ... အေး ... ဦးလေး ပြောထားပြီးပါပြီနော်။ ထွန်းထွန်း ဆင်းရင် တံခါးပေါက်နားမှာ ထိုင်နေတဲ့ ကောင် နှစ်ကောင်ကို သေချာအကဲခတ် ကြည့်သွားဖို့လေ"

"ဟုတ်ပါပြီ ဦးလေး၊ ကျွန်တော် သူတို့ နှစ်ယောက်ကို သေချာကြည့်သွားပါ့မယ်"

တောင်ငူဘူတာတွင် ရထားဆိုက်ပေပြီ။

ထွန်းထွန်းသည် နွေးနွေးကို စောင့်ကာ အတူဆင်းလိုစိတ် ရှိသဖြင့် နွေးနွေးကို လှမ်းကြည့်ရာ နွေးနွေးသည် ထွန်းထွန်းနှင့် အတူတွဲပြီး မဆင်းလိုသည့် သဘောဖြင့် ဟိုလိုလို ဒီလိုလို လုပ်နေသည်ကို တွေ့ရသဖြင့် ...

"အံမာ ... ကြီးကျယ်လို့ ... အတူမဆင်းချင်မဆင်းနဲ့ပေါ့"ဟု စိတ်ထဲမှ ရေရွတ်ရင်း သူ၏ လက်ဆွဲအိတ်ကို ကောက်ယူလိုက်ပြီး ထိုင်ရာမှ ထရပ်လိုက်သည်။

"ဩ ... ထွန်းထွန်းနဲ့ နွေးနွေး နှစ်ယောက်စလုံး စောစောက ဦးလေးဟာ ဘယ်သူ ဘယ်ဝါလဲ ဆိုတာ သိချင်ခဲ့ကြတယ်နော်။ ကဲ ... ဦးလေး ပြောပြပါ့မယ်။ ဦးလေး





ဘယ်သူ ဘယ်ဝါ ဆိုတာ သိချင်ရင် နောက်တစ်ရက် နှစ်ရက်အတွင်းမှာ ထွက်လာမဲ့ သတင်းစာမှာသာ ရှာကြည့်ကြပေတော့ကွယ်"

"ဗျာ ... သတင်းစာမှာ ရှာကြည့်ရမယ်"

"အေး ... သတင်းစာရဲ့ နာရေး ကြော်ငြာရှာကြည့်ပေတော့ ထွန်းထွန်း"

"တော်ပြီ"ဟု ထွန်းထွန်း သူ့ဟာသူ တိုးတိုးလေး ပြောမိပြန်ပါ၏။ ဤဦးလေးကြီး ဦးမြတ်ကောင်းသည် ပင်ပန်းနွမ်းနယ်နေသည့် ကြားကပင် ယခု ဆင်းကာနီး၌ တောင်စဉ်ရေမရ စကားမျိုး ဆက်၍ ပြောနေပေသေးသည်ဟုသာ သဘောပိုက်ကာ ထွန်းထွန်းသည် ခြေလှမ်းကျဲကြီးများဖြင့် နွေးနွေးကို ထားခဲ့ကာ လျှောက်လာခဲ့တော့သည်။

တံခါးပေါက်အနီး ထိုင်ခုံတွင် ထိုင်နေသော ခင်မောင်ဦးနှင့် စောမြင့်ဆွေကိုမူ ဦးလေးကြီး မှာထားသည့် အတိုင်း တစ်ချက် ငုံ့ကြည့်ပါ၏။ သူတို့နှစ်ဦးက ထွန်းထွန်းကို ပြန်မကြည့်။

နှစ်ဦးသား ခေါင်းချင်းရိုက်ခါ တစ်ခုခုကို ပြင်းပြင်းထန်ထန် တီးတိုးတိုင်ပင်နေကြသည်ကို တွေ့မြင်ရပါသည်။

ထွန်းထွန်း ရထားပေါ်မှ အောက်သို့ ဆင်းသက်လိုက်သည်။

## ၉ း ၂

ကျော်စိုးနှင့် ဦးသာဝတို့ ရထားပေါ်မှ ဆင်းလိုက်သည်နှင့် တွေ့ရပြီး ထွန်းထွန်း ထံသို့ သူတို့နှစ်ယောက် ပြေးလာကြသည်။

“ဟော့ကောင် … ထွန်းထွန်း”

“အေး … ငါ ရောက်လာပြီပေါ့ ကျော်စိုး”

သူငယ်ချင်းနှစ်ယောက် ဖက်လဲတကင်း နှုတ်ဆက်ကြရင်းမှပင် ကျော်စိုးသည် …

“ဟဲ့ … နွေးနွေး ပါလား။ ဒီရထားနဲ့ လိုက်လာတယ်၊ ဟုတ်လား၊ ဘာလို့ တောင်ငူကို ပြန်လာတာလဲ၊ ကျောင်းလည်း မပိတ်သေးဘဲနဲ့”

ကျော်စိုးက လှမ်းနှုတ်ဆက်မှ ထွန်းထွန်းလည်း ပြန်လှည့်ကြည့်ရာ နွေးနွေး အနီးသို့ ရောက်လာနေသည်ကို တွေ့ရသည်။





“ဟုတ်တယ် … အစ်ကိုကျော်စိုး၊ နွေးနွေး မန္တလေးက ပြန်လာတာ၊ ဘိုးဘိုး နေမကောင်းဘူးဆိုတဲ့ ဘိုးဘိုးဆီက စာရလို့ …”

“ဟ … ဦးလေးအောင်ကို ဒီနေ့မနက် ဈေးထိပ်က နန်းကြီးသုပ်ဆိုင်မှာ နန်းကြီးသုပ် စားနေတာတောင် ငါနဲ့တွေ့ပြီး နှုတ်ဆက်စကား ပြောကြသေးတာ၊ နေကောင်းလိုက်တာမှ ဒေါင်ဒေါင်မြည်နေသားပဲ။ နန်းကြီးသုပ် နှစ်ပွဲတောင် ပြိုက်ခနဲ ကြိတ်သွားနိုင်တာပဲ။ အေး … ဟိုလွန်ခဲ့တဲ့ လေးငါးရက်လောက်ကတော့ ဦးလေးအောင် အအေးမိနှာစေးပြီး နေမကောင်း ဖြစ်တော့ဖြစ်တယ်။ အဲဒါလည်း ခဏပါ။ နို့ … အခု နွေးနွေး လာမယ်ဆိုတာ ဘယ်သူမှ လာကြိုတာ မတွေ့ပါလား၊ နွေးနွေးရဲ့ မမဌေး လာမကြိုဘူးလား”

“ဟင့်အင်း … မမဌေးကို နွေးနွေး ပြန်လာမယ်ဆိုတာ အကြောင်းကြားမထားဘူး၊ အကြောင်းကြားရင် ပြန်မလာနဲ့ကိစ္စမရှိဘူးလို့ ဖုန်းနဲ့လှမ်းတားမှာစိုးလို့ နွေးနွေး မမဌေးကို အကြောင်းမကြားတာ”

“ဒါဖြင့် နွေးနွေး ဆီကို ဦးလေးအောင် နေမကောင်းဘူးလို့ ဘယ်သူက စာရေးတာလဲ”

“ဘိုးဘိုး ကိုယ်တိုင်ပဲပေါ့”

ကျော်စိုးသည် “ဗျူး”ခနဲ သက်ပြင်းမှုတ်ထုတ်လိုက်ပါ၏။

နွေးနွေးက ကျော်စိုး သက်ပြင်းမှုတ်ထုတ်သည်ကို ကြည့်ရင်း ပြုံးတုံ့တုံ့လေး ဖြစ်သွားပေသည်။

ကျော်စိုးသည် တစ်မြို့တည်း အတူနေ တောင်ငူတွင် နွေးနွေးတို့ မိသားစုနှင့် အတော်ရင်းနှီး ခင်မင်ကြပုံ ရပေသည်။ ခာတ်သိရပ်သိတွေ ဖြစ်ဟန်တူပါ၏။

ထွန်းထွန်းသည် နည်းနည်းပြုံးလျှင် ပါးချိုင့်လေး နည်းနည်း ခွက်ဝင်ပြီး လှချင်တိုင်းလှ ချောချင်တိုင်း ချောနေသည့် နွေးနွေး သူငယ်မ၏ ပြုံးတုံ့တုံ့လေးကို ငေးကြည့်နေမိသည်။

"ဘာလဲ နွေးနွေး ... ဦးလေးအောင်နဲ့ နွေးနွေးမြေးအဘိုး အကွက်ရိုက်ပြန်ပြီထင်တယ်၊ အဘိုးကလည်း မြေးကိုမခွဲနိုင်၊ မြေးကလည်း အဘိုးကို မခွဲနိုင်နဲ့ ... အင်း ... နွေးနွေးရဲ့ မမငွေးကတော့ နွေးနွေးကို ထိပ်ခေါက်တော့မယ်"

"ဘိုးဘိုး နေကောင်းတာတွေ့ရင် နွေးနွေး ပြန်သွားမှာပါ အစ်ကိုကျော်စိုးရ။ အစ်ကိုကျော်စိုးကြီးကသာ မမငွေးဆီ သွားပြီး မမငွေးက နွေးနွေးကို ထိပ်ခေါက်အောင် ဘေးသွားမတီးနဲ့၊ အခုလည်း နွေးနွေးကို အစ်ကိုကျော်စိုးကားနဲ့ပဲ အိမ်လိုက်ပို့ပေးဦး"

နွေးနွေးက အိမ်လိုက်ပို့ပေးဦးဟု ပြောလေမှ နွေးနွေးနှင့် ထွန်းထွန်းကို မိတ်ဆက်ပေးရန် ကျော်စိုး သတိရတော့သည်။

"ဩော် ... ဟောကောင် ထွန်းထွန်း၊ အဲဒါ နွေးနွေးတဲ့။ မန္တလေးတက္ကသိုလ်မှာ သင်္ချာအဓိကနဲ့ ပထမနှစ် ... အဲ ...





အဲ ... ဒုတိယနှစ် ... ဟဲ့ ... နေဦး ... နွေးနွေးက ပထမနှစ်လား ဒုတိယနှစ်လားဟင် ..."

"ပထမနှစ်ပါ အစ်ကိုကျော်စိုး"

"ဟာ ... ဟုတ်သေးပါဘူး။ နွေးနွေး မန္တလေးတက္ကသိုလ်သွားတာ ဒီနှစ်ပါဆို နှစ်နှစ်ရှိပြီပဲဟာ၊ မေမေဆုံးတဲ့နှစ်ကပဲ နွေးနွေး မန္တလေးတက္ကသိုလ် သွားတာ"

နွေးနွေးက ရှက်ပြုံးလေး ပြုံးလိုက်ပါ၏။

"ပြီးခဲ့တဲ့ နှစ်ကလည်း ပထမနှစ်ပဲ။ ဒီနှစ်လည်း ပထမနှစ်ပဲလေ။ ပြီးခဲ့တဲ့နှစ်က နွေးနွေး စာမေးပွဲကျတာပဲဟာ"

"အေး ... ကောင်းကွာ။ အဲဒါပဲကြည့် သူငယ်ချင်း၊ နွေးနွေးက မန္တလေးတက္ကသိုလ်မှာ ပထမနှစ်ပေါ့၊ တောင်ငူ အုတ်ကျွတ်ဝန်းမှာ နေတယ်။ ဒီမှာ နွေးနွေး ဒီကောင်က မန္တလေး ..."

ကျော်စိုး စကားမဆုံးသေးမီမှာပင် နွေးနွေးက ထွန်းထွန်းကို မျက်လုံးဝိုင်းကပ် အကြည့်လေးနှင့် လှမ်းကြည့်ရင်း ...

"ကိုထွန်းထွန်းတဲ့။ မန္တလေးတက္ကသိုလ်က ဘွဲ့ရပြီးသား၊ တစ်နှစ်တိတိ အိမ်မှာနားပြီး ဒီနှစ်မဟာဝိဇ္ဇာတန်းတက်တယ်။ ကျောင်းမှန်မှန်မတက် စာမကျက်မို့ ဒီနှစ် မဟာဝိဇ္ဇာတန်းကို ဝင်မဖြေဘူး။ ဒါကြောင့် မန္တလေးက တောင်ငူကို အလယ်ထွက်လာကာ ... အဲဒီလိုပဲ မိတ်ဆက်ပေးမှာ မဟုတ်လား အစ်ကိုကျော်စိုး"

"သေပဲ နန္ဒိယ။ လက်စသတ်တော့ နွေးနွေးနဲ့ ဒီကောင် ရထားနဲ့လာရင်း အဖွဲ့ကျလာပြီးသားကိုး။ ဒီကောင် သူ့မှာရှိသမျှ ဂုဏ်ပုဒ်တွေ တစ်သီကြီး နွေးနွေးကို ကြွားလာပြီးသားကိုး ..."

"ငါက မကြွားရပါဘူး ကျော်စိုးရာ၊ ဦးမြတ်ကောင်းဆိုတဲ့ ဦးလေးကြီးက ငါ့ကို စုံထောက်ဦးစံရှား လုပ်တာနဲ့ ပေါ်ကုန်တာပါ"

"ဦးမြတ်ကောင်း ... ဟုတ်လား ... ဘယ်က ဦးမြတ်ကောင်းလဲ ထွန်းထွန်း"

ထွန်းထွန်းက ဘာမှပြန်မပြော။ နွေးနွေးကို တစ်ချက်ခေါ်ကြည့်ကာ သူ၏ပခုံးကျယ်ကြီးကိုသာ တွန့်ပြလိုက်သည်။ လူထူးလူဆန်းကြီး ဖြစ်ရုံမက နေရာတကာတွင် ဦးဖိုးသိကြီးဖြစ်သော ရထားပေါ်မှ ဦးမြတ်ကောင်း၏ အကြောင်းကိုသာ အားလုံး ပြောပြရလျှင် ဤတောင်ငူဘူတာမှာပင် ညအိပ်မိုးလင်း ပြောရမည် ဖြစ်သောကြောင့်ပါတည်း။

ထိုစဉ်မှာပင် တက်ထရက်(စ်)ဘောင်းဘီအနက်၊ ရှပ်အင်္ကျီအဖြူ ဝတ်ထားသော ရထားလက်မှတ်စစ်တစ်ဦး အနီးသို့ ရောက်လာပေသည်။ ကျော်စိုးနှင့် ရင်းနှီးပြီးသား ဖြစ်ပုံရသည်။

"အိုင်ဆေး ကိုကျော်စိုး။ ဘူတာမှာ ရထားလည်း တစ်စီးမှ မရှိတော့ဘူး၊ ပလက်ဖောင်းဈေးသည်တွေတောင် အားလုံး ပြန်လစ်ကုန်ပြီ၊ ကိုကျော်စိုးရဲ့ မိတ်ဆွေနှစ်ယောက်ရဲ့





လက်မှတ်သိမ်းဖို့ ကိုယ့်ဂိတ်မှာ စောင့်နေရတာ ခြေသလုံး တောင် သွေးတောင့်လာပြီ။ အဲဒီတော့ ကျေးဇူးပြုပြီး စီးလာတဲ့ လက်မှတ်လေးတွေသာ ပေးကြပါ။ ပြီးတော့မှ ဘူတာထဲမှာ မိုးလင်းတဲ့အထိ စကားပြောချင် ဆက်ပြောကြပါ"

လက်မှတ်စစ် ပြောပုံကို သဘောကျစွာ ထွန်းထွန်းရော၊ နွေးနွေးရော ရယ်မောမိကြရင်း သူတို့၏ အထက်တန်းလက်မှတ်အသီးသီး ထုတ်ပေးလိုက်ကြသည်။

ကျော်စိုးကလည်း ရယ်မောရင်း လက်မှတ်စစ်၏ လက်မောင်းကို မနာသော လက်သီးထိုးချက်လေးဖြင့် ထိုးလိုက်ပါ၏။

"သွားပါ့မယ် ကိုယ့်လူရာ၊ ခင်ဗျားမလည်း သဝန်တိုစရာရှားလွန်းလို့ ဘူတာထဲ ရပ်စကားပြောတာတောင် လိုက်ပြီး သဝန်တိုနေတယ်၊ ကဲ ... လာ ... သွားကြစို့"

ကျော်စိုးက သူ၏ လင့်ရိုဗာကားကို မောင်းသည်။ ထွန်းထွန်းက ရှေ့တွင် ကျော်စိုးနှင့် အတူထိုင်သည်။ ဦးသာဝနှင့် နွေးနွေးက နောက်ခုံတန်း တစ်ဖက်စီတွင် ထိုင်သည်။

အမှတ်မထင် ထိုင်မိကြခြင်း ဖြစ်စေကာမူ ထွန်းထွန်းနှင့် နွေးနွေးမှာ ရှေ့နောက် ထိုင်မိသည်။

ကျော်စိုးသည် ပထမ နွေးနွေးကို ပို့ပေးရန် အုတ်ကျုတ်တန်းဘက်ကို မောင်းခဲ့သည်။

"အစ်ကိုကျော်စိုး အိမ်ရောက်ရင် ခဏဆင်းနော်။ ဒီအတိုင်း ချထားခဲ့ပြီး ဆက်မောင်းထွက်သွားရင် နွေးနွေး မမငွေး ကို ရင်ဆိုင်ရမှာ ကြောက်လို့။ ကျောင်းတက်ရက်ကြီးမှာ အိမ်ပြန်လာတာကို မမငွေး ဆူမှာ သေချာတယ်"

လင့်ရီဗာကားဝယ် ရှေ့ကူရှင်နှင့် နောက်အိမ်ကြား ဝယ် စပယ်ယာတီး ထောင်ထားသည်ကလွဲပြီး အဆီးအတား အကာအကွယ် ရှိသည်မဟုတ်။

နွေးနွေးက ကားစက်သံကြားမှ ကျော်စိုးကြားလောက် အောင် ရှေ့သို့ ခါးကိုင်းပြီး ပြောရသောကြောင့် သူမ၏ လက် မောင်းလက်ဖျံလေးကို ရှေ့ကျောမှီကူရှင်တွင် တံတောင်ဆစ်ကွေး ထောက်ကာ ပြောရပေသည်။

ထို့ကြောင့် သူမ၏ လက်မောင်းလက်ဖျံအိုးလေး သည် ရှေ့ကူရှင်တွင် ထိုင်နေသော ထွန်းထွန်း၏ ပခုံးကိုလည်း ထိလိုက် မထိလိုက် ဖြစ်ရသည်။ သူမ၏ မျက်နှာလေးမှာလည်း ခါးကိုင်း ခေါင်းငုံ့ ပြောရသဖြင့် ထွန်းထွန်း၏ မျက်နှာဘေးစောင်း နှင့် အလွန်နီးကပ်စွာ ရှိလာသည်။ သူမထံမှ ကိုယ်သင်းနံ့လေး များကိုပင် ထွန်းထွန်း ရှူရှိုက်မိရပါ၏။

ထိုသို့သော သူမ၏ လက်မောင်းသားလေး မထိတထိ နှင့် ကိုယ်သင်းနံ့လေး ရှူရှိုက်ရရုံမျှနှင့်ပင် ထွန်းထွန်း ရင်ထဲတွင် တစ်ရှိန်းရှိန်း တစ်မြမြ ခံစားမှုလေး တစ်မျိုး ခံစားရပေသည်။





"အင်း ... ခက်တော့ ခက်နေမှကော"ဟု ထွန်းထွန်း ရင်ထဲ စိတ်ထဲမှာ တိတ်တခိုးလေး ရေရွတ်မိသည်။ နွေးနွေးနှင့် မီးရထားပေါ်တွင် စတင်တွေ့ဆုံရကတည်းက ထွန်းထွန်း ခမျာ နွေးနွေးနှင့် ပတ်သက်ပြီး စိတ်ထဲ ရင်ထဲမှ ခဏ ခဏ ရေရွတ်မိ ခြင်းတွေ များလှပါဘိတောင်း။

နွေးနွေးကိုလည်း ထွန်းထွန်း အံ့ဩမိသည်။ ယခု သူမနှင့်တကွ သူမတို့အိမ်သားအားလုံးနှင့် ရင်းနှီးသော ကျော်စိုး ကို တွေ့ရုံနှင့်ပင် နွေးနွေး၏ နဂိုပုံစံ နဂိုရိုးရင်းစွဲ အပြုအမူလေး တွေ ထွက်လာသည်ကို ထွန်းထွန်း တွေ့မြင်နေရသည်။

နွေးနွေးသည် ကလေးဆန်နေဆဲပင် ရှိပါ၏။ ဘာ မဆို ပွင့်ပွင့်လင်းလင်း ပြောတတ်သည်။ ကျော်စိုးနှင့်သူမ အပြန် အလှန်ပြောသော စကားများအရ နွေးနွေးသည် သူမ၏ချစ်ဘိုးဘိုး ကို အကြောင်းပြပြီး ကျောင်းလစ်ခါ အိမ်သို့ပြန်ပြေးလာသည့် သဘော သက်ဝင်နေသည်။ ဤမျှကလေးဆန်သော နွေးနွေးပါပေ။

သို့တစေ ...

မန္တလေးမှ တောင်ငူသို့ တစ်လျှောက်လုံး မီးရထား ထဲဝယ် နွေးနွေးသည် အပျိုကြီးဂိုက်ဖမ်းကာ ဣန္ဒြေတွေ သမ္ဘတ္တိ တွေ တစ်ပုံကြီးဆည်ကာ စာအုပ်တစ်အုပ်ကို သဲသဲမဲမဲ ဖတ်လာ ခဲ့သည်။ သူမ၏ဣန္ဒြေနှင့် သူမကိုယ်သူမ ကာကွယ်ထားသည့် သဘောပင်။

ကျော်စိုးက နွေးနွေးကို ပြောလိုက်သည်။

"နွေးနွေးက နွေးနွေးရဲ့ မမငွေး ဆူမှာကိုသာ ကြောက်တယ်ပြောတယ်။ အခု တကယ်တော့ နွေးနွေး ကျောင်းပြေးပြီး လာတာပဲ မဟုတ်လား"

"အို ... အစ်ကိုကျော်စိုးကလည်း ဘိုးဘိုး နေမကောင်းလို့ပါ ဆိုနေမှပဲဟာ"

"ဒါက သက်သက် အကြောင်းပြတာပဲ နွေးနွေးရာ"

"အာ ... ခက်တော့နေပြီပဲ။ ရှေ့နေခေါ်မှ ထောင်လုံးလုံးကျဖြစ်နေပြီ။ အစ်ကိုကျော်စိုးက မမငွေး မပြောခင်ကတည်းက မမငွေးရဲ့ လေသံစကားလုံးတွေနဲ့ နွေးနွေးကို ဆူနေတာလား။ ဟွန်း ... မပြောလိုက်ချင်ဘူး၊ နွေးနွေး မသိရင် ခက်မယ်။ မုန့်ဆီကြော်ဖြင့် ဘယ်နေမှန်း မသိသေးဘူး၊ နှုတ်ခမ်းနာနဲ့ တည့်ချင်နေတယ်။ မမငွေးကသာ ပြန်ပြီး အရေးပေးရင် သိပ်ခက်မဲ့ အစ်ကိုကျော်စိုးကြီး"

နွေးနွေး၏ စကားကို ဓာတ်သိဖြစ်နေပုံရသော ဦးသာဝကြီးက သဘောကျစွာ တဟားဟား ရယ်သံထွက်လာသည်။

ဘာဓာတ်မှ မသိသေးသော ထွန်းထွန်းက စကားအသွားအလာကို ကြည့်ကာ ကျော်စိုးသည် နွေးနွေး၏ အစ်မမမငွေး ဆိုသူအား မောင်ကြီးရှယ်တဲ့ စံပယ်ကုံး ဖြစ်နေပုံရသည်။ သို့သော် ငွေးငွေးက ယခုအချိန်ထိ ကျော်စိုးအား မလိုက်လျောသေးသော သဘောပင် ဖြစ်ပေမည်။





လင့်ရိဗာသည် တောင်ငူ အုတ်ကျွတ်တန်းလမ်းရှိ ခြံကြီးဝင်းကျယ် တစ်ခုထဲသို့ ချိုးကွေ့ဝင်ရောက်လိုက်သည်။ ခြံကြီး၏ အလယ်တွင် တိုက်ခံနှစ်ထပ်အိမ်ကြီးတစ်လုံး ရှိပေသည်။ ရှေးခေတ်က အနိုင်အခန့် ဆောက်ထားသော အိမ်ပုံစံမျိုး ဖြစ်ပါ၏။ အောက်အုတ်များ နီရဲနေပြီး အပေါ်ပျဉ်ကာမှာ ရေနံချေးဝပြီး မည်းနက်နေပေသည်။ ခြံကြီး၏ စည်ရိုးပတ်လည်တွင် သရက်ပင်ကြီးတွေ စီတန်းရှိနေပါ၏။ သက်ကြီး သရက်ပင်ကြီးများဖြစ်ပြီး အပေါ်သို့ မြင့်မားလွင့်ကားနေသည်။

တိုက်အိမ်ရှေ့ မြေကွက်လပ်တွင် ပန်းအိုးများ စနစ်တကျ စီစီရီရီ စိုက်ထားပြီး ပွင့်သည့်အပင်က ပွင့်ပြီး၊ မပွင့်သေးသော ပန်းပင်များက စိမ်းစိုနေသည်။

အိမ်ကြီး၏ ဆင်ဝင်အောက်တွင် ဆန်နီဆလွန်းကား အနီရောင်တစ်စီး ရပ်ထားပါ၏။

ကျော်စိုးက သူ့လင်ရိဗာကားကို ကားနီလေးနောက်တွင် ကပ်ပြီးရပ်လိုက်သည်။ ပြီး ကျော်စိုးက ဟွန်းနှိပ်လိုက်သည်။

နွေးနွေးသည် သူမ၏ လက်ဆွဲခြင်းတစ်ဖက် လက်ဆွဲအိတ်တစ်ဖက်ကိုင်ကာ ကားပေါ်မှ ဆင်းပြီး ကျော်စိုး ဘက်သို့ လျှောက်လာသည်။

"လာ ... ဆင်းဦး အစ်ကိုကျော်စိုး၊ ဟိုဘက်က အစ်ကိုလည်း ဆင်းပါဦးနော်၊ လူစိမ်းပါလာရင် မမငွေးက နွေးနွေးကို လူစိမ်းရှေ့မှာ ဆူမှာ မဟုတ်လို့ပါ"

"ဒီအချိန် ငွေးငွေး အိမ်မှာ ဘယ်ရှိမလဲ နွေးနွေးရဲ့။ သူ့ဈေးထဲက ရွှေဆိုင်မှာပဲ ရှိမှာပေါ့။ ငွေးငွေးက သူ့ဆိုင်အရောင်းအဝယ် သိပ်စိုးရိမ်တတ်တာ မဟုတ်လား"

"ဟာ … အစ်ကိုကျော်စိုးကလည်း ဒိဋ္ဌိကျနေတာပဲ။ ဒီနေ့ဥပုသ်နေ့ ဈေးရုံပိတ်တယ်လေ၊ မမငွေး ဘယ်ဈေးထွက်မလဲ၊ အိမ်ရှေ့မှာ ကားရှိနေတာကိုပဲ ကြည့်ပေါ့"

"အေး … ဟုတ်သားပဲ။ ကဲ … လာ သူငယ်ချင်း၊ ခဏဆင်းဦးကွာ၊ ဒီတရားခံပြေးကို အပ်ရအောင်၊ နောက်ပြီးမင်းကို ဒီအိမ်က ဦးလေးအောင်၊ ဒေါ်ဒေါ်စိမ်းနဲ့ရောငွေးငွေးနဲ့ရော မိတ်ဖွဲ့ပေးရင်းပေါ့။ မင်းက တောင်ငူမှာနေခဲ့မှာ မဟုတ်လား၊ သြော် … သြော် … မင်းက စကားတောင် မဆုံးသေးဘူး၊ ကားတံခါး ဖွင့်ဆင်းတော့မလို့ကိုး"

ကျော်စိုးက ဘာမှ မပြောရသေးမီ နွေးနွေးက "ဟိုအစ်ကိုလည်း ဆင်းပါဦးနော်"ဟု ပြောကတည်းက ထွန်းထွန်း၏လက်သည် လင့်ရိဗာ၏ အတွင်းတံခါး လက်ကိုင်ချက်သို့ရောက်နှင့်ပြီးသား ဖြစ်နေပါ၏။

ကျော်စိုးကလည်း နောက်ပြောင်သည်တော့ မဟုတ်၊ ထွန်းထွန်းအား အိမ်ရှင်အနေနှင့် လူရင်းအနေနှင့် ထွန်းထွန်းရဲရဲဝံ့ဝံ့ ဖြစ်စေရန် စေတနာနှင့် ထပ်ဆင့်ဖိတ်ခေါ်ခြင်း ဖြစ်ပေသည်။





သို့သော် ထွန်းထွန်းက ကျော်စိုး ဖိတ်ခေါ်ချက်ပင်နောက်ကျနေလေအောင် ဆင်းဖို့ရန် အဆင်သင့်ပြင်ပြီးသား တံခါးချက်ကိုင်ပြီးသား ဖြစ်နေလေပြီကော။

"ဟေး … ဟေး … ငါ့မြေးလေး ပြန်လာပြီ။ မိနွေးလေးပြန်လာပြီ။ လာကြစမ်း … တံခါးသော့ မြန်မြန်လာဖွင့်စမ်း မိငွေးငွေး"

အိမ်ရှေ့ ပိတ်ထားသော တံခါးမှာ သံဘာဂျာ ဖြစ်ပါ၏။ အတွင်းမှ သော့ခလောက် ပိတ်ထားသည်မို့ အသက်ခြောက်ဆယ်ကျော်ခန့် လူကြီးတစ်ဦး ဟွန်းသံကြား ထွက်လာကာနွေးနွေးကို မြင်လိုက်သည်နှင့် ထခုန်မတတ် အိမ်ထဲသို့ အားရပါးရအသံဖြင့် လှမ်းအော်ပြောလိုက်သည်။

"ဟ … မောင်ကျော်စိုး ကားနဲ့ ငါ့မြေးကို လိုက်ပို့တာကိုး"

"ဟုတ်တယ် … ဦးလေးအောင်၊ ဘူတာမှာ ဟောဒီကျွန်တော့်သူငယ်ချင်းကို သွားကြိုရင်းနဲ့ နွေးနွေးပါ အဲဒီအမြန်ရထားနဲ့ ပါလာလို့"

ယင်းအခိုက်မှာပင် ဦးလေးအောင်၏ နောက်ပါးသို့ အသက်အစိတ်ခန့် အမျိုးသမီးတစ်ဦးသည် သော့တွဲကိုင်ပြီး ရောက်လာပေသည်။

ထိုအမျိုးသမီး၏ မျက်နှာပေါက် မြင်ရုံနှင့်ပင် နွေးနွေးနှင့် ဆင်ဆင်တူနေသောကြောင့် နွေးနွေး၏ အစ်မဆိုသည့်မငွေးငွေး ဖြစ်မည်ဟု ထွန်းထွန်း မှတ်ယူလိုက်သည်။

"ဟဲ့ ... နွေး ... ဘယ်လိုက ဘယ်လို ဖြစ်လာတာလဲ"

"ဘိုးဘိုး နေမကောင်းဘူး ဆိုလို့ စိတ်ပူပြီး လာခဲ့တာ မမငွေး"

"ဘိုးဘိုး နေမကောင်းဘူးလို့ ညည်းကို ဘယ်သူက ပြောလဲ မိနွေး"

အစ်မကြီး၏ဝါ။ အစ်မကြီး၏ ပါဝါကို ပိုင်ဆိုင်ထားသော မငွေးငွေးက ညီမငယ် နွေးနွေးကို မကျေနပ် မျက်နှာပေးဖြင့် မေးလိုက်သည်။

"အို့ကွာ ... မိငွေး ... ကလေးကို ခရီးရောက်မဆိုက်၊ သော့ကိုပဲ အရင်ဖွင့်ပါဦး။ ငါ့မြေးကို ငါ စာရေးပြီး လူကြုံနဲ့ ပေးလိုက်တာဟ။ ဟိုတစ်လောက ငါ နေမကောင်းတုန်း ငါ့မြေးလေးကို သိပ်လွမ်းတာနဲ့ ငါ ရေးခေါ်လိုက်တာ"

"ဘိုးဘိုးပဲ ဒီမြေးကို ဖျက်နေ။ ဒီအတိုင်းသာဆို စာတွေ တတ်ပါလိမ့်မယ် အားကြီး၊ မနှစ်ကလည်း စာမေးပွဲကျထားပြီးပြီ"

ငွေးငွေးသည် အပြုံးအရယ်မရှိ၊ တည်တည်မျက်နှာပေးနှင့်ပင် သံဘာဂျာတံခါးကို သော့ဖွင့်ပေးသည်။ တံခါးပွင့်သည်နှင့် ညီမငယ်လေး နွေးနွေး ဆွဲကိုင်ထားသည့် လက်ဆွဲခြင်းနှင့် လက်ဆွဲအိတ်ကို ပြောင်းယူသည်။





ညီမအပေါ်တွင် ဆုံးမစကားအပြစ်တင် ပြောသော်လည်း ညီမကို ချစ်ခင်ကြောင်း ပေါ်လွင်ပေသည်။ နွေးနွေးက လက်ဆွဲခြင်းနှင့် လက်ဆွဲအိတ်ကို ပေးပြီးသည်နှင့် သူမ၏ဘိုးဘိုးထံသို့ ပြေးကပ်သွားသည်။

"ဘိုးဘိုး နေမကောင်းဘူးဆို၊ အဲဒါ နွေးနွေး အရမ်းစိတ်ပူတာနဲ့ ကျောင်းမှာ ခွင့်တင်ပြီး လိုက်လာတာ ဘိုးဘိုး"

"အေးပေါ့ ... အေးပေါ့ ... ဘိုးဘိုးကို ငါ့မြေးလေး မိနွေးကမှ တကယ်ချစ်တာ၊ ကျန်တဲ့အိမ်ကဟာတွေ အလကား ဘိုးဘိုးကို ညာစားနေကြတာ၊ လာ ... လာ ... လာဟေ့ မောင်ကျော်စိုး၊ မင်း မိတ်ဆွေကိုပါ ခေါ်ခဲ့ပါကွာ"

အားလုံး ဧည့်ခန်းသို့ ဝင်ကြပေသည်။ ထွန်းထွန်းသည် ဘောင်းဘီ ဝတ်ထားသော်လည်း ယိုးဒယားခြေညှပ်ဖိနပ်ကိုသာ စီးထားသောကြောင့် လွယ်ကူစွာပင် အပေါက်ဝ၌ ဖိနပ်ချွတ်ပြီး ထားနိုင်ခဲ့ပေသည်။

ဖိနပ်မချွတ်၍လည်း မဖြစ်။ နွေးနွေးတို့အိမ် ကြမ်းခင်းပြင်သည် ဖုန်မှုန့်တစ်မှုန့် မရှိအောင် သန့်စင်လှဲကျင်းထား၍မက ကြမ်းခင်းကို ဖိတ်ဖိတ်တောက် ပေါလစ်တင်ထားသည်။

"ဘွားဘွားကော ... ဘိုးဘိုး"

"ထုံးစံအတိုင်းပေါ့၊ မိနွေးရဲ့ ဒီအချိန်ဆို မိစိမ်းက ကာလနဂါးနဲ့အပြိုင် ချနေပြီလေ၊ အိပ်ရာမှာ သိုးနေအောင် အိပ်နေပြီလေ"

"ဘာပြောတယ် အဘိုးကြီး၊ ကလေးတွေရှေ့မှာ တောင် ပြော မြောက်ပြောနဲ့"

ဦးလေးအောင်သည် အပေါ်ထပ်တက်သည့် လှေကားကို ကျောပေးထိုင်ရင်း စွတ်ပြောနေစဉ် အိမ်ပေါ်ထပ်မှ ဆင်းလာသော ဖြူဖြူဝဝ ခန့်ခန့်ထည်ထည် အသက်ငါးဆယ်ကျော်ခန့် အမျိုးသမီးကြီး အိမ်ပေါ်ထပ်မှ ဆင်းလာကာ လှေကားရင်းရောက်နေသည်ကို မမြင်ဘဲ သူ့အား အမျိုးသမီးကြီးက ဟောက်လိုက်မှ ကပျာကယာ လှည့်ကြည့်သည်။

"ဟဲ ... ဟဲ ... မိစိမ်း နိုးလာပြီလား။ ကျုပ်က ခင်ဗျား အိပ်နေသေးတယ် ထင်လို့ ... ဟဲ ... ဟဲ ..."

ဘိုးဘိုးက ဘွားဘွားအား တကယ်တမ်းကျတော့ မျက်နှာချိုသွေး ပြုံးဖြဲဖြဲနှင့် ပြောနေသည်ကို ငွေးငွေးက ပထမဦးစွာ ရယ်ချလိုက်ပေသည်။

နွေးနွေးကလည်း သူ့မဘိုးဘိုး၏ မဟာဇန္တုသွေးကို ခာတ်သိပီပီ တအားရယ်လိုက်ပြန်ပါ၏။

ကျော်စိုးလည်း ရယ်သည်။ ထွန်းထွန်းလည်း ရယ်မိပါ၏။

ဘွားဘွားသည် ဧည့်ခန်းဆီသို့ လျှောက်လာသည်နှင့် ငွေးငွေးက ဆီးပြောသည်။

"ဒီမှာ ဘွားဘွား၊ မိနွေးနွေးရယ်လေ၊ ဘိုးဘိုးက နေမကောင်းဘူးလို့ စာရေးခေါ်တာနဲ့ အိမ်ပြန်ပြီး ကျောင်းပြေးလာတယ်"





"ဘွားဘွား သိတယ် ငွေးငွေး ... ဒီမြေးအငယ်မလေးကို သူ့ပဲ မပျက်ပျက်အောင် ဖျက်နေတာ၊ ဩ ... မောင်ကျော်စိုးကော မန္တလေး သွားမလို့ဆို၊ မသွားဖြစ်တော့ဘူးလား"

အမျိုးသမီးကြီးသည် လွတ်သော ဆက်တီကုလားထိုင်တွင် ဝင်ထိုင်ရင်း ကျော်စိုးအား မေးလိုက်သည်။ ကျော်စိုးက သွားဖြစ်ကြောင်း နောက်ရထားနှင့်မှ လိုက်မည်ဖြစ်ကြောင်း ပြန်ပြောပြသည်။

ထွန်းထွန်းသည် နွေးနွေးတို့ မိသားစု ဖွဲ့စည်းပုံကို အကြမ်းပြင်း အကဲခတ်ကြည့်သည်။

နွေးနွေး၏ ဖေဖေ မေမေ အကြောင်းကိုတော့ ဘာမှမသိရသေး။ သို့တစေ ဤအိမ်ကြီးဝယ် အဘွားဖြစ်သူနှင့် မြေးအကြီး ငွေးငွေးက ဦးဆောင်ထားပြီး အဘိုးနှင့် နွေးနွေးကိုမူ ချစ်စနိုး အလိုလိုက်ထားပုံရသော ပုံကြမ်းကို အကဲခတ်မိပေသည်။

"ကဲ ... ဦးလေးအောင်ရော၊ ဒေါ်ဒေါ်စိမ်းရော၊ ငွေးငွေးရောကို ကျွန်တော့် သူငယ်ချင်းနဲ့ မိတ်ဖွဲ့ပေးရဦးမယ်။ ဒီကောင့် နာမည်က ထွန်းထွန်းတဲ့။ ကျွန်တော်နဲ့ အတူတူ မန္တလေးတက္ကသိုလ်မှာ ဘွဲ့ရပြီးသား။ သူ့မိဘတွေက ကျောက်မဲမြို့မှာ လက်ဖက်ခြံတွေပိုင်ပြီး မန္တလေးမှာ လက်ဖက်စို လက်ဖက်ခြောက်ပွဲရုံကြီး ဖွင့်ထားတယ်။ အခု ဒီကောင် ထွန်းထွန်းက မဟာဝိဇ္ဇာတန်း ဆက်တက်

ဘယ်၊ အခု နွေးနွေးလိုပဲ၊ ဒီကောင် ကျောင်းပြေးပြီး ကျွန်တော့်ဆီ လာတာ"

"ဘာ ... ကျောင်းပြေးလာတာလဲ။ ဟင်း ... အစ်ကိုကျော်စိုးက ပြီးပြီးသားကို အစပြန်ဖော်ပြန်ပြီ၊ နွေးနွေး ထပ်ပြီး ဆူခံထိဦးမယ်"

အားလုံးသည် နွေးနွေးက စိုးရိမ်တကြီး ဝင်ပြောသည်ကို ရယ်ကြပါ၏။

ကျော်စိုးကပင် ဆက်ပြီး ထွန်းထွန်း အကြောင်း ဆက်ပြောပြန်သည်။

"ဒီကောင်က အခု တောင်ငူက ကျွန်တော့်အိမ်မှာ သူ့ဘာသာ ပျော်သလောက် နေမလို့ပါ"

ဟု ပြောရင်း သူငယ်ချင်းနှစ်ယောက် ဝါသနာအလျှောက် စာရေးကြရန်၊ အိမ်ချင်း နေရာဒေသချင်း လဲပြီ နေကြ ရေးကြမည့် အစီအစဉ်ကို ပြောလိုက်ပေသည်။

"အဲဒါ ... ကျွန်တော့်ကို ခင်မင်ကြသလို ထွန်းထွန်းကိုလည်း ဟောဒီ ဦးလေးအောင်ကစပြီး ခင်မင်ကြပါလို့။ ဒီမယ် သူငယ်ချင်း ဟောဒီ ဦးလေးအောင်က အငြိမ်းစား ခရိုင်ရဲဝန်၊ ဟောဒါက နွေးနွေးနဲ့ ငွေးငွေးတို့ရဲ့ အဘွား ဒေါ်ဒေါ်စိမ်း၊ နာမည်အပြည့်အစုံကတော့ ဦးကြံတိုင်အောင်နဲ့ ဒေါ်ညိုစိမ်းတဲ့။ စိန်ရွှေကျောက်မျက်ရတနာတွေနဲ့ ပတ်သက်လာရင် ဒေါ်ဒေါ်စိမ်းက ပါရဂူပဲ။ ဟောဒါကတော့





နွေးနွေးရဲ့အစ်မ ငွေးငွေးတဲ့၊ နွေးနွေးကိုတော့ မင်းတို့ ရထားစီး အတူလာကြတာလေ။ ငွေးငွေးက တောင်ငူဈေးကြီးထဲမှာ ဖွင့်ထားတဲ့ ရွှေဆိုင်ကို ဦးစီးလုပ်ကိုင်တယ်။ အဲဒါ ... သူငယ်ချင်း တောင်ငူမှာ ပထမဆုံး သိကျွမ်းခင်မင်ရတဲ့ မိသားစုပေါ့ကွာ"

ကျော်စိုး မိတ်ဆက်ပေးနေသည့် တစ်ဦးချင်းကို ထွန်းထွန်းသည် ထိုင်ရာမှထ,ကာ ခါးကိုကိုင်းပြီး ဦးခေါင်းတညိတ်ညိတ်နှင့် လေးစားသော အမူအရာကို ပြသပေသည်။

ရှည်လျားသော အရပ်ကြီးကို ကိုင်းပြီး ကြီးထွားသော ကာယကြီးနှင့် အချိန်အတော်ကြာအောင် ဦးခေါင်းတညိတ်ညိတ် ဖြစ်နေသော ထွန်းထွန်းအား နွေးနွေးကြည့်ကာ ရယ်ချင်မိသလိုလို သနားမိသလိုလို ရင်ထဲတွင် ဖြစ်ရပါ၏။

နောက်ဆုံး မငွေးငွေးနှင့် မိတ်ဆက်ပေးရာတွင် မငွေးငွေးက လောကွတ်စကား ဆိုပါ၏။

"ကိုကျော်စိုး မိတ်ဆွေဟာ ငွေးငွေးတို့ မိတ်ဆွေမပါပဲ ကိုထွန်းထွန်း၊ တောင်ငူရောက်နေမှတော့ ငွေးငွေးတို့အိမ်ကို ရင်းရင်းနှီးနှီး ဝင်ပါ ထွက်ပါ။ ငွေးငွေးတို့ မိသားစု အားလုံးဟာ ခင်မင်တတ်ပါတယ်။ လိုအပ်တာရှိလည်း ပြောပါ။ ငွေးငွေးတို့က အိမ်ရှင်မြို့ခံဆိုတော့ ကူညီနိုင်မှာပါ"

"ကျေးဇူးတင်ပါတယ် မငွေးငွေး၊ တောင်ငူရောက်မှ ကျွန်တော့်အဖို့ ပထမဆုံး မိတ်ဆွေဟာ မငွေးငွေးတို့ မိသားစု

ပါပဲ။ ဒီအိမ်ကို လာလည်ဖို့ရယ်၊ အကူအညီ တောင်းဖို့ရယ်ကတော့ စိတ်ချပါ မဌေးဌေး။ ကျွန်တော်က သူများဆီက အကူအညီ တောင်းဖို့ဆိုရင် နည်းနည်းလေးမှ ဝန်မလေးတတ်တဲ့အကျင့် ရှိနေလို့ပါ”

ထွန်းထွန်း၏ စကားကို ဦးလေးအောင်က သဘောကျစွာ တဟဲဟဲ ရယ်လိုက်ပါ၏။ အားလုံးလည်း ထွန်းထွန်း၏ ခပ်တည်တည် မျက်နှာပေးနှင့် ဟာသကို သဘောပေါက်စွာ ရယ်မောကြသည်။

“အင်း ... မောင်ထွန်းထွန်းကို မြင်ရတော့ ဦးလေးအောင်ရဲ့ အသက်ဟာ ဟိုအသက်နှစ်ဆယ်ကျော် အစိတ်အရွယ်ကို ပြန်ရောက်သွားသလား ထင်ရတယ်။ ဦးလေးအောင်ငယ်ငယ်ကလည်း မောင်ထွန်းထွန်းလိုပဲ ညိုညိုထောင်ထောင်မောင်းမောင်းကြီးကွ။ ပြောစရာရှိလည်း ဟောဟောဒိုင်းဒိုင်းပဲ။ အခု မောင်ထွန်းထွန်းလိုပဲ ခပ်တည်တည် မျက်နှာပေးနဲ့ နွတ်နောက်နောက်လည်း ဦးလေးအောင် လုပ်လေ့ရှိတယ်”

“တော်စမ်းပါ ... ဟောဒီ အဘိုးကြီး၊ ဘယ်လိုဖြစ်နေမှန်း မသိဘူး၊ မိနွေးနွေး ပြန်လာတာနဲ့ အူမြူးပြီး ငယ်မူပြန်ချင်နေလား မသိဘူး”

“ဘွားဘွားက ဒီလိုမပြောပါနဲ့၊ ဘိုးဘိုး ပြောတာတွေ အားလုံး ဟုတ်မှာပါ။ အခု ဘိုးဘိုး အသက်ခြောက်ဆယ်ကျော်တာတောင် ကြည့်ပါဦး၊ ဘယ်လောက်ကျန်းမာပြီး





ထောင်ထောင်မောင်းမောင်း ရှိသလဲ။ အစားဆိုလည်း သိပ်စားနိုင်တယ်၊ ဘွားဘွားကသာ စိတ်ကြိုက်ကျွေးရင် ဘိုးဘိုးက ကြက်ပေါင်ကြော် ငါးခုလောက်တော့ အသာလေး တစ်ထိုင်တည်း စားပစ်မှာ”

“ဟိုက်”ဟု ထွန်းထွန်းမှာ ရင်ထဲက ဖြစ်သွားမိသည်။ နွေးနွေးသည် မိမိအား စောင်းပြီး လက်သီးပုန်း ထိုးလေပြီ။

အင်း ... ခပ်ဝေတော့ ထွန်းထွန်း၊ မင်းကိုယ်တိုင်ကလည်း ရထားပေါ်မှာ ဒီကောင်မလေးရှေ့မှာ ဘီလူးစီးသရဲစီး ကြက်ပေါင်ကြော်ငါးခု တစ်ထိုင်တည်း စားမိသကိုး။ အစားပုပ်မိသကိုး။

သို့သော် ထွန်းထွန်းသည် နွေးနွေး၏ လက်သီးပုန်းထိုးချက်ကို မိမိနှင့် ဘာမျှမဆိုင်သလို ခပ်တည်တည် ခပ်ကြောင်ကြောင်ပင် ဟိုကြည့် ဒီကြည့် လုပ်နေလိုက်ပေသည်။

ဌေးဌေးသည် စကားပြောနေကြစဉ်မှာပင် နွေးနွေးယူဆောင်လာသော ပလတ်စတစ်ဆွဲခြင်းထဲသို့ ဟိုကြည့် ဒီကြည့် ကြည့်ပေသည်။

“ဒီမှာ ဘိုးဘိုး၊ မိနွေးက မန္တလေးက ဘိုးဘိုးကြိုက်တတ်တဲ့ လ,မုန့်ရော၊ ထိုးမုန့်ရော၊ အရီးတောင်းလက်ဖက်စုံတွေရော ဝယ်လာတယ်”

“အေး ... အေး ... ကောင်းတယ်။ လက်ဖက်ရည်ကြမ်းကျကျလေးနဲ့ အဲဒါတွေ ချစမ်း ဌေးဌေး၊ ဘိုးဘိုးလည်း စားမယ်၊ ဧည့်သည်တွေလည်း ကျွေးရအောင်”

ဒီနောက်တော့ ဌေးဌေး ဖန်တီးပေးသော စားသောက်ဆိုင်လေး ဖြစ်သွားတော့သည်။

နောက်ဆုံး နှုတ်ဆက်ကာ ဦးလေးအောင်တို့ အိမ်မှ ထွက်လာသည်အထိ အရီးတောင်းလက်ဖက်သုပ်ထဲတွင် တောင်ငူ ငရုတ်သီးစိမ်းလေးများ ကဲလိုက်သော ဌေးဌေး၏ လက်ရာကြောင့် ကျော်စိုးနှင့် ထွန်းထွန်းတို့ နှစ်ဦးသားမှာ မျက်ရည်လေးပင်စို့ကာ တရှူးရှူး တရှဲရှဲ ဖြစ်ရပါ၏။

ထိုနေ့က ကျော်စိုး ညရထားဖြင့် မန္တလေး မသွားမီ သူငယ်ချင်းနှစ်ယောက် ကျော်စိုး အိမ်တွင် စကားတွေ ဖောင်ဖောင်ကြဲ ပြောဖြစ်ကြသည်။ သူတို့နှစ်ယောက် အများဆုံးပြောသော စကားမှာ နွေးနွေးနှင့် ဌေးဌေး ညီအစ်မနှစ်ယောက်အကြောင်း ဖြစ်ပါလေ၏။

ကျော်စိုးသည် ဌေးဌေး အကြောင်းကို ဟိမဝန္တာ ချီးမွမ်းခန်း ဖွင့်သည်။

ဌေးဌေးနှင့် နွေးနွေး တို့သည် ဦးကြဲတိုင်းအောင်နှင့် ဒေါ်စိမ်းညို၏ တစ်ဦးတည်းသော သမီးမှာ ဖွားမြင်ပေးခဲ့သော မြေးမလေးနှစ်ဦး ဖြစ်သည်။ ဌေးဌေးနှင့် နွေးနွေး ညီအစ်မ အသက်ချင်းတော့ ကွာသည်။ ဌေးဌေးက ယခု(၂၄)နှစ် နွေးနွေးက (၁၈)နှစ်သာ ရှိသေးသည်။ ဌေးဌေး နွေးနွေးတို့၏မိခင် ဆုံးသွားပြီး ဖခင်ဖြစ်သူကလည်း နောက်အိမ်ထောင် ပြုသဖြင့် ဌေးဌေးနှင့်





နွေးနွေး မြေးမလေး နှစ်ယောက်ကို ဦးကြဲတိုင်းအောင်နှင့် ဒေါ်စိမ်းညိုက ငယ်စဉ်ကတည်းက အမွေစား အမွေခံ မွေးခဲ့ခြင်းဖြစ်သည်။

ဌေးဌေးက အဘွားဒေါ်စိမ်းညို၏ စိန်ရွှေရတနာ လုပ်ငန်းကို ဆယ်တန်းအောင်ပြီး အချိန်မှစပြီး ဘယ်တက္ကသိုလ်မှ ဆက်မတက်တော့ဘဲ ဝင်ရောက်လုပ်ကိုင်ခဲ့သည်။

ဌေးဌေးသည် ညီမဖြစ်သော နွေးနွေးအား ပညာတတ်မကြီး၊ ဘွဲ့ရမကြီး ဖြစ်စေချင်သော ဆန္ဒများစွာ ရှိသဖြင့် ဌေးဌေး၏ အလိုကျ နွေးနွေး တောင်ငူမှာ ဆယ်တန်းအောင်ပြီး မန္တလေး တက္ကသိုလ်တွင် တက်ရောက်နေခြင်း ဖြစ်သည်။ ဌေးဌေးသည် ညီမလေး နွေးနွေးအား ပညာရေးနှင့် ပတ်သက်လျှင် ခပ်တင်းတင်းလေးပင် ပြုမူတတ်သည်။

"ဒါပေမဲ့ မရပါဘူးကွာ။ ဦးလေးအောင်က မြေးမလေး အငယ်မ နွေးနွေးကို အသည်းစွဲကွ။ မနှစ်က နွေးနွေး ပထမနှစ် စာမေးပွဲ ကျတာလည်း ဘိုးအေက မန္တလေး လိုက်သွားလိုက်၊ နွေးနွေး မြေးမလေးကို ပြန်ခေါ်လာလိုက်နဲ့ တစ်နှစ်လုံး တောင်ငူ မန္တလေး ကူးချည်သန်းချည်နဲ့ နွေးနွေး စာမေးပွဲကျတာ။ အင်းပေါ့လေ နွေးနွေး ကိုယ်တိုင်ကလည်း သူ့မိသားစုနဲ့သူ အိမ်ကို မခွဲနိုင်တာလည်း ပါတယ်ပေါ့။ နွေးနွေးက အိမ်မှာ အငယ်ဆုံး အလိုလိုက်ဆုံး ခံထားရတော့ ကလေးဆန်ချင်တယ်ပေါ့ကွာ"

"အံမာ ကျော်စိုး ... နွေးနွေးက သူ့မိသားစု အသိုင်းအဝိုင်းထဲမှာသာ ကလေးဆန်ချင် ဆန်မယ်။ ရထားပေါ်မှာတုန်းက ငါ့ကို ချွတ်ထားတာတော့ ကျွတ်နေတာပဲကွ"

ဟု အစချီပြီး ထွန်းထွန်းက သူမအား ရထားပေါ်တွင် မိတ်ဆွေဖွဲ့မည်ကို မလိုလားစွာနှင့်ပင် စာအုပ်မျက်နှာကွယ်ကာ တင်းတင်းလေးနေခဲ့ပုံ။ ထွန်းထွန်းက စကားရော ဖောရောနှင့် မသိမသာ သူကလေးအား မိတ်ဖွဲ့ချင်သည်ကို မသိကျိုးကျွန်ပြုနေပုံ။ တောင်ငူဘူတာ အရောက်တွင် မိမိနှင့်အတူ တွဲမဆင်းလို၍ ဟိုလိုလို ဒီလိုလိုနှင့် နောက်ကျခဲ့နေရစ်ပုံတို့ကို ပြောပြလိုက်သည်။

"ဒါဆို နွေးနွေးကို ချီးမွမ်းရမှာပေါ့ ထွန်းထွန်း။ အပျိုမလေးတစ်ယောက်တည်း ခရီးသွားတဲ့အခါ ဒီလို ဂိုက်ပေးပြီး တင်းတင်းနေတတ်မှလည်း အန္တရာယ်ကင်းမယ် မဟုတ်လား၊ ခုခေတ် လူငယ်ကောင်လေးတွေက လက်ရဲဇက်ရဲလေးတွေ ရှိတတ်ကြတယ် မဟုတ်လား၊ ပြီးတော့ နွေးနွေးက သိပ်ချော သိပ်လှ သိပ်နုပျိုတယ် မဟုတ်လား။ အဲ တောင်ငူရောက်ကြပြီး မင်းကို ငါ့သူငယ်ချင်း စည့်သည်မှန်း သိပြီး၊ စိတ်ချရတဲ့လူလို့လည်း ယူဆရော၊ သူကပဲ ရွှတ်ရွှတ်နောက်နောက်လေးတွေ မင်းကို ပြောလာသားပဲကွာ"

"သူတို့ ညီအစ်မက အဲဒါမျိုးဘက်မှာတော့ တကယ်တော်ကြတယ် သူငယ်ချင်း။ ဌေးဌေး ဆိုလည်း ဘယ်လောက်





လှပြီး ဘယ်လောက် သိမ်မွေ့လဲ၊ ဒါပေမဲ့ ခုချိန်ထိ ဘယ်အမျိုးသားတစ်ယောက်နဲ့မှ နာမည်ပျက် မရှိဘူးကွ။ ဌေးဌေးကသာ လက်ခံမယ်ဆိုရင် တောင်ငူက သစ်စက်သူဌေးသားဒီတ်ကိုဖြစ်ဖြစ် သစ်ထုတ်လုပ်ရေးက ဘွဲ့ရပြီး ဝန်ထောက်ဖြစ်ဖြစ် ကြိုက်ရာရွေးယူနိုင်တယ်"

"ဟကောင် ... ကျော်စိုး ... မင်းဟာက ဌေးဌေးကို မွှန်းလှချည်လား။ အဲဒီ သစ်စက်သူဌေးသားတွေ ဝန်ထောက်တွေတောင် မကပ်နိုင်ရင် မင်းလို တစ်ရာကိုး တစ်ရာတစ်ဆယ် အလုပ်လက်မဲ့ကကော ကပ်နိုင်မလား ကျော်စိုး"

"မင်း မှားနေပြီ ထွန်းထွန်း၊ ဌေးဌေးက အဲဒီလူတွေဟာ ဝန်ထောက်မို့ သူဌေးသားမို့ ဖြစ်နေတာတွေကြောင့် ဌေးဌေးက လက်မခံတာ၊ တာဝန်ကျရာ မြို့တွေကို တစ်ကောက်ကောက် လိုက်နေရမှာတွေ၊ မိဘချမ်းသာတာမို့ ယောက္ခမအိမ်မှာလိုက်နေရတာမျိုးတွေကြောင့် သူ့အဘိုးအဘွားနဲ့ ညီမလေးကို ခွဲခွာသွားနိုင်တဲ့ စိတ်မျိုးမရှိနိုင်လို့ပဲ ထွန်းထွန်း။ ဌေးဌေးက သူ့အဘိုးအဘွားနဲ့ ညီမကို သံယောဇဉ်သိပ်ကြီးတာ။ ညီမ နွေးနွေး လူတစ်လုံး သူတစ်လုံး ဖြစ်သွားပြီးမှ စိတ်ချမဲ့ပုံစံ။ ဒီတော့ ငါ့လို မိမရှိ ဘမရှိ သူနဲ့အတူနေနိုင်မဲ့သူကို ရွေးချင်ရွေးနိုင်တယ်ပေါ့ကွာ"

"ဒါဖြင့် ဌေးဌေးအဖို့ 'လက်ရှောင် ပေါက်ကောင်ဖွင့်မယ်' ဆိုတာကို မင်း လည်ပင်းတစ်တောင် ရှည်အောင် ဖတ်

ဖတ်မော စောင့်ရဦးမှာပေါ့။ မင်း ပြောပုံအရဆိုရင် ငွေးငွေးက ဘာကိုမှ ဆုံးဖြတ်တဲ့ သဘောမျိုးမှ မရှိသေးတာ"

"အင်းပေါ့ကွာ ... ချစ်ချင်းမေတ္တာ ဆိုတာမျိုးက မျှော်လင့်ချက် ကုန်ဆုံးသွားတဲ့ အရာမျိုးမှ မဟုတ်တာပဲ သူငယ်ချင်း။ သာမန်အားဖြင့်တော့ ငွေးငွေးဟာ အိမ်ထောင်ရေးကို ဦးနှောက်နဲ့ စဉ်းစားတဲ့အပိုင်းသာ စဉ်းစားနေသေးတဲ့ အမျိုးသမီးကိုးကွ။ ချစ်ခြင်းမေတ္တာ နှလုံးသားနဲ့ ထိပ်တိုက်ရင်ဆိုင် တွေ့သွားတဲ့ အပိုင်းမျိုးကျရင်တော့ တစ်မျိုးဖြစ်ချင် ဖြစ်သွားနိုင်တာပဲ"

"အာယိုယို ... မင်းစကားက သိပ်မြင့်နေတယ်။ အဲဒီလောက် အဘိဓမ္မာဆန်လာရင် ငါ မလိုက်နိုင်ဘူး ထွန်းထွန်း၊ ငါက ရိုးရိုးနဲ့ ရှင်းရှင်းပြောမှ နားလည်တာ"

ထွန်းထွန်းသည် ယခုတိုင် မချွတ်သေးသော ဂျာကင်အိတ်ထဲမှ စီးကရက်ဘူးကို ထုတ်ယူလိုက်သည်။ တစ်လိပ်ကို ထုတ်ယူလိုက်သည်။ တစ်လိပ်ကို ထုတ်ယူ နှုတ်ခမ်းတွင် တွဲလဲချိတ်ရင်း ထုံးစံအတိုင်း စီးကရက်ညှိရန် မီးခြစ်ကို စမ်းရှာပြန်သည်။

ရထားပေါ်တုန်းက လူထူးလူဆန်းကြီး ဦးလေးဦးမြတ်ကောင်း ပေးထားခဲ့သော KENT ဓာတ်ဆီမီးခြစ်ကို စမ်းမိသည်။ ထွန်းထွန်း ထိုမီးခြစ်ကိုပင် အဖုံးဖွင့်ကာ ခြစ်ကြည့်သည်။ မီးခြစ်ကျောက်မှ မီးပွင့်သော်လည်း မီးစာသို့ မီးမစွဲပေ။





"ဦးလေးရဲ့ မီးခြစ်က အသစ်စက်စက်ဆိုတော့ ဓာတ်ဆီ မထည့်ရသေးဘူး"

မီးခြစ်ကို လက်ဆောင်ပေးစဉ်က ဦးလေးဦးမြတ်ကောင်း ပြောခဲ့သော စကားကို ထွန်းထွန်း ပြန်၍ အမှတ်ရသည်။

ထို့ကြောင့် ခြစ်မရသော KENT မီးခြစ်အသစ်စက်စက်ကို စားပွဲပေါ်သို့ ပစ်တင်ထားလိုက်သည်။ ပြီး ... ဂျာကင်အိတ်များထဲသို့ ဆက်နှိုက်ပြီး မီးခြစ်ရှာပြန်သည်။

တွေ့ပါ၏။

ဂျာကင်၏ လက်ဝဲဘက် အပြင်အိတ်တွင် ဦးလေးဦးမြတ်ကောင်းပင် ပေးခဲ့သော သစ်သားမီးခြစ်ကို တွေ့ပြန်သည်။ ဘူးထဲတွင် မီးခြစ်ဆံများ ရှိနေသေးသဖြင့် ရှဲခနဲ ခြစ်ကာ စီးကရက်ဆက်သောက်သည်။

ကျော်စိုးက သူ၏ ငွေးငွေး အကြောင်း ဆက်ပြောသည်။

"ငါလည်း ငွေးငွေးရဲ့ ဖျတ်ခနဲ ငါ့အပေါ် သက်ရောက်လာမဲ့ တုံ့ပြန်မေတ္တာကို စောင့်နေတာပဲ ထွန်းထွန်း။ သစ်စက်သူဌေးသားတွေ ဝန်ထောက်တွေ ဆရာဝန်တွေ ဆိုတာက ငွေးငွေးနဲ့ မအပ်စပ်နိုင်ဘူး၊ သူတို့ သွားရာနဲ့ သူတို့ဆီကို ငွေးငွေးက သူ့မိသားစု သံယောဇဉ်ကြောင့် လိုက်မနေနိုင်ဘူး၊ အဲဒီလူစားတွေကလည်း ငွေးငွေး ဆီမှာ လာပြီး နေနိုင်မဲ့သူတွေ မဟုတ်ဘူး ...

ငါကတော့ တောင်ငူသား စစ်စစ်လည်း ဖြစ်ပြန်၊ မိဘမရှိတဲ့ တစ်ကောင်ကြွက်လည်း ဖြစ်ပြန်၊ အခုလော လောဆယ် အလုပ်မရှိပေမဲ့ တစ်နေ့ ငါ စိတ်ချမ်းသာတဲ့ နေ့မှာ မိဘရဲ့ လုပ်ငန်းတွေကို ပြန်လုပ်မဲ့သူလည်း ဖြစ် ပြန်မို့ ဒွေးဒွေးရဲ့ အိမ်ထောင်ရေးမှာ ငါဟာ သူ့အတွက် အသင့်တော်ဆုံးလို့ ယူဆမှာပါ။ အဓိက,က ဒွေးဒွေး ငါ့ အပေါ် မေတ္တာသက်ရောက်လာဖို့သာ အဓိကပဲ သူငယ်ချင်း၊ အဲဒါကို ငါက စိတ်ရှည်ရှည်နဲ့ စောင့်ရမှာပေါ့"

"အံမာမင်း ... မင်းဟာက မာဒဂံရဲ့ ဇွဲမျိုး၊ မင်းကုသရဲ့ ဇွဲမျိုးပါလား ကျော်စိုး။ တကယ်တော့ မင်းဟာ အချစ် သူတောင်းစားပဲ၊ ကဲ ... ငါလည်း ဆာပြီ။ မင်းလည်း ည ရထားဆင်းရမှာ၊ ဒီတော့ ဘူတာကို မင်းကို လိုက်ပို့ရင်း ဆိုင်တစ်ဆိုင်ဆိုင်မှာ ညစာဝင်စားမယ်။ ပြီးရင် မင်း ဘူတာဆင်းတော့"

ကျော်စိုးသည် ဦးသာဝ အကူအညီဖြင့် ယူစရာပစ္စည်း များကို လက်ဆွဲအိတ်တစ်အိတ် အပြည့်ထည့်ပြီးနောက် သူ၏ လင့်ရိုဗာကားဖြင့်ပင် အိမ်မှ ထွက်လာကြတော့သည်။





## ( ၄ )

နှစ်ရက်သာ ကြာသွားသည်။ ထွန်းထွန်းသည် ဘာစာတစ်လုံးမှ မရေးဖြစ်သေး။ ခေါင်းထဲတွင် ဘာဇာတ်လမ်း ရေးမည်ဟုလည်း မယ်မယ်ရရ ဘာမှ မစဉ်းစားရသေး။

ဦးသာဝ ချက်ကျွေးသော ထမင်းကောင်းဟင်းကောင်း တွေကို စားလိုက်အိပ်လိုက်နှင့် ပထမတစ်ရက် ကုန်သွားသည်။

ဦးသာဝသည် မန္တလေးမှ စံအေးထက် ပိုပြီး ထမင်းဟင်း အချက်အပြုတ် တော်သည်။

ကျော်စိုး မှာထားခဲ့၍လား မသိ၊ ဦးသာဝသည် ထွန်းထွန်းအား လိုလေသေးမရှိအောင် ဂရုစိုက်သည်။

သို့သော် ဦးသာဝသည် အသက်(၄၀)ကျော် လူကြီး ပိုင်း ရောက်နေပြီမို့ စံအေးလိုတော့ မသွက်လက်။ လုပ်စရာရှိ သည်ကို အားလုံး အကွက်စေ့ လုပ်ပေးသည်။ သူ့ဟာသူ အေး အေး နေတတ်သည်။ စကားနည်းသည်။

ဒုတိယနေ့ဝယ် ထွန်းထွန်းသည် ထုံးစံအတိုင်း အိပ်ရာထ နောက်ကျပြန်သည်။

နံနက်(၈)နာရီကျမှပင် အိပ်ရာမှ နိုးသည်။ ထွန်းထွန်းနိုးချိန်ဝယ် ဦးသာဝ ဈေးသွားနေသည်။

ထုံးစံအတိုင်း ထွန်းထွန်းသည် အိပ်ရာမှ ထထိုင်သည်နှင့် ဘေးစားပွဲပေါ်ရှိ ဆေးလိပ်ခွက်မှ ဆေးပေါ့လိပ်တိုကို ကောက်ကိုင်သည်။

မီးခြစ် ... မီးခြစ်။

ထုံးစံအတိုင်း မီးခြစ်ရှာရပြန်သည်။ မန္တလေးမှာတော့ မာတ်သီ စံအေးသည် မိမိအိပ်ရာဘေး စားပွဲပေါ်တွင် အိပ်ရာထသည်နှင့် အဆင်သင့် ဖြစ်စေရန် ဆေးလိပ်မီးခြစ်တို့ကို ထားရှိပေသည်။

ထွန်းထွန်း အကျင့်က နံနက်မိုးလင်း အိပ်ရာမှ ထပြီဆိုသည်နှင့် ဆေးပေါ့လိပ်တိုကို ကောက်ကိုင်ကာ မီးညှိပြီး ရေအိမ်ဝင်ကာ အစာဟောင်းထုတ်သော အကျင့်ရှိသည်။ ဆေးလိပ်မပါဘဲ ရေအိမ်မဝင်တတ်။

ယခုလည်း ဗိုက်နာနေသည့် ကြားကပင် ဆေးလိပ်မီးညှိရန် မီးခြစ်ရှာသည်။ ပထမဧည့်ခန်းစားပွဲတွင် ရှာသည်မတွေ့။ မိမိ ဒီအိမ်ရောက်စက ဂျာကင်အိတ်ထဲမှ ဦးလေးကြီး ဦးမြတ်ကောင်း လက်ဆောင်ပေးလိုက်သော ခြစ်မရသေးသည့် မီးခြစ်အသစ်နှင့်အတူ အဆံကျန်နေသေးသည့် သစ်သားမီးခြစ်နှစ်ခုကို





ဧည့်ခန်းစားပွဲပေါ်ပင် ပစ်တင်ထားမိသည်ကို သတိရပြီး ဧည့်စားပွဲတွင် မီးခြစ်ရှာသည်။

ဧည့်စားပွဲပေါ်တွင် ဘာမီးခြစ်တစ်လုံးမှ မတွေ့ပါလေတော့။

စားပွဲတစ်ခုလုံး ရှင်းလင်းထားပြီး ဦးသာဝသည် အလှပန်းအိုးလေးပင် တင်ထားသည်ကို တွေ့ရသည်။

ထွန်းထွန်း မီးဖိုချောင်ဘက် လျှောက်ခဲ့ကာ မီးခြစ်ရှာပြန်သည်။ မီးဖိုထဲရှိ ပန်းကန်စင်ပေါ်တွင် ဗမာလုပ် ကြေးမီးခြစ်ကြီးတစ်လုံး တွေ့သည်နှင့် အဖုံးဖွင့်ခြစ် ဆေးလိပ်မီးညှိရှူဖွာနေစဉ်မှာပင် ဧည့်ခန်းဆီမှ တယ်လီဖုန်း အော်မြည်သံ ထွက်လာသောကြောင့် ဧည့်ခန်းသို့ ပြေးထွက်လာသည်။

မန္တလေးမှ စံအေးကို မိမိ မှာထားခဲ့သည်။ ကျောက်မဲဖေဖေနှင့် မေမေ့ထံမှ ဆက်သွယ်လျှင် ကိစ္စကို မေးမြန်းပြီး မိမိရှိရာ တောင်ငူအိမ်သို့ စံအေးက ပြန်ဆက်ရန် ဖြစ်သည်။ ယခု စံအေး ဆက်သလား မသိ။

စံအေး ဆက်ခြင်း မဟုတ်ဘဲ ကျော်စိုး ထံသို့ တစ်ဦးဦးက ဆက်သည် ဆိုပါကလည်း ကျော်စိုးထံသို့ မိမိက ပြန်လည်အကြောင်းကြားပေးရမည်မို့ ပြေးလာကာ တယ်လီဖုန်းကို ကောက်ယူပြီး စွန်းတုံ့ပြန်လိုက်သည်။

"အမိန့်ရှိပါ၊ ကျော်စိုး အိမ်ကပါ"

"အခုပြောနေတာ ဦးသာဝလား၊ အစ်ကိုလားဟင်"

"ဦးသာဝတော့ မဟုတ်ဘူး။ ဒါပေမဲ့ အစ်ကို ဆိုတာ ဘယ်သူ့ကို ဆိုလိုတာပါလာလဲဗျာ"

တစ်ဖက်မှ တယ်လီဖုန်း ဆက်သူသည် အမျိုးသမီး တစ်ဦး၏ အသံဖြစ်သည်။ ဦးသာဝကိုလည်း သိထားသည်။ ဤ အိမ်သည် ကျော်စိုး၏ အိမ်ဖြစ်သောကြောင့် တစ်ဖက်အမျိုးသမီး ရည်ညွှန်းသော အစ်ကို ဆိုသူမှာ ကျော်စိုးကိုပင် ဖြစ်မည်ဟု ထွန်းထွန်း တွက်သည်။

ကျော်စိုးသည် တောင်ငူတွင် အစ်ကိုကြီးရယ်၊ ညီမ လေးရယ် ဇာတ်မျိုးတွေ မည်မျှခင်းထားလေမှန်းမသိ။

"ဩော် ... နွေးနွေးပါ အစ်ကို။ အခု နွေးနွေးမေးတဲ့ အစ်ကို ဆိုတာ မန္တလေးတက္ကသိုလ်က မဟာဝိဇ္ဇာတန်း တက်ရင်း ကျောင်းပြေးလာတဲ့ အစ်ကိုထွန်းထွန်း ဆိုတဲ့ အစ်ကို့ကို ဆက်တာပါ"

"ဩ ... ဩ ... ဩ၊ ညီမလား၊ နွေးနွေးလေးလား။ ကျုပ် စိတ်ထဲမှာ နွေးနွေးက ကျုပ်ဆီကို ဒီလို ဖုန်းဆက်လိမ့်မယ် လို့ မျှော်လင့်မထားမိလို့ပါ။ ဆိုပါ နွေးနွေး ဘာကိစ္စ"

"အစ်ကို ဒီနေ့မနက်လာတဲ့ သတင်းစာကို ဖတ်ပြီးပြီ လား"

"ဟင့်အင်း ... အခုမှ အိပ်ရာက နိုးတာ"

"အယ် ... မနက်ရှစ်နာရီကြီး ထိုးပြီးတာတောင် အခုမှ အိပ်ရာက နိုးသတဲ့လား"





ထွန်းထွန်း နည်းနည်းပါးပါး ရှက်သွားမိပါ၏။ မန္တလေးမှအလာ မီးရထားပေါ်တုန်းကလည်း မိမိ အိပ်ပုပ်ကြီး၍ ရထားမီရုံလေး ရှိသည်ကို နွေးနွေး သိသွားခဲ့သည်။

ယခုလည်း မိမိ အိပ်ပုပ်ကြီးသည်ကို တစ်ဖက်မှ နွေးနွေးက တအံ့တဩ။ "အယ်"သံထွက်အောင် ဖြစ်သွားပြန် လေပြီ။

တကယ်တော့ ထွန်းထွန်းသည် မိမိ အိပ်ပုပ်ကြီးခြင်း နှင့် အစားပုပ်ခြင်းကို တခြား ဘယ်သူတွေသိသိ၊ ပြောပြော အမှု ထားခဲ့ခြင်း မရှိခဲ့။ အထင်သေးလည်း ဂရုမစိုက်။

အဲ ... ယခု နွေးနွေးက မိမိကို အထင်သေးသွားမည် ကိုတော့ စိုးရိမ်သလို ဖြစ်မိသည်။ မိမိ အိပ်ပုပ်ကြီးမိခြင်းကိုလည်း ရှက်မိသလိုလို ဖြစ်ရပါ၏။ ဗိုက်ကလည်း နာနေပြီ။

"ဟေး ... အစ်ကို၊ ဖုန်းပြောရင်း အိပ်ပျော်နေလားဟင်"

"ဟာ ... မဟုတ်တာ ကြံကြံဖန်ဖန်"

"ဩော် ... ဒီက အကြာကြီး ဖုန်းကိုင်စောင့် နားထောင်နေ တာတောင် အစ်ကို့ဆီက ဘာမှ ပြန်မပြောတာနဲ့ ဖုန်းပြော ရင်း အိပ်ပျော်သလားလို့"

"ဒီလိုပါ နွေးနွေး၊ တို့ မနေ့ညကစပြီး ဝတ္ထုတစ်ပုဒ် စကိုင်လိုက်တယ်။ ရေးရင်း လက်တွေ့တာနဲ့ တော်တော် ညဉ့်နက်အထိ ရေးမိတာကြောင့် အိပ်ရေးနည်းနည်းပါးပါး ပျက်သွားတယ်။ ဒါကြောင့် အခုမှ အိပ်ရာက ထတာပါ"

"သြော် ... ဟုတ်လား ... ဝတ္ထုက ဘာတဲ့လဲ၊ ဝတ္ထုနာမည်ကော ပေးပြီးပလား"

ထွန်းထွန်း ဗိုက်ထဲမှာ အစာဟောင်း ထုတ်ချင်ပြီမို့ တဗွီဗွီ ဖြစ်ပေပြီ။ ထွန်းထွန်းက ဝမ်းဗိုက်ကို လက်တစ်ဖက်က နှိပ်ထားရင်း ... ဖြီးလုံး ဆက်ထုတ်ပြန်သည်။

"အင်း ... ဝတ္ထုနာမည်က 'သံသာလေကမ်းတိုင်'တဲ့"

"ဟွန်း ... အစ်ကို့ဝတ္ထုနာမည်က ရှေးသီချင်းကြီးထဲက စာသားတစ်ခုပဲ။ အချစ်ဝတ္ထုအမျိုးအစား ဖြစ်မှာပေါ့။ ဒါဆိုမရှုစွတ်ဘူးအစ်ကို၊ နွေးနွေးက စုံထောက်တို့ လျှို့ဝှက်တို့ အဲဒါမျိုးတွေကိုမှ ကြိုက်တာ။ ဒါထက် အစ်ကို ကနေ့ထုတ်သတင်းစာကို ဖတ်ပြီးပြီလား"

"မဖတ်ရသေးဘူး နွေးနွေး"

ထွန်းထွန်း ဗိုက်နာလှပြီ၊ အိမ်သာ တက်ချင်သည်မှာ မအောင့်နိုင်ချင်တော့။

"ဩ ... နွေးနွေး ဖုန်းနံပါတ် ဘယ်လောက်လဲ"

"အယ် ... ဘာလို့ ဖုန်းနံပါတ် မေးတာလဲ၊ အခု နွေးနွေး ပြောနေသားပဲဟာ"

"ဟုတ်ပါတယ် နွေးနွေး၊ အဲဒီက ဖုန်းနံပါတ်သာ မြန်မြန်လေး ပြောစမ်းပါ၊ အဲ ... တို့ အရေးပေါ် အိမ်သာမြန်မြန် ပြေးချင်လို့"





"ဟာ ... ဒီအစ်ကို တစ်ယောက်ဟာ၊ ဘယ်လိုကြီးမှန်း မသိဘူး၊ ကဲ ... မှတ်ထား ... နွေးနွေး အိမ်က ဖုန်းနံပါတ်"

နွေးနွေးက သူ့အိမ်က ဖုန်းနံပါတ်ကို မြန်မာလိုရော အင်္ဂလိပ်လိုရော ပြောပြသည်ကို ထွန်းထွန်း ခေါင်းထဲက အလွတ်ကျက်မှတ်ပြီ။ ဖုန်းကို ပြန်ချကာ အိမ်သာဆီသို့ ပြေးသွားပေတော့သည်။ အိမ်သာသွားရင်း ဆေးပေါ့လိပ်ကို ဖွာရာ မီးသေသွားပြီမို့ ဆက်မဖွာတော့ဘဲ နွေးနွေးဆီသို့ စိတ်ပြန်ရောက်သွားသည်။

နွေးနွေးသည် အချစ်ဝတ္ထုတွေကို နှစ်သက်ပုံ မရပေ။ မီးရထားပေါ်တုန်းက သူမ ဖတ်နေသော စာအုပ်သည် လျှို့ဝှက်စွန့်စား စုံထောက်အမျိုးအစားပင် ဖြစ်ပေမည်။

ထွန်းထွန်းသည် ဘာမှ မရေးရသေးသဖြင့် နွေးနွေး နှစ်သက်သော လျှို့ဝှက်စွန့်စား စုံထောက်ဝတ္ထုရေးမည်ဟု ဆုံးဖြတ်လိုက်သည်။

နွေးနွေးသည် တော်တော် အတွေ့ရခက်သော ကောင်မလေးဟုလည်း ထွန်းထွန်း စိတ်ဝယ် တွေးမိပြန်သည်။ မီးရထားပေါ်မှာတုန်းက ဘုမသိ ဘမသိ။ မိမိကို သူမ၏ အန္တရာယ်ကာကွယ်သည့် အနေနှင့် ခပ်တင်းတင်းလေး နေသော်လည်း တောင်ငူဘူတာတွင် ကျော်စိုး၏ မိတ်ဆွေဖြစ်မှန်း သိသွားပြီးသည်နှင့် ကျော်စိုးက မိတ်ဆက်ပေးစဉ်က တစ်ကြိမ်၊ သူမတို့အိမ်တွင် ဦးလေးအောင်က သူငယ်စဉ်က ထွန်းထွန်းနှင့် တူကြောင်း ပြောစဉ်က ကြက်ပေါင်ကြော်ငါးခု အကြောင်းဖြင့် နွေးနွေးသည်

ထွန်းထွန်းအား မသိမသာ ရင်းနှီးသည့်အသွင်ဖြင့် လှမ်း၍ မထိတထိလေး နောက်စဉ်က တစ်ကြိမ်၊ ယခု ဖုန်းပြောရာတွင်လည်း ထွန်းထွန်းကို ရက်အမ်းအမ်း အပြောအဆိုမျိုး မရှိတော့ဘဲ ရင်းရင်းနှီးနှီးလေး ပြောသည်က တစ်ကြိမ်၊ စုစုပေါင်း သုံးကြိမ်တိတိပင် ရင်းနှီးသော အသွင်လေးတွေ ပြခဲ့သည်။

ကျော်စိုးကိုလည်း နွေးနွေးသည် အစ်ကိုတစ်ယောက်လို ခေါ်ဝေါ် ဆက်ဆံသည်။ မိမိသည် ကျော်စိုး၏ သူငယ်ချင်းလည်း ဖြစ်ပြန်၊ မိမိ အကြောင်းတွေကိုလည်း ကျော်စိုး ဖော်ထုတ်မိတ်ဆက်ခြင်းဖြင့် ခတ်သိ ဖြစ်သွားသည်မို့ မိမိကို နွေးနွေးက အစ်ကိုတစ်ယောက်အသွင် ခင်မင်သွားပုံ ရသည်ဟု ထင်စရာပင်။

တကယ်တမ်း စဉ်းစားကြည့်လျှင် ညီအစ်မနှစ်ဦးဖြစ်သည့် ငွေငွေနှင့် နွေးနွေးသည် အဘိုးနှင့် အဘွားက ငုံထားမတတ် ချစ်စေကာမူ မိခင်ရင်း ကွယ်လွန်၊ ဖခင်ရင်းက နောက်အိမ်ထောင် ပြုသွားသည်မို့ မိဘနှစ်ပါး၏ စွန့်ပယ်ခြင်းကို ခံရသော ညီအစ်မနှစ်ဦး ဖြစ်ကြသည်။

အစ်ကိုဟူ၍လည်းကောင်း၊ မောင်လေးဟူ၍လည်းကောင်း၊ မရှိရှာသည့် ညီအစ်မနှစ်ဦးတည်းသာမို့ အကိုကို ဆာနေသူ မောင်လေး ဆာနေသူများ ဖြစ်နေကြသလား မပြောတတ်။

ငွေငွေကတော့ ရောက်နေသော အသက်အရွယ်က ကိုယ့်ကိုယ်ကိုယ် တည်ငြိမ်ပြီး အစဉ်းစားရှိသူ ဖြစ်နေပြီဖြစ်သော်လည်း ဘိုးအေက သိပ်ချစ် သိပ်အလိုလိုက်ခြင်း ခံရသူ ငယ်ရွယ်





သည့် နွေးနွေး ခမျာဝယ် ရင်ထဲရှိသလို ကလေးဆန်စွာပြောဆို၊ နေထိုင်ပြုမူမျိုးသား ဖြစ်ပေမည်။

ရေအိမ်မှ ထွက်လာပြီး ထွန်းထွန်းသည် သွားမတိုက် မျက်နှာမသစ် ကိုယ်လက်မသန့်စင်နိုင်သေးဘဲ ညှဲ့ခန်းဆီသို့ပြေးကာ သတင်းစာပေးပို့သူ ထားခဲ့သည့် ပြတင်းသံတိုင်ကြားမှ ယနေ့ သတင်းစာကို ယူပြီး လှန်လှောကြည့်တော့သည်။

နာရေးကြော်ငြာ စာမျက်နှာတွင် ဓာတ်ပုံနှင့်တကွ ထွန်းထွန်း တွေ့ရပေတော့သည်။

ဦးမြတ်ကောင်း
အသက်(၄၅)နှစ်

ဓာတ်ပုံသည် မီးရထားတွဲပေါ်တွင် ထွန်းထွန်းနှင့် မျက်နှာချင်းဆိုင် ထိုင်ခုံတွင်ထိုင်ကာ သောင်စဉ်ရေမရ စကားတွေ ပြောသွားခဲ့သော မိမိကို KENT မီးခြစ် အသစ်စက်စက်လက်ဆောင်ပေးခဲ့သည့် ဦးလေးကြီး ဦးမြတ်ကောင်း၏ ဓာတ်ပုံအစစ်ပါပေ။

ထွန်းထွန်းသည် သတင်းစာကို ဆက်ဖတ်သည်။

နိုဝင်ဘာလ(၁၄)ရက်နေ့က ဦးမြတ်ကောင်းသည် တိုင်းပြည်မှပေးအပ်သော ထိပ်တန်းလျှို့ဝှက်တာဝန် ထမ်းဆောင်ရင်း ကျဆုံးကွယ်လွန်သွားကြောင်း။

ယနေ့ နိုဝင်ဘာလ(၁၆)ရက်နေ့ ဖြစ်ပါ၏။ ထွန်းထွန်း မန္တလေးမှ ထွက်လာသော နေ့ရက်သည် နိုဝင်ဘာလ(၁၄)ရက်ပင် ဖြစ်ပါ၏။

ဦးမြတ်ကောင်း နိုဝင်ဘာ (၁၄)ရက်နေ့က ကျဆုံးကွယ်လွန်သည်ဟုသာ ဆိုထားသည်။ မည်သည့်ဒေသ၊ မည်သည့်နေရာတွင် မည်သို့မည်ပုံ ကျဆုံးကွယ်လွန်သည်ကိုမူ နာရေးကြော်ငြာသာ ဖြစ်သောကြောင့် အပြည့်အစုံ မပါပေ။

သို့သော် ...

တောင်ငူဘူတာတွင် ထွန်းထွန်းနှင့် နွေးနွေး ဆင်းသည့်အချိန်ထိ၊ ဦးမြတ်ကောင်း အသက်ရှင်နေသေးသည်မှာ ထွန်းထွန်းနှင့် နွေးနွေးတို့ မျက်မြင်။

သြော် ... ထွန်းထွန်း သတိရပါ၏။

ဦးမြတ်ကောင်း နောက်ဆုံး ပြောသွားသောစကား။

တောင်ငူတွင် မိမိ ဆင်းကာနီး ပြောသွားသောစကား။

"ဦးလေးဟာ ဘယ်သူဘယ်ဝါ ဖြစ်တယ်ဆိုတာ ထွန်းထွန်းနဲ့ နွေးနွေး သိချင်ရင် နောက်တစ်ရက် နှစ်ရက်မှာ ထွက်လာမဲ့ သတင်းစာမှာ ရှာကြည့်ပေတော့"

ဟုတ်ပါ၏။ ယနေ့ နိုဝင်ဘာလ(၁၆)ရက်နေ့ထုတ် သတင်းစာတွင် ပါရှိ တွေ့မြင်ရပေပြီ။





သို့သော် ဦးလေး ဦးမြတ်ကောင်းသည် လွန်ခဲ့သော နိုဝင်ဘာ(၁၄)ရက်ကပင် ကွယ်လွန်ကျဆုံးသည် ဆိုခြင်းကြောင့် မီးရထားနှင့် လိုက်ပါလာသောနေ့ ဖြစ်နေသည်။

ထွန်းထွန်း ပြန်၍ သတိရပြန်ပြီ။

ဦးလေး ဦးမြတ်ကောင်းသည် သူ၏ ရင်ဘတ်ကို စေ့နေအောင် ဇစ်ဆွဲတင်ထားသည့် ဂျာကင်ကို ဖွင့်စဉ်က ရင်ဘတ်တစ်ခုလုံး နီရဲနေသည်ကို ထွန်းထွန်း တွေ့ခဲ့သည်။

ဦးလေးဦးမြတ်ကောင်းကတော့ ဖောင်တိန်မင်နီထည့်အိုး ဖိမိကွဲကာ မင်နီတွေ စွန်းထင်းသွားသည်ဟု ပြောခဲ့သည်။

ယခု တွေ့ကြည့်တော့ မဟုတ်နိုင်ပါလေ။

မီးရထားတွဲပေါ်သို့ ရောက်လာသည်က ရင်ဘတ်ဝယ် ဒဏ်ရာရပြီးသား ဖြစ်ချိမ့်မည်။ ထို့ကြောင့်သာ စိတ်တင်းထားပြီး မှိန်းနေပြီး စကားပြောသော လေတိုင်း ပင်ပန်းနွမ်းနယ်သွားသည်ပဲ ဖြစ်ရမည်။

ထွန်းထွန်းသည် သတင်းစာကို ချထားခဲ့ပြီး တယ်လီဖုန်းဆီသွားကာ နွေးနွေး ပေးထားသော နံပါတ်ဖြင့် ခေါ်လိုက်သည်။

"အစ်ကိုလား"

"ဟုတ်ပါ့ ... သတင်းစာထဲမှာ ဦးလေးဦးမြတ်ကောင်းရဲ့ နာရေးသတင်း တွေ့တယ် နွေးနွေး"

"အဲဒါကို နွေးနွေး ပြောချင်လို့ပေါ့။ နွေးနွေး မျက်စိထဲမှာ မီးရထားပေါ်မှာ တွေ့ခဲ့တဲ့ ဦးလေးဦးမြတ်ကောင်းကို အမှတ်ရရင်း စိတ်ထဲမှာ အရမ်းသနားနေတာကို ခံစားနေရတယ်"

"အင်း ... ဟုတ်တယ်၊ တို့လည်း အဲဒီလိုပဲ ခံစားနေရတယ်"

"အခု အစ်ကို အားနေသလားဟင်"

"အားနေတာပဲ၊ နဂိုတည်းက ဘာအလုပ်မှ မရှိတာ"

"ပြောတတ်ဘူးလေ။ သံသာလေကမ်းတိုင် ဝတ္ထုများ ဆက်ရေးနေသလားလို့"

"ရပါတယ် ... အဲဒီဝတ္ထုက ဘယ်တော့မှ ပြီးပြီးပါ"

"ဒါဆို နွေးနွေးတို့ အိမ်ကို ခဏလောက် လာပါလား။ နွေးနွေး အနေနဲ့ အစ်ကို့ကို ပြောစရာလည်း ရှိတယ်၊ ပြစရာလည်း ရှိနေလို့"

"အခုလား"

"အားတဲ့အချိန်ပေါ့ ... နွေးနွေး ကတော့ ကျောင်းပြေးဆိုတော့ တစ်ချိန်လုံး အားနေတာ"

"ဒါဆို အခု ရေမိုးချိုးပြီး တစ်နာရီအတွင်း လာခဲ့မယ်။ ဦးသာဝကြီး ဈေးက ပြန်လာမှာနဲ့ အတော်ဖြစ်သွားမယ်။ သူက လင့်ရှိဗာကား ယူသွားတယ်"

တယ်လီဖုန်း ကိုယ်စီပြန်ချလိုက်ကြသည်။





ထွန်းထွန်း ရေမိုးချိုး သန့်စင် အဝတ်အစားလဲပြီးချိန်မှာပင် ဦးသာဝ ဈေးမှ ပြန်ရောက်လာသည်။

ထွန်းထွန်းကလည်း အပြင်ထွက်ရန် အသင့်ဖြစ်နေသည်ကို ဦးသာဝ တွေ့သွားသည်။

"ဘယ်သွားမလို့လဲ ထွန်းထွန်း။ ဦးသာဝ ကားယူသွားလို့ စောင့်နေရပြီလား"

"ဒီနားတင်ပဲ ဦးသာဝ၊ ဦးလေးအောင်တို့ အုတ်ကျွတ်တန်း အိမ်ကိုပါ"

ဦးသာဝသည် ဈေးခြင်းထဲမှ ကြွေရည်သုတ်ချိုင့်တစ်လုံး ဆွဲထုတ်လိုက်သည်။

"အုန်းနို့ခေါက်ဆွဲ ဝယ်လာတယ် ထွန်းထွန်း၊ ကော်ဖီလည်း ဓာတ်ဘူးထဲမှာ အဆင်သင့် ဖျော်ထားခဲ့တယ်။ ထွန်းထွန်း ကော်ဖီသောက်ပြီးပြီလား"

"မသောက်ရသေးပါဘူး ဦးသာဝ"

"ဒါဆို အုန်းနို့ခေါက်ဆွဲလေး စားပြီး ကော်ဖီလေး သောက်လိုက်ဦးလေ။ ဩ ... ဦးလေးအောင်နဲ့တောင် ဈေးထဲမှာ တွေ့ခဲ့သေးတယ်။ အဘိုးကြီးက မနက်တိုင်း ဈေးလာပြီး တစ်ခုခုစားတာ အကျင့်ပါနေပုံ ရတယ်။ ဒေါ်ဒေါ်စိမ်းတို့ ရွှေဆိုင်ဘက်လည်း ဦးသာဝ ရောက်ခဲ့သေးတယ်။ ဌေးဌေးက ထွန်းထွန်းကိုတောင် မေးလိုက်သေးတယ်"

ဦးသာဝသည် စကားပြောရာတွင် ကျော်စိုးကိုလည်းကောင်း ထွန်းထွန်းကိုလည်းကောင်း သူ့ထက် အသက်ငယ်ရွယ်သူတွေကို သူ့ကိုယ်သူ "ငါ"တို့ "ကျုပ်"တို့ ဆိုသည့် နာမ်စားအသုံးမျိုး မသုံးဘဲ၊ သူ့အမည်ကိုသာ ဖော်ထုတ်ပြောဆိုတတ်ပေသည်။

ယဉ်ကျေးသော အပြောလေးပါပေ။

"ဌေးဌေးက ကျွန်တော့်ကို ဘာမေးတာလဲ ဦးသာဝ"

"ထွန်းထွန်း အားရင် သူ့အိမ်ဘက်ကို လာပါတဲ့။ မောင်ကျော်စိုး အပ်သွားတဲ့ ညည့်သည်ဆိုတော့ ဌေးဌေးတို့အနေနဲ့ မြို့ခံအိမ်ရှင် အနေနဲ့ ညည့်ဝတ်ပြုရမဲ့တာဝန် ရှိနေပါတယ်တဲ့။ အဲ ... ဌေးဌေးတို့ ကိုယ်တိုင်ကလည်း ထွန်းထွန်းတို့ ညည့်ဝတ်ပြုချင်ပါတယ်တဲ့။ အဲ ... အဲ ... ပြောရင်းနဲ့ နောက်တစ်ခု သတိရလာပြန်ပြီ။ ထွန်းထွန်းနဲ့ ပတ်သက်လို့ပဲ"

"ဘာများလဲ ဦးသာဝ"

"ဈေးဝ လက်ဖက်ရည်ဆိုင်က လူနှစ်ယောက် ထွက်လာပြီး ဦးသာဝကို ထွန်းထွန်း အကြောင်း မေးတာကိုပါ"

"ဗျာ"

"ဒီလိုကွ ... ဦးသာဝက လင့်ရိုဗာကားကို အဲဒီဈေးဝ လက်ဖက်ရည်ဆိုင်ရှေ့မှာ ဈေးသွားတိုင်း ရပ်ထားခဲ့လေ့





ရှိတယ်။ ဒီနေ့မနက် ဦးသာဝလည်း ကားရပ်ရော ဆိုင်ထဲက လူနှစ်ယောက် ထွက်လာတယ်။ ပြီးတော့ ထွန်းထွန်း အကြောင်း ဦးသာဝကို မေးတာ"

"ဘာတွေမေးလဲ ဦးသာဝ"

"ထွန်းထွန်းဟာ စစ်မှုထမ်းတစ်ဦးလားတဲ့၊ ဘယ်တပ်မှာ ဘာရာထူးနဲ့လဲတဲ့။ ဦးသာဝက ထွန်းထွန်း စစ်မှုထမ်း မဟုတ်တာကို ပြန်ပြောတော့ ဒါဖြင့် ရဲတပ်ဖွဲ့ကလားတဲ့ မေးပြန်တယ်။ ဦးသာဝက ထွန်းထွန်းဟာ ဘယ်တပ်ဖွဲ့ကမှ မဟုတ်ဘူး၊ မန္တလေးတက္ကသိုလ်မှာ မဟာဝိဇ္ဇာတန်း တက်နေတဲ့လူ၊ သူ့မိဘတွေက ကျောက်မဲက လက်ဖက်ခြောက်ပိုင်ရှင်တွေလို့ ပြောလိုက်တယ်"

"အဲဒီတော့"

"အဲဒီတော့ သူတို့နှစ်ယောက်က ဆက်မေးကြပြန်တယ်။ ဒါဆို ထွန်းထွန်းက တောင်ငူကို ဘာကိစ္စနဲ့ ရောက်လာတာလဲတဲ့။ ဦးသာဝက တိုတိုပြတ်ပြတ်ပဲ ပြောလိုက်တယ်။ ထွန်းထွန်း တောင်ငူလာတာဟာ အလည်သဘောပဲ၊ စာအုပ်တစ်အုပ် ရေးသားရင်း အနားယူဖို့ လာတာလို့"

ထွန်းထွန်းသည် သူ၏ ဦးခေါင်းကို စိတ်ရှုပ်ဟန်ဖြင့် ဖွဖွကုတ်သည်။ စဉ်းစားရင်း အတွေးရလည်း ခက်ပါ၏။

"တောင်ငူမှာ ကျော်စိုးရယ်၊ နွေးနွေး၊ ဌေးဌေး၊ ဦးလေးအောင်နဲ့ ဒေါ်ဒေါ်စိမ်း မိသားစုလောက်သာ ကျွန်တော့်မှာ

အသိအကျွမ်း ရှိသေးတာ၊ အဲဒီလူနှစ်ယောက်က ဘယ်လို လူတွေလဲဗျာ"

"ပြောတတ်ဘူး ထွန်းထွန်း။ အဲဒီနှစ်ယောက်က ထွန်းထွန်း အကြောင်းကိုတော့ သေချာမေးကြတာပဲ။ တစ်ယောက်က ကုလားကပြားရုပ်နဲ့၊ နောက်တစ်ယောက်က လူပုံချောပဲ။ သူတို့နှစ်ယောက်လုံး ကြည့်ရတာတော့ သားသားနားနား ထဲကပဲ"

ထွန်းထွန်းသည် ဖျစ်ခနဲ သူ၏ လက်မနှင့်လက်ညှိုး ကို ပွတ်ခါ လက်ဖျောက်တီးလိုက်သည်။

ခင်မောင်ဦး ခေါ် အဗ္ဗဒူလာမန်နှင့် စောမြင့်ဆွေ နှစ်ဦးပင် ဖြစ်ရမည်။ ဦးလေး ဦးမြတ်ကောင်းသည် ဤနှစ်ယောက် အကြောင်းကို မလိုလား မနှစ်သက်သည့် အမူအရာဖြင့် ပြောပြ သွားခဲ့သည်။

ဤနှစ်ယောက်သည် ဦးလေး ဦးမြတ်ကောင်း အသက်ရှင်လျက် ဒဏ်ရာကြီးနှင့် ရန်ကုန်သို့ ရထားဖြင့် ဆက် လိုက်သွားစဉ်က သူတို့နှစ်ယောက်လည်း ရထားတွဲတွင် ဆက်၍ ပါသွားသည်။

ဦးလေးဦးမြတ်ကောင်း ထိုနေ့က ကွယ်လွန်ကျဆုံး သွားခြင်းသည် ၎င်းစောမြင့်ဆွေ၊ ခင်မောင်ဦးတို့ နှစ်ဦးနှင့် ပတ် သက်နေလေသလား။

"ကျွန်တော် အုန်းနို့ခေါက်ဆွဲ မစားတော့ပါဘူး ဦးသာဝ"





"နို့ဖျော်ထားတဲ့ ကော်ဖီကော"

"ကော်ဖီလည်း မသောက်တော့ဘူး။ ဦးလေးအောင်တို့ အိမ်ကျမှ သူတို့ကျွေးတာ စားတော့မယ်"

"ဟ ... ဦးလေးအောင်ရော ငွေငွေရော ဈေးထဲမှာ ရှိနေ တာ၊ ထွန်းထွန်း အဖို့ သူတို့အိမ်မှာ ရေပဲ သောက်ရမှာ ပေါ့။ ဟို အငယ်က ချာတိတ်မလေးက ဘာလုပ်တတ်မှာ လဲ"

"ရေပဲ သောက်ရ သောက်ရ ကျွန်တော် သွားလိုက်ဦးမယ်၊ ဦးသာဝ ကိစ္စက နည်းနည်းပါးပါး အရေးကြီးလာသလား လို့"

ဦးသာဝ စကား ဆက်ပြောချင်သေးသည်ကိုပင် ထွန်းထွန်းက ဆက်ပြီး နားမထောင်တော့ဘဲ လင့်ရိဗာကားပေါ် တက်၊ စက်နှိုးပြီး မောင်းထွက်ခဲ့ပါတော့သည်။

## ၉ ၁ ၉

ဆောင်းဦးမို့ နွေးနွေးတို့ ခြံထဲတွင် စိုက်ထားသော စပယ်တွေ နှင်းဆီတွေ ဖူးသည့်ဖူး ပွင့်သည်များ ပွင့်နေချေပြီ။

နွေးနွေးသည် စပယ် နှင်းဆီ အဖူးအပွင့်များနှင့် အလှချင်းပြိုင်ကာ ခြံထဲတွင် ကူးလူးနေစဉ်မှာပင် ထွန်းထွန်း လင့်ရှိဗာ မောင်းဝင်လာသည်။

"ဟေး ... အစ်ကို၊ နွေးနွေးက ဒီမှာ"

အိမ်ဆင်ဝင်အောက်မှာရော ပွင့်နေသော ကားဂိုဒေါင် ထဲမှာရော သူမတို့၏ ဆန်နီဆလွန်းကားလေးကို မတွေ့ရသဖြင့် ဌေးဌေးတို့ ဈေးသွားပြီမှန်း သိသာသည်။ ၎င်းဆင်ဝင်အောက်မှာ ပင် လင့်ရှိဗာကားကို ရပ်ထားခဲ့ပြီး နွေးနွေးရှိရာ ဥပစာပန်းခြံ ဆီသို့ ထွန်းထွန်း လျှောက်လာခဲ့သည်။

"နွေးနွေး အစ်ကို့ကို တမင်ထွက်စောင့်နေတာ။ ပြောစရာ လည်း ရှိတယ်၊ ပြစရာလည်း ရှိတယ်"





"ပြောစရာနဲ့ ပြစရာ မရှိရင်တော့ နွေးနွေးက တို့ကို ထွက်မစောင့်ဘူးလို့ ဆိုလိုတာလား နွေးနွေး"

"အဲဒါ သိပ်မှန်တာပေါ့။ လူတွေဟာ တစ်ဦးနဲ့တစ်ဦး ဆက်ဆံတဲ့ နေရာမှာ ပတ်သက်စရာ အကြောင်းရှိမှ ဆက်ဆံကြတာ မဟုတ်လား။ အင်္ဂလန်က ဘုရင်မကြီးက အစ်ကို့ကို ဘယ်ထွက်စောင့်မလဲ၊ အမေရိကန်သမ္မတက လည်း အစ်ကို့ကို ဘယ်ထွက်စောင့်မလဲ၊ သူတို့က အစ်ကိုနဲ့ ဘာမှမ မပတ်သက်တာပဲ အစ်ကိုရဲ့။ အခု နွေးနွေးမှာ အစ်ကိုနဲ့ ပတ်သက်တဲ့ ပြောစရာစကား ရှိလာတယ်။ ပြစရာပစ္စည်း ရှိလာတယ်။ ဒီတော့လည်း အစ်ကို့ အလာ ကို နွေးနွေးက စောင့်မျှော်ရတာပေါ့"

ထွန်းထွန်း လက်တံရှည် လက်ကြီးတစ်ဖက်သည် လေတွင် ဝဲသွားမိသည်။

ရည်ရွယ်ရင်းကတော့ နွေးနွေး၏ ဦးခေါင်းငယ်ထိပ် လေးကို မချင့်မရဲလွန်းသော စိတ်ဖြင့် သူမ၏ အပြောလေးကြောင့် "ခေါက်"ခနဲ ခေါက်ချင်မိသောကြောင့် ဖြစ်ပါ၏။

သို့သော် ... ဤမျှ ထိပ်ခေါက်နိုင်လောက်သည့် ရင်းနှီးမှု မရသေးဟူသော သိစိတ်က အချိန်မီ တိမ်းလိုက်နိုင်သော ကြောင့် သူ၏ လက်ကြီးသည် လေထဲတွင် ကိုးရိုးကားရားဝဲသွား ပြီး ပြန်လည်သိမ်းလိုက်ရသည်။

နွေးနွေး စကားမှာ မိမိအား အကြောင်းကိစ္စတစ်ခုနှင့် ပတ်သက်၍သာ တွေ့ဆုံခြင်း ဖြစ်သည်။ သို့မဟုတ်ပါက စောင့်မျှော်တွေ့ဆုံဖို့ ဝေလာဝေးဟု အဓိပ္ပာယ် သက်ရောက်စေအောင် အင်္ဂလန်က ဘုရင်မတွေ အမေရိကန်က သမ္မတတွေ ပုံနှိုင်းပြီး ပြောသည်။

သူမ ပြန်ပြောသည့် ပုံသဏ္ဍာန်ကို ကြည့်ဦး။

စွင့်မို့နေသော ရင်လေး ကော့ပြောသည်။ သေးကျဉ်သော ခါးလေးတွင် လက်မောင်းကွေးထောက်ပြီး ပြောသည်။ မျက်ဝန်းအိမ်မှ မျက်နက်စိလေး အစုံကိုလည်း ထောင့်ကပ်အကြည့်ဖြင့် ပြောသည်။

ဒီအပြောအဆို စကားလုံးများနှင့် ဒီပုံစံကိုကြည့်ကာ ထွန်းထွန်း ရင်ထဲတွင် မခံချင်စိတ်ဖြင့် မခေါက်ချင်ဘဲ နေမလား။

သို့သော် နွေးနွေးသည် …
မိမိနှင့် မဆိုင် … မဆိုင်။
မိမိနှင့် မပိုင် … မပိုင်။

ဒီတော့လည်း လေဝဲလက်ကြီးကို ငှက်ကြီးဝံပိုတောင်ပန်ခတ် ပြန်သိမ်းလိုက်ရတော့သည်။

“လာ … အစ်ကို … ဟောဒီ ပန်းနုရောင် ခုံတန်းလျားလေးမှာ ထိုင်ရအောင်၊ ဒီတန်းလျားလေးကို မမငွေး ကိုယ်တိုင် သင်္ဘောဆေး အဖြူလေးဆ၊ အနီတစ်ဆရော





စပ်ပြီး သုတ်ထားတာ။ ဘယ်လောက်လှလဲ။ အဲဒါ စံပယ်လေးပွင့် နှင်းဆီနီတစ်ပွင့် စနစ်နဲ့ သုတ်ထားတာ”

“စံပယ်လေးပွင့် နှင်းဆီတစ်ပွင့် ဟုတ်လား”

“အစ်ကိုက သိပ်ဝိတာပဲ။ နားဝေးလိုက်တာ လွန်ရော။ စံပယ် ဆိုတာက ဖြူတဲ့နေရာမှာ ဆွတ်ဆွတ်ဖြူ မဟုတ်လား။ နှင်းဆီ ဆိုတာကလည်း နီတဲ့နေရာမှာ တျာတျာနီ မဟုတ်လား”

“နှင်းဆီဆိုတိုင်း တျာတျာနီချင်မှ နီမှာပေါ့ နွေးနွေး။ နှင်းဆီဖြူတွေ နှင်းဆီဝါတွေ နှင်းဆီနက်တွေလည်း ရှိတာပဲဟာ”

“အဲဒါ အစ်ကိုက ကပ်ပြောတာ။ အစ်ကို ကပ်ပြောသလို နွေးနွေးကလည်း မမငွေးကို ကပ်ပြောဖူးသားပဲ။ သိလား။ ဒီတော့ မမငွေး ပြန်ပြောတာက ယျထဘူတကျနေတယ်”

“ဘယ်လို ယျထဘူတ ကျတာလဲ”

“မမငွေးက ပြောတယ်။ တစ်ကမ္ဘာလုံးက လူတွေဟာ နှင်းဆီ ဆိုရင် နီတယ်လို့ပဲ အသိအမှတ် ပြုတာတဲ့။ တကယ်တော့ နှင်းဆီရဲ့ မူလဘူတ အရောင်ဟာ အနီရောင်ပဲတဲ့ အစ်ကို။ အဲဒီနောက် လူတွေက သိပ္ပံနည်းတွေနဲ့ နှင်းဆီကိုင်းကို ဓားထစ်ပြီး မျိုးစပ်တာကြောင့် နှင်းဆီ ခများ အရောင်အမျိုးမျိုးတွေ ဖြစ်သွားရတာတဲ့။ အဲဒါ မမငွေး ပြောတာ မဟုတ်ဘူးလား”

"ပြောတတ်ဘူးလေ၊ အဲဒါတွေကျတော့ ရက္ခဗေဒသမားတွေနဲ့ သတ္တဗေဒသမားတွေရဲ့ အလုပ်ပဲ နွေးနွေး။ တို့က မြန်မာစာ အဓိက ကျက်စာတွေနဲ့ ဘွဲ့ရလာတဲ့ လူပဲဟာ၊ အဲဒီလောက် ဘယ်သိပါ့မလဲ"

"နို့ အစ်ကိုက မဟာဝိဇ္ဇာတန်းတောင် တက်နေတယ်ဆို"

"အင်းလေ ... တို့အဖို့ ရိုးရိုးဝိဇ္ဇာဘွဲ့ ရပြီးတဲ့နောက် ဘာအလုပ်မှ မရှိတဲ့အတူတူ နောက်ထပ် မဟာဝိဇ္ဇာ ထပ်တက်ရင် ကောင်းမှာဆိုတဲ့ စိတ်နဲ့ တက်တာပဲဟာ"

ထွန်းထွန်း၏ ရိုးရိုးကြီး ပြောချပုံကို နွေးနွေးက သဘောကျ နှစ်ခြိုက်စွာ ပါးချိုင့်လေး ခွက်ဝင်သွားအောင် ရယ်မောပစ်လိုက်ပါ၏။

နှစ်ဦးသား တစ်တောင်ခန့် အကွာ ထိုင်ခုံတွင် ထိုင်လိုက်ကြသည်။ စပယ်၊ နှင်းဆီ ရနံ့များဖြင့် ရောထွေးပြီး နွေးနွေးထံမှ သနပ်ခါးနံ့စစ်စစ် သင်းပျံ့ပျံ့ကို ထွန်းထွန်း ရှူမိ ရှိုက်မိပြန်သည်။

"ကဲ ... ပြောစရာရှိတယ်ဆို နွေးနွေး"

"ပြောမယ် အစ်ကို ပြောစရာရှိတာ မပြောသေးခင် နွေးနွေး တစ်ခုပြောချင်သေးတယ်"

"ပြောပါ ... တို့လာကတည်းက နွေးနွေး ပြောစရာရှိတာကို နားထောင်ဖို့ရယ်၊ နွေးနွေး ပြစရာရှိတာကို ကြည့်ဖို့ရယ် လာခဲ့တာ။ နောက်ပြီး နွေးနွေးနဲ့ တို့ စကားပြောရ





တာ ပျော်နေသားပဲဟာ၊ ပြောစရာ တစ်ခုမဟုတ်ဘူး၊ ဆယ်ခုဖြစ်ဖြစ် ရာနဲ့ ထောင်နဲ့ ဖြစ်ဖြစ် ပြော၊ တို့ တစ်ဝကြီး နားထောင်မယ်"

ထွန်းထွန်းသည် နွေးနွေးကို ဘေးတိုက်စိုက်ကြည့်ပြောရင်း မျက်စိအကြည့်ဘက်ရောက်ရာ ခြံအပြင်လမ်းပေါ်သို့ အမှတ်မထင် ကြည့်မိရာ ...

ခြံအပြင်တွင် လူနှစ်ယောက် ရပ်နေသည်ကို ဖျတ်ခနဲ တွေ့မြင်လိုက်ရသည်။

နှစ်ယောက်စလုံးသည် မယောင်မလည်ဖြင့် နွေးနွေးတို့ခြံအတွင်းရှိ မိမိတို့ကို ကြည့်နေကြသည်ဟု ထင်မိသည်။

နှစ်ယောက်စလုံးသည် ရှူးဖိနပ်ကိုယ်စီ သားရေကျာကင်ကိုယ်စီနှင့် ဖြစ်ကြသည်။ အသက်နှစ်ဆယ်ခန့် လူငယ်လေးနှစ်ဦး ဖြစ်ပါ၏။

ဒီလူငယ်နှစ်ဦးသည် တောင်ငူမြို့ခံ လူငယ်နှစ်ဦးဖြစ်ပြီး တောင်ငူသို့ ပြန်ရောက်လာသည့် နွေးနွေးကို လာရစ်ကြသည့် လူငယ်နှစ်ဦး ဖြစ်လိမ့်မည်ဟု ထွန်းထွန်း ယူဆမိသည်။

ထိုလူငယ်နှစ်ဦးနှင့် နွေးနွေး ဘယ်လိုပတ်သက်မှု ရှိလေမလဲဟု ထွန်းထွန်းက တစ်ဖန် နွေးနွေးကို ပြန်ကြည့် အကဲခတ်ပြန်သည်။

နွေးနွေးသည် အပြင်တွင် ကောင်လေးနှစ်ယောက် ရောက်ရှိနေသည်ကို လုံးဝသတိထားမိပုံ မရဘဲ သူ၏ ကိုယ်လေး

ကို ထွန်းထွန်းဘက်သို့ တစောင်းလေး လှည့်ကာ ခြံပြင်ကိုကျော ပေးပြီး ထွန်းထွန်းဘက်သို့သာ မျက်နှာမူထားသည်ကို တွေ့မြင်ရသည်။

ထွန်းထွန်းက နွေးနွေးကို ပြန်၍ အကဲခတ်ကြည့်လိုက်ရာတွင် မိမိကို ကြည့်နေသော နွေးနွေးနှင့် အကြည့်ချင်းဆုံသဖြင့် ထွန်းထွန်းက ပြုံးလိုက်ရာ နွေးနွေးကလည်း ပြန်လည်ပြုံးပြသည်ကို တွေ့ရသည်။

"ကဲ ... နွေးနွေး ပြောစရာရှိတယ်ဆို"

"ဟုတ်တယ် အစ်ကို ... ညက ဘိုးဘိုးက ပြောတယ်။ နွေးနွေးတို့ အိမ်ကို သူခိုးကပ်တယ်တဲ့။ သူခိုးက နှစ်ယောက်တဲ့"

"သူခိုးက နှစ်ယောက်၊ ဟုတ်လား"

ပြန်မေးရင်း ထွန်းထွန်းသည် ခြံပြင်ဘက်မှ နှစ်ယောက်ကို လှမ်းကြည့်လိုက်သည်။

ထိုနှစ်ယောက်သည် နွေးနွေးနှင့် ထွန်းထွန်းတို့ စကားပြောနေသည်ကို လှမ်းကြည့်နေသည်မို့ ထွန်းထွန်း လှမ်းအကြည့်တွင် သူတို့နှင့် မျက်လုံးချင်း ဆုံမိကြသည်။

ချက်ချင်း သူတို့၏ အကြည့်ကို မျက်နှာလွှဲကာ သူတို့ အချင်းချင်း ပြောကြသည်ကို ထွန်းထွန်း တွေ့ရပြန်သည်။

"ဘိုးဘိုးက အသက်ကြီးလာတော့ ညဘက် အအိပ်နည်းတယ်။ ဒါပေမဲ့ နားပါးတယ်။ နောက်ပြီး တစ်သက်လုံး





ရဲ့အဖွဲ့မှာ အမှုထမ်းခဲ့တော့ မျက်စိရှင်ရှင် နားပါးပါး ထားလေ့ရှိတတ်တယ်။ အဲဒါ ဘိုးဘိုး နိုးလာတော့ အောက်ထပ် အပြင်ဘက်က အသံကြားတာနဲ့ ဘိုးဘိုးက ပြတင်းပေါက်ဖွင့်ပြီး လက်နှိပ်ဓာတ်မီးနဲ့ ထိုးကြည့်တာ ခြံထဲ ရောက်နေတဲ့ သူခိုးနှစ်ယောက်ဟာ ခြံပြင်ကိုတန်းပြီး စွတ်ပြေးသွားတာ ဘိုးဘိုး တွေ့လိုက်တယ်တဲ့"

"နွေးနွေးတို့ ခြံဟံခါးကို ညဘက်မှာ အထဲဘက်က သော့ခလောက် ခတ်မထားဘူးလား"

"ဟင့်အင်း ... ဒီအတိုင်း စေ့ထားပြီး အထဲက သံမင်းတုပ် ထိုးထားတာပဲ၊ ဓာတ်သိလူဆိုရင် အပြင်က လက်လျှိုသွင်းပြီး အထဲ မင်းတုပ်ကို ဆွဲဖွင့်ဖြုတ်ရင် ရတယ်"

"ဒါဆို သူခိုးနှစ်ယောက်က ဒီအိမ်ကို ဓာတ်သိထဲကလားမှ မသိတာပဲ နွေးနွေး။ သူခိုးမှ ဟုတ်ပါ့မလား။ ငှက်မသိတော့ ဆက်ရက်ကို ချိုးထင်များ ဖြစ်နေမလား"

"ဘာရယ် ... အစ်ကို"

"သြော် ... နွေးနွေး ပြန်ရောက်လာတယ်ဆိုတာကို သိလို့ နွေးနွေးကို လာချောင်းတဲ့ လူများလားလို့ပါ"

"ကြည့်စမ်း ... ကြည့်စမ်း အစ်ကို ပြောပုံက နွေးနွေးကပဲ အချိန်းအချက် လုပ်ထားလို့ အဲဒီလူနှစ်ယောက်က လာသလိုလိုပါလား။ အဲဒါ နွေးနွေးကို အစ်ကို သက်သက် အထင်သေးတာ၊ စော်ကားတာ။ ဒီမှာ အစ်ကို ... နွေးနွေးမှာ

အဲဒီလို သမက်ကို သူခိုးထင်ရအောင် ချိန်းချက်ဖို့ နေနေ သာသာ ဒီအရွယ်အထိ ချစ်သူတို့ ရည်းစားတို့ ဆိုတာ ဆေးဖော်ဖို့ လိုတယ်ဆိုတောင် တစ်ယောက်မှ မရှိသေးဘူး သိလား၊ သွား ... သွား ... အစ်ကို သွားတော့၊ နွေးနွေး အစ်ကို့ကို စိတ်ဆိုးတယ်"

နွေးနွေးသည် ဒေါသလေးပိုကာ မျက်နှာလေး တစ်ခုလုံး ပန်းရောင်မြန်းပြီး 'ဒေါမာန်ပါပါနှင့် ပါးစပ်မှလည်း ပြောသည်။ သူမ၏ လက်သီးဆုပ်လေးများဖြင့်လည်း ထွန်းထွန်း၏ ကျောပြင်ကို ထုနက်သည်။

ထွန်းထွန်း ကိုယ်တိုင်လည်း စိတ်၏ ဇေခိုင်းချက် ကြောင့် သတိလက်လွတ် ဖြစ်သွားကာ ထုနက်နေသော နွေးနွေး ၏ လက်သီးဆုပ်လေးများကို ဖမ်း၍ ဆုပ်ကိုင်ထားလိုက်မိသည်။

"အစ်ကို တောင်းပန်ပါတယ် နွေးနွေး၊ အစ်ကို့အနေနဲ့ နွေးနွေးကို အထင်သေးလို့ ပြောမိတာမျိုး မဟုတ်ရရိုး အမှန်ပါ။ ဘုရားစူး မိုးကြိုးပစ်ရစေ့ ... နွေးနွေး ယုံပါ။ အစ်ကို့စိတ်ထဲမှာ နွေးနွေးမှာ အဲဒီလို ချစ်သူတွေ ရည်းစား တွေ ရှိနေမလား ဆိုတဲ့ စိုးရိမ်စိတ်ကြီးနဲ့ ပြောမိပြောရာ ပြောလိုက်မိတာပါ။ အခုပဲ ... နွေးနွေး လမ်းဘက်ကို လှည့်ကြည့်လိုက်လေ။ သားသားနားနား လူငယ်နှစ်ယောက် ဒီအိမ်ကိုပဲ လှမ်းကြည့်နေတာ နွေးနွေး တွေ့မှာ။ အဲဒါကို သိပ်စိုးရိမ်သွားလို့ပါ"





နွေးနွေးက ထွန်းထွန်း ပြောမှ လမ်းပေါ်သို့ လှမ်း ကြည့်သည်။

တကယ်ပင် စောစောက လူရွယ်နှစ်ယောက်ကို နွေးနွေး တွေ့မြင်သည်။

နွေးနွေး လှမ်းကြည့်လေမှ ထိုလူနှစ်ယောက်သည် ခပ်တည်တည်ဖြင့် ဖြည်းလေးစွာ ထွက်သွားကြသည်။

"မသိဘူး ... လုံးဝမသိဘူး။ သူတို့ ဘယ်က ဘာကောင် တွေမှန်း နွေးနွေး မသိဘူး၊၊ လွှတ်ပါ ... နွေးနွေးလက်ကို လွှတ်ပါ။ ဘွားဘွား အိမ်ထဲမှာ ရှိနေတယ်။ တော်ကြာ ဘွားဘွား တွေ့သွားရင် ..."

"ဒေါက်"

နွေးနွေးသည် သူမ၏ လက်သီးဆုပ်လေးများကို ထွန်းထွန်း ဆုပ်ကိုင်ထားသည်မှ လွတ်အောင်ရုန်းရင်း သူမ၏ လက်ထဲ လက်ကိုင်ပဝါနှင့်အတူ ပစ္စည်းတစ်ခုသည် ခုံတန်းရှားပေါ် လွတ်ကျသွားသဖြင့် "ဒေါက်"ခနဲ အသံထွက်သွားသည်။

ထွန်းထွန်းက လက်ကိုင်ပဝါထဲမှ ထွက်ကျသွားသော ထိုပစ္စည်းလေးကို ကြည့်လိုက်သည်။

"ဟင် ... မီးခြစ်လေးပါလား နွေးနွေး၊ KENT မီးခြစ်လေး"

ဤ KENT မီးခြစ်နှင့် ထပ်တူထပ်မျှ တူသော အခြားမီးခြစ်တစ်လုံးကို မီးရထားပေါ်တုန်းက ဦးလေးကြီး ဦးမြတ်

ကောင်းသည် ထွန်းထွန်းအား မေတ္တာလက်ဆောင် တစ်လုံးပေးခဲ့သေးသည် မဟုတ်လား။

"ဟုတ်တယ် ... အဲဒီမီးခြစ်လေးကို ပြချင်လို့ အစ်ကို့ကို ဖုန်းဆက်ခေါ်တာ သိလား"

"ဩော် ... ဩော် ... တို့က ဆေးလိပ်သောက်တတ်ပြီး မီးခြစ်ဆောင်လေ့မရှိလို့ နွေးက ဒီမီးခြစ်လေး တို့ကိုလက်ဆောင်ပေးမလို့လား"

"ဟုတ်ပါလိမ့်မယ် ... အားကြီးကြီး"

ထွန်းထွန်းသည် တမင်တကာပင် နွေးနွေးအား သွေးတိုးစမ်းစကား မေးလိုက်ခြင်း ဖြစ်သည်။ မိမိထံတွင်လည်း ဦးလေးဦးမြတ်ကောင်းသည် အလားတူ KENT မီးခြစ် ပေးခဲ့သည်။

ယခုလို နွေးနွေးကိုလည်း ဦးလေးဦးမြတ်ကောင်း ပေးခဲ့ခြင်း ဖြစ်သည်။

ဘာဖြစ်လို့ ဒီလိုတွေ ပေးခဲ့မှန်း မသိ။

သို့ကြောင့် ယခု နွေးနွေး ဘာပြောမည်လဲဟု စောင့်ကြည့်နားထောင်လို၍ မိမိကိုလည်း အလားတူ ပေးခဲ့ခြင်းကို မပြောပြဘဲ နေလိုက်သည်။

နွေးနွေးသည် ထွန်းထွန်းကို စိတ်ဆိုး စိတ်ကောက်နေဆဲတော့ ဖြစ်ပုံရသည်။ သို့သော် ခုနကလောက် နှင်ထုတ်သည် အထိတော့ မရှိတော့တန်ရာ။





ထွန်းထွန်း စီးကရက်ဘူးထုတ်ပြီး တစ်လိပ်ထုတ်ယူသည်။ ထုံးစံအတိုင်း မီးခြစ်ကို ရှာပြလိုက်ပြန်သည်။

ထို့ကြောင့် ခုံတန်းလျားပေါ်တွင် ဒေါက်ခနဲကျသွားသော မီးခြစ်ကို ကောက်ယူ အဖုံးဖွင့် မီးခြစ် ခြစ်ကြည့်သည်။

တစ်ခါခြစ် မီးမတောက်။

နှစ်ခါခြစ် မီးမတောက်။

ထွန်းထွန်း မီးခြစ်,ခြစ်ပြီး မီးမတောက်သည်ကို နွေးနွေးက မျက်တောင်ကော့ကြီးကြားမှ မျက်ဝန်းစုံဖြင့် ကြည့်နေပြီး နောက်ဆုံး စိတ်မရှည်တော့သည့် လေသံဖြင့် ...

"အထဲမှာ ဂွမ်းလည်း မရှိဘူး၊ ဓာတ်ဆီလည်း မရှိဘူး၊ ဘယ်လောက်ခြစ်ခြစ် ဒီမီးခြစ်က မီးတောက်မတဲ့လား။ ပေး ... နွေး ပြမယ်"

နွေးနွေးက မီးခြစ်ကို ယူလိုက်ပြီး မီးခြစ်၏ အဖုံးကို ဆွဲထုတ်ပြလိုက်သည်။

"ဟင် ... အထဲမှာ မည်းမည်းတွေလိပ်ပြီး ထည့်ထားပါလား နွေးနွေး"

"အဲဒါကို ပြချင်လို့ အစ်ကို့ကို ဖုန်းဆက်ခေါ်တာပေါ့၊ အထဲက မည်းမည်းအလိပ်ဟာ ဓာတ်ပုံဖလင်နဂေးတစ်လိပ်လေးပဲ။ ကျစ်ကျစ်ပါအောင်လိပ်ပြီး မီးခြစ်အတွင်းအိမ်ထဲမှာ ထည့်ထားတာ"

"ဒါ ... ဒါကို နွေးနွေး ဘယ်လိုရတာလဲ"

"ပြောတတ်ဘူး အစ်ကို။ အနီးကပ်ဆုံး အဖြစ်နိုင်ဆုံး တွေးကြည့်လို့ ရတာကတော့ ဦးလေးကြီး ဦးမြတ်ကောင်း မီးရထားပေါ်မှာတုန်းက နွေးရဲ့အလစ်မှာ နွေးရဲ့လက်ဆွဲအိတ်ထဲ ထည့်ပေးလိုက်တာလို့ပဲ ယူဆရမှာပဲ။ နဂိုက နွေးဆီမှာ မီးခြစ်ဆိုလို့ ဘာမီးခြစ်မျိုးမှ မရှိတာ။ အိမ်ပြန်ရောက်ပြီး မနေ့ညကမှ ဆွဲအိတ်ထဲက အဝတ်အစားတွေ ထုတ်တော့မှ ဒီမီးခြစ်ကို တွေ့ရတာ။ ဒီမီးခြစ်နဲ့ တစ်ပုံစံတည်းတူတဲ့ တခြားမီးခြစ်တစ်လုံးကိုလည်း ဦးလေးကြီး ဦးမြတ်ကောင်းက အစ်ကို့ကို လက်ဆောင်ပေးခဲ့တာ နွေးမြင်ခဲ့တယ်လေ။ ညတုန်းကတော့ ဦးလေးကြီး ဦးမြတ်ကောင်းဟာ မီးခြစ်လက်ဆောင်ပေးတာ ဝါသနာပါတဲ့ လူထူးလူဆန်းကြီးပါလားလို့ပဲ သာမန်တွေးပြီး ဒီအတိုင်း ထားလိုက်မိတာ အစ်ကို"

"ဒါဖြင့် ဒီမီးခြစ် အတွင်းအံထဲမှာ ဖလင်လိပ်လေးပါတာကို နွေးနွေး ဘယ်လိုသိတာလဲ နွေးနွေး"

ထွန်းထွန်းသည် နွေးနွေး လက်ထဲမှ မီးခြစ်ကို ပြန်ယူကာ ဖလင်လိပ်လေးကို ထုတ်ယူလိုက်သည်။

သိပ်ကျစ်အောင် လိပ်ပြီးထည့်ထားသောကြောင့် ခဲရာခဲဆစ် နိုင်လှသည်။

ထွန်းထွန်းသည် ဖလင်လိပ် အဖျားစကို ဆွဲထုတ်ဖြန့်ပြီး နေရောင်တွင် ထောင်ကြည့်သည်။





နွေးနွေးက ဆက်၍ ပြောပြနေပါ၏။

"ဒီမနက် သတင်းစာ ဖတ်ကြည့်တော့မှ ဦးလေးဦးမြတ်ကောင်းရဲ့ နာရေးကြော်ငြာကို တွေ့တယ်။ မီးရထားပေါ်မှာတုန်းက ဦးလေး ဦးမြတ်ကောင်း ပြောသွားတဲ့ စကားတွေကိုလည်း ပြန်ပြီးသတိရမိတယ် ...

"ဦးလေး အနေနဲ့ ဒီမီးခြစ်ဟာ တစ်ဦးဦးကို လက်ဆောင် ပေးရတော့မဲ့ အခြေအနေပါ ဆိုတဲ့ စကားတွေ ...

"မိတ်ဖွဲ့တယ် ဆိုတာ အစဉ်အမြဲ အသက်ရှင်နေသရွေ့ မိတ်ဆွေဖြစ်သွားဖို့ မဟုတ်လား။ အေး ... အခု တွေ့ကြပြီး တစ်ရက် နှစ်ရက် အတွင်း ပျောက်ကွယ်သွားတော့မဲ့ လူမျိုးကို ဘာလို့ မိတ်ဖွဲ့ချင်ဦးမလဲ ဆိုတဲ့ စကားတွေ ...

"အဲဒါတွေပေါ့ အစ်ကို၊ ဦးလေးဦးမြတ်ကောင်း ပြောခဲ့သမျှ စကားတွေနဲ့ သတင်းစာထဲပါတဲ့ နာရေးကြော်ငြာဟာ လာပြီး ဆက်သွယ်နေပြီလို့ ထင်တာနဲ့ ဒီမီးခြစ်ဟာ အကြောင်းတစ်ခုခု ထူးမလားဆိုပြီး ဖွင့်ကြည့်တော့ အဲဒီဖလင်လိပ်ကို မီးခြစ်ထဲမှာ တွေ့တာပဲ အစ်ကို"

ထွန်းထွန်းသာ နွေးနွေး ပြောသည်ကို နားထောင်ရင်း ဖလင်လိပ်ကို သဲသဲမဲမဲ ကြည့်နေသည်။

သို့သော် ...

ဖလင်လိပ်မှာ သေးငယ်လွန်းသောကြောင့် ဘာကိုမှ သဲသဲကွဲကွဲ ထွန်းထွန်း၏ သာမန်မျက်စိနှင့် မတွေ့နိုင်အောင် ဖြစ်နေသည်။

နွေးနွေးကလည်း စကားပြောရင်းမှပင် ထွန်းထွန်း သဲသဲမဲမဲ ကြည့်နေသော ဖလင်ကို သူမပါလိုက်ပြီး အာရုံစိုက် ကြည့်နေမိသည်။

ယင်းအခိုက်မှာပင် ...

လမ်းပေါ်မှ လူငယ်နှစ်ဦးသည် ဖျတ်ခနဲ နွေးနွေး တို့ ခြံထဲသို့ ဝင်လိုက်ကြသည်။

ထွန်းထွန်းရော နွေးနွေးပါ ၎င်းလူငယ်နှစ်ဦးကို သတိမထားမိကြတော့ပေ။ လူငယ်နှစ်ဦးသည် ခြံထဲတွင်ရှိသော ပင်စည်ကြီးမားသော သရက်ပင်များကို အကာအကွယ်ယူကာ ထွန်းထွန်းနှင့် နွေးနွေး ထံသို့ နီးသည်ထက် နီးကပ်လာအောင် ပင်စည်တစ်ခုမှ တစ်ခုသို့ ကူးလူးနေကြသည်။

"နွေးနွေး ဖလင်ထဲက ဘာတွေဆိုတာ မြင်ရသလား၊ တို့ တော့ မမြင်ဘူး"

"ဟင့်အင်း ... နွေးလည်း မမြင်ဘူး၊ သူ့ဟာက မှန်ဘီလူး နဲ့ကြည့်ရမယ် ထင်တယ် အစ်ကို"

နှစ်ဦးသား မမြင်ရလေ ဖလင်သို့ တိုးကပ်ကြည့်လေ ၏။ မျက်နှာနှစ်ခုမှာ အလွန်နီးကပ်လျက် ရှိနေပြီဖြစ်ကြောင်းကို ပင် သတိမထားမိကြပေ။ နွေးနွေး၏ ထွက်သက်သည် ထွန်းထွန်း မျက်နှာသို့ နွေးနွေး ငွေ့ငွေ့လေး ရိုက်ခတ်လျက်ပင် ရှိပေပြီ။





"နွေးနွေးတို့ အိမ်မှာ မှန်ဘီလူး ရှိလား"

"ရှိတယ် အစ်ကို၊ ဘွားဘွားနဲ့ မမငွေးတို့ စိန်တွေ ပတ္တမြား တွေ ကြည့်တဲ့ မှန်ဘီလူးလေး ရှိတယ်၊ ဒါပေမဲ့ ဈေးဆိုင် မှာ ထားသလား၊ အိမ်မှာ အပိုရှိသလားတော့ နွေး မသေ ချာဘူး"

"မလိုတော့ဘူးလေ၊ ခင်ဗျားတို့ ဘာမှန်ဘီလူးနဲ့မှ ကြည့်ဖို့ မလိုတော့ဘူး၊ အဲဒီဖလင်လိပ် ကျုပ်တို့လက်ကို အပ်ပါ"

"အယ်"

အခြားတစ်ပါးသော လူစိမ်းတစ်ဦး၏အသံ ကြား လိုက်ရလေမှ ထွန်းထွန်းနှင့်နွေးနွေးမှာ ကပျာကယာ လှမ်းကြည့် မိကြသည်။

စောစောက လမ်းပေါ်မှ သားရေဂျာကင်ကိုယ်စီနှင့် လူနှစ်ယောက်ပါပေ။ ထွန်းထွန်းနှင့် နွေးနွေးတို့ရှေ့တွင် မားမား ကြီးရပ်ခါ မောင်းပြန်ဓား ကိုယ်စီကိုင်ထားကြသည်ကို တွေ့ရ သည်။

သူတို့နှစ်ယောက်ကို မြင်သည်နှင့် နွေးနွေးက "အယ်"ဟု အာမေဋိတ်သံ ထွက်စေကာမူ ထွန်းထွန်း ထံမှ ဘယ် လိုအသံမှ ထွက်မလာ။ ဓားသမားနှစ်ယောက်ကို မဗိုတ်မသုန် သော အကြည့်ဖြင့်သာ ကြည့်နေတော့သည်။ ထွန်းထွန်း၏ ဦးနှောက်ထဲဝယ် ...

ညက နွေးနွေးတို့ အိမ်တွင်းသူခိုးနှစ်ယောက် ကပ်သည်ဆိုသည်ရော ...

ဦးမြတ်ကောင်း၏ အပြောအဆို အပြုအမူများနှင့် ကျဆုံးသွားသည့် နာရေးကြော်ငြာရော ...

ထို "ရော" တွေကို တဒင်္ဂအတွင်းမှာပင် ဆက်စပ်တွေးတော ကြည့်မိသည်။

"ဟေ့လူ ... ပေးလေ ... ဖလင်လိပ် ကျုပ်ဆီကို ပစ်ပေးလိုက်စမ်း"

ထွန်းထွန်းက ထိုင်လျက်သားကပင် တဟဲဟဲ ရယ်ပစ်လိုက်သည်။

"ကိုယ့်လူတွေ ဘယ်သူဘယ်ဝါမှန်းတော့ ကျုပ်မသိဘူး၊ ဒါပေမဲ့ ဒီဖလင်လိပ်ကို လွယ်လွယ်နဲ့တော့ ဘယ်ပေးနိုင်မလဲ။ ကျုပ်က ဒီဖလင်ကိစ္စအတွက် စောမြင့်ဆွေနဲ့ ခင်မောင်ဦး ဆီမှာ အပေးအယူစကား ပြောထားပြီးသား။ ကဲ ... နွေးနွေး ... ထ, တခြားလွတ်ရာနေရာမှာ သွားနေ"

တစ်ဆက်တည်းမှာပင် ထွန်းထွန်းက နွေးနွေးကို အမိန့်ပေးလိုက်သည်။

နွေးနွေးသည် ဓားသမားနှစ်ယောက်ကို မြင်ကတည်းက ထိတ်လန့်နေရာ ထွန်းထွန်း အမိန့်အဝိုင်း ခုံတန်းလျားမှ ထပြီး အိမ်ကြီးဆီသို့ ယောင်ကန်းကန်းလေး လျှောက်သွားသည်။





"ဟေ့ ... မသွားနဲ့ ... ဘာလဲ ... အိမ်ထဲရောက်မှ ဖုန်းနဲ့ အကူအညီ တောင်းမလို့ မဟုတ်လား၊ မသွားနဲ့၊ အဲဒီမှာ ရပ်နေ"

"ဩ ... ဩ ... ဒီလောက်ကြီးတောင် ကိုယ့်လူတို့က အစိုးရိမ်ကြီးကြသကိုး။ ကဲ ... နွေးနွေး ... အဲဒီနေရာမှာပဲ ရပ်နေလိုက်ပါ နွေးနွေးရယ်"

နွေးနွေးမှာ ထိုနေရာမှာပင် ရပ်နေရတော့သည်။ ဒီလောက် အကွာအဝေးအထိ နွေးနွေး ရောက်သွားပြီကို ထွန်းထွန်း စိတ်ထဲ ကျိတ်ပြီး ကျေနပ်မိသည်။

အကြောင်းမူ ထွန်းထွန်းသည် ဖလင်လိပ်ကို မပေးလိုသဖြင့် ဓားသမားနှစ်ယောက်ကို ရင်ဆိုင်ဖို့ စိတ်ကူးပြီးဖြစ်သည်။

မိမိ ရင်ဆိုင်ရာတွင် နွေးနွေး လွတ်ရာနေရာသို့ ရောက်နေစေချင်သောကြောင့် ဖြစ်ပါလေ၏။ ယခု နွေးနွေး ထ, သွားသဖြင့် ဓားသမားနှစ်ဦးနှင့် နွေးနွေး အလယ်ကြားတွင် ခုံတန်းလျား ကန့်လန့်ခံ ခြားလျက် ရှိသွားရပေပြီ။

ထို့ပြင် ...

မီးရထားပေါ်တုန်းက ဦးလေးဦးမြတ်ကောင်းက အဗ္ဗဒုလမန် ခေါ် ခင်မောင်ဦးနှင့် စောမြင့်ဆွေ နှစ်ယောက်ကို သေချာမှတ်မိအောင် ကြည့်ထားဟု ဆိုခဲ့သည်မှာ ယင်းဖလင်လိပ်

နောက်သို့ ထိုစောမြင့်ဆွေနှင့် ခင်မောင်ဦးတို့ ရယူဖို့ ဦးမြတ်ကောင်း နောက်မှ လိုက်နေသောကြောင့် ဖြစ်မှန်း ယခု ဆက်စပ်တွေးမိပြီ။

"ကဲ ... ပေးလေ၊ ခင်ဗျားရင်ဝထဲကို မားစိုက်ပြီးမှ ဒီဖလင်ကို ကျုပ်တို့ ရယူရမလား။ အဲဒီလိုဆိုလည်း ဖြစ်ပါတယ်"

"ကျုပ် ပြောထားသားပဲ ကိုယ့်လူ၊ ဒီဖလင်ဟာ စောမြင့်ဆွေတို့ ခင်မောင်ဦးတို့နဲ့ ကျုပ် အပေးအယူ စကားပြောထားပြီးသားပါလို့။ ကိုယ့်လူတို့မှာ စောမြင့်ဆွေနဲ့ ခင်မောင်ဦး အဖွဲ့ထဲက အတူတူ ဆိုရင် အေးအေးဆေးဆေးသာ ပြန်ပေတော့"

ခေါင်းဆောင် ဓားသမားဖြစ်သော စောမြင့်ဆွေက သူ့လူ စိန်ကျော်ကို လှမ်းကြည့် မေးဆတ်ပြလိုက်သည်။ အဓိပ္ပာယ်မှာ ခု ထွန်းထွန်း ပြောသည်မှာ ဖြစ်နိုင်ပါ့မလား အဓိပ္ပာယ် သက်ရောက်ပေသည်။ ခင်မောင်ဦးက ပြန်လည်ပြီး မဖြစ်နိုင်ဘူးဟု ခေါင်းခါယမ်းပြသည်။

"မဖြစ်နိုင်ဘူး၊ ဒီလူလိမ့်နေတာပဲ ဖြစ်ရမယ်။ ဆရာစောမြင့်ဆွေက ခင်ဗျားကိုတောင် ဒီကိစ္စ ဘာမှမှာမထားရင် ကျုပ်ကို ဘာအထူး မှာမလဲ။ ခင်ဗျားက ခေါင်းဆောင်ပဲ"





"အေး ... မင်းပြောတာ ဟုတ်တယ် စိန်ကျော်၊ ငါ့ကိုမှာလိုက်တာက ဖလင်ကို တွေ့ပြီဆိုတာနဲ့ မရရင် ရတဲ့နည်းသုံးပြီး ရအောင်ယူခဲ့လို့ မှာလိုက်တာပဲ။ ဒီလူ လိမ့်နေတာ။ ကဲ ... ကြာတယ်။ ဒီမှာ ကိုယ့်လူ၊ ဖလင်လိပ် ပေးမလား မပေးဘူးလား"

ထွန်းထွန်း စိတ်ထဲတွင် သဲကွဲရပေပြီ။

ဤဓားသမားနှစ်ဦးသည် စောမြင့်ဆွေနှင့် ခင်မောင်ဦး၏ တပည့်အဖွဲ့ဝင်နှစ်ဦး ဖြစ်နေသည်။ ခေါင်းဆောင်၏ အမည် ဘယ်သူဟူ၍ မသိသော်လည်း နောက်လိုက်၏ အမည်မှာ "စိန်ကျော်"ဟုလည်း ထွန်းထွန်း မှတ်ထားလိုက်သည်။

"ကဲ ... ဒါဆိုလည်း စောမြင့်ဆွေက လွှတ်လိုက်တာဆို ယူသွားကြပေါ့၊ စောမြင့်ဆွေနဲ့ တွေ့မှ အပေးအယူအတွက် ဆက်ရှင်းရုံပဲ။ အေး ... ကျုပ်ဆီက ဒီပုံဒီနည်းနဲ့ ကိုယ့်လူတို့ ယူသွားတဲ့ အကြောင်းကိုတော့ စောမြင့်ဆွေကို ကျုပ်က တိုင်ပြောရမှာပေါ့။ ကဲ ... ရော့ ဖလင်လိပ် လာယူ"

"လာမယူဘူး ... ပစ်ပေးလိုက်"

ဓားသမားနှစ်ယောက်သည် ဓားကိုယ်စီကိုင်ထား လျက်ကပင် ထွန်းထွန်းကို ဖြံပုံရသည်။

ထွန်းထွန်း ပြောပုံမှာ ထွန်းထွန်း ကိုယ်တိုင်ပင် ဂိုဏ်းတစ်ခုမှ ခေါင်းဆောင်ဖြစ်ပြီး ဦးမြတ်ကောင်း လက်မှဖလင်လိပ်ကို အရယူကာ စောမြင့်ဆွေတို့အား ငွေကြေးဖြင့် ပြန်ရောင်းသည့်ပုံစံ ပေါ်နေသည်။

ဗလချင်း ယှဉ်ပြန်လည်း ထွန်းထွန်း၏ ဗလနှင့် အရပ်အမောင်း၊ လူကောင်အားမှာ သူတို့ထက် သာနေသည်။ ထို့ကြောင့် အနီးကပ် လာမယူရဲပုံရသည်။

"ကဲ ... ပစ်ပေးလိုက်ဆိုလည်း ပေးရတာပေါ့။ မိအောင် ဖမ်းယူပေတော့"

ပစ်ပေါက်ပြီး ပေးလိုက်ကတည်းက ထွန်းထွန်းသည် တည့်တည့်ပစ်ပေါက်ပေးသည် မဟုတ်။ ဘေးဘက်သို့ တော်တော်အလှမ်းကွာအောင် ပစ်ပေးလိုက်ခြင်း ဖြစ်သည်။

"ကြည့်စမ်း ... ဒီကောင်ညစ်ပြီ။ တခြားဘေးကို ပစ်ပေးတယ်။ ဒီကောင့်ကို ငါ ဆုံးမလိုက်မယ်။ မင်း သွားကောက်စမ်း စိန်ကျော်"

စိန်ကျော်က ဖလင်လိပ်ကျသွားရာသို့ သွားရောက်သည်။

ခေါင်းဆောင်ဓားသမားက ထွန်းထွန်းကို ဒေါသမီးတောက် မျက်လုံးဖြင့်ကြည့်ကာ ရှေ့သို့ တိုးလာပြီး ထွန်းထွန်းကို ဓားနှင့် လှမ်းထိုးသည်။





ဒါကို ထွန်းထွန်းက ထည့်တွက်ပြီးသား ဖြစ်ပါ၏။ ကြိုတင်တွက်ဆထားပြီးသား ဖြစ်ပါ၏။

ထွန်းထွန်း၏ ခြေနှစ်ဖက်သည် စက်ပလိန်မှ တွန်းကန်လိုက်သည့်အလား မြောက်ခနဲခုန်ကာ ခုံတန်းလျားနောက်ဘက်သို့ မျက်နှာမူ၍ မတ်မတ်ရောက်သွားသည်နှင့် ခုံတန်းလျားကို လက်နှစ်ဖက်ဖြင့်ဆုပ်ခါ အရှိန်နှင့် ရှေ့လောတကြီးဝင်လာသော ခေါင်းဆောင် ဓားသမားထံသို့ တွန်းပို့ လိမ့်ပို့လိုက်သည်။

"အာ ... အာ"

တအာအာနှင့် အော်ရင်း ဓားသမားခေါင်းဆောင် အိုးနင်းခွက်နင်း ဖြစ်သွားကာ ပုံပျက်သွားသည်။ တုံးလုံးလဲပြီး လိမ့်သွားသော ခုံတန်းလျားသည် ဓားသမား၏ ခြေသလုံး ညို့သကျည်းနှစ်ဖက်ကို တဒုတ်ဒုတ် ဝင်ဆောင့်မိတော့သည်။ ဓားသမားမှာ ညို့သကျည်း နှစ်ဖက်စလုံး နာကျင်သွားသည်။ ညို့သကျည်း ဆိုသည့် နေရာမှာ ထိခိုက်မိလျှင် အသည်းကျင်အောင် နာကျင်သောနေရာ မဟုတ်လား။

သူထိုးလိုက်သော ဓားချက်ကလည်း လိမ့်ဝင်လာသော ခုံတန်းလျား၏ သစ်သားတွင် ဝင်ထောက်တိုးမိကာ စိုက်နေသောဓားကို ပြန်မနုတ်နိုင်ဘဲ လက်လွှတ်လိုက်ပြီး နာကျင်သွားသော ညို့သကျည်းကို လက်နှစ်ဖက်အုပ် ပွတ်သတ်ရတော့သည်။

ထွန်းထွန်း၏ အကွက်၊ ထွန်းထွန်း၏ အလှည့်ထဲသို့ ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ဝင်သွားပေပြီ။

ထွန်းထွန်းသည် လည်စင်းပေးသလို ကုန်းကွကွကြီး ဖြစ်နေသော ဓားသမား၏ လည်ကုပ်ကို လက်ဝါးစောင်းပြင်းပြင်း ခုတ်ချလိုက်သည်။

ဓားသမား မှောက်လျက်သားကြီး မြေကြီးကို နမ်းရတော့သည်။

ထွန်းထွန်းက ခုံတန်းလျားတွင် စိုက်နေသော ဓားမြှောင်ကို ဆွဲနုတ်ယူကာ စိန်ကျော် ရှိရာသို့ လှမ်းကြည့်သည်။

စိန်ကျော်သည် ဖလင်လိပ်လေးကို ကုန်းကောက်နေခိုက် တွေ့ရသည်။

စိန်ကျော် ခါးပြန်မတ်ပြီး မရပ်နိုင်မီ လွှားခနဲ ထွန်းထွန်း ရောက်သွားကာ စိန်ကျော်၏ လည်ပင်းကို လက်မောင်း လက်ဖျံဖြင့် နောက်မှ ရစ်သိုင်းပြီး စိန်ကျော်၏ နောက်ကျောကို ဓားမြှောင်ဦး ထောက်ထားလိုက်သည်။

"မင်း လက်ထဲက ဓားနဲ့ဖလင်လိပ်ကို အောက်ချထားလိုက် စိန်ကျော်"

စိန်ကျော်မှာ ထွန်းထွန်း ရင်အုပ်ရင်ခွင်ထဲတွင် မြွေက ဖားကို အမျိုခံရသည့်နှယ် ယက်ကန်ယက်ကန် ဖြစ်နေသည်နှင့် ထွန်းထွန်းက ချွန်မြသော ဓားမြှောင်ထိပ်ချွန်ကို စိန်ကျော်၏ ကိုယ်ထဲသို့ စပါးလုံးတစ်တောက်ခန့် ထိုးသွင်းလိုက်သည်နှင့် စိန်ကျော်သည် ဓားနှင့်ဖလင်လိပ်ကို အမယ်လေးတ,ရင်း ချထားပေးလိုက်ရတော့သည်။





ထွန်းထွန်းက စိန်ကျော်ကို ရှေ့သို့ တအားဆောင့်တွန်းပြီး ဓားနှင့်ဖလင်လိပ်ကို ကောက်ယူလိုက်သည်။

စိန်ကျော်သည် ကြေးစားနောက်လိုက်သမားပီပီ၊ သူ့ဘက်မှ အခြေအနေ မကောင်းတော့သည်နှင့် ခြံတံခါးပေါက်ဆီသို့ စွတ်ပြေးသွားတော့သည်။

ထွန်းထွန်း စိန်ကျော် နောက်သို့ မလိုက်ပေ။ ဤမှာ ခေါင်းဆောင်ဓားသမား ရှိနေသေးသောကြောင့် လှမ်းကြည့်လိုက်သည်။

သို့သော် ခေါင်းဆောင်ဓားသမ ားကိုယ်တိုင် နာလည်းနာသွားသည်။ သူ့လက်ထဲတွင် ဓားမရှိတော့ဘဲ ဓားနှစ်လက်စလုံး ထွန်းထွန်း လက်သို့ ရောက်နေပြီမို့ ဆက်ပြီး ဘယ်လိုမှ မယှဉ်ပြိုင်ရဲတော့ဘဲ စိန်ကျော် ပြေးရာနောက်သို့ လိုက်ပြေးသွားတော့သည်။

ထွန်းထွန်း ပြေးမလိုက်တော့ပေ။ လိုက်၍လည်း မမီနိုင်တော့မှန်းသိသည်။

သူတို့တွင် ဂျစ်ကားပါလာပြီး ခြံပြင်တွင် ရပ်ထားသည်။ ဂျစ်ကားပေါ်သို့ စိန်ကျော်က အလျင် တက်ရောက် စက်နှိုးထားပြီးသားမို့ သူက ကားပေါ်ရောက်သည်နှင့် ဝူးခနဲ မောင်းပြေးသွားကြသည်။

နွေးနွေးကလည်း စိုးရိမ်ကြီးစွာဖြင့် ...

"အစ်ကို မလိုက်နဲ့ ... မလိုက်နဲ့"ဟု လှမ်းအော်နေသဖြင့် နွေးနွေး ရှိရာသို့ပင် ထွန်းထွန်း လှမ်းလာခဲ့သည်။

"အစ်ကို ... ဘယ်နာသွားသေးလဲဟင်၊ အစ်ကို့ကို ထိသွားသေးလားဟင်"

"ထိလည်း မထိဘူး၊ နာလည်း မနာဘူး၊ လာ ... အစ်ကိုတို့ အိမ်ပေါ်သွားပြီး ဒီဖလင်ကို မှန်ဘီလူးနဲ့ ကြည့်ရအောင်။ ဒီဖလင်ဟာ တော်တော်အရေးကြီးပြီး အရာရောက်ပုံပဲ"

နှစ်ဦးသား နွေးနွေးတို့ အိမ်ကြီးဆီသို့ လာခဲ့ကြသည်။

တကယ်တော့ အချိန်ကို တွက်ကြည့်လျှင် နွေးနွေးဆီသို့ ထွန်းထွန်း ရောက်လာပြီးနောက် နွေးနွေးနှင့် စကားပြောချိန်မှအစ ယခုအချိန်အထိ ငါးမိနစ်နှင့် ဆယ်မိနစ်ကြား အချိန်လောက်သာ ရှိပါ၏။

နွေးနွေး၏ ဘွားဘွား ဒေါ်ဒေါ်စိမ်းသည် မီးဖိုထဲဝယ် ယခုတိုင်အောင် ချက်ရေး ပြုတ်ရေးနှင့် အလုပ်များနေသောကြောင့် အိမ်ရှေ့ခြံထဲတွင် ဖြစ်သမျှကို ဘာမှသိလိုက်ဟန်ပင် မတူပါလေ။

"အစ်ကိုက ဘယ်ဆိုးလို့လဲ။ နွေးဖြင့် ကြည့်ရတာ အသည်းတအေးအေးနဲ့ ကြောက်လိုက်တာ၊ ခြေဖျားလက်ဖျားတွေတောင် အေးစက်သွားတာပဲ"





"နွေးနွေးက ဘာလို့ ကြောက်တာလဲ။ သူတို့က နွေးနွေးကို ဘာမှ ရန်မူကြတာမှ မဟုတ်တာ"

"နွေးကို ရန်မမူပေမဲ့ အစ်ကို့ကို ဓားကြီးနှစ်ချောင်းနဲ့ ရန်မူကြတယ်လေ"

"အဲဒါနဲ့ နွေးနွေးက ကြောက်ရောတဲ့လား"

"အာ ... အစ်ကိုနဲ့ ပြောရတာ လက်ပေါက်ကပ်လိုက်တာ၊ သူတို့မှာက ဓားကိုယ်စီနဲ့ မဟုတ်လား။ ဒီတော့ သူတို့က နှစ်ယောက်ကြီးတောင်။ သူတို့က အစ်ကို့ကို ဓားနဲ့ထိုးမှာကို နွေးက ကြောက်တာ"

"စိုးရိမ်တယ် ဆိုတာက ပိုပြီး မမှန်ဘူးလား နွေးနွေး"

"ဒါတော့ သိဘူး အစ်ကို၊ အဲဒီလို စိုးရိမ်ရင် ဒီလိုပဲ ခြေဖျားလက်ဖျားတွေ အေးစက်လာသလားဟင်"

ထွန်းထွန်း အဖြေမပေးတတ်။

ဤမျှလောက်အထိ အမျိုးသမီးတစ်ဦး၏ စိတ်နှလုံးကိုလည်း ထွန်းထွန်း မတတ်မခွဲတတ်။ အမျိုးသမီးတစ်ဦးသည် ကြောက်လန့်သည့် အခါတွင် ခြေဖျားလက်ဖျားတွေ အေးစက်သွားတတ်လေသလား။

သို့မဟုတ် စိုးရိမ်သည့် အခါမျိုးတွင် ခြေဖျားလက်ဖျားတွေ အေးစက်သွားတတ်လေသလား။

မည်သို့ဖြစ်စေ ဤပွဲတွင် ထွန်းထွန်းသည် အကြမ်းဖျဉ်း တွက်ကြည့်သည်။

နွေးနွေးသည် ကြောက်လန့်သွားသည် ဆိုခြင်းမှာ သူမ၏ အတွက်အတွက် ဖြစ်နိုင်ပြီး စိုးရိမ်ခြင်းမှာ ထွန်းထွန်း အတွက် ဖြစ်နိုင်ပါ၏။

ထို့ကြောင့် နွေးနွေး ခြေဖျားလက်ဖျားတွေ အေးစက်သွားခြင်းမှာ စိုးရိမ်ခြင်းကြောင့်သာ အေးစက်စေလိုသော ဆန္ဒ ထွန်းထွန်း ရင်ထဲတွင် ဖြစ်ပေါ်မိပေသည်။

အိမ်ကြီးထဲသို့ ဝင်လာရင်း ထွန်းထွန်းသည် နွေးနွေး ကို စောင်းငဲ့ကြည့်သည်။

ဟန်မဆောင်ချင်တတ်သော နွေးနွေး၏ ပင်ကိုယ် အမူအရာသည် တစ်ခုခုကို ကျေနပ်အားရသလို သမင်ပျိုလေးပမာ မြူးကြွရွှင်ပြနေပုံရသည်။

ပမာတင်စား ပြောရလျှင် ...

ကိုယ့်အိမ်မှ ကြက်နှင့် အခြားမှလာသော ကြက် အချင်းချင်း ခွတ်ကြရာဝယ် ကိုယ့်အိမ်ကကြက်က တခြားကြက် ကို အနိုင်ခွတ်ပြီး အခြားကြက် ထွက်ပြေးသည်ကို ပီတိဖြစ် ကျေ နပ်သော ကြက်ပိုင်ရှင်၏ အမူအရာမျိုး နွေးနွေးတွင် ဖြစ်ပေါ်နေ သလား မပြောတတ်။

နွေးနွေးတို့ အရွယ်သည် အောင်နိုင်သော သူရဲကောင်း အား လက်ခုပ်လက်ဝါးတီး ဩဘာပေးပြီး ပန်းကုံးစွပ်ပေးချင် သော အရွယ်မျိုး ဖြစ်နေပါ၏။





"အစ်ကို ငယ်ငယ်တည်းက အသတ်အပုတ်တွေ ထိုးတာ နှက်တာတွေ လေ့ကျင့်ထားသလားဟင်"

"ကျင့်တာတော့ ကျင့်ခဲ့ပါတယ် နွေးနွေး။ ဒါပေမဲ့ အခုပွဲ မှာ အစ်ကို နိုင်တာဟာ အစ်ကို တော်လို့ မဟုတ်ပါဘူး၊ သူတို့နှစ်ယောက်လုံးဟာ ဆန္ဒစောတာရော ကိုယ်လွတ်ရုန်း တာရောကြောင့် အစ်ကိုက အနိုင်ရလိုက်တာမျိုးပါ နွေးနွေး"

"ဘာရယ် အစ်ကို"

"ဩော် ... သူတို့ လာကတည်းက ဒီဖလင်ကို ရလိုမှုဆန္ဒ သိပ်စောလာကြတယ်။ ရဖို့လည်း ဇွတ်ကြိုးစားကြတယ်။ သူတို့မှာ ဆန္ဒသိပ်စောနေတော့ ဖလင်ရဖို့သာတွက်ပြီး တစ်ဖက်လူရဲ့ လှည့်ကွက်ကို သူတို့ မစောကြောနိုင်ဘူး။ ပြီးတော့ သူတို့လို ဒုစရိုက်သမား ဆိုတာက ဘေးလူတွေ ဝိုင်းမလာခင် သူတို့ကို မမိအောင် ထွက်ပြေးဖို့သာ ဆန္ဒ စောနေတယ် မဟုတ်လား။ ဒါကြောင့် သူတို့ ထွက်ပြေး လို့ အစ်ကို့က နိုင်လိုက်တာမျိုးပါ"

အိမ်ကြီး၏ ဧည့်ခန်းသို့ ရောက်လာကြသည်။ နွေးနွေးက မှန်ဘီလူး လိုက်ရှာသည်။ အဆင်သင့်ပင် ရှာတွေ့ သွားပါ၏။

"ရော့ ... အစ်ကို"

"ဒီလို လုပ်မှရမယ် နွေးနွေး၊ ဖလင်လေးကို နေရောင် မှာဆွဲပြီး ဖြန့်ထားပေး။ အစ်ကိုက မှန်ဘီလူးနဲ့ကြည့်မယ်"

နှစ်ဦးသား အလင်းနေရောင်ထိုးရာ ပြတင်းပေါက်ဆီသို့ ထလာခဲ့ကြသည်။

ယှဉ်တွဲကာ ထွန်းထွန်း ပြောသည့်အတိုင်း နွေးနွေးက ဖလင်လိပ်ကလေးကို လက်နှစ်ဖက်ဖြင့် အထက်အောက်တစ်ဖက်စီကိုင်ကာ နေရောင်တွင် ထောင်ပြသည်။ ထွန်းထွန်းက မှန်ဘီလူးကို အားပြုကာ ဖလင်လိပ်လေးကို ကြည့်သည်။

သဲကွဲစွာ မမြင်ရလေ တအားတိုးကပ် အားစိုက်ကြည့်ရာမို့ နွေးနွေး၏ ပခုံးစွန်းနှင့် ထွန်းထွန်း၏ လက်မောင်းတို့မှာ ထိကပ်နေပါ၏။

နွေးနွေးက အစ်ကိုသည် တမင်တကာပင် လုပ်နေတာလားဟု လည်တိုင်လေးစောင်းကာ အစ်ကိုထွန်းထွန်းကိုစောင်းငဲ့ကြည့်ရှု အကဲခတ်သည်။

မဟုတ်ပါလေ။

အစ်ကိုထွန်းထွန်း၏ အာရုံတို့သည် ဖလင်ကြည့်နေသည့်အတဲ၌သာ ရှိနေကြောင်း သိသာလှသည်။

နွေးနွေးမှာ လူမသိ, သူမသိ သက်ပြင်းလေး ချမိသည်။ ပန်းခြံထဲတုန်းက မိမိသည် အစ်ကိုထွန်းအား နှင်ထုတ်မိသည်။ သူမ၏ လက်သီးဆုပ်များဖြင့်လည်း စိတ်လိုက်မာန်ပါ ထုနှက်မိသည်။ အစ်ကိုထွန်းသည် မိမိကို စိတ်မဆိုးရုံမက မိမိ၏ လက်သီးဆုပ်လေးများကိုပင် သူ့လက်ဖြင့် ဆုပ်ကိုင်ထားသည်။





ထိုစဉ်က နွေးနွေး၏ ရင်လေးတွေ ခုန်ပြီး ရင်ထဲဝယ် ရှိန်းတမြမြ ခံစားရသည်။ ဘယ်လိုကြီးမှန်းမသိ။ ခံစားရသည်မှာ တစ်ခါမှ မခံစားခဲ့ဘူးသော ခံစားမှုတစ်မျိုးကြီး ဖြစ်ပါ၏။

ယခုလည်း ဘေးချင်းယှဉ်ကာ အသားချင်းထိကပ်နေကြသည်။ နွေးနွေး တစ်မျိုးကြီးထပ်၍ ခံစားရပြန်လေပြီ။ လေဟုန်စီးပြီး နိမ့်ရာသို့ တအိအိ ကျဆင်းလာသည့်နှယ် အသည်းတအေးအေး ခံစားရသည်။

သြော် ... အထိန်းမတတ်သေးသည့် ဓိမ်းဆတ်ဆတ်အရွယ်တွင် ပထမဆုံး ထိတွေ့ ကြုံတွေ့ရခြင်းမို့ ဤမျှ အသည်းအေး ရှိန်းမြခံစားခြင်းပေလား မပြောတတ်။

"ပထမဆုံး ဖလင်ကွက်မှ စာတန်းလေးတစ်ခု တွေ့တယ် နွေးနွေး၊ အစ်ကို ဖတ်ပြမယ် နားထောင်"

သင်သည် တိုင်းပြည်နှင့် လူမျိုးကို အမှန်တကယ်ချစ်မြတ်နိုးပါက သင်ကိုယ်တိုင် ဤဖလင်လိပ်ကို ဆက်ကြည့်ဖို့ မကြိုးစားပါနှင့်။

ဤဖလင်လိပ်ထဲတွင် ပါရှိသော မြေပုံများနှင့်စာတမ်းများသည် သင့်တိုင်းပြည်၊ သင့်လူမျိုးအတွက်ထိပ်တန်းအဖိုးတန်သော မြေပုံနှင့် စာတမ်းများဖြစ်ပါ၏။

ဤဖလင်လိပ်သာ အဖျက်သမား ရန်သူ၏ လက်သို့ ပါရှိသွားပါက သင့်တိုင်းပြည်နှင့် လူမျိုးအတွက် နစ်နာချက်သည် အတိုင်းအဆမရှိ ဖြစ်သွားနိုင်သည်။

ဤဖလင်လိပ်ကို ရန်ကုန်မြို့ ဦးဝိစာရလမ်း၊ ခြံနံပါတ် (––)နေ အရာရှိချုပ် ဦးစောရန်နိုင် လက်သို့ အရောက် ပေးပို့ပါ။ အခြား မည်သူ့ကိုမျှ မပေးပါနှင့်။

တိုင်းပြည်နှင့် လူမျိုးကို သင်ကိုယ်တိုင်လည်း ကျွန်ပ်ကဲ့သို့ပင် အသက်ပေး၍ ချစ်ပြစမ်းပါ။

အမိနိုင်ငံသားကောင်းတစ်ဦးအဖြစ် ဂုဏ်ယူပါ။ သင်သေသော်လည်း သင့်နာမည် မသေပါစေနှင့်။

ယုံကြည်စွာဖြင့်
(ပုံ) မြတ်ကောင်း

ထွန်းထွန်းသည် (ပုံ)မြတ်ကောင်း ဆိုသည်အထိ ဖတ်ကြည့်သည်။ ထိုစာသည် ဦးလေးဦးမြတ်ကောင်း လက်ရေးနှင့်ရေးပြီး ဤဖလင်တွင် ဓာတ်ပုံရိုက်ပြီး ထိပ်စည်းက ထည့်ထားခြင်း ဖြစ်ပေမည်။

"ဖလင်ကို ပြန်လိပ်လိုက်ပါတော့ နွေးနွေး"

"ဟုတ်တယ်နော် အစ်ကို၊ နွေးနွေးလည်း ဖတ်ကြည့်တယ်၊ စာတွေကို နွေးနွေး မြင်ပါတယ်။ ဦးလေးကြီး ဦးမြတ်ကောင်းက ဒီစာဖတ်မိရင် ဆက်ပြီး ဖလင်လိပ်ကို မကြည့်





ပါနဲ့တော့လို့ မှာထားတာပဲ။ ဒါထက် အစ်ကို ... ဖလင်ဆိုတာ တစ်ဆက်တည်း ရိုက်သွားရတာမျိုးပဲ။ အခုဦးလေးဦးမြတ်ကောင်း ရေးတဲ့စာက ဖလင်ထိပ်ဆုံးမှာပါပြီး အရေးကြီးဓာတ်ပုံတွေက နောက်မှာဖြစ်နေတာ နွေးနွေး မရှင်းဘူး"

"အစ်ကိုလည်း တတ်အပ်ကြီးတော့ မသိဘူးပေါ့၊ ဒါပေမဲ့ ခန့်မှန်းကြည့်တာ ဦးလေးဦးမြတ်ကောင်းမှာ ဒီတာဝန်ကို ထမ်းဆောင်တဲ့ နေရာမှာ အသက်အန္တရာယ် ကြီးစွာရှိနိုင်တာကို တင်ကြိုတွက်ထားပြီး ဒီစာကို ဖလင်ထိပ်က တင်ကြိုရေးသား ရိုက်ထားတာ ဖြစ်မလားပဲ နွေးနွေး"

"သနားပါတယ်နော် အစ်ကို၊ သူ့ခမျာ ရန်ကုန်ရောက်တဲ့အထိ အသက်ရှင်မလား ဆိုပြီး အားခဲပြီး သူ့အသက်ထွက်မသွားအောင် အတတ်နိုင်ဆုံးတော့ အောင့်ထားခဲ့ရပုံပဲ"

ထွန်းထွန်းက ဦးခေါင်းကို ညင်သာစွာ ညိတ်ပြပြီး နွေးနွေး လက်ထဲမှ ဖလင်လိပ်ကိုယူကာ နဂိုအတိုင်း ကျစ်ကျစ်ပါအောင် ပြန်လိပ်ထားရင်း ဆက်ပြောပေသည်။

"အသက်အောင့်ထားတာ ဖြစ်ချင်လည်း ဖြစ်မယ်။ ဒါပေမဲ့ သူ့အသက်ဟာ ရန်ကုန်အထိ မပါနိုင်တော့ဘူး ဆိုတာ သာစည်ဘူတာမှာ ရထားဆိုက်ကတည်းက ဦးလေးဦးမြတ်ကောင်း သိသွားတယ် နွေးနွေး၊ ဘာလို့လဲဆိုတော့ သာစည်ဘူတာမှာ ရထားပေါ်က အစ်ကိုတို့ စီးလာတဲ့တွဲထဲကို

စောမြင့်ဆွေနဲ့ ခင်မောင်ဦး တက်ရောက်လာတာကို ဦးလေးဦးမြတ်ကောင်း တွေ့မြင်လိုက်လို့ပဲ"

"ဟုတ်လား အစ်ကို၊ အဲဒါကို နွေးနွေး မသိပါလား။ ဪ ... ဒါကြောင့် အစ်ကိုက ခုနက ထွက်ပြေးသွားတဲ့ ဓားသမားနှစ်ယောက်ကို စောမြင့်ဆွေနဲ့ ခင်မောင်ဦးနာမည် ဖော်ထုတ်လှည့်ပတ် ပြောလိုက်တာကိုး"

ထွန်းထွန်းသည် သူ့အင်္ကျီအိတ်ထဲမှ စီးကရက်ဘူး ထုတ်ယူသည်။ တစ်လိပ်ကို နှုတ်ခမ်းတွဲလောင်းချိတ်ပြီး ဟိုစမ်းစမ်း ဒီစမ်းစမ်း မီးခြစ်ရှာနေသည်ကို နွေးနွေးက ထိုင်ရာမှ သွက်သွက်လေးထကာ မီးခြစ်သွားရှာလာပြီး ဖတ်ခနဲ မီးခြစ်ကိုခြစ်၍ မီးတောက်လေးကို စီးကရက်ထိပ်ဖျားတွင် တေ့ပေးသည်နှင့် ထွန်းထွန်းကား မီးညှိအားရပါးရ ရှူဖွာကာ အနီးကပ် နွေးနွေး၏ မျက်နှာလေးသို့ စီးကရက်ငွေ့များ မှုတ်ထုတ်လိုက်သည်။

"ဟင်း...မွှန်တယ်။ နွေးနွေး ဆေးလိပ်ငွေ့မခံနိုင်ဘူး အစ်ကို"

ဟု ပြောရင်း ပါးချိုင့်လေး ခွက်အောင် ပြုံးကာ သူမ လက်ဝါးလေးဖြင့် စီးကရက်ငွေ့များကို ဖယ်ထုတ်ပစ်သည်ကို ထွန်းထွန်းက ပြုံးပြုံးကြီး နွေးနွေး၏ မျက်နှာလေးအား စိုက်ကြည့်နေမိသည်။

သူမကိုယ်တိုင် စီးကရက်ငွေ့ကို မခံနိုင်သော်လည်း အလိုက်သိစွာဖြင့် မီးခြစ်ရှာ စီးကရက်မီးညှိပေးသည်ကို ထွန်းထွန်း အရမ်းစိတ်ထဲက ကျေနပ်မိသည်။





"ဆက်ပြောလေ အစ်ကို၊ တွဲပေါ်ကို စောမြင့်ဆွေနဲ့ ခင်မောင်ဦး တက်လာတော့ ဘာဖြစ်လဲ"

"စောမြင့်ဆွေနဲ့ ခင်မောင်ဦးဟာ ဘယ်လိုလူစားတွေမှန်းတော့ အစ်ကို မသိဘူး။ ဒါပေမဲ့ သူတို့ဟာ ဦးလေးဦးမြတ်ကောင်းရဲ့ ဆန့်ကျင်ဘက်သမားတွေမှန်းတော့ သေချာတယ်။ ဘာလို့လဲ ဆိုတော့ တွဲပေါ်ကို စောမြင့်ဆွေနဲ့ ခင်မောင်ဦး တက်လာတာ တွေ့တာနဲ့၊ အစ်ကို့လက်ထဲကို ဖလင်လိပ်ပါတဲ့ မီးခြစ် ဖွတ်လက်ဆောင်ပေးတာကိုး။ သဘောကတော့ ဒီဖလင်လိပ်ပါတဲ့ မီးခြစ်ကို တောင်ငူ ဆင်းကြမဲ့ အစ်ကိုနဲ့ နွေးနွေး လက်ထဲကိုမှ ထည့်မပေးရင် သာစည်က လိုက်လာတဲ့ စောမြင့်ဆွေနဲ့ ခင်မောင်ဦးက ရန်ကုန်မရောက်ခင် ဒဏ်ရာရထားတဲ့ ဦးလေး ဦးမြတ်ကောင်းဆီက ဖလင်လိပ်ကို ရယူနိုင်တဲ့ အခြေအနေရောက်သွားပြီကိုး။ ဦးလေးဦးမြတ်ကောင်းဟာ တွဲပေါ်ကနေပြီး ဒဏ်ရာကြီးနဲ့ လွတ်အောင်လည်း ထွက်မပြေးနိုင်တော့ဘူး၊ ခုခံနိုင်စွမ်းလည်း မရှိတော့ဘူး။ ဒါကြောင့် အစ်ကိုနဲ့ နွေးနွေး လက်ထဲကို ဖလင်လိပ်ပါတဲ့ မီးခြစ်တွေ ပေးလိုက်တာ။ ဖလင်လိပ်က တိုင်းပြည်အတွက် ထိပ်တန်းလျှို့ဝှက်ချက်တွေပါတဲ့ ဖလင်လိပ်ပဲ"

"ဒါဆို အစ်ကို့ကိုပေးတဲ့ မီးခြစ်ဃဲမှာလည်း ဖလင်လိပ် ပါမယ်ထင်တယ်နော် အစ်ကို၊ ဒီဖလင်လိပ်ရဲ့ အဆက်လား မပြောတတ်ဘူး"

"အဲဒါတော့ အစ်ကိုလည်း မပြောတတ်ဘူး နွေးနွေး၊ အစ်ကို့ကိုပေးတဲ့ ဖလင်လိပ်ဟာ အခု ဒီဖလင်ရဲ့ အဆက်ဖြစ်ချင် ဖြစ်မယ်၊ ဒါမှမဟုတ်လည်း ဒီဖလင်လိပ်မျိုးကိုပဲ ထပ်ဆင့်ပွား တဲ့ဖလင်လိပ် ဖြစ်ချင်ဖြစ်မယ်"

"နွေးနွေးရဲ့ အိတ်ထဲကို ဘယ်အချိန်ကများ ဒီမီးခြစ်ထည့်ပေးလိုက်သလဲ မသိဘူးနော်"

"အစ်ကို ထင်တာတော့ တောင်ငူဘူတာ ဝင်ကာနီးကျမှ ထည့်ပေးလိုက်တယ် ထင်တာပဲ"

"ဟုတ်မယ် အစ်ကို၊ တောင်ငူကို ရောက်ခါနီးမှာ နွေးနွေးက စာအုပ်ကို မျက်နှာကွယ်ရင်း အိပ်ငိုက်သွားတယ်။ နွေးနွေးက ဦးလေးဦးမြတ်ကောင်းနဲ့ ထိုင်ခုံဘေးတိုက်ဆိုတော့ နွေးနွေး အိပ်ငိုက်တာကို သူ မြင်မှာပေါ့။ အဲဒီတုန်းမှာ နွေးနွေးရဲ့ ဆွဲအိတ်ထဲ သူထည့်လိုက် တာဖြစ်မယ်၊ နို့ ... အစ်ကို့ မီးခြစ်ကော"

နွေးနွေး မေးမှ ထွန်းထွန်းသည် သူ့အင်္ကျီအိတ်တွင် မီးခြစ်ရှာစမ်းကြည့်သည်။





"ဟာ ... ဟုတ်ပါရဲ့။ အဲဒီ မီးခြစ်ကို ညက ကျော်စိုးနဲ့ လေပန်းရင်း ကျော်စိုး အိမ်က ညှိခန်းစားပွဲပေါ်မှာ ပစ်တင်ထားမိတယ်။ ဒီနေ့မနက် ဆေးလိပ်သောက်ချင်မှရှာတော့ စားပွဲပေါ်မှာ အဲဒီ KENT မီးခြစ် မတွေ့တော့ဘူး။ ဦးသာဝကြီး သိမ်းထားလိုက်တာ နေမှာပေါ့။ ဒီလူကြီးက သန့်သန့်ရှင်းရှင်း လုပ်တတ်ပြီး စားပွဲရှုပ်တာကို ရှင်းတဲ့အကျင့် ရှိပုံရတယ်"

နှစ်ဦးသား အခိုက်အတန့် စကားပြတ်သွားကြသည်။ ဘာရယ်မဟုတ် တစ်ဦးကိုတစ်ဦး ကြည့်မိကြသည်။

ထိုစဉ်မှာပင် နွေးနွေးတို့၏အဘွား ဒေါ်ဒေါ်စိမ်း မီးဖိုဘက်မှ ထွက်လာသည်။ သို့သော် ထမင်းစားခန်း အရောက်တွင် ညှိခန်းထဲ၌ မြေးမလေး နွေးနွေးနှင့် ထွန်းထွန်း မျက်နှာချင်းဆိုင် တစ်ယောက်ကို တစ်ယောက် ကြည့်နေကြသည်ကို တွေ့သဖြင့် ဒေါ်ဒေါ်စိမ်းသည် ပုန်းကွယ်လိုက်သည်။

မြေးငယ်မလေး နွေးနွေးသည် ဤအိမ်ဝယ် အငယ်ဆုံးမလေးမို့ ကလေးတစ်ယောက်နှယ် အလိုလိုက် ထားရှိသော်လည်း မြေးမလေးသည် မငယ်လှတော့ကြောင်း ယခု ကြည့်မိမှ သတိထားမိတော့သည်။

နွေးနွေးသည် အကြီးမ ငွေးငွေး ကဲ့သို့ သွယ်သွယ် လျလျ ပျော့ပျော့ပျောင်းပျောင်းလေး မဟုတ်။ အငယ်မ ထွားကျိုင်းပုံမှာ အနောက်တိုင်းသူများ ဆန်သည်။ အရပ်ရှည်သည်။ ခြေတံ

ရှည်လျားလှပပြီး အရပ်အမောင်းနှင့် ခြေတံလက်တံတို့နှင့် ညီထွေသော ရင်အပြည့် တင်အပြည့် ခါးအကျဉ်း ပေါင်တံအလှ လက်တံအလှတို့ အချိုးကျ ညီညာသည်။

ယခု နွေးနွေး၏ နောက်ကျောပိုင်းမှ ကြည့်မြင်ရသည်ပင် လှထွားကြီး ထွန်းထွန်းနှင့် လိုက်ဖက်သော ခန္ဓာကိုယ် အချိုးအစား နွေးနွေးတွင် ရှိနေသည်။

အဘွား စိတ်ထဲတွင်တော့ ဤမြေးမလေးသည် ကလေးငယ် ချာတိတ်မလေးဟုသာ ထင်နေသည်။

ယခု ဤချာတိတ်မလေးသည် ထွန်းထွန်းနှင့် ချစ်သူအဖြစ် ငြိစွန်းနေပြီလား မပြောတတ်။

ဖြစ်နိုင်စရာလည်း ရှိနေသည်။ မိနွေး မန္တလေး တက္ကသိုလ်တွင် သွားနေသည်မှာ တစ်နှစ်ကျော်ပြီး နှစ်နှစ်ထဲ ရောက်နေပြီ။ ထွန်းထွန်းကလည်း ကျောက်မဲဇာတိ ဆိုစေကာမူ မန္တလေးမှာသာ တောက်လျှောက် တက္ကသိုလ်ကျောင်းတက်လာသူ ဖြစ်သည်။

မန္တလေးမှ တောင်ငူသို့ မိနွေးက ပြန်ချင်သည်ဆိုသောကြောင့် ထွန်းထွန်းက လိုက်ပို့ခြင်းပေလား မပြောတတ်။

"အယ် ... ဘယ်လိုပဲဖြစ်ဖြစ် အဘိုးအဘွား ရင်ခွင်ထဲ တစ်သက်လုံး ထားလို့မှ မဖြစ်တာ။ အချိန်အခါနှင့်အမျှ အရွယ်မလင့် ဆိုသလို ထွန်းထွန်းလို လုံတော်လှကောင်း မျိုးသန့်ရိုးသန့်နှင့် ဆိုပါလည်း ငြင်းစရာမှ မဟုတ်တာ"





ဟုသာ သဘောထားလိုက်တော့သည်။

"အစ်ကို ... နွေး မေးထားတာ အဖြေလည်း မဆိုးသေးဘူးနော်"

"ဘာကိုလဲ နွေးနွေး"

ဒေါ်ဒေါ်စိမ်းသည် ပုန်းကွယ်၍ပင် မီးဖိုထဲသို့ ပြန်ဝင်သွားသည်။

"ဦးလေး ဦးမြတ်ကောင်းဟာ ဖလင်ထဲက ပဟေဠိ စာကို ဘာလို့ တင်ကြိုရေးထားတာလဲ၊ သူ ဘာဖြစ်မယ်မှန်း မသိဘဲ တင်ကြိုရေးထားတာ"

"အမြော်အမြင်ကြီးလို့ရယ်၊ သူ့ရဲ့လုပ်ငန်းဟာ အန္တရာယ်ကြီးမှန်း သိလို့ရယ်၊ တင်ကြိုရေးထားတဲ့သဘော ဖြစ်မယ်ပေါ့ နွေးနွေး။ တကယ်လို့ အသက်မသေဘဲ။ ဒီဖလင်လိပ်တွေ အရာရှိချုပ် ဦးစောရန်ဆီ ရောက်သွားလည်း ဒီရေးထားတဲ့စာက အရေးမပါတော့ဘူးလေ။ အဓိက,က ဒီဖလင်လိပ်ဟာ ဦးစောရန်နိုင်ဆီ ရောက်သွားဖို့သာ အဓိကမဟုတ်လား"

"ဒါဆို ... အစ်ကို ရန်ကုန်ဆင်းပြီး ဦးစောရန်နိုင်ကို ဒီဖလင် သွားပေးမယ်ပေါ့ ... ဟုတ်လား"

"သိပ်ကို သွားပေးရမှာပေါ့ နွေးနွေး၊ ဒီဖလင်ဟာ ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုးအတွက် ဘယ်လောက် အကျိုးရှိ

အရေးပါမှန်းမှ မသိတာ။ အစ်ကို့အနေနဲ့ လူအားဖြစ်နေတဲ့အပြင် တိုင်းပြည်နဲ့လူမျိုးအတွက် ဘာမှမလုပ်ခဲ့ဖူးသေးဘူး။ ဒီလောက်တော့ အစ်ကို လုပ်ပေးသင့်တာပေါ့"

"အန္တရာယ်တော့ မသေးဘူး အစ်ကို"

နွေးနွေးက လေးလေးတွဲ့တွဲ့လေး ပြောရင်း သက်ပြင်းလေးပင် ချမိသည်။ ပြီး ဆက်ပြောသည်။

"ညက နွေးတို့အိမ်ကို သူခိုးနှစ်ယောက် ကပ်တယ်ဆိုတာရော၊ အခု ဓားသမားနှစ်ယောက် ဖြောင်ကျကျ အတင့်ရဲရဲနဲ့ ခြံထဲဝင်လာပြီး ဖလင်လိပ်ရဖို့ ကြိုးစားတာရောတွေကို ထောက်ချင့်ကြည့်ရင် အန္တရာယ် ဘယ်လောက်ကြီးတယ်ဆိုတာကို ခန့်မှန်းနိုင်နေတယ် အစ်ကို။ နို့ ... နေပါဦး၊ အစ်ကိုက ရန်ကုန်ကို ဘယ်တော့လောက် ဆင်းမယ်လို့ စိတ်ကူးလဲဟင်"

"ဘယ်တော့ ဆင်းမယ်ဆိုတာတော့ ဘယ်ပြောနိုင်ဦးမလဲ နွေးနွေး၊ အိမ်ပြန်ရောက်ရင် အစ်ကို့ကို ပေးထားတဲ့ မီးခြစ်ကို ထပ်ပြီးရှာရဦးမယ်။ မီးခြစ်ကိုတော့ ဗင် အတွင်းအံကို ဖွင့်ကြည့်ရဦးမယ်၊ အဲဒီနောက်ပိုင်းကျမှ စောမြင့်ဆွေနဲ့ ခင်မောင်ဦးတို့ ဂိုဏ်းရဲ့ အခြေအနေကို အကဲခတ်ပြီး သူတို့အလစ်မှာ လှစ်ခနဲ ဆင်းရမှာပဲ"

"အစ်ကို့တစ်ယောက်တည်းလား"





"ဒါပေါ့ ... အစ်ကို တစ်ယောက်တည်းပေါ့"

နွေးနွေးသည် ထွန်းထွန်းနှင့် မျက်နှာချင်း ဆိုင်မိအောင် သူမ၏ကိုယ်ကို လှည့်လိုက်သည်။ အရည်လဲ့တောက်ပသော မျက်ဝန်းစုံဖြင့် ထွန်းထွန်းကို ကြည့်သည်။

"နွေးပါ ရန်ကုန်ကို လိုက်ခဲ့မယ် အစ်ကို"

"အာ ... ဘယ်ဖြစ်မလဲ"

"ဘာလို့ မဖြစ်ရမှာလဲ၊ ဦးလေးကြီးဦးမြတ်ကောင်းက နွေးကိုလည်း ဖလင်တစ်လိပ် ပေးခဲ့တာပဲဟာ။ နွေးမှာလည်း တာဝန်ရှိတာပေါ့။ နွေးလည်း တိုင်းပြည်ရဲ့ သမီးကောင်း တစ်ဦး ဖြစ်ချင်တာပေါ့ အစ်ကို"

"အဲဒါကတော့ ဟုတ်တာပေါ့ နွေးနွေး။ အစ်ကို့နဲ့အတူ နွေးနွေး လိုက်မယ်ဆိုရင် အစ်ကိုလည်း သိပ်ဝမ်းသာတာပေါ့။ နွေးနွေးကို ကိုယ့်အသက်နဲ့လဲပြီး အန္တရာယ်ကိုလည်း ကာကွယ်ပေးမှာပါ။ ဒါပေမဲ့ ... နွေးနွေးရယ် ..."

"ဒါပေမဲ့ ... ဘာဖြစ်လဲ အစ်ကို"

"ဪ ... ဒီကိစ္စကြောင့် ရန်ကုန်ကို အစ်ကို့နဲ့ နွေးနွေး အတူတူ သွားကြပါတယ်လို့ လူကြီးတွေကို ဖွင့်ပြောလို့ မဖြစ်ဘူး မဟုတ်လား။ ဦးလေးဦးကောင်းမြတ် ဆန္ဒကို ဒီကိစ္စကို ဘယ်သူ့ကိုမှ မသိစေချင်ဘူး မဟုတ်လား"

"အဲဒါတော့ ဟုတ်နေသားပဲ အစ်ကို"

"လူကြီးတွေကို အသိပေးလို့ မဖြစ်လို့ အသိမပေးဘဲ အတူတူ လစ်ပြေးသွားရင်လည်း လူကြီးတွေက နွေးနွေးဟာ အစ်ကိုနဲ့ ခိုးရာလိုက်ပြေးသွားပြီလို့ ထင်ကြမယ်လေ"

"အယ် ... ကြည့် ... ဘာမှန်းလဲ မသိဘူး၊ အစ်ကိုက စွတ်ပြောတာပဲ။ ကဲ ... ပြောဦး၊ အဲဒီလို နားရှက်စရာစကားတွေ ပြောချင်ဦး"

ဤအရွယ်တွင် ဤနှယ် ဆိုးဆိုးဆတ်ဆတ်ကလေး လုပ်တတ်သော အကျင့်ရှိသည်။ သူမ စိတ်ထဲ မခံချင်စိတ်လေး ဝင်လိုက်သည်မို့ သူမ၏ လက်သီးဆုပ် ဖြူဖြူနုနုလေးများဖြင့် ဘာမှ မဆင်ခြင်ဘဲ ထွန်းထွန်း၏ ရင်ခွင်ကျယ်ကြီးကို မိုးသီးမိုးပေါက်ကျအောင် ထုနှက်ပေတော့သည်။

ထွန်းထွန်းက သူမ၏ လက်သီးဆုပ်လေးနှစ်ဖက်ကို သူ့လက်နှစ်ဖက်ဖြင့်မိအောင် ဖမ်းလိုက်ပေသည်။

"နွေးနွေးရဲ့ လက်သီးဆုပ်လေးတွေ နာသွားပါ့မယ် နွေးနွေး၊ အစ်ကို့ ရင်အုပ်က နွေးနွေး လက်သီးလေးနဲ့ထုတာလောက်တော့ ပန်းနဲ့ပေါက်သလောက်သာ ရှိတာပါ"

လက်သီးဆုပ်လေး နှစ်ဖက်ကို ဖမ်းမိသွားတော့လည်း အထုရပ်သွားသည်။

နွေးနွေး၏ လက်နှစ်ဖက်ကို ထွန်းထွန်းက ပြန်မလွှတ်ဘဲ ဆုပ်ကိုင်မြဲ ကိုင်ထားမိသည်။





တစ်ဦးကိုတစ်ဦး မျက်နှာချင်းဆိုင် ငေးကြည့်နေမိကြသည်။

ပြီးမှ နွေးနွေးသည် သူမဘာသာ သတိပြန်ဝင်ကာ သူမ၏ လက်လေးနှစ်ဖက် ထွန်းထွန်း ဆုပ်ကိုင်ထားသည်မှ လွတ်အောင် ရုန်းသည်။

"လွှတ် ... လွှတ်ပါ အစ်ကို၊ တော်ကြာ ဘွားဘွားမြင်သွားရင် နွေးနွေးကို ထိပ်ခေါက်လိမ့်မယ်။ လွှတ်ပေးပါ အစ်ကို"

ထွန်းထွန်းက လွှတ်မပေးလိုက်ပါ၏။

သို့သော် ...

ဘွားဘွား မြင်သွားမည်ကို မစိုးရိမ်ပါနှင့်တော့။ မိနွေးနွေး၏ ဘွားဘွား ဒေါ်ဒေါ်စိမ်းသည် မီးဖိုချောင်ထဲမှ နွေးနွေးနှင့် ထွန်းထွန်း ရှိရာသို့ မြင်ရသည့် ထောင့်ကွယ်မှ သူမ၏ကိုယ်ကို ကွယ်ကာ လှမ်းကြည့်နေသည် ဖြစ်ပါ၏။

နွေးနွေး၏ လက်သီးဆုပ် ထုနှက်ချက်လေးများကိုလည်း မြင်ပါ၏။ ထွန်းထွန်း၏ နွေးနွေးလက်ကို အဆုပ်အကိုင်ရှိသည်ကိုလည်း မြင်ပါ၏။ ဘွားဘွား ဒေါ်ဒေါ်စိမ်းသည် သူမရင်ထဲတွင် မှတ်ချက်ပြုလိုက်သည်။

"အင်းပေါ့လေ ... ဒါဆိုလည်း ပြီးတာပေါ့"ဟူ၍ပင်။

တကယ်တမ်းမှာမူ နွေးနွေးနှင့် ထွန်းထွန်း အဖြစ်မှာ ဘွားဘွား ထင်သလို မဟုတ်ကြသေး။ ထွန်းထွန်း အနေနှင့်

နွေးနွေးအား စိတ်ဝင်စားမိနေပြီ ဖြစ်သော်လည်း ချစ်ခင်ပါသည်ဟု ဖွင့်မပြောရသေး။ နွေးနွေးကို ထွန်းထွန်းသည် တိတိပပ အကဲခတ်၍ မရသေး။

မနွေးနွေးသည် ညီ'ငယ်က အစ်ကိုကြီး အပေါ်တွင် နွဲ့ဆိုး ဆိုးနေသည့် ကလေးဆန်နေခြင်းပေလား။

သို့မဟုတ် နွေးနွေး၏ အတွင်းအစျွတ္တစိတ်ကပင် ထွန်းထွန်း အပေါ် ပြန်ချစ် လက်ခံခြင်းပေလား။

မသဲကွဲသေး။ တော်ကြာ ယခုလို ခင်မင်နေလျက်ကြားက ဖွင့်ပြောလိုက်လေမှ ကက်ကက်လန် ရန်တွေ့ခံရပြီး တစ်ချီတည်း ခွာပြဲသွားမည်ကို ထွန်းထွန်း သိပ်ကို စိုးရိမ်မိသည်။

ထို့ကြောင့် ထွန်းထွန်း အဖို့ ခင်မင်သည်ထက် ပိုမိုခင်မင်လာသော အချိန်ကို စောင့်စားရပါဦးမည်။

မိန်းမကဲခတ်ရသည်မှာ စိန်ကဲ ကျောက်ကဲ ခတ်ရသည်ထက် ပိုမိုခက်ခဲနက်ရှိုင်းလွန်းလှပါ၏။





# ၆

တစ်အိမ်လုံး အနှံ့အပြား ဒေါင်း[illegible] ရှာသော်လည်း မတွေ့။

ဦးသာဝက ထွန်းထွန်း ရောက်လာသည့်နေ့က KENT မီးခြစ်ကို ဧည့်ခန်းစားပွဲပေါ် ပစ်တင်ထားသည်ကိုတော့ တွေ့သည်။ သို့သော် ထိုစားပွဲပေါ်မှ မီးခြစ်ကို သူ မသိမ်းမိ၊ ထပ်မံ၍လည်း မတွေ့ဟု ဆိုသည်။

သို့သော် မီးခြစ်လေးကို ဘယ်လိုမှ ရှာမတွေ့။

ဥစ္စာပျောက် ငရဲရောက်ဟု ဆိုချင်လည်း ဆိုစေတော့။ မီးခြစ်လေးက အသစ်လှလှလေးမို့ ဦးသာဝ ယူထားလေသလား။

ကျော်စိုးကတော့ ဦးသာဝနှင့် ပတ်သက်ပြီး ဦးသာဝသည် အလွန်ရိုးသားကြောင်း ပြောခဲ့သည်။ ဦးသာဝနှင့် အတူနေခဲ့သော သက်တမ်းတစ်လျှောက်ဝယ် အိမ်မှ အပ်တစ်ချောင်းပင် ပျောက်ခဲ့သည်ဟူ၍ မရှိစဖူးခဲ့။

ကျော်စိုး အိမ်တွင် မိခင်၏ ကျန်ခဲ့သော လက်ဝတ်လက်စား စိန်ထည် ပတ္တမြားထည် ရွှေထည်တွေကို ကျော်စိုးသည် ဒီအတိုင်းပင် ဗီရိုအံဆွဲတွင် ထားခဲ့သည်။

ဘာတစ်ခုမျှပင် ပျောက်သည် မရှိခဲ့ဟု ဆိုသည်။

ကောင်းပြီ ...

ဤအိမ်တွင် ကျော်စိုး သွားပြီးနောက် မိမိနှင့် ဦးသာဝ နှစ်ယောက်သာ ရှိသည်။

ဦးသာဝ မယူရိုးမှန်လျှင် တခြားအပြင် လူတစ်ယောက် ဝင်ရောက်ယူသွားခြင်းပေလား။

အဲဒါလည်း ဖြစ်နိုင်သည်။

ကျော်စိုး၏ တစ်ထပ်တိုက်အိမ်လေးသည် လှလှပပနှင့် အလင်းရောင် ရရှိရေးအတွက် ပြတင်းပေါက်တွေ များလှသည်။

မိမိကလည်း အိပ်ပုပ်ကြီးသည်။

ဦးသာဝကလည်း မိုးလင်းလျှင် ဈေးသွားတတ်သည်။ ယင်းအချိန်ဝယ် အပြင်လူတစ်ဦးဦး ပြတင်းပေါက်မှ ကျော်ဝင်ပြီး KENT မီးခြစ်ကို ယူသွားခြင်းပေလား။

သို့သော် အိမ်တွင် အဖိုးတန်ပစ္စည်းတွေ အများကြီး ညှို့ခန်းမှာပင် ရှိသည်။ ယုတ်စွအဆုံး ကျော်စိုး၏ ဆိုနီဂျပန်လုပ် အစစ် ကက်ဆက်ကို ခိုးယူသွားဦးတော့ သုံးလေးသောင်းနှင့် ရောင်း၍ ရနိုင်သည်။

နောက်တစ်မျိုးထပ်ပြီး စဉ်းစားလျှင် ...





စောမြင့်ဆွေနှင့် ခင်မောင်ဦးသည် တခြားအဖိုးတန်ပစ္စည်းကို လိုချင်သည်မဟုတ်။

ဦးလေး ဦးမြတ်ကောင်းထံမှ ဖလင်လိပ်ကိုသာ လိုချင်သူ ဖြစ်သောကြောင့် သူတို့ပင်လျှင် ပြတင်းပေါက်ကျော်ဝင် ယူသွားခြင်းပေလား။

မည်သို့ပင်ဖြစ်စေ ထို KENT မီးခြစ်လေးကို ရှာမတွေ့သေးသောကြောင့် ထွန်းထွန်း ရန်ကုန်သို့ မသွားနိုင်သေး။

နွေးနွေး လက်တွင်ရှိနေသော ဖလင်လိပ်လေးကို ပထမတော့ ထွန်းထွန်းပင် ယူပြီးသိမ်းထားမည်ဟု စိတ်ကူးသေးသည်။

သို့သော် ... ထွန်းထွန်း အိမ်၌ ထားရှိရန် မလုံခြုံမှန်း လက်တွေ့အားဖြင့် ထွန်းထွန်းကို ပေးခဲ့သည့် မီးခြစ်က သက်သေခံနေသည်။

နွေးနွေးတို့ အိမ်ကြီးက နှစ်ထပ် ထုထည်အခိုင်အခန့်နှင့် ခြံစည်းရိုး ကျကျနန အကာအရံဖြင့် လုံခြုံမှု ပို၍ကောင်းသောကြောင့် နွေးနွေး ဆီမှာပင် ထိုဖလင်လိပ်ကို ဆက်ပြီးထားရှိပါ၏။

နွေးနွေး၏ စိတ်ဓာတ်လေးကလည်း ထိုဖလင်လိပ်လေးမှာ သူမအား ဦးလေးကြီး ဦးမြတ်ကောင်းက ပေးခဲ့သော တာဝန်မို့ သူမ ကိုယ်တိုင် အစ်ကိုထွန်းထွန်းနှင့်အတူ ရန်ကုန်ဆင်းပြီး ပေးချင်နေသော ဆန္ဒရှိနေသည်။

ထွန်းထွန်း အဖို့ တစ်နေ့ပြီး တစ်နေ့ ရက်တွေသာ ပုပ်လာသည်။

တောင်ငူတွင် ရက်တွေပုပ်အောင် နေသလောက် ဦးလေးအောင်နှင့် ဒေါ်ဒေါ်စိမ်းတို့ အိမ်သို့လည်း နေ့စဉ်လိုလို ရောက်နေသည်။

ယခုဆိုလျှင် ထွန်းထွန်းသည် ဦးလေးအောင် ဒေါ်ဒေါ်စိမ်း မိသားစု အားလုံးနှင့် ရင်းနှီးကာ သူစိမ်းမဆန်တော့ဘဲ အိမ်သားတစ်ဦးကဲ့သို့ပင် ရှိနေပေပြီ။

ထွန်းထွန်း၏ အနေအထိုင် အမူအကျင့် သိက္ခာ သမာဓိကို အိမ်သားအားလုံးက ကြာလေ ခတ်သိဖြစ်လေ ဖြစ်ပြီး လက်ခံ ခင်မင်ကြသော အသွင်တွေ ရှိလာကြသည်။

အရာရာတွင် ဣန္ဒြေကြီးစွာဖြင့် လူကြီးဆန်ဆန် နေတတ် ထိုင်တတ်သော ငွေငွေ ပင်လျှင် ထွန်းထွန်းအား တစ်စထက်တစ်စ လိုက်လျောမှုလေးတွေ ရှိလာပေသည်။

ထွန်းထွန်း၏ ပင်ကိုယ်စရိုက်ကပင် ရင်းနှီးလာလျှင် ရွှတ်တီးရွှတ်နောက်လေးတွေ လုပ်လေ့ရှိသည်။ ယင်းအမူအကျင့်ကပင် နွေးနွေးတို့ တစ်အိမ်လုံး၏ အလေးထားသော အရှင်သခင် ဦးလေးအောင်နှင့် ထွန်းထွန်းတို့ အဖွဲ့ကျ ပိုမိုခင်မင်လာခြင်းလည်း ဖြစ်သည်။

ဦးလေးအောင်သည် ခရိုင်ရဲဝန်ဟောင်းတစ်ဦး ဖြစ်ခဲ့သည်မို့ သူ ငယ်စဉ်နုစဉ်က အတွေ့အကြုံလေးများကို ရွှတ်တီး ရွှတ်နောက်ဖြင့် တဟီးဟီး တဟားဟား ရယ်ပြောကာ စိတ်ပျိုကိုယ်နုသူတစ်ဦး ဖြစ်ပါ၏။

သို့သော် ...





ယခုတလော ခက်နေသည်က နွေးနွေး။

တစ်အိမ်သားလုံးနှင့် ခင်မင်ရင်းနှီးပြီး နွေးနွေးတို့ အိမ်မှာပင် ထမင်းဝိုင်း အတူစား၊ ကော်ဖီဝိုင်း အတူဝင်၊ လက်ဖက် ချင်းသုပ် စသဖြင့် ရေနွေးကြမ်းဝိုင်း အတူတူ ဝိုင်းကြသည့်အခါ ငွေငွေက ထွန်းထွန်းအား စေတနာဗလပွဖြင့် လောကွတ်ပျူငှာ စကားလက်ဆုံ ကြပြီဆိုလျှင် နွေးနွေး၏ မျက်နှာလေး သုန်မှုန်သွားတတ်ပေသည်။ တစ်ခါတလေ ...

"နွေးနွေး ပျင်းပြီ"

ဟုပြောကာ သိသိသာသာကြီးပင် ဝိုင်းထဲမှ ထပြီး နွေးနွေး ထွက်သွားတတ်သည်။ အိမ်ပေါ်ထပ် တက်သွားသည်။ ထွန်းထွန်း အိမ်ပြန်သည်အထိ နွေးနွေး ပြန်ဆင်းမလာပါလေတော့။

ဤကိစ္စတွင် ...

ဒေါ်ဒေါ်စိမ်း၏ ကျားကွက်ကလေး ဆင်ထားကြောင်းကို မည်သူမျှ မသိကြ။

ငွေငွေ ကိုယ်တိုင်ပင် မသိ။

ဒေါ်ဒေါ်စိမ်း တစ်ဦးသာလျှင် သူမ ဘာသာဝမ်းထဲက သိရှိပေသည်။

ပထမတော့ ဒေါ်ဒေါ်စိမ်းသည် ထွန်းထွန်းနှင့် မြေးငယ်မလေး နွေးနွေးတို့ တစ်ယောက်ကို တစ်ယောက် ငြိစွန်းကြပေသလားဟု ထင်ခဲ့သည်။ ယူမှတ်မိသည်။

သို့တစေ တကယ်တမ်း၌မူ နွေးနွေးနှင့် ထွန်းထွန်း ပွင့်ပွင့်လင်းလင်း ဘာမှ မဖြစ်သေးကြောင်း ဒေါ်ဒေါ်စိမ်း အကဲခတ် သိရှိသွားသည်။

ထွန်းထွန်းကို ဒေါ်ဒေါ်စိမ်း ကိုယ်တိုင် သဘောကျသည်။

အမိက ဒေါ်ဒေါ်စိမ်း ဖြစ်သွားစေချင်သည်မှာ ထွန်းထွန်းနှင့် မြေးအကြီးမ ဌေးဌေးကို ဖြစ်မြောက်သွားစေချင်သည်။ မြေးငယ်မလေး နွေးနွေးမှာ အိမ်ထောင်ချပေးရန် အရွယ်ငယ်လွန်းသေးသည်။ ကျောင်းနေဆဲလည်း ဖြစ်သည်။ ပြီး ... နွေးနွေးက လောကအကြောင်း ဘာမျှမသိသေး။

အိမ်ထောင် ချပေးရတော့မည် ဆိုပါက ပထမ ဌေးဌေးကိုသာ ချထားရမည်ဟု ယူမှတ်သည်။

ကျော်စိုးက မြေးအကြီးမ ဌေးဌေး အပေါ်တွင် စိတ်ဝင်စားနေမှန်းနှင့် ဌေးဌေးက ကျော်စိုး အပေါ် ပြန်လည် တုံ့ပြန်သော မေတ္တာမရှိကြောင်းလည်း ဒေါ်ဒေါ်စိမ်း အကဲခတ် သိရှိထားပြီးသား။

သေချာတွက်ကြည့်စတမ်း ဆိုလျှင် ကျော်စိုးသည် တောင်ငူသား ဖြစ်သည်။ ထွန်းထွန်း ကဲ့သို့ပင် မန္တလေးတက္ကသိုလ်မှ ဘွဲ့ရပြီးသား ဖြစ်သည်။ မိဘလက်ငုတ်လက်ရင်းလုပ်ငန်းနှင့် ဥစ္စာပစ္စည်းလည်း မိဘမရှိသည့်နောက် အားလုံး ကျော်စိုး ပိုင်ဆိုင်သည်။





ကျော်စိုးသည် အိမ်ပါ အမေတည့် ဆိုသည့် အနေအထား ရှိသည်။

ထွန်းထွန်းနှင့် ကျော်စိုး အရည်အသွေးခြင်း တူသည် ပဲထား။ ထွန်းထွန်းတွင် ယခု အချိန်ထိ ကျောက်မဲတွင် မိဘနှစ်ပါး ရှိနေသေးကြောင်း၊ ထွန်းထွန်းကို လက်ထပ်သော မိန်းကလေးသည် ယောက္ခထီး ယောက္ခမနှင့် မလွဲမသွေ ဆက်ဆံရမည်။

သို့သော် ဌေးဌေးက ကျော်စိုးကို နှစ်နှစ်သက်သက် မရှိ။ လက်ခံဖို့ အင်တင်တင် ဖြစ်နေမှန်း ဒေါ်ဒေါ်စိမ်း သိနေသည်။

"မဖြစ်ဘူး ထင်တယ် ဘွားဘွား၊ ကိုကျော်စိုးဟာ ပွင့်လင်းမှု မရှိဘူး၊ ဟန်ဆောင်မှုတွေ များလွန်းတယ်၊ သဘောထား နုမလား မသိဘူး၊ ဌေးဌေးက ယောကျ်ားဆို ဘိုးဘိုးလို ဟန်ဆောင်မှုမရှိ၊ ပွင့်ပွင့်လင်းလင်း ဟောဟောဒိုင်းဒိုင်းမှ သဘောကျတာ။ ယောကျ်ားဟာ မိန်းမဆန်နေရင် ဇနီးမယားဖြစ်တဲ့ မိန်းမသားနဲ့ ဘယ်လိုပေါင်းစပ်လို့ ရတော့မလဲ၊ ယောကျ်ားဟာ ယောကျ်ားဆန်မှ ကိုယ့်သားမယားရဲ့ အပေါ်မှာ သဘောထား ကြီးမားစွာနဲ့ အမှားရှိတောင် ခွင့်လွှတ်မယ်၊ သည်းခံမယ်ပေါ့ ဘွားဘွား"

ဟု သူမ၏ ဘွားဘွားကို ဌေးဌေးက ဖွင့်ပြောပြီး ကိုကျော်စိုးကို လက်မခံချင်ကြောင်း ပြောဖူးသည်။

ဒါကို ဒေါ်ဒေါ်စိမ်းကလည်း အလေးအနက်ထား စဉ်းစားပါ၏။

ထွန်းထွန်း ကျတော့ ငွေငွေတို့၏ ဘိုးဘိုး၊ မိမိ၏ ခင်ပွန်း ဦးကြံတိုင်းအောင်လိုလူမျိုး ဖြစ်နေသည်။ ဟန်မရှိ၊ ပန်မရှိ၊ အရာရာတွင် ပွင့်လင်းသည်။ ယောကျ်ားဆန်လွန်းသော ယောကျ်ားမျိုး ဖြစ်သည်။

ထွန်းထွန်းအား ငွေငွေ သဘောအကျဆုံးမှာလည်း စိတ်နေသဘောထား ယောကျ်ားပီသလှရုံမက ကိုယ်ကာယ အရုပ်အမောင်းနှင့် ကျန်းမာရေးမှာလည်း ဒေါင်ဒေါင်မြည်အောင် ယောကျ်ားပီသလှသည်။

ကိုကျော်စိုးသည် ဖြူသည်၊ သွယ်သည်၊ လူချော လူလှတစ်ဦးဟု ဆိုနိုင်သည်။

ငွေငွေ ကိုယ်တိုင်ကလည်း ဖြူဖြူသွယ်သွယ် မိန်းမချော မိန်းမလှလေး ဖြစ်ပါ၏။

သို့သော် ...

ငွေငွေ တို့လို ယနေ့ခေတ် အမျိုးသမီးတို့သည် ယောကျ်ားဆိုလျှင် ထွန်းထွန်းလို မြင်ရုံနှင့် အားကိုးလောက်အောင် ကျားကျားလျားလျားရှိမှ သဘောကျချင်သည်။

ကျားဆိုမှာတော့ ကျားနှင့်တူမှ။ ကျားသည် ယုန်ကလေးလို အမွေးပွလေးနှင့် လှနေလို့ကော ဘာလုပ်တော့မည်နည်း။

ဒါတွေအားလုံးကို ပါးနပ်လှသော ဒေါ်ဒေါ်စိမ်းက အားလုံး အကဲခတ်မိသည်။





ပြီး ... ဒေါ်ဒေါ်စိမ်းသည် ဤအိမ်ကြီးဝယ် မြေးအကြီးမ ငွေငွေကိုသာ အမိကထားသူပီပီ မြေးမကြီး ငွေငွေ၏ သဘောအတိုင်း ဖြစ်စေချင်သည်။

ထို့ထက်မှာမူ ...

ထွန်းထွန်း လိုလူသည် မိန်းကလေးဘက်မှ ငြင်းစရာ တစ်ကွက်မရှိသူ ဖြစ်သည်။

မြေးငယ်မလေး နွေးနွေးအား ဒေါ်ဒေါ်စိမ်းက မချစ်၍မဟုတ်။ မြေးအငယ်ဆုံးမို့ ချစ်ရုံမက သနားစိတ်ပင် ပိုသေးသည်။

သို့သော် ...

နွေးနွေးလေးသည် အသက်ငယ်လွန်းသေးသည်။

အိမ်ထောင်ပြုခြင်းပြုလျှင် မြေးအကြီးမ ငွေငွေသာ ပြုသင့်သော အသက်အရွယ်နှင့် အချိန်အခါ ရောက်နေပြီ။

ယင်းကြောင့်ပင် ထွန်းထွန်းအား ငွေငွေနှင့် ပို၍ပို၍ ရင်းနှီးစေသော အကွက်များကို ဒေါ်ဒေါ်စိမ်း ဖန်တီးနေခြင်း ဖြစ်ပါ၏။

ထွန်းထွန်း အနေနဲ့ကတော့ ဒါတွေ ဘာမှမရိပ်မိနားမလည်ပေ။ ထွန်းထွန်း ဆုံးဖြတ်ထားသည်မှာ နွေးနွေးကို ချစ်သည်။ တစ်နေ့နေ့တွင် ဂျစ်တူးမလေး နွေးနွေးအား အခါအခွင့်ကြည့်ပြီး မေတ္တာရှိနေကြောင်း ဖွင့်ပြောမည်။

ယခု ဖွင့်မပြောသေးမီ ကာလအတွင်း ...

ဦးလေးအောင်နှင့် သင့်အောင်ပေါင်းရမည်။

ဒေါ်ဒေါ်စိမ်းနှင့်လည်း သင့်အောင်ပေါင်းရမည်။

အထူးသဖြင့် ဤအိမ်ကြီးဝယ် ငွေငွေသည် အဘိုးအဘွားကိုရော ညီမငယ် နွေးကိုရော ကြိုးကိုင်နေသူမို့ ငွေငွေအား ပိုပြီး လိုက်လိုက်လျောလျောနှင့် သင့်အောင်ပေါင်းရမည်ဟူ၍သာတည်း။

ထွန်းထွန်း ချိုးနေသော အပေါက်မှာ အသီးဖြစ်သော နွေးနွေးကို လိုချင်သောကြောင့် အပင်ဖြစ်သည့် ဦးလေးအောင်၊ ဒေါ်ဒေါ်စိမ်းနှင့် ငွေငွေတို့ကို အပင်ချိုင်နေခြင်းသာ ဖြစ်ပါ၏။

တစ်ခါတလေ ထွန်းထွန်းက စိတ်ကူးယဉ်လိုက်သေးသည်။

သူငယ်ချင်း ကျော်စိုးက အကြီးမ ငွေငွေနှင့် လက်ထပ်။

မိမိက အငယ်မလေး နွေးနွေးနှင့် လက်ထပ်။

သူငယ်ချင်းစုံတွဲနှင့် ညီအစ်မစုံတွဲ ဖြစ်သွားလျှင် ဘယ်လောက် နိပ်မည်လဲ။

ကျော်စိုးကို တွေ့လျှင် ထွန်းထွန်းက သက်တူရွယ်တူခြင်း ဖြစ်စေကာမူ တမင်တကာ "အစ်ကို"ဟု နိမ်၍ ခေါ်မည်။

သူက အစ်မကို ယူထားသူပေကိုး။ ပြီး ... ထပ်ပြီး ရှိနိုင်သေးသည်။

"ဟော့ကောင် ... ကျော်စိုး၊ မင်းဟာကြီးက သီးမှည့်တဝင်းဝင်း ပါကွာ၊ တော်ကြာ အမှည့်လွန်ပြီး ပုပ်သွားမှာ။ ငါ့ ဟာလေးကမှ 'သီးကင်း' တစ်တစ်ရစ်ရစ်နဲ့ နုနုထွတ်ထွတ်လေး"





ဟူ၍။

ယင်းသို့သာ ဆိုပါက ကျော်စိုး တစ်ယောက် ဘယ်လောက် မခံချင်ဖြစ်ပြီး ဝူးဝူးဝါးဝါး ဖြစ်သွားလေမည်နည်း။

ဒါဆို တော်တော်ပျော်စရာ ကောင်းပေလိမ့်မည်။

ထွန်းထွန်းကတော့ သူ့စိတ်ကူးနှင့်သူ မြူးနေပါ၏။ သူ၏ အသီးလို၍ အပင်ချိုင်ခြင်းမှာလည်း တော်တော်ခရီးရောက်နေပြီဟု ယူဆသည်။

အကယ်၍ ယခုအချိန်တွင် နွေးနွေးလေးအား သူက မေတ္တာရှိကြောင်း ဖွင့်ပြော၍ နွေးနွေးက ကက်ကက်လန်ပြန်၍ ရန်တွေ့သည်ပဲ ထား။

ကိစ္စမရှိ။

ထွန်းထွန်း အဖို့ ထိုအိမ်သို့ အဝင်အထွက် ပျက်မသွားဘဲ ဆက်၍ ဝင်ထွက်နိုင်မည်။

အကယ်၍ နွေးနွေးက လူကြီးတွေကို ပြန်တိုင်သည်ထားဦး။ ဦးလေးအောင်၊ ဒေါ်ဒေါ်စိမ်းနှင့် ငွေငွေတို့က မိမိအား စိတ်ဆိုးလိမ့်မည် မဟုတ်။ နားဖောက်ပြီးသားပင် ဖြစ်သွားလေဦးမည်။

ထွန်းထွန်းကသာ ဒေါ်ဒေါ်စိမ်း၏ ဆင်ကွက်ကိုဘာနားမလည် ညာနားမလည်ဖြင့် မိမိလိုရာကို စွတ်တွေးနေသည်။

နွေးနွေးကတော့ ဘွားဘွားနှင့် မမငွေတို့၏ အပြုအမူနှင့် အမူအရာကို ရိပ်မိပါ၏။

အရွယ်ရောက်လာသော အမျိုးသမီးတစ်ယောက်သည် အသက်ငယ်စေကာမူ ဤနေရာမျိုး၌ ချက်ဆို နားခွက်က မီးတောက်အောင် နားလည်ကြပေသည်။

သူမ အစ်ကိုထွန်းထွန်းသည် တစ်နေ့နေ့တွင် မိမိအား ချစ်ရေးဆိုလေတော့မည်မှန်း အစ်ကိုထွန်းထွန်း၏ အရိပ်အကဲ အပြုအမူနှင့် ကြည့်သော မျက်လုံးတွေအကြောင်း နွေးနွေးက တင်ကြိုရိပ်မိထားသည်။

သို့သော် အစ်ကိုထွန်းထွန်းသည် ဓားသမားနှစ်ဦးအား အနိုင်ကြိုးရဲသောသတ္တိ ရှိစေကာမူ ဒါမျိုးနှင့် ပတ်သက်ပြီး အတွေ့အကြုံ မရှိရှာဘဲ၊ ရိုးသားလွန်းသော အတ္တဘောကြီး ဖြစ်နေသောကြောင်သာ ဖြစ်ချိမ့်မည်။

နွေးနွေး ကဲ့သို့ အရာရာတွင် လှပလွန်းနေသော အမျိုးသမီးငယ်တစ်ဦးအဖို့ အမျိုးသား တော်တော်များများ၏ မေတ္တာစကား ဖွင့်ဟချက်များ ကြားရဖန်များသည်မို့ မဆန်းတော့ကြောင်း အစ်ကိုထွန်းထွန်း မသိလေရော့သလား။

အထက်တန်းကျောင်းသူ ဘဝတုန်းကပဲဖြစ်ဖြစ် ယခု မန္တလေးတက္ကသိုလ်သို့ ရောက်ပြီးနောက်ပဲဖြစ်ဖြစ် နွေးနွေးအား မေတ္တာစာပေးသူများ၊ မေတ္တာစကား ပြောဆိုသူများ ဒုနှင့်ဒေး ရှိခဲ့သည်။

ယင်းအမျိုးသားတွေကျတော့လည်း ရဲတင်းလိုက်ကြသည့် ဖြစ်ခြင်း။





ကျော့ကွင်းမတိုးမိအောင် နွေးနွေးမှာ ဂရုစိုက်ရှောင်ရှားရပါ၏။

ယခု အစ်ကိုထွန်းထွန်း ကျတော့ သူ့ရဲဘောကြောင် လှသည်။

ဒီကြားထဲ မမငွေးကို ကြည့်ရသည်မှာ တစ်မျိုးဖြစ်နေသည်။

အစ်ကိုကျော်စိုးသည် မမငွေးကို မာဒဂ်ခွဲဖြင့် ချစ်ရေးဆို ချဉ်းကပ်နေမှန်း နွေးနွေး အသိ။

သို့ပေမဲ့ မမငွေးသည် ယခုအစ်ကိုထွန်းထွန်းအား လိုက်လျောပုံမျိုး။ ပျူငှာပုံမျိုး အစ်ကိုကျော်စိုးအား မပြုမူခဲ့ပေ။

နွေးနွေး ရင်ထဲဝယ် အစ်ကိုထွန်းထွန်းနှင့် မမငွေးတို့ အကြည်ဆိုက်နေသည်ကို မြင်ရလေတိုင်း နာကျင်သော ဝေဒနာတစ်ခုကို ခံစားရသည်။

ထိုဝေဒနာကို ဆက်ပြီး ခံစားနိုင်စွမ်း မရှိသည့်အဆုံး နေရာမှ ထပြေးလာခဲ့ရသည့် အကြိမ်ပေါင်းလည်း များလှပြီ။

ဩော် ... အစ်ကိုထွန်းထွန်း ရိုးတယ်ဆိုတာ အ,တာနဲ့ အတူတူပဲ ဆိုတာ အမှန်ပါပေပဲလား။

## (၇)

ယနေ့ ထွန်းထွန်း ထံသို့ စာတိုက်မှ စာနှစ်စောင် ရောက်လာသည်။

စာအိပ်ပေါ်မှ လိပ်စာကတ်ထားသော လက်ရေးကို ကြည့်မြင်လိုက်သည်နှင့် မည်သူ ပေးပို့သောစာမှန်း ထွန်းထွန်း သိပါ၏။

တစ်စောင်မှာ ဖေဖေ့လက်ရေးလိပ်စာနှင့် ဖေဖေ့ထံမှ ပို့လိုက်သောစာမို့ ဖေဖေ့စာ။

နောက်တစ်စောင်မှ ကျော်စိုး၏ လက်ရေးလိပ်စာ ဖြစ်သည်။

ဖေဖေ့၏စာကို ဖွင့်မဖတ်မီ စာအိတ်ပေါ်၌ ပေးပို့သော မြို့မှစာတိုက်တံဆိပ်ဝိုင်းလေးကို ကြည့်လိုက်ရာ မန္တလေး စာတိုက် တံဆိပ်ဝိုင်း ဖြစ်နေသည်ကို တွေ့ရသည်။

ဖေဖေနှင့် မေမေ မန္တလေးသို့ ရောက်နေပေပြီ။





ခါတိုင်းနှစ်တွေကဆိုလျှင် ဖေဖေနှင့် မေမေသည် ဒီဇင်ဘာလကုန်ပြီးမှ မန္တလေးသို့ ဆင်းလာပြီး မန္တလေးပွဲရုံ၏ နှစ်ပတ်လည် နှစ်ချုပ်ရှင်းတမ်းကို လာရောက်စစ်ဆေးပြီး ကျောက်မဲ၏ ဆောင်းရာသီ အအေးဒဏ်ကို ရှောင်ရင်း ဆင်းလာခြင်းမျိုး ဖြစ်သည်။

ယခု မန္တလေးသို့ ဆင်းလာခြင်းမှာ ဒီစာတိုက်တံဆိပ်ဝိုင်းအရ နိုဝင်ဘာလထဲတွင် ဖြစ်နေသည်။

ဘာကြောင့်များ ဖေဖေနှင့် မေမေ မန္တလေးသို့ ခါတိုင်းထက် ပိုစောပြီး ဆင်းလာပေသနည်း။

"အင်းလေ ... ဖေဖေ့ စာထဲမှာ အကျိုးအကြောင်းပါမှာပေါ့"

ဖေဖေ့စာကို ဖောက်မည် လက်ပြင်စဉ်မှာပင် တယ်လီဖုန်းမြည်သံ ထွက်လာသောကြောင့် တယ်လီဖုန်းဆီ ပြေးသွားကောက်ယူ နားထောင်အသံပေးလိုက်သည်။

"အမိန့်ရှိပါ ကျော်စိုးရဲ့ အိမ်ကပါ"

"ဘာ ... ကျော်စိုးရဲ့ အိမ်ကလည်း၊ ကိုထွန်းထွန်း လက်ရှိနေနေတာပဲဟာ၊ ကိုထွန်းထွန်း အိမ်ကပါလို့ ပြောပါတော့လား"

"ဩော် ... မဌေးဌေးလား။ ဘယ့်နှယ် နေ့ဝက်ကြီး ဈေးမထွက်ဘဲ အိမ်က ဆက်နေတာလား မဌေးဌေး"

"အင်းပေါ့ ... ဒီနေ့ နေ့တစ်ဝက် ဆိုင်သိမ်းပြီး အိမ်ပြန်လာတယ်။ ဒါကြောင့် ကိုထွန်းထွန်းဆီကို ဌေးဌေးအိမ်က ဖုန်းနဲ့ဆက်တာ"

ဤ တောင်ငူမြို့ဝယ် ယခုအချိန်ထိ မိမိကို "ကိုထွန်းထွန်း"ဟု ခေါ်သည့် အမျိုးသမီးမှာ မဌေးဌေး တစ်ဦးသာလျှင် ရှိသေးသည်။

ထို့ကြောင့် တယ်လီဖုန်းဆက်သော အမျိုးသမီးမှာ မဌေးဌေးဟု ထွန်းထွန်း ချက်ချင်းသိခြင်း ဖြစ်သည်။

နွေးနွေးက ဆက်လျှင် မိမိကို "အစ်ကို"ဟု ခေါ်တတ်သည်။ တစ်ခါတလေ အစ်ကိုထွန်းထွန်း ဟုလည်း ခေါ်တတ်သည်။

ဦးလေးအောင်နှင့် ဒေါ်ဒေါ်စိမ်းကမူ မိမိကို "မောင်ထွန်းထွန်း"ဟု ခေါ်ကြပါ၏။

"အာ ... ပါးပါး ... ကျားသားမိုးကြိုး မဌေးဌေးရယ်။ ဒီလောက် အရောင်းအဝယ်မှာ ဝီရိယစိုက်ပြီး လောဘကြီးတဲ့ မဌေးဌေးက နေ့ဝက်ကြီးနဲ့ ဆိုင်ပိတ်ဈေးသိမ်းတာဆိုတော့ ဒီနေ့အဖို့ တောင်ထိပ်မှာ ကြာပေါက်ပြီး အနောက်ဘက်က နေထွက်တော့မှာပဲ"

"အံမယ် ... အဲဒီလောက်လည်း ဌေးဌေးကို လောဘအိုးလို့ မထင်ပါနဲ့ ကိုထွန်းထွန်း၊ နေရာတိုင်းမှာလိုက်ပြီး





ဌေးဌေးက လောဘကြီးတတ်တာ မဟုတ်ပါဘူးနော်။ သူ့နေရာနဲ့သူပါ"

"ဒါဖြင့် ... အခု မဌေးဌေး နေ့ဝက်ကြီး ဆိုင်ပိတ်လာတာ နေမကောင်းလို့များလားဗျာ"

ဒီလို ပြန်မေးသည်ကို ဌေးဌေးက နှစ်ခြိုက်စွာ တဟင်းဟင်းလေး ရယ်လိုက်သံ ကြားရပါ၏။ ထွန်းထွန်း၏ နေမကောင်းလို့လားဗျာဟု ဂရုတစိုက် မေးလိုက်သည်ကို ဌေးဌေး ကျေနပ်သဘောကျသွားသည် ထင်ပါ၏။

"ဌေးဌေး နေကောင်းပါတယ် ကိုထွန်းထွန်း၊ ဌေးဌေးက ရောဂါသည်မှ မဟုတ်တာ။ နေကောင်းတာမှ ဒေါင်ဒေါင်မြည် သိလား"

"သြော် ... သြော် ... ကျွန်တော်က နေမကောင်းလို့များလားလို့ စိတ်ပူပြီး မေးမိလိုက်တာပါ။ ကဲ ... ဒါဖြင့်ဆို ကျွန်တော်က မဌေးဌေးကို ဘာအကူအညီ လုပ်ပေးရမလဲ"

"ဌေးဌေးတို့ မိသားစုနဲ့ ဈေးထဲက ဌေးဌေး အဖော်တွေစုပြီး နက်ဖြန် ပသီချောင်း ရေတံခွန်မှာ ပျော်ပွဲစား သွားကြမလို့။ ဒီနေ့ မနက်ပိုင်းမှာပဲ ဈေးမှာ ဌေးဌေး လာဘ်တိုက်လာလို့လေ"

"လာဘ်တိုက်ရင် တွဲကိုစားပြီး ကိုးကိုတော့ လျော်ပေါ့ မဌေးဌေး"

"အဲ ... အဲဒါက ဘာစကားလဲ ကိုထွန်းထွန်း၊ ဌေးဌေး နားမလည်ဘူး"

"ဖဲသမားစကားပါ မဌေးဌေး။ လာဘ်ဆိုတာ ရှစ်။ တွဲဆိုတာ ခုနစ်၊ ကိုးဆိုတာကတော့ ကိုးပေါ့။ ကိုးမီးဆိုတဲ့ဖဲကစားနည်းမှာ ဒိုင်က လာဘ်ရရင် တွဲကိုစားပြီး ကိုးကိုလျော်ရတာကို ပြောတာပါ"

"ဩော် ... ဩော် ... ကိုထွန်းထွန်းက ဘယ်ဆိုးလို့လဲ၊ ဖဲတွေ ဘာတွေ နားလည်သားပဲ"

"ဒီလောက်တော့ နားလည်ရမှာပေါ့ မဌေးဌေး၊ ကျွန်တော် ကျောင်းသားဘဝက အဆောင်က ကျွန်တော့်အခန်းမှာ ဖဲဒိုင်ခံလာလို့ ကုန်ပေါင်းများခဲ့ပြီလေ၊ မယုံရင် မဌေးဌေးရဲ့ ကျော်စိုးကို မေးကြည့်ပါလား"

"ဘာ ... ဌေးဌေးရဲ့ ကိုကျော်စိုးလည်း၊ ဟင်းနော် ... ဌေးဌေး မကြိုက်တာကို မစနဲ့ ဒါပဲ"

"အင်းပါ ... ဌေးဌေး သဘောကျတယ်ဆိုရင် မစ,တော့ပါဘူး။ ပြောမှာ ဆက်ပြောပါ"

"ဘာ ... ဌေးဌေး သဘောကျတယ် ဆိုရင်လည်းလဲ။ ကိုထွန်းထွန်းက ပြောလေကဲလေပဲ။ ကဲ ... နောက်မနေနဲ့ ဌေးဌေး ပြောမယ်။ ဒီနေ့မနက် ဆိုင်ဖွင့်လို့ မကြာခင်မှာပဲ စိန်လက်စွပ်နှစ်ကွင်းနဲ့ စိန်လက်ကောက်နှစ်ကွင်း ဌေးဌေး ရောင်းလိုက်ရတယ်။ ဌေးဌေး အတွက် အမြတ်တွေ အများကြီး ရလိုက်တယ်"





"အာယိုယို ... တယ်ဟုတ်ပါလား"

"အဲဒါ ဈေးထဲက ဆိုင်သူငယ်ချင်းတွေက ဌေးဌေးကို ဝိုင်းညှဉ်းကြတယ်လေ။ ဌေးဌေးက ဒီနေ့ လာဘ်တိုက်သူမို့ နက်ဖြန် ဥပုသ်နေ့ ဈေးရုံပိတ်တဲ့နေ့မှာ ပသီချောင်းရေတံခွန်ကို ပျော်ပွဲစား သွားကြမယ်။ ဌေးဌေးက အားလုံး ဒကာခံရမယ်။ ဒါကြောင့် ဒီနေ့ နေ့ဝက်နဲ့ ဆိုင်သိမ်းပြီး အိမ်ပြန်လာတာ။ နက်ဖြန် ပျော်ပွဲစားအတွက် ချက်ရ ပြုတ်ရ ဝယ်ရ ခြမ်းရမှာ မဟုတ်လား"

"အဲ ... အဲဒါကြောင့် ကျွန်တော် ညက အိပ်မက်ကောင်း မက်တာကိုး"

"ဘယ်လိုမက်လို့လဲ"

"ဆင်ကောင်လုံးကြော် စားရတယ်လို့လေ၊ ကျွန်တော်ပါ မဌေးဌေးတို့ရဲ့ ပျော်ပွဲစား လိုက်ရမယ် မဟုတ်လား"

ထွန်းထွန်း စိတ်ထဲတွင် အလိုလို သိပြီးသား ဖြစ်နေပါ၏။ မဌေးဌေးသည် ပျော်ပွဲစားသွားမည်ကို မိမိထံသို့ တယ်လီဖုန်းဆက် ပြောသည်မှာ ထွန်းထွန်းအား ပျော်ပွဲစားလိုက်ပါရန် ခေါ်လိုသည်မှလွဲပြီး ဘာဖြစ်နိုင်မည်နည်း။ ထို့ကြောင့် မဌေးဌေးတို့ ပျော်ပွဲစားကို ကျွန်တော် လိုက်ရမယ် မဟုတ်လားဟု ရဲရဲတင်းတင်း မေးလိုက်ခြင်း ဖြစ်ပေသည်။

"ကိုထွန်းထွန်း အိပ်မက် သိပ်မှန်တာပေါ့၊ ကိုထွန်းထွန်း ဌေးဌေးတို့နဲ့ သိပ်လိုက်ရတာပေါ့၊ ဌေးဌေးတို့အိမ်ကကား

လေးက လေးယောက်ပဲ စီးနိုင်တယ်လေ၊ ကပ်ကပ်သတ်သတ် နောက်မှာ သုံးယောက်စီးဦးတော့ ငါးယောက်ပဲ ရမယ်။ ကိုထွန်းထွန်းရဲ့ လင့်ရီဗာကား ကူပေးမှ ဈေးတစ်သိုက်ကို ခေါ်နိုင်မှာ မဟုတ်လား”

“အာယိုယို ... လက်စသတ်တော့ ကျွန်တော့်ကို ခေါ်ချင်လို့မှ မဟုတ်တာ။ လင့်ရီဗာကားကို လိုချင်လို့ကိုး။ ဒါဆို ကျွန်တော် မလိုက်တော့ဘူး မဌေးဌေး။ ဦးသာဝနဲ့ပဲ ကားကို လွှတ်ပေးလိုက်မယ်။ ဒီလင့်ရီဗာကားကလည်း မဌေးဌေးရဲ့ ကျော်စိုး ကားပဲဟာ”

“အဲဒီလိုတော့ မပြောနဲ့ ကိုထွန်းထွန်း။ ကိုထွန်းထွန်းကို အဓိကထားပြီး ဖိတ်တာပါနော်။ အဲဒီ လင့်ရီဗာကား မယူခဲ့နဲ့တော့။ ဌေးဌေး တခြားကားတစ်စီး ငှားတော့မယ်။ ဒါနဲ့မှ ကိုထွန်းထွန်းက မလိုက်ချင်ပါဘူးဆိုရင် ဈေးထဲက တစ်သိုက်ကို မိတ်ပျက်ချင် ပျက်ပလေ့စေ နက်ဖြန်ပျော်ပွဲစား အစီအစဉ်ကို ဌေးဌေး ဖျက်လိုက်မယ် သိလား။ ဌေးဌေး စကား အပြောလောကြီးသွားလို့ စကားနှစ်ခု ဆက်မိပြီး အဓိပ္ပာယ်တစ်မျိုး ထွက်သွားတာ”

“အာ ... အာ ... အဲဒီလို မဖျက်နဲ့လေ၊ ကျွန်တော်က နောက်ပြောင်နေကျအတိုင်း နောက်ပြောင်ပြောတာပါ။ ဘယ့်နယ် ... ဒီလိုပွဲကြီးပွဲကောင်းမျိုးကို ထွန်းထွန်း ဆိုတဲ့ကောင်က ဘယ်အလွှတ်ပေးမလဲ၊ အစားကောင်းကောင်းလည်း





အဝတုတ်ရမယ်။ ကေတုမတီတစ်ခိုက ဈေးသူ လှမျိုးဖြိုး တစ်သိုက်နဲ့လည်း တွေ့ရမယ်၊ မိတ်ဆွေဖြစ်ရမယ်၊ ဒါထက် နိပ်တာ ဘာရှိသေးလဲ။ ဌေးဌေးက နေရာမရှိလို့ မလိုက်ပါနဲ့ဆိုတောင် ကားခေါင်မိုးပေါ်က လိုက်ခဲ့မယ် ဌေးဌေးရေ”

တစ်ဖက်မှ ဌေးဌေး၏ ရယ်မောသံ ပြန်ထွက်လာသည်။

“ဟွန်း ... ဝါသနာကိုက ... ကဲ ... ဒါဖြင့် နက်ဖြန်မနက် ကိုးနာရီ ဌေးဌေးတို့အိမ် အရောက်လာခဲ့ပေတော့ ကိုထွန်းထွန်း၊ နက်ဖြန်မနက် ကိုးနာရီနော် ... ဟုတ်လား”

“ဟုတ်ပါပြီတဲ့ဗျာ”

မဌေးဌေး ထံမှ ဖုန်းပြန်ချသံ ကြားရပြီးနောက် ထွန်းထွန်းလည်း ဖုန်းကိုပြန်ချကာ ဟင်းခနဲ သက်ပြင်းချလိုက်သည်။

ဌေးဌေးနှင့် ပဋိပက္ခဖြစ်၍ မဖြစ်။ ဌေးဌေးနှင့် ပဋိပက္ခ ဖြစ်သွားလျှင် မိမိအတွက် နွေးနွေး ရှိရာ သူတို့အိမ်သို့ အဝင်အထွက် ခက်သွားနိုင်ပေမည်။ ဒီတော့ ဌေးဌေး ကျေနပ်အောင် ပြုလုပ်ရမည်သာ။

ထွန်းထွန်း စားပွဲဆီသို့ ပြန်လာခဲ့သည်။ စားပွဲပေါ်ရှိ ဖေဖေ့ထံမှ လာသောစာ ဖောက်လက်စကို ဆက်ဖောက်ပြီး ဖွင့်ဖတ်သည်။

သား ... ထွန်းထွန်း။

ထွန်းထွန်း တောင်ငူကို မီးရထားနဲ့ ဆင်းသွားတဲ့ နေ့ကပဲ စံအေးဆီက ဖေဖေတို့ထံသို့ သားမောင် တောင်ငူ ဆင်းသွားပြီဖြစ်ကြောင်း တယ်လီဖုန်းဆက်ပြီး အကြောင်းကြားတယ်။

ထွန်းထွန်းသည် ဖေဖေ့စာကို ဖတ်ရင်း ခွေးကောင် စံအေးဟု တိုးတိုးလေး သူ့ဘာသာ တစ်ယောက်တည်း ရေရွတ်လိုက်မိသည်။ စံအေးသည် ဖေဖေနှင့် မေမေ၏ လူမှ တကယ့်လူယုံတော် ဖြစ်သည်။

မန္တလေးတွင် ထွန်းထွန်း၏ ဝေယျာဝစ္စကြီးငယ်ဟူသမျှကို အလိုက်သိစွာ လိုလေသေးမရှိ တစ်ဖက်က လုပ်ပေးရင်း ထွန်းထွန်း ကျောင်းမှန်မှန် မတက်သည်က အစနှင့် တစ်ခါတလေ အဖော်ကောင်း၍ အရက်လေး ဘာလေး သောက်မိသည့် အဆုံးအထိ၊ ဖေဖေနှင့် မေမေ့ ထံသို့ သတင်းပို့နေသူ ဖြစ်သည်။

သို့သော် ထွန်းထွန်း ကိုယ်တိုင် စံအေး၏ စေတနာကို နားလည်သည်တစ်ကြောင်း၊ ဖေဖေနှင့် မေမေတို့အပေါ် စံအေး သစ္စာရှိသည် တစ်ကြောင်းမို့ ခွင့်လွှတ်စမြဲ ဖြစ်သည်။

ထွန်းထွန်း လုပ်ဆောင်ချက် မှန်သရွေ့ကို ဘယ်သောအခါမှ စံအေးသည် အတိုက်အခံ မပြော၊ ခိုင်းတာမှန်သရွေ့ လုပ်ပေးပြီးမှ မကောင်းသည့်အလုပ် နည်းနည်းပါလာသည်နှင့်





ဖေဖေနှင့် မေမေ့ထံ သူ တာဝန်အရ သတင်းပို့ခြင်းဖြစ်သည်။ ယခုလည်း မိမိ တောင်ငူဆင်းသွားသည်ကို ဖေဖေနှင့် မေမေ့ထံ စံအေး သတင်းပို့ပြီးလေပြီ။ ထွန်းထွန်း ဖေဖေ့စာကို ဆက်ဖတ်သည်။

ထွန်းထွန်း တောင်ငူသို့ ဆင်းသွားခြင်းကြောင့် ဖေဖေနှင့် မေမေက မန္တလေးကို ဆင်းလာခြင်းတော့မဟုတ်။ သား ထွန်းထွန်း စိတ်ပျော်သလို နေထိုင်ခြင်းကို ဖေဖေနှင့် မေမေသည် ကန့်ကွက်စရာ မရှိပေ။ အပြစ်တင်စရာမရှိပေ။ သားထွန်းထွန်း၏အသက် (၂၄)နှစ်ကျော်၍ (၂၅)နှစ်ထဲသို့ပင် ဝင်ရောက်နေလေပြီ။ တက္ကသိုလ်မှလည်း ထိုက်သင့်သလောက် ဘွဲ့ရပြီးသည့်ပညာ ရှိနေပြီ။ ဘာမဆို သားထွန်းထွန်းသည် အမှန်နှင့် အမှားကို ခွဲခြားတတ်ပြီဟု ဖေဖေနှင့် မေမေ ယူဆထားပြီ ဖြစ်သည်။

ဖေဖေနှင့် မေမေ မန္တလေးကို ဆင်းချိန်တန်မဟုတ်ဘဲ ဆင်းလာရသည်မှာ အကြောင်းရှိသည်။ အဓိကမှာ သား၏ ဘကြီးအောင် နည်းနည်းပါးပါး မကျန်းမာဖြစ်နေသည်။ စိုးရိမ်လောက်အောင် မကျန်းမာသည်တော့မဟုတ်၊ အသက်အရွယ် ထောက်လာသူများ ဖြစ်တတ်သော သက်ကြီးရောဂါမျိုးသာ ဖြစ်သည်။ ထို့ကြောင့်ပွဲရုံတွင် လူခွဲမရ၍ ဖေဖေနှင့်မေမေ ဆင်းလာခြင်းဖြစ်သည်။

ကျောက်မဲမှ လက်ဖက်ခြံလုပ်ငန်းများသည် လက်လုပ်ငန်း ဖြစ်ပြီး မန္တလေးပွဲရုံမှ လုပ်ငန်းသည် "ငွေ"လုပ်ငန်း ဖြစ်သည်။

ကျောက်မဲရှိ လက်ဖက်ခြံလုပ်ငန်းသည် အထွက်ကောင်းအောင် မျိုးသန့်အောင် အလေအလွင့် မရှိအောင် ပိုးမကျအောင် စီမံကွပ်ကဲပေးရသော လုပ်ငန်းဖြစ်ပါ၏။

မန္တလေးပွဲရုံလုပ်ငန်းမှာမူ ကုန်ချောရောင်းပွဲရုံ ဖြစ်သည်မို့ အရောင်းအဝယ်တွင် ငွေရေးကြေးရေး အဓိက ဖြစ်ပေသည်။

ဖေဖေ့စာကို ထွန်းထွန်း ဆက်ဖတ်သည်။

ဖေဖေနှင့် မေမေ့တွင် လုပ်ငန်းနှစ်ဌာနစလုံးကို ဦးစီးဆောင်ရွက်နေသည်။ ငယ်စဉ်ကတော့ အကြောင်းမဟုတ်၊ ယခု အသက်နည်းနည်းပါးပါး ရလာသောအခါ လုပ်ငန်းတွင် သိပ်အမင်ပန်းမခံနိုင်တော့ကြောင်း သားထွန်းထွန်း သိစေလိုသည်။

သားထွန်းထွန်းသည် အနည်းအပါး စိတ်လေနေသည်ဟု ဖေဖေနှင့် မေမေ ထင်မိသည်။

သားစိတ်ထဲဝယ် အစိုးရအရာရှိ အလုပ်ကိုမှ အလုပ်ဟုထင်နေသည်။ ဝိဇ္ဇာတွဲ့ရပြီး အလုပ်မရသေးသည့်အတွက် မဟာဝိဇ္ဇာဆက်တက်ချင်သေးသည်ဟု သား ပြောခဲ့သည်။





ဖေဖေ၏ သဘောကတော့ အလုပ်ဆိုသည်မှာ အသက်မွေးဝမ်းကြောင်းအတွက် ဥပဒေနှင့် လွတ်ကင်းရာ သမာအာဇီဝ အလုပ်တစ်ခုခုကို လုပ်ကိုင်ခြင်းကို အလုပ်ဟု ယူဆသည်။

သား ထွန်းထွန်း စဉ်းစားစေလိုသည်။ ကျောက်မဲမှ ခြံတွေမှာဖြစ်ဖြစ်၊ မန္တလေးပွဲရုံမှာဖြစ်ဖြစ် သားတစ်ခုခု ဦးစီးစေလိုသည်။

သားရဲ့မေမေကတော့ ပြောနေပြီ။ သား စိတ်ငြိမ်သွားအောင် အိမ်ထောင်ချပေးချင်ပြီတဲ့။ သား၏မေမေ သဘောကျ ချွေးမလောင်းနှစ်ဦး တွေ့ထားသည်။ တစ်ဦးက ကျောက်မဲမှဖြစ်ပြီး နောက်တစ်ဦးက မန္တလေးမှ ဖြစ်သည်။ စကားတော့ ဘာမှ မလွှန်သေး။

သားတွင် စိတ်ကြိုက်ရှိနေပြီးသားဆိုလည်း သား၏ဆန္ဒအတိုင်း ဖြစ်စေမည်။

ဖေဖေနှင့် မေမေ ပြောချင်သမျှ ဒါပဲဖြစ်သည်။ သား၏ ဉာဏ်နှင့် စဉ်းစားစေချင်သည်။

မန္တလေးတွင် မောင်ကျော်စိုး လွတ်လပ်စွာ နေထိုင်စေရန်လည်းကောင်း။ ဖေဖေနှင့် မေမေကိုယ်တိုင် မန္တလေးပွဲရုံကို ကြပ်မတ်နေရ၍လည်းကောင်း၊ စိန်ပန်းရပ်မှတိုက်အိမ်တွင် ဖေဖေနှင့် မေမေ မနေကြပေ။ ပွဲရုံမှာပင် နေကြသည်။

သားမောင် ပြန်အလာကို ဖေဖေနှင့် မေမေ စောင့်မျှော်နေကြသည်။

ဖေဖေနှင့် မေမေ ကျန်းမာသည်။ သား ထွန်းထွန်း ကျန်းမာပါစေ။

ဖေဖေနှင့်မေမေ

ထွန်းထွန်းသည် ဖေဖေ၏စာကို ဖတ်ပြီး ငိုင်ကျသွားသည်။ ဖေဖေ့စာကို ဖတ်ပြီး ဖေဖေနှင့် မေမေကို သနားစိတ်များစွာ ဖြစ်ရသည်။

မိဘဆိုစေကာမူ အမိန့်နှင့်ညြဏပေး၍ သားဖြစ်သူအား သူတို့ဖြစ်စေချင်သည်ကို မပြော၊ သား၏ ဆန္ဒကို ညှိယူသည့်သဘောမျိုးဖြင့်သာ သူတို့၏ ဆန္ဒကို ဖော်ပြသည်။

ဟုတ်လည်း ဟုတ်ပါ၏။

ထွန်းထွန်းသည် မိဘ၏ အမိကစီးပွားရေးလုပ်ငန်းကို ယခုအချိန်ထိ ဘာတစ်ခုမျှ မယ်မယ်ရရ မကူညီသေး။

ယနေ့ထိ တောင်လိုလို မြောက်လိုလိုနှင့်သာ အချိန်တွေ ကုန်ခဲ့သည်။

ဖေဖေနှင့် မေမေသည် ကျန်းမာရေးကောင်းပြီး အရွယ်တင်သည် ဆိုစေဦးတော့ အသက်က ထောက်လာပေပြီ။

တစ်ဦးတည်းသော သားကို အိမ်ထောင်ချပေးပြီး မိဘ၏ စီးပွားရေးလုပ်ငန်းတွင် ဝင်လုပ်စေချင်ပြီ။





တကယ်တော့ ထွန်းထွန်းသည် ဖြောင်းပြန်။ မြစ်ကို ပစ်ပြီး ချောင်း၌ရှာနေခြင်းသာ ဖြစ်သည်။

မဟာဝိဇ္ဇာတန်း အောင်မြင်ပြီးသည်ပဲ ထားပါဦး ထွန်းထွန်း အတွက် တက္ကသိုလ်တွင် ဆရာအလုပ်မျှသာ ပြန်ရနိုင်မည်။

ထွန်းထွန်းသည် ဖေဖေနှင့် မေမေ၏စာအရ ဆုံးဖြတ်ချက်တစ်ခု ချလိုက်သည်။

မိမိအပေါ်တွင် တာဝန်ကျေနေပြီဖြစ်သော ကွယ်လွန်သွားသည့် ဦးလေး ဦးမြတ်ကောင်း၏ ဆန္ဒကို ပြီးမြောက်အောင် ဆောင်ရွက်မည်။ အကယ်၍ မိမိလက်တွင် ပျောက်ဆုံးနေသော မီးခြစ် ပြန်လည်မရရှိသည့်တိုင်အောင် နွေးနွေး လက်တွင်ရှိထားသော ဖလင်လိပ်နှင့်ပင် အရာရှိချုပ်ကြီး ဦးစောရန်နိုင်ထံ အရောက်ပေးပို့မည်။ အခြားမီးခြစ်တစ်လုံး ပျောက်ဆုံးသွားသည်ကိုလည်း အမှန်အတိုင်း ဖွင့်ပြောမည်။

အဲဒီနောက်ပိုင်းကျမှ မိမိက နွေးနွေးကို မေတ္တာရှိကြောင်း ဖွင့်ပြောမည်။

သဘောတူ လက်ခံ ပြန်ချစ်လျှင် ဟိုဘက်ဒီဘက် လူကြီးစုံရာနှင့် လက်ထပ်မည်။ ပြီး ... နွေးနွေး ပျော်ရာနှစ်သက်ရာကို ရွေးခိုင်းမည်။

မန္တလေးမှာ နွေးနွေး နေချင်သည်ဆိုလျှင် မန္တလေးပွဲရုံကို ထွန်းထွန်း ဦးစီးမည်။

ကျောက်မဲတွင် နွေးနွေး နေမည်ဆိုပါက ကျောက်မဲမှ ခြေတွေကို ထွန်းထွန်း ဦးစီးမည်။

ခက်သည်က ...

ချာတိတ်မ နွေးနွေးက မိမိ၏ မေတ္တာကို လက်ခံပါမည်တဲ့လား။ မိမိကို ပြန်လည်တုံ့ပြန် မေတ္တာရှိပါ့မလား။

ဒီကောင်မလေးသည် အကဲခတ်ရ ခက်သည်။

ဖြူမယောင်နှင့် မည်းလိုက်လျှင် "ဒုက္ခ"ဟု တွေးရင်း နောက်ဆုံး "ဒုက္ခ"ဆိုသည့် စကားလုံးလေသံ နူတ်ဖျားမှ အလိုလို ထွက်သွားမိသည်။

"ဒုက္ခဆိုတာ ဆင်းရဲခြင်းပါ ကိုထွန်းထွန်း။ အခု ကိုထွန်းထွန်းမှာ ဘယ်လိုဒုက္ခဆင်းရဲခြင်းတွေ ကြုံတွေ့နေရလို့ပါလဲရှင်"

"ဟိုက်"

ထွန်းထွန်းသည် အမျိုးသမီးတစ်ဦး၏ လှမ်း၍ပြောဆိုသောအသံ ကြားရသဖြင့် အသံလာရာဆီသို့ ကမန်းကတန်း လှည့်ကြည့်လိုက်မိသည်။

သံတံခါး၏ အပြင်ဘက်တွင် အမျိုးသမီးတစ်ဦး ရပ်လျက်သား ရှိနေသည်ကို မြင်တွေ့ရပါ၏။

ထွန်းထွန်း တစ်ခါဖူးမျှ မတွေ့မြင်ဘူး၊ မသိကျွမ်းဘူးသော အမျိုးသမီး ဖြစ်နေသည်။ အသက်အစိတ်ခန့် ရှိအုံ့သည်။

"ခင်ဗျား ဘယ်သူလဲ"

"ခင်မာ့ နာမည် ခင်မာ ပါတဲ့ ကိုထွန်းထွန်း"





"ဟုတ်လား ... ခင်မာ တဲ့လား။ ကျွန်တော်တော့ အဲဒီနာမည်မျိုးရှိတဲ့ အမျိုးသမီးတစ်ယောက်နဲ့ တစ်ခါမှ မမြင်ဘူး၊ မသိကျွမ်းဖူးဘူး ထင်တာပဲ၊ အဲ ... မခင်မာက ကျွန်တော့်ကို သိနေသလား"

"ကိုထွန်းထွန်းကို ခင်မာ သိတော့ သိတယ်၊ ဒါပေမဲ့ မြင်ဖူးတာတော့ အခုမှ မြင်ဖူးတာ"

"ဗျာ"

မခင်မာက ပြုံးလိုက်ပါ၏။

"ခင်မာ့ကို အထဲဝင်ခွင့်ပေးပါလား။ ခင်မာ ဘယ်သူဘယ်ဝါဆိုတာ ရှင်းပြပါ့မယ်။ ခင်မာ့မှာ အဖော်မပါပါဘူး၊ မိန်းမသား တစ်ဦးတည်းပါ"

ထွန်းထွန်းသည် သွားရောက် တံခါးဖွင့်ပေးလိုက်ပါသည်။

ခင်မာက ဣန္ဒြေရရလေးပင် ဝင်ရောက်လာပါ၏။ ဧည့်ခန်းကုလားထိုင်တစ်လုံးတွင် ဝင်၍ ထိုင်ပေသည်။

ထွန်းထွန်းက တံခါးပြန်စေ့ပိတ်ခဲ့ကာ ဧည့်ခန်းစားပွဲဆီသို့ ပြန်လာခဲ့သည်။ စားပွဲပေါ်တွင် ဖောက်ဖတ်ပြီးသော ဖေဖေ့စာနှင့် စာအိတ်၊ ဖောက်၍ မဖတ်ရသေးသော ကျော်စိုး၏ စာအိတ်တို့ကို ကောက်ယူပြီး ရှပ်အင်္ကျီအိတ်ထဲ ထည့်ထားလိုက်သည်။

ပြီး ... ခင်မာ ဆိုသည့် အမျိုးသမီးနှင့် မျက်နှာချင်းဆိုင် ဆက်တီကုလားထိုင်တွင် ဝင်၍ထိုင်လိုက်သည်။

ခင်မာက သူမ လွယ်လာသည့် စလင်းဘက်အိတ်ကြီးကို စားပွဲပေါ်တင်ကာ ထွန်းထွန်း၏ တစ်အိမ်လုံးအား အကဲခတ် မျက်လုံးဖြင့် ဝေ့ဝိုက်ကြည့်လိုက်သည်။

"ဦးသာဝကြီး မီးဖိုထဲမှာ ထင်ပါရဲ့"

"ဩ ... မခင်မာက ဦးသာဝကိုလည်း သိနေတာပဲလား"

"သိတယ် ကိုထွန်းထွန်း၊ ဒါပေမဲ့ ဦးသာဝကို တစ်ခါမှ မမြင်ဖူးသေးပါဘူး"

"ဗျာ ... လာပြန်ပြီလား"

"မလာပြန်နဲ့ ကိုထွန်းထွန်း၊ ခင်မာရဲ့ အလုပ်ကိုက လူတွေတော်တော်များများ အကြောင်းကို သိအောင် စုံစမ်းရတဲ့ အလုပ်မျိုး ဖြစ်နေတယ်၊ ကဲ ... ခင်မာ ပြောပြမယ်နော်၊ ကိုထွန်းထွန်းက ခင်မာ ပြောတဲ့အထဲမှာ မှားတာပါနေရင် ပြင်ပေးပေါ့"

ထွန်းထွန်းက ရောရောယောင်ယောင်နှင့် ခေါင်းညိတ်ပြလိုက်သည်။

"ဒီအိမ်ဟာ ကိုကျော်စိုး ဆိုတဲ့လူရဲ့အိမ်။ ကိုကျော်စိုးဟာ သူ့မိဘရှိစဉ်ကတည်းက အတူနေခဲ့တဲ့ ဦးသာဝ ဆိုတဲ့လူနဲ့ အတူနေတယ်။ ကိုကျော်စိုးနဲ့ ကိုထွန်းထွန်းဟာ မန္တလေး တက္ကသိုလ်မှာ အတူတူ နေခဲ့ကြတဲ့ သူငယ်ချင်းတွေ။





ကျောင်းသားဘဝကတည်းက သူငယ်ချင်း နှစ်ယောက်စလုံးဟာ စာပေတို့နဲ့ စာရေးတာကို ဝါသနာပါကြတယ်။ တက္ကသိုလ်က အသီးသီး ဘွဲ့ရပြီးတဲ့နောက် နှစ်ယောက်သား စိတ်ကူးယဉ်ပြီး ဒီတောင်ငူက ကိုကျော်စိုးက မန္တလေးက စိန်ပန်းရပ်က ကိုထွန်းထွန်းရဲ့ တိုက်အိမ်လေးမှာ သွားပြီး စာရေးတယ်၊ အခု ကိုထွန်းထွန်းလည်း ဟောဒီ တောင်ငူ မဂ္ဂတစ်လမ်းထဲက ကိုကျော်စိုး အိမ်ကိုလာပြီး စာရေးတယ်။ အဲဒီအထိ ခင်မာ ပြောပြတာတွေ ဟုတ်ပါရဲ့လား ကိုထွန်းထွန်း"

"ဟုတ်ပါတယ် မခင်မာ"

ပထမတော့ ထွန်းထွန်းသည် သူတို့အကြောင်းတွေကို မခင်မာ သိလှချည်လားဟု အံ့သြမိသည်။

သို့သော် ...

တကယ်တမ်း စဉ်းစားကြည့်သောအခါ အံ့သြစရာ မဟုတ်ပါလေတော့။

မခင်မာသည် ကျော်စိုးနှင့် ပတ်သက်သူ အမျိုးသမီး တစ်ဦး ဖြစ်ကောင်းဖြစ်မည်။ ကျော်စိုးက သူတို့သူငယ်ချင်းနှစ်ယောက် အကြောင်း ပြောပြထားသည်လည်း ဖြစ်နိုင်သည်။

သို့မဟုတ် မခင်မာသည် ငွေငွေ နွေနွေတို့နှင့် ရင်းနှီးကောင်း ရင်းနှီးမည်။ ထိုမှတစ်ဆင့် မိမိတို့ အကြောင်းကို မခင်မာ သိထားခြင်းလည်း ဖြစ်နိုင်သည်။

ဒီလိုမှ မဟုတ်သေးဘဲ မခင်မာသည် ကျော်စိုးနှင့်လည်း ပတ်သက်သူ မဟုတ်၊ ဌေးဌေး နွေးနွေးတို့နှင့်လည်း မသိကျွမ်းသူဆိုလျှင်တောင် မိမိနှင့် ကျော်စိုး အကြောင်းကို မန္တလေးမှ စံအေး ထံတွင် စုံစမ်းပြီး သိရှိနိုင်သည်။

ဤတောင်ငူနေ ဦးသာဝ ထံမှလည်း စုံစမ်းသိရှိနိုင်သည်ပင်။

တစ်ခု စဉ်းစားရ ခက်နေသည်မှာ မခင်မာသည် အဘယ်ကြောင့် မိမိနှင့် ကျော်စိုးတို့ အကြောင်းကို သိရှိအောင် စုံစမ်းခြင်းပေနည်း။

စဉ်စားရင်း ထွန်းထွန်း ဦးနှောက်တွင် ဖျတ်ခနဲ တစ်ခု စဉ်းစားမိသည်။

နွေးနွေးတို့ ခြံထဲဝယ် ဓားသမားနှစ်ဦးနှင့် မိမိရင်ဆိုင်ရသောနေ့က ဖြစ်သည်။ ဦးသာဝ ဈေးမှ မနက်စောစော ပြန်လာပြီး ဈေးထိပ်လက်ဖက်ရည်ဆိုင်မှ စောမြင့်ဆွေနှင့် ခင်မောင်ဦး ဖြစ်ဟန်တူသူ နှစ်ယောက်က ဦးသာဝ ထံတွင် ထွန်းထွန်း အကြောင်းကို အသေးစိတ် စုံစမ်းသည်ဟု ထွန်းထွန်း သိထားသည်။

စောမြင့်ဆွေနှင့် ခင်မောင်ဦးက ဦးလေး ဦးမြတ်ကောင်းနှင့် ပတ်သက်ပြီး စုံစမ်းသည်ပဲထားပါဦး။

ယခု မခင်မာသည် ထွန်းထွန်း အကြောင်းကို အသေးစိတ် စုံစမ်းထားကာ ယခု ထွန်းထွန်းအား ဘာကြောင့်





လာရောက်တွေ့ဆုံလေသနည်း။ မခင်မာသည် စောမြင့်ဆွေ၊ ခင်မောင်ဦးတို့၏ အဖွဲ့ဝင် တစ်ဦးပေလား။

စောမြင့်ဆွေနှင့် ခင်မောင်ဦးတို့၏ ဒလျှိုဒလံပေလား။

တွေးရင်းပင် မခင်မာ ပြောသော စကားကို ဆက်နားထောင်သည်။

"အဲဒီလို ကိုကျော်စိုးနဲ့ ကိုထွန်းထွန်းဟာ နေရာချင်းလဲပြီး စာရေးကြမယ်ဆိုပြီး နိုဝင်ဘာလ ဆယ့်လေးရက်နေ့က မန္တလေး အစုန် အမြန်ရထားနဲ့ ကိုထွန်းထွန်း တောင်ငူကို လိုက်လာခဲ့တယ်။ ကနေ့ဆိုရင် နိုဝင်ဘာလ သုံးဆယ်ရက် ရှိပြီဆိုတော့ လွန်ခဲ့တဲ့ ဆယ့်ခြောက်ရက် ဆယ့်ခုနစ်ရက်လောက်က ဆိုပါတော့ ကိုထွန်းထွန်း"

"ဟုတ်ပါတယ်၊ ဆက်ပြောပါ မခင်မာ"

မခင်မာသည် ဆက်မပြောမီ တစ်အိမ်လုံး အကဲခတ်မျက်စိနှင့် ကြည့်သည်။ ဦးသာဝ ရှိနေသော မီးဖိုချောင်သို့လည်း လှမ်းကြည့်သည်။

ဦးသာဝ ထွက်လာမည့် အရိပ်အယောင်ကို မမြင်မှ သူမ၏ ကြော့ရှင်းသော ခန္ဓာကိုယ်လေးကို ရှေ့သို့ကိုင်းကာ ညှိစားပွဲတွင် တံတောင်ဆစ်နှစ်ဖက် ထောက်လိုက်သည်။

သူမ၏ မျက်နှာကို ထွန်းထွန်း ဘက်ဆီသို့ အနီးကပ်ဆုံးဖြစ်အောင် လည်တိုင်ကို ဆန့်ပြီး စကားကို ခုနကလို ခပ်ကျယ်ကျယ် မဟုတ်၊ တိုးတိုးလေး လေသံဖြင့် ပြောပေသည်။

"ဆက်ရမယ်ဆိုရင် ကိုထွန်းထွန်းတို့ စီးလာတဲ့ရထား ပထမတန်းတွဲရဲ့ ခုံနံပါတ်ကိုးမှာ နွေးနွေး ဆိုတဲ့ မန္တလေး တက္ကသိုလ်က မိန်းမချော ကျောင်းသူမလေး ထိုင်တယ် ...

"ခုံနံပါတ် ဆယ့်နှစ်မှာ ကိုထွန်းထွန်း နေရာရထား တယ်။ ခုံနံပါတ် တစ်ဆယ်မှာတော့ သေနတ်ဒဏ်ရာ ရင် ဘတ်မှာ ရထားတဲ့ ဦးမြတ်ကောင်းပေါ့ ကိုထွန်းထွန်း"

"ဦးလေး ဦးမြတ်ကောင်း"

"ဟုတ်ပါတယ် ... ဦးမြတ်ကောင်း ရယ်ပါ၊ တိုင်းပြည် အတွက် ရှပ်ရှပ်ချွံချွံ တာဝန်ထမ်းဆောင်ရင်း ရင်ဘတ်ကို သေနတ်ထိတဲ့ ဦးမြတ်ကောင်းပါ။ ဦးမြတ်ကောင်းရဲ့ထိုင်ခုံနဲ့ မျက်နှာချင်းဆိုင် ထိုင်ခုံမှာ ကိုထွန်းထွန်း ထိုင်ပြီး ဦးမြတ် ကောင်းနဲ့ ယှဉ်တွဲနေတဲ့ ဘေးတိုက်ထိုင်ခုံမှာ နွေးနွေးက ထိုင်ပါတယ်။ အခု ခင်မာ ပြောပြတာတွေ ဟုတ်ပါရဲ့လား ကိုထွန်းထွန်း"

ထွန်းထွန်းက ပြန်လည် အဖြေမပေးပေ။

အဖြေမပေးသည်မှ နှုတ်နှင့် မဖြေရုံသာမက ဦးခေါင်း ညိတ်၍ပင် အဖြေမပေးပေ။

ထွန်းထွန်းသည် အနီးကပ် မခင်မာ၏ မျက်နှာကို အားမနာတမ်း စိုက်ကြည့်သည်။

မိန်းမချော မိန်းမလှတစ်ဦးမို့ ယောကျ်ားသားတစ်ဦး အနေနှင့် ရမ္မက်ဆန္ဒဖြင့် စိုက်ကြည့်ခြင်းမျိုး မဟုတ်။





ဤအမျိုးသမီးညိုချော မခင်မာ ဆိုသူသည် ဦးလေး ဦးမြတ်ကောင်းနှင့် ပတ်သက်ပြီး ဘာအပေါက် လာချိုးနေခြင်းပေ လဲဟု စူးစမ်းသော အကြည့်ဖြင့် စိုက်ကြည့်ခြင်း ဖြစ်ပါ၏။

မခင်မာသည် ယူထဲသော တက်ထရွန်အဖြူဆွတ် ဆွတ် အင်္ကျီလက်ရှည် ရင်စေ့ဝတ်ထားသည်။ ကိုယ်ခန္ဓာအချိုးကျ သူမို့ လည်တိုင်မှတိုင် သေးကျဉ်သောခါးအထိ အသားပို အဆီပို မရှိအောင် ကြော့ရှင်းသည် ထဘီအစိမ်းရင့် ဖြောင် ဝတ်ထားသည်။

ရုတ်တရက် ကြည့်လျှင် ကျောင်းဆရာမတစ်ယောက် ဟု ထင်ရပေမည်။

အသားညိုစိမ့်စိမ့် အပေါ်တွင် သနပ်ခါးရေကျဲလေး လိမ်းထားသည်။ မျက်နှာမှာ တည်တည်ကြည်ကြည်နှင့် ယဉ်ကျေး သိမ်မွေ့သူဖြစ်ကြောင်း ဖော်ပြနေသည်။

"ခင်ဗျား ဘယ်သူလဲ မခင်မာ၊ ခင်ဗျား ကျုပ်ကို ဘာတွေ လာပြောနေတာလဲ"

"ခင်မာ ပြောနေတာဟာ နိုဝင်ဘာလ ဆယ့်လေးရက်နေ့ က မန္တလေးက အမြန်အစုန်ရထားပေါ်မှာ ဆုံစည်းခဲ့တဲ့ ဦးမြတ်ကောင်း အကြောင်းတွေပါပဲ ကိုထွန်းထွန်း။ ခင်မာ ဆက်ပြောပြပါ့မယ်"

လေသံတိုးတိုးဖြင့် မခင်မာ ဆက်ပြောသည်။

"ဦးမြတ်ကောင်းဟာ သူ့ကိုပေးအပ်တဲ့တာဝန် အားလုံး ဆောင်ရွက်လာနိုင်ခဲ့ပါတယ်။ တာဝန်ဆောင်ရွက်ရင်း

မန္တလေးအစုန်အမြန်ရထားနဲ့ ရန်ကုန်ကို ပြန်တဲ့အချိန်မှာတော့ သူ့မှာသေနတ်ဒဏ်ရာ ရထားပြီးပါပြီ။ မန္တလေးအမြန်အစုန်ရထားဟာ နံနက်ခြောက်နာရီမှာ ထွက်တာဆိုတော့ အဲဒီနေ့မနက် ခြောက်နာရီအထိ ဦးမြတ်ကောင်း အသက်ရှိနေသေးမှန်း သေချာတယ် ...

"ဦးမြတ်ကောင်းရဲ့ အလောင်းကို ခွဲစိတ်စစ်ဆေးတဲ့ ဆရာဝန်ကြီးက နိုဝင်ဘာလ ဆယ့်လေးရက် မနက်ခြောက်နာရီကို ဗဟိုထားပြီး အဲဒီနေ့ မနက်ခြောက်နာရီမတိုင်မီ ဟိုဘက်နာရီပေါင်း ရှစ်နာရီလောက်မှာ ဦးမြတ်ကောင်း သေနတ်ဒဏ်ရာ ရရှိတာလို့ ခန့်မှန်းတယ်။ အဲဒီတော့ ဦးမြတ်ကောင်း သေနတ်ဒဏ်ရာ ရခဲ့တာဟာ နိုဝင်ဘာလ ဆယ့်သုံးရက် ညဆယ်နာရီနဲ့ ဆယ့်တစ်နာရီကြားမှာလို့ သိနိုင်တယ် ကိုထွန်းထွန်း"

ထွန်းထွန်းက ဆိတ်ဆိတ်ပင် နားထောင်နေပါ၏။ မခင်မာ ဆက်ပြောသည်။

"ဆရာဝန်ကြီးက မှတ်ချက်ပြုပြန်တယ်။ သေနတ်ဒဏ်ရာဟာ ရင်ဘတ်ကို ထိပေမဲ့ ဦးမြတ်ကောင်းရဲ့ ကိုယ်ခန္ဓာကြံ့ခိုင်မှုနဲ့ ကျန်းမာရေး သိပ်ကောင်းမှုအရ နှစ်ဆယ့်လေးနာရီအတွင်း မသေနိုင်ဘူးတဲ့။ ထိထားတဲ့ သေနတ်ကျည်ဆန်ဟာ သေနိုင်လောက်တဲ့ နေရာကို ထိတာ မဟုတ်ဘူးတဲ့။ မသကာ နာရီပေါင်းများစွာ အထိခံထားရတာမို့ သတိလွတ်





မေ့မြော အားအင်ကုန်ခမ်းတာလောက်ပဲ ဖြစ်နိုင်တယ်တဲ့ ...

"အဲဒီတော့ နာရီတွက်ကြည့် စို့ ကိုထွန်းထွန်း၊ အမြန်ရထားက ရန်ကုန်အထိ တစ်ဆယ့်နှစ်နာရီ မောင်းတယ်။ ဟိုဘက်က သေနတ်စပြီးမှန်တဲ့ ရှစ်နာရီကို ထည့်ပေါင်းရင် နာရီပေါင်း နှစ်ဆယ်ရှိတယ်။ ခင်မာ ဆိုလိုတာက ဦးမြတ်ကောင်းဟာ ဒဏ်ရာနဲ့ နှစ်ဆယ့်လေးနာရီအထိ အသက်ရှင်နိုင်သေးတယ်ဆိုရင် ရထား ရန်ကုန်ကို ညနေခြောက်နာရီ ရောက်ပြီးတဲ့နောက်ထပ် လေးနာရီလုံးလုံး ဦးမြတ်ကောင်းကို ကုသနိုင်တဲ့ အခြေအနေ ရှိတယ်။ ဒါပေမဲ့ ..."

စကားအရှည်ကြီးကို လေသံထိန်း၍ ပြောရသောကြောင့် မခင်မာ မောပန်းသွားသည့်အလား စကားကို ခေတ္တဆိုင်းငံ့ထားသည်ကိုပင် ထွန်းထွန်း နားထောင်ရသည်မှာ ဆန့်တငံ့ငံ့ကြီး ဖြစ်ရပါ၏။

အသက်ရှင်ခွင့် နောက်ထပ်လေးနာရီလုံးလုံး ကုသချိန် ရပါလျက် ဦးလေး ဦးမြတ်ကောင်း သေဆုံးသွားရသည်ကိုလည်း ထွန်းထွန်း ရင်ထဲတွင် မချင့်မရဲကြီး ဖြစ်နေသည်။

ဘာကြောင့် ဦးလေး ဦးမြတ်ကောင်း အသက်ဆက်ပြီး ရှင်နိုင်ခွင့် ရပါလျက် သေသွားရခြင်းကို သိပ်သိချင်မိသည်။

"ဒါပေမဲ့ ... ဘာဖြစ်လဲ ... ဆက်ပြောပါ"

"ဦးမြတ်ကောင်း သေဆုံးရတာဟာ ရင်ဘတ်ကို ထိထားတဲ့ သေနတ်ဒဏ်ရာကြောင့် မဟုတ်ဘူးတဲ့ ကိုထွန်းထွန်းရေ။ ဂမ်းဗိုက်ကို ဓားနဲ့ သုံးချက်တိတိ ထိုးသတ်ပစ်လိုက်တဲ့ ဓားဒဏ်ရာ သုံးချက်ကြောင့် ဦးမြတ်ကောင်း ကျဆုံးသွားရတာတဲ့"

"ဗျာ ... ဗျာ ... ဘာပြောတယ်၊ ဗိုက်ကို ဓားနဲ့သုံးချက် အထိုးခံရလို့ သေတာ ... ဟုတ်လား"

"ဟုတ်တယ်"

မခင်မှာ ဆက်တီကုလားထိုင်ကို ကျောမှီချရင်း "ဟုတ်တယ်"ဟု သံပြတ်နှင့် ဖြေလိုက်ပါ၏။

"သေနတ်ဒဏ်ရာက ထွက်တဲ့ ရင်ဘတ်က ဒဏ်ရာသွေးဟာ နီညိုရောင် ဖြစ်ပေမဲ့ ဓားဒဏ်ရာကထွက်တဲ့ သွေးဟာ လတ်လတ်ဆတ်ဆတ် နီရဲနေတယ်။ နောက်ပြီး ဦးမြတ်ကောင်းရဲ့ အလောင်းဟာ ထွေးထွေးနွေးနွေး ရှိနေသေးတယ်။ အဲဒီအထွေးအနွေးကို စမ်းသပ်ကြည့်ပြီး ရန်ကုန်ကို ရထားမဆိုက်ခင် သုံးနာရီလောက်က အဲဒီဓားဒဏ်ရာရပြီး သေတာလို့ ဆရာဝန်ကြီးက မှတ်ချက်ပြုတယ် ...

"ဒီမယ် ကိုထွန်းထွန်း ... အမြန်ရထားဟာ တောင်ငူနဲ့ ရန်ကုန်ကို ငါးနာရီဝန်းကျင်လောက် ခုတ်မောင်းတယ်။ ကြားဘယ်ဘူတာမှ မရပ်ဘူး။ အဲဒီတော့ တောင်ငူဘူတာ





က အစုန်အမြန်ရထား ထွက်လာပြီးမှ လမ်းမှာ ရန်သူက ဦးမြတ်ကောင်းကို အနီးကပ် ဓားနဲ့ အသေထိုးသတ်သွားတာပဲ။ ခင်မှာ ပြောပြတာ ရှင်းရဲ့လား ကိုထွန်းထွန်း၊ ရန်သူဟာ ဦးမြတ်ကောင်း စီးလာတဲ့ တွဲထဲမှာ ပါလာလို့ပဲ နေမှာပေါ့"

"တောက်"

ထွန်းထွန်းသည် ပြင်းထန်သော တောက်တစ်ချက်ကို နာနာကြည်းကြည်း ခေါက်လိုက်မိသည်။

သာစည်ဘူတာမှ စောမြင့်ဆွေနှင့် ခင်မောင်ဦးတက်လာသည်။ ဦးလေး ဦးမြတ်ကောင်း မျက်နှာချင်းဆိုင်နှင့် ဘေးတွင် မိမိနှင့် နွေးနွေး နီးကပ်စွာ ရှိနေသောကြောင့် ထိုနှစ်ကောင်ဘာမှ မလုပ်သာဘဲ ဒီအတိုင်း လိုက်လာသည်။

မိမိနှင့် နွေးနွေး တောင်ငူဘူတာတွင် ဆင်းသောအခါ ထိုအယုတ်တမာနှစ်ကောင် မိမိနှင့် နွေးနွေး၏ နေရာကို ဝင်ယူကြမည်။ တောင်ငူမှ ရထားထွက်သည်နှင့် ဦးမြတ်ကောင်းထံမှ ဖလင်လိပ် တောင်းခံမည်။

ဦးမြတ်ကောင်း အခြေအနေမှာ အရမ်းနွမ်းနယ်နေပြီမို့ စကားပင် ကောင်းကောင်းမပြောနိုင်သည့် အခြေအနေရှိနေသည်။ စောမြင့်ဆွေနှင့် ခင်မောင်ဦးအား ဘယ်လိုမှ ပြန်လည်ခုခံနိုင်သော အခြေအနေ မရှိတော့။

ထို့ကြောင့် မိမိနှင့် နွေးနွေး တောင်ငူဘူတာတွင် ဆင်းသွားသည်နှင့် စောမြင့်ဆွေနှင့် ခင်မောင်ဦးကို ရင်ဆိုင်ရတော့မည်မှန်း ဦးမြတ်ကောင်း တင်ကြိုတွက်ခဲ့ပုံရသည်။

ဖလင်လိပ်ကို အရာရှိချုပ် ဦးစောရန်နိုင် လက်သို့ အပ်ခွင့်ရတော့မည် မဟုတ်ကြောင်း သေချာသည်မို့ ဥပါယ်အမျိုးမျိုး သုံးကာ ဖလင်လိပ်ပါသော KENT မီးခြစ်များကို ထွန်းထွန်းနှင့် နွေးနွေးသို့ ထည့်ထားပေးခဲ့ခြင်း ဖြစ်မည်သာတည်း။

စောမြင့်ဆွေနှင့် ခင်မောင်ဦးသည် ဦးလေးဦးမြတ်ကောင်း၏ ကိုယ်တွင် ဖလင်လိပ်များ ရှာဖွေမည်။ ရှာမတွေ့သောအခါ အနုနည်း အကြမ်းနည်းများဖြင့် မေးမြန်းမည်။ မေးမရသည့် အဆုံးဝယ် ဦးမြတ်ကောင်းအား ဓားနှင့် အသေထိုးသတ်ခြင်းပင် ဖြစ်မည်။

နောက်တစ်ကြောင်းမှာလည်း စောမြင့်ဆွေနှင့် ခင်မောင်ဦးသည် ရန်သူမှန်း ဦးလေးဦးမြတ်ကောင်းက သိသွားချေပြီ။

ရန်ကုန်သို့ ဦးလေး ဦးမြတ်ကောင်း အသက်ရှင်လျက်သား သူ့ဌာနသို့ ပြန်ရောက်သွားလျှင် စောမြင့်ဆွေနှင့် ခင်မောင်ဦး အကြောင်း ပြောပြသည်နှင့် အာဏာပိုင်အဖွဲ့အစည်း အနေနှင့် စောမြင့်ဆွေနှင့် ခင်မောင်ဦး ရှာဖွေတွေ့ရှိ အရေးယူနိုင်မည်ဖြစ်သည်။





မီးရထား ပထမတန်းထိုင်ခုံကြီးတွေမှာ နောက်မှီ သိပ်မြင့်မားသောကြောင့် ကိုယ့်ထိုင်ခုံတွင် အတူထိုင်သူများမှ အပ အခြားလူများက မမြင်မတွေ့နိုင်သောကြောင့် အားအင်ကုန်ခန်းပြီး လှုပ်ရှားမှု မသွက်နိုင်တော့သည့် ဦးလေး ဦးမြတ်ကောင်းအား စောမြင့်ဆွေနှင့် ခင်မောင်ဦးတို့က ကျိတ်ပြီး ဓားနှင့်ထိုးသတ်သွားနိုင်ခြင်းဖြစ်သည်။

ဒီနောက်တော့ စောမြင့်ဆွေနှင့် ခင်မောင်ဦးတို့ ဆက်စပ်တွေးခေါ်ပြီး တွက်ကိန်းချမည်။

ဦးလေးဦးမြတ်ကောင်း ကိုယ်နှင့်မကွာ ထားသော ဖလင်လိပ်သည် မီးရထားပေါ်မှာပင် ဘယ်လိုပျောက်သွားသနည်း။

လွယ်ပါ၏။

မိမိကိုယ်တိုင် မတတ်နိုင်တော့သည့် အခြေအနေမျိုးတွင် ရေနစ်သူ ကောက်ရိုးတစ်မျှင် ဆုပ်သလို ထိုင်ခုံအနီးက ရှိသူများလက်သို့ ဦးမြတ်ကောင်း ပေးအပ်လိုက်မည်။

ဦးလေးဦးကောင်းမြတ်၏ ထိုင်ခုံကပ်လျက်သားမှာ ထွန်းထွန်းနှင့် နွေးနွေး ဖြစ်သည်ကို တောင်ငူတွင် အဆင်း၌ စောမြင့်ဆွေနှင့် ခင်မောင်ဦး တွေ့မြင်မည်။

ထို့ကြောင့်လည်း စောမြင့်ဆွေနှင့် ခင်မောင်ဦးသည် တောင်ငူသို့ ပြန်လှည့်လာကြခြင်း ဖြစ်မည်။ တောင်ငူတွင် ထွန်းထွန်းနှင့် နွေးနွေးကို သူတို့ စုံစမ်းသည်။

(၃)ရက်မြောက်နေ့မှာပင် ထွန်းထွန်း တို့ကို ခြေရာခံမိပြီး ခါးသမားနှစ်ယောက်ကို ပဏာမ လွှတ်ကြည့်သည်။

မဟန်ခဲ့ပေ။

ခါးသမားနှစ်ယောက်သည် ထွန်းထွန်းနှင့် ယှဉ်ပြိုင်ရာတွင် ကိုယ်လွတ်ရုန်း ပြေးသွားခဲ့ကြသည်။

ထိုနောက်မှာတော့ စောမြင့်ဆွေနှင့် ခင်မောင်ဦးသည် ရက်ပေါင်းများစွာ လျှိုနေကြသည်။ ငြိမ်နေကြသည်။

ယင်း အယုတ်တမာ နှစ်ကောင်သည် လက်လျှော့ပြီး ထွက်သွားကြပြီလား။

သို့မဟုတ် ထိုးမည့်ဆင် နောက်တစ်လှမ်း ဆုတ်ခြင်းပေလားတော့ မပြောတတ်။

ယင်း အခြေအနေမှာပင် ယခု မခင်မာသည် ထွန်းထွန်း ထံသို့ မိန်းမသားတစ်ဦးတည်း ခပ်ရဲရဲလေး ရောက်ရှိလာသည်။

ပြီးတော့ မခင်မာသည် ဦးလေး ဦးမြတ်ကောင်း၏ အကြောင်းကို သိလိုက်သည်မှ နောကျေအောင် သိနေသည်။

မခင်မာသည် မည်သို့သော ပုံစံဖြင့် ထွန်းထွန်းထံသို့ ရောက်ရှိလာခြင်းပေနည်း။

ထွန်းထွန်း အနေနှင့်ကတော့ မည်သူ့ကိုမျှ မယုံကြည်ပေ။





ဦးမြတ်ကောင်းသည် သူ၏အသက်ကို အသေခံကာ အရာရှိချုပ် ဦးစောရန်နိုင် လက်သို့အရောက် ဖလင်လိပ် ပေးပို့ရန် ကြိုးစားခဲ့သည် မဟုတ်ပါလား။

ဦးမြတ်ကောင်း အနေနှင့် တစ်စုံတစ်ယောက်မှ တစ်ဆင့် ပေးအပ်နိုင်ခွင့် ရှိပါလျှင် သူကဲ့သို့ပင် အခြားလက်သို့လည်းကောင်း၊ သို့မဟုတ် ရဲဘက် စစ်ဘက်မှ ပုဂ္ဂိုလ်ကြီးတစ်ဦးဦးမှ တစ်ဆင့် ဆက်သွယ်ပေးအပ်ပြီး သူ၏ဒဏ်ရာကို ဆရာဝန်တစ်ဦးဦးထံတွင် ကုသပေလိမ့်မည်။

ဦးမြတ်ကောင်းသည် သေနတ်ဒဏ်ရာကြီးနှင့်ပင် မည်သူ့လက်မှ ဖလင်လိပ်ကို မပေးအပ်ဘဲ ဦးစောရန်နိုင်ဆီ အရောက်သွားနိုင်ဖို့သာ ကြိုးစားခဲ့ခြင်းကို ထောက်ချင့်ပြီး ထွန်းထွန်း အနေနှင့်လည်း မည်သူ့ကိုမျှ ဖလင်လိပ်မပေးအပ်စေလိုကြောင်း လမ်းညွှန်သွားသလို ဖြစ်နေပါ၏။

ထို့ကြောင့်လည်း "တောက်" တစ်ချက်ခေါက်ခါ အတန်ကြာအောင် အတွေးနှင့် ငြိမ်နေသော ထွန်းထွန်းအား မခင်မာက စိမ်ပြေနပြေ အကဲခတ်လျက်သား ရှိနေပေသည်။

"ဘယ်လိုလဲ ကိုထွန်းထွန်း၊ အင်မတန် ပြင်းထန်တဲ့ 'တောက်'တစ်ချက်ခေါက်ပြီး အတွေးနက်နေလိုက်တာ၊ မျက်မှောင်ကြီးကြုတ်ပြီး နဖူးကြောတွေတောင် ထောင်လို့ပါလား။ အံကြိတ်ထားလိုက်တာလည်း မေးရိုးကြီးနှစ်ဖက် ကားထွက်လို့။ ဦးမြတ်ကောင်းနှင့် ပတ်သက်ပြီး ဘယ်

လောက်အထိ သိထားပြီး ဘယ်လောက်အထိ ခံစားနေရလို့လဲဟင်”

“အို ... မသိဘူး၊ ကျုပ် ဘာမှမသိဘူး”

“ကောင်းပြီ ... ကိုထွန်းထွန်း ဘာမှ မသိရင် ခင်မာကပဲ သိသလောက် ဆက်ပြောပြမယ်။ ဘယ့်နှယ်လဲ”

“ပြောချင်တယ် ဆိုရင်လည်း ပြောပေါ့ဗျာ၊ ကျုပ်ကတော့ နားထောင်ရုံ သက်သက်ပဲ”

“ဦးမြတ်ကောင်း လက်မှာ တိုင်းပြည်နဲ့လူမျိုးအတွက် ထိပ်တန်းအရေးကြီးတဲ့ လျှို့ဝှက်တဲ့ ပစ္စည်းတစ်ခု ပါသွားခဲ့တယ်။ ဦးမြတ်ကောင်းနဲ့ နောက်ဆုံးအထိ တွေ့ဆုံသွားတဲ့ ပုဂ္ဂိုလ်ဟာ နှစ်ဦးရှိခဲ့တယ်”

“တစ်ဦးက ကိုထွန်းထွန်း ဖြစ်ပြီး နောက်တစ်ဦးက မန္တေးနွေးပါ။ အဲဒါကို ကိုထွန်းထွန်း မငြင်းနိုင်ပါဘူး။ ခင်မာတို့အနေနဲ့ မန္တလေးဘူတာကြီးက လက်မှတ်ရောင်း ဌာနကတစ်ဆင့် အမျိုးသားမှတ်ပုံတင်ရုံးတို့ မန္တလေး တက္ကသိုလ် မှတ်ပုံတင်ဌာနတို့က တစ်ဆင့် ကိုထွန်းထွန်းရဲ့ မန္တလေး စိန်ပန်းရပ် တစ်ထပ်တိုက်လေးက ကိုကျော်စိုးနှင့် ကိုစံအေးတို့ အထိ စုံစမ်းပြီးသားပါ။ နိဝင်ဘာလ ဆယ့်လေးရက်နေ့က ဦးမြတ်ကောင်းနဲ့ အစုန်အဆန်ရထား အတူတူ စီးလာတာကို ကိုထွန်းထွန်း ဘယ်လိုမှ ငြင်းလို့ မရပါဘူး”





“ကျုပ်ကကော အဲဒါကို ငြင်းနေလို့လား မခင်မာ၊ မှန်တယ်။ နိဝင်ဘာလ ဆယ့်လေးရက်နေ့က မန္တလေးကနေပြီး တောင်ငူကို အစုန်အဆန် ရထားနဲ့ လိုက်လာတာ အမှန်ပဲ”

“ဒါဆို ... ဦးမြတ်ကောင်းက ကိုထွန်းထွန်းကို ဘာတွေ ပြောခဲ့လဲ၊ ဘာပစ္စည်း ပေးခဲ့လဲ”

“ဘာမှ မပြောဘူး၊ ဘာမှ မပေးဘူး။ ဦးမြတ်ကောင်း ဆိုတာလည်း ကျုပ် မသိဘူး။ ဒါထက် နေပါဦး မခင်မာ၊ ခင်ဗျားက ဘာမို့ ကျုပ်ကို ဒီလောက် စစ်ဆေးနေတာလဲ”

မခင်မာသည် ထွန်းထွန်းက အသံပြတ် စကားပြတ် ဒေါနှင့်မောနှင့် ပြောနေသည်ကို ပြုံးပြုံးလေးကြည့်ပြီး ထွန်းထွန်းက ခင်ဗျားက ဘာမို့လဲဟု ပြန်မေးသည်ကို မဖြေသေးဘဲ စောစောက ညှိစားပွဲပေါ်တွင် တင်ထားသော သူ၏စလင်းဘက် သားရေအိတ်ကို လှမ်းယူလိုက်သည်။

စလင်းဘက် သားရေအိတ် အဖုံးကို ဖွင့်ပြီး အိတ်ထဲမှ ပစ္စည်းတချို့ကို ထုတ်ယူလိုက်သည်။

ပထမဆုံး ထွက်လာသည်မှာ ငါးသုံးလုံးစီးကရက်ဘူး ဖြစ်ပါ၏။ စီးကရက်ဘူးကို စားပွဲပေါ် တင်ထားရင်း သူမ အိတ်ထဲသို့ ဆက်ပြီးနှိုက်ပြန်သည်။

ထွန်းထွန်းသည် မခင်မာ၏ ငါးသုံးလုံး စီးကရက်ဘူးကိုမြင်မှ အတန်ကြာအောင် ဆေးလိပ်မသောက်ရသေးသဖြင့် ခံတွင်းချဉ်လာကာ သူ၏အိတ်ထဲတွင် စီးကရက်ဘူးရှာရင်း မီးခြစ်ရှာရင်း တောင်စမ်း မြောက်စမ်း လုပ်မိသည်။

စီးကရက်ဘူးကို အိတ်ထဲမှ တွေ့သဖြင့် ထုတ်ယူကာ တစ်လိပ်ကို နှုတ်ခမ်းတွဲတွဲလဲ ချိတ်ပြီး ထုံးစံအတိုင်း ထွန်းထွန်း မီးခြစ် ရှာရပြန်သည်။

ဖတ်ခနဲ မီးခြစ်လိုက်သည့် အသံနှင့်အတူ မီးခြစ်၏ မီးတောက်လေး ထွန်းထွန်း၏ နှုတ်ခမ်းတွဲလဲချိတ် စီးကရက်ထိပ်ဖျားတွင် လာတေ့ပေးသည်။

မခင်မာက သူမ၏ မီးခြစ်ကို ခြစ်ကာ ထွန်းထွန်း စီးကရက်ထိပ်တွင် မီးတောက်လေး တေ့ပေးခြင်း ဖြစ်တော့သည်။

မခင်မာ ခြစ်ပေးသော မီးခြစ်ကို ထွန်းထွန်း လှမ်းကြည့်လိုက်သည်။

KENT မီးခြစ်အမျိုးအစားတော့ မဟုတ်ပေ။ အစိမ်းရောင် SALM ဆိုသော မီးခြစ် ဖြစ်ပေသည်။ KENT မီးခြစ်နှင့် ပုံစံခြင်း အရွယ်အစားခြင်း အတူတူပင် ဖြစ်ပေသည်။

မခင်မာက ယခုလို သူမ၏ SALM မီးခြစ်ဖြင့် မီးညှိပေးသည်မှာ ဘာသဘောနည်း။

ဦးလေး ဦးမြတ်ကောင်းက ပေးခဲ့သော မီးခြစ်အကြောင်း ရိပ်မိ၍ တမင်တကာ ငါးစာပြပြီး မျှားလိုက်ခြင်းပေ





လားဟု သိရအောင် မခင်မာအား ထွန်းထွန်းက အကဲခတ်ကြည့်လိုက်သည်။

မခင်မာသည် ဣန္ဒြေမပျက်ပေ။

ထွန်းထွန်းကို သူမ၏ SALM မီးခြစ်ဖြင့် စီးကရက်မီးညှိပေးပြီးနောက် သူမ၏ မီးခြစ်ကို စားပွဲပေါ် တင်လိုက်ပြန်ကာ သူ၏စလင်းဘက်ထဲသို့ ဆက်ပြီးနှိုက်ပြန်သည်။

ပြန်ထုတ်သောအခါ ကတ်ပြားတစ်ခု ပါလာသည်။

ထိုကတ်ပြားကို ထွန်းထွန်းအား လှမ်းပေးလိုက်သည်။

"ရော့ ... ကိုထွန်းထွန်း၊ ခင်မာ ဘယ်သူဘယ်ဝါ ဆိုတာ သိရတာပေါ့၊ ခင်မာ့ ဓာတ်ပုံလည်း ပါပါတယ်"

ထွန်းထွန်း ယူကြည့်သည်။

အိုင်ဒင်တီတီ ကတ်ပြားဖြစ်ပါ၏။

"ဒေါ်ခင်မာ"

"လက်ထောက်အရာရှိ"

"ဩော် ... လက်စသတ်တော့ မခင်မာကလည်း အရာရှိငယ်ပေကိုး"

"ဟုတ်ပါတယ် ကိုထွန်းထွန်း၊ ဟောဒီမှာ ကြည့်ပါဦး၊ ခင်မာရဲ့ ယာဉ်မောင်းလိုင်စင်ပါ။ အဲဒီမှာလည်း ဓာတ်ပုံပါပါတယ်။ ဒါပေမဲ့ အဲဒီယာဉ်မောင်းလိုင်စင်ထဲက ဓာတ်ပုံကတော့ ကျောင်းသူဘဝက ဓာတ်ပုံပေါ့"

ထွန်းထွန်း ယူကြည့်သည်။

အမည် – မခင်မာ

အမျိုးသားမှတ်ပုံတင်အမှတ် – (------)

အလုပ်အကိုင် – ကျောင်းသူ(ရန်ကုန်တက္ကသိုလ်)

နေရပ် – ရန်ကုန်။

ထွန်းထွန်းသည် ကတ်ပြားနှစ်ခုစလုံးကို သေချာကြည့်ပြီး သူမ၏ စားပွဲပေါ်ရှိ ငါးသုံးလုံး စီးကရက်ဘူးနှင့် SALM မီးခြစ်ထားရာဘေးတွင် ပြန်ချထားလိုက်သည်။

"ကဲ ... ခင်မာဟာ ဘယ်သူဘယ်ဝါ ဆိုတာ သိပြီမှတ်လား ကိုထွန်းထွန်း၊ အခုလက်ရှိ ထမ်းဆောင်နေတဲ့ တာဝန်ဟာလည်း ဦးမြတ်ကောင်းရဲ့ တာဝန်ပါပဲ။ ဒီတော့ ကိုထွန်းထွန်းကို ဒုတိယအကြိမ် ထပ်မေးပါရစေ။ ဦးမြတ်ကောင်းဟာ ကိုထွန်းထွန်းကို ဘာတွေပေးခဲ့သလဲ။ ဘာတွေပြောခဲ့သလဲ"

"ဘာမှ မပေးခဲ့ဘူး၊ ဘာမှမပြောခဲ့ဘူး"

ထွန်းထွန်းသည် စီးကရက်ကို အားရပါးရ ရှိုက်ဖွာမှုတ်ထုတ်ရာမှ ကုလားထိုင် ကျောမှီကို မှီချရင်း မခင်မာကို စူးစိုက်ကြည့်ပြီး ခပ်တည်တည်ပင် ပြန်ပြောလိုက်ခြင်း ဖြစ်ပါ၏။

မခင်မာသည် ပြုံးလိုက်ပါ၏။ ထပ်မံပြီး သူ့အိတ်ထဲ နှိုက်ယူပြန်ထုတ်လိုက်သောအခါ မည်းနက်စိမ်းလဲ့တောက်ပြောင်သော သေနတ်လေးတစ်လက် ပါလာပေသည်။ ဒသမသုံးနှစ် ... စုံထောက်ကိုင် ပြောင်းတိုတို ဆုံလည်သေနတ်မျိုးဖြစ်သည်။





မခင်မာသည် သေနတ်ကိုင် ကျင်လည်ပုံ ရသည်။ သေနတ်ပြောင်းကို ထွန်းထွန်းအား ချိန်လိုက်သည်။

"တတိယအကြိမ် ထပ်မေးပါရစေ ကိုထွန်းထွန်း၊ ဦးမြတ်ကောင်းဟာ ကိုထွန်းထွန်းကို ဘာပေးခဲ့သလဲ။ ဘာပြောခဲ့သလဲ"

"ဘာမှ မပေးခဲ့ဘူး၊ ဘာမှ မပြောခဲ့ဘူး"

မခင်မာက ခပ်ဟက်ဟက်လေး အသံထွက်အောင် ရယ်လိုက်သည်။ ပြီးနောက် သူမ၏ လက်ထဲမှ သေနတ်ကို စားပွဲပေါ်မှာပင် တုံးလုံးတင်ထားလိုက်ပြန်ကာ သူမ၏အိတ်ထဲမှ ထပ်မံပြီး ကျည်ဆန်ဘူးတစ်ဘူး ထုတ်ယူပြန်ပြီး သေနတ်ဘေးမှာပင် တင်ထားပြန်သည်။

"သေနတ်ထဲမှာလည်း ကျည်ဆံအပြည့် ထည့်ထားတယ်။ ကျည်ဆန်ဘူးထဲမှာလည်း ကျည်ဆန်နှစ်ဒါဇင်တိတိ ရှိတယ်။ အဲဒီသေနတ်နဲ့ ကျည်ဆန်ဘူးကို ကိုထွန်းထွန်း ယူထားပါ"

"ကျုပ်က ဘာလို့ ယူထားရမှာလဲ"

"ဘေးဆီးရန်ကာနဲ့ လိုကာမယ်ကာပေါ့။ ခင်မာဟာ ကျေးတောက တပ်ရင်းထဲမှာ တည်းခိုနေပါတယ်။ တကယ်တမ်း ခင်မာ့ကို ကိုထွန်းထွန်း ယုံယုံကြည်ကြည်နဲ့ ဆက်သွယ်ချင်ရင် ဖုန်းနံပါတ်(------)ကို ဆက်ပါ။ အဲဒီဖုန်းနံပါတ်ဟာ တပ်ရင်းမှူးက ခင်မာ့ အတွက် သီးသန့်ပေးထားတဲ့ဖုန်းပါ"

မခင်မာသည် စကားပြောရင်း သူမ၏ စီးကရက်ဘူး၊ မီးခြစ်၊ အိုင်ဒီတီတီ ကတ်ပြားနှင့် ယာဉ်မောင်းလိုင်စင်တို့ကို ပြန်ယူပြီး သူမ၏ အိတ်ကြီးထဲသို့ ပြန်ထည့်သည်။

ထိုင်ရာမှ ခင်မာ ထလိုက်သည်။

ထွန်းထွန်းက မခင်မာ ပေးသော ဖုန်းနံပါတ်ကို ဦးနှောက်ထဲတွင် သေချာမှတ်သားပြီး ဖြစ်ပါ၏။

"ကဲ ... ခင်မာ သွားတော့မယ်"

"ဟုတ်ကဲ့"

ထွန်းထွန်း ထိုင်ရာမှ ထသည်။ မခင်မာကို တံခါးပေါက်ဝအထိ လိုက်ပို့သည်။

စားပွဲပေါ်တွင် သေနတ်လေးနှင့် ကျည်ဆန်ဘူး၊ ဒီအတိုင်း ရှိနေပါ၏။

"ခင်မာ မသွားခင် ကိုထွန်းထွန်းကို မေးခွန်းနှစ်ခုလောက် မေးချင်ပါသေးတယ်"

"မေးပါ"

"ပထမ မေးချင်တာက ခင်မာရဲ့ အိုင်ဒင်တီတီကတ်ပြားရော၊ ယာဉ်မောင်းလိုင်စင်ရော ထုတ်ပြတာတောင် ကိုထွန်းထွန်းက ခင်မာ့ကို ယုံကြည်ပုံ မရဘူး။ အဲဒါ ... ဘာလို့ မယုံကြည်တာလဲ"

"အရာရာကို အစစ်နဲ့ ခွဲမရအောင် အတုလုပ်နိုင်တဲ့ခေတ်မှာ မခင်မာရဲ့ ကတ်ပြားတွေဟာ အစစ်အမှန် ဖြစ်တယ်လို့ ကျုပ် မယုံကြည်လို့ပဲ မခင်မာ"





မခင်မာသည် ကျေနပ်စွာ ပြုံးပြန်သည်။ ထို့နောက် မခင်မာသည် မိန်းမသားတို့၏ သဘောဝအတိုင်း ထွန်းထွန်းကို ထောင့်ကပ်အကြည့် မျက်လုံးမျိုးဖြင့်ကြည့်ကာ "အင်း ... တော်တော် ခေါင်းမာတဲ့လူ"ဟု စိတ်ထဲတွင် မှတ်ချက်ပြုလေမလားမသိ။

"ကဲ ... ဒုတိယ မေးခွန်းကတော့ လူတိုင်းဟာ ဘယ်သူမဆိုပေါ့ ကိုထွန်းထွန်း၊ သေမှာကိုတော့ ကြောက်တဲ့လူချည်းပါ။ ဒါကြောင့် သေနတ်နဲ့ အချိန်ခံရတိုင်း လူတိုင်းဟာ ကြောက်လန့်စမြဲပါ။ ဒါပေမဲ့ ကိုထွန်းထွန်းကို ခုနက ခင်မာ သေနတ်နဲ့ချိန်းပြီး မေးခဲ့တယ်၊ ကိုထွန်းထွန်းက "ဘူး"လို့ပဲ ဖြေတယ်။ ကိုထွန်းထွန်း သေနတ်နဲ့ အပစ်ခံရမှာ မကြောက်ဘူးလား။ သေမှာ မကြောက်ဘူးလား"

"သေနတ်ကိုလည်း ကြောက်တယ်။ သေမှာလည်း ကြောက်တယ်။ ဒါပေမဲ့ မခင်မာ ကျုပ်ကို တကယ်မပစ်ဘူးဆိုတာ ကျုပ် သိနေလို့ပဲ"

"ဘာလို့ ကိုထွန်းထွန်းက သိနေတာလဲ"

"ဦးလေးဦးမြတ်ကောင်းဟာ မသေမီ ကျုပ်ကို စကားတွေ ပြောခဲ့တယ် ဆိုတာရယ်၊ ပစ္စည်းတစ်ခုခု ပေးခဲ့တယ်ဆိုတာရယ်ကို မခင်မာ ယုံကြည်နေသေးသရွေ့ ကျုပ်ကို အသေပစ်မသတ်ဘူးလို့ ကျုပ်သဘောပေါက်လို့ပဲ။ သေသွားတဲ့လူဟာ ဘာစကားမှလဲ မပြောတော့ဘူး၊ ဘာပစ္စည်းမှလဲ

မပေးတော့ဘူး၊ မသေသေးရင်တော့ ဘာစကားတွေ ဘာပစ္စည်းတွေ ပြောခဲ့ ပေးခဲ့တယ် ဆိုတာ သိနိုင်ဖို့ မျှော်လင့်ချက် ထားနိုင်သေးတယ် မဟုတ်လား။ ဒါကြောင့် မခင်မာ ကျုပ်ကို အသေမပစ်ဘူးလို့ ကျုပ် ယုံကြည်လို့ပဲ"

မခင်မာက ခေါင်းညိတ်ပြပြီး တံခါးဝတွင် ရပ်နေရာမှ အိမ်ထဲသို့ ကြည့်လိုက်သဖြင့် ထွန်းထွန်းကလည်း မခင်မာ ကြည့်ရာ အိမ်ထဲသို့ လိုက်ကြည့်သည်။

ဦးသာဝ ပင်။

တစ်ချိန်လုံး နောက်ဖေး မီးဖိုချောင်ဝယ်နေပြီး လုံးဝထွက်မလာသော ဦးသာဝသည် ယခုမှ ဧည့်ခန်းထဲသို့ ရောက်ရှိလာပြီ စားပွဲပေါ်ရှိ သေနတ်ကို ကိုင်ကြည့်နေပေသည်။

မခင်မာသည် ဦးသာဝအား စူးစမ်းသော အကြည့်ဖြင့် ကြည့်နေသည်။

"သွားမယ် ကိုထွန်းထွန်း၊ ခင်မာ နောက်ဆုံး သတိပေးခဲ့ချင်တာကတော့ ကိုထွန်းထွန်းရဲ့ မူအတိုင်း ကိုယ်ကကျူးပြီး ကိုယ့်ဒူးတောင် မယုံပါနဲ့လို့ ..."

ဒါပဲပြောပြီး မခင်မာ ပြန်သွားသည်။

ထွန်းထွန်း ဧည့်ခန်းသို့ ပြန်လှည့်လာပြီး ဦးသာဝ ကိုင်ကြည့်နေသော သေနတ်ကို ထွန်းထွန်း၏ လက်ဝါးကြီးဖြင့် ဆုပ်ကိုင်ကာ ယူလိုက်သည်။

"ဦးသာဝ မီးဖိုထဲမှာ တစ်ချိန်လုံး ဘာလုပ်နေတာလဲ"





"ချက်ပြုတ်နေတယ်လေ"

"ချက်တာ ပြုတ်တာ အဲဒီလောက်ကြီးတောင် ကြာသလား"

"ဘယ်ဟုတ်မလဲ မောင်ထွန်းထွန်း၊ ခုနကသွားတဲ့ ကောင်မလေး ရောက်လာစ,ကတည်းက အားလုံး ချက်ပြုတ်ပြီးနေတာပဲ"

"ဒါဖြင့် ... ဘာလို့ အပြင်ထွက်မလာလဲ"

ဦးသာဝသည် ကျဲခနဲ ရယ်လိုက်ပါ၏။

ဦးသာဝ ရယ်ပုံမှာ အဓိပ္ပာယ်တစ်ခုခုဆီသို့ ရည်ညွှန်းလေမှန်းသာ ထွန်းထွန်း မတွေးတတ်အောင် ဖြစ်ရသည်။

"ဒီအိမ်မှာ မောင်ကျော်စိုးနဲ့ အတူနေကတည်းက မောင်ကျော်စိုးက ဦးသာဝကို သံမဏိစည်းကမ်းတစ်ခု ထုတ်ထားတယ်"

"ဘယ်လိုစည်းကမ်းလဲ"

"ဒီအိမ်ကို အမျိုးသမီး အရွယ်ရှိရှိထဲက လာလည်ရင် အဲဒီအမျိုးသမီး မပြန်မချင်း ဦးသာဝ အပြင်ကို ထွက်မလာရဘူးဆိုတဲ့ စည်းကမ်းလေကွာ။ ဒါကြောင့် မောင်ထွန်းထွန်းမှာလည်း မောင်ကျော်စိုး လိုပဲလားလို့ ဦးသာဝ လုံးဝထွက်မလာဘဲ နေတာပေါ့ ... ဟဲ ... ဟဲ ..."

အင်း ... ကျော်စိုး လူပျိုသိုး ဘယ်လိုအချိုးတွေများ ချိုးထား၍ ဤနှယ် သံမဏိစည်းကမ်း ထုတ်ထားပေသနည်း။

"ဒီ ... ဧည့်ခန်းထဲမှာ ကျွန်တော်တို့ စကားပြောသံကို ဦးသာဝ မကြားဘူးလား"

"ကြားသားပဲ"

ထွန်းထွန်း၏ စိတ်ထဲဝယ် "ဟိုက်"ခနဲ ဖြစ်သွားရပေသည်။

မခင်မာနှင့် ထွန်းထွန်း ပြောခဲ့သော စကားများသည် ဘေးလူ မကြားသင့်သော စကားမျိုးတွေ ဖြစ်ပါ၏။ လျှို့ဝှက် စကားတွေ မဟုတ်လား။

"ကဲ ... ဒါဖြင့် ... ကျွန်တော်တို့ ဘာအကြောင်းတွေ ပြောခဲ့တယ်ဆိုတာ ကျွန်တော့်ကို ပြန်ပြောပြစမ်း"

ဦးသာဝက သူ၏ ဦးခေါင်းကို ခါယမ်းပြလိုက်သည်။

"ဦးသာဝ ကြားတယ် ဆိုတာက စကားပြောကြတဲ့ အသံကိုသာ ကြားတာလို့ ပြောတာပါ။ ဘာအကြောင်းတွေ ပြောတယ်ဆိုတာတော့ စကားလုံးကွဲအောင် ကြားတာမျိုးမှ မဟုတ်တာဘဲ မောင်ထွန်းထွန်း။ ဟိုကောင်မလေး ပြောတာရော၊ မောင်ထွန်းထွန်း ပြောတာရော အသံတွေ ဗလုံးဗထွေး ကြားတဲ့သဘောလောက်ပါ"

ထွန်းထွန်းသည် ဟူးခနဲ သက်ပြင်းတစ်လုံးချလိုက်ပါလေတော့သည်။

✿✣✿





လက်ပံပင် ဆက်ရက်ကျသည် ဆိုသည်မှာ ဒါမျိုးပင် ဖြစ်ပေလိမ့်မယ်။

အမျိုးသမီးများ၏ သဘာဝပေပဲလား မပြောတတ်။

အမျိုးသမီးတို့သည် အုပ်နှင့် အဖွဲ့နှင့် မစုမိဘဲ တစ်ဦးတည်းသာဆိုလျှင် ဣန္ဒြေတွေ သိက္ခာတွေနှင့် အပြည့်ဖြစ်ပြီး စကားပြောလျှင်လည်း နားထောင်သူက ကြားနိုင်အောင် မနည်းကြိုးစား နားထောင်ရလောက်အောင် တိုးတိုးညင်ညင်လေး ရှိတတ်ပေသည်။ ရယ်လျှင်လည်း ပါးစပ်ကို လက်ကိုင်လေးအုပ်ပြီး ရယ်တတ်သည်။

အဲ ... သူတို့ စိတ်တူ သဘောတူ အမျိုးသမီးတစ်စု အုပ်နှင့် အင်းနှင့် ဖြစ်သွားပြီ ဆိုပါစို့။ တစ်ယောက် တစ်ပေါက်နှင့် စကားပြောကြသံများသည် သောသောညံတော့သည်။ သူတို့၏ တခစ်ခစ် တခိခိရယ်သံတို့သည် စီစီညံတော့သည်။

လက်ပံပင် ဆက်ရက်ကျသည့်နယ်ပါတည်း။

ယခုလည်း ထွန်းထွန်း လင့်ရှိဗာကား ဆင်ဝင်အောက်သို့ ထိုးဆိုက်သည်နှင့် အိမ်ထဲမှ သောသောညံညံ စီစီညံ အသံများကို ကြားလိုက်ရပေသည်။

ငွေငွေ၏ ဈေးအသိုက်သည် မနက်(၉)နာရီမထိုးမီကပင် ရောက်နှင့်ပြီး ဖြစ်ဟန်တူပါ၏။

သို့သော် ...

ထွန်းထွန်း၏ ကားဆိုက်သံကြားလိုက်သည်နှင့် ပုရစ်ရင်ကွဲများ အော်မြည်နေရာမှ ဖြန်းခနဲ ရပ်သွားသည့်နယ် တစ်အောင့် တစ်ခဏ ရပ်သွားပြီး အထဲတွင် ရောက်နေပြီးကြသော သူတို့၏ မျက်လုံးများ အားလုံးကလည်း ထွန်းထွန်း ရှိရာ ဆင်ဝင်အောက် လင့်ရှိဗာကားဆီသို့ ယိမ်းသမများ ယိမ်းကသည့်အလား တစ်ညီတည်း ဦးခေါင်းများကိုယ်စီ လည်ကာ ထွန်းထွန်း ရှိရာသို့ လှမ်းကြည့်ကြသည်။

ထွန်းထွန်းသည် တည်တည်တံ့တံ့ပင် ကားပေါ်မှ ဆင်းခဲ့သည်။

"ဟဲ့ ... မောင်ဗမာကြီး ပါလားဟဲ့"

"အိုး ... ဘယ်က မောင်ဗမာက,ပါမလဲ မောင်ကမ္ဘာကြီး လောက် မြင်သားနဲ့"





"ဟုတ်ပါရဲ့ဟယ် ... နည်းတာကြီး မဟုတ်ဘူး"

"ဟဲ့ ... ကောင်မ တိုးတိုးပြောပါဟဲ့၊ ကြားသွားရင် အားနာစရာကြီး"

"အောင်မာ ... ကောင်မက နာတတ် နေတတ်လိုက်တာ၊ သူပိုင်ပစ္စည်းကျနေတာပဲ။ နင့်ခန္ဓာကိုယ် ပိစိကွေးလေးနဲ့များ၊ ခါချဉ်ကောင် မာန်ကြီးပြီး တောင်ကြီးဖြိုသလို ဖြစ်သွားမယ် သိလား"

ဝါးခနဲ အမျိုးသမီးတစ်သိုက် ပွဲကျရယ်မောကြသည်။

နွေးနွေးသည် တသောသော ဖြစ်နေသော မမငွေး၏ ဈေးအဖွဲ့ကို နှာခေါင်းရှုံ့ကြည့်ပြီး ထွန်းထွန်း ရှိရာသို့ လှမ်းကြည့်လိုက်မိသည်။

အစ်ကိုထွန်းထွန်းကတော့ ထုံးစံအတိုင်းပင်။

စပို့ရှပ် အပြာရောင်ကို အောက်ခံ ဝတ်ထားကာ အပေါ်မှ ဝတ်နေကျ ဂျာကင်ကို ဝတ်ထားပေသည်။ ယခုတစ်ခါတော့ အစ်ကိုထွန်းထွန်းသည် ဘောင်းဘီဝတ်မလာပေ။ နှစ်တစ်ရာ ချည်ချောလုံချည်၊ အဖြူနှင့် အနက်ကွက်စိပ်လေး ဝတ်လာသည်။

ဆံပင်မှာ မည်းနက်ပြီး လှိုင်းတွန့်လေးများဖြစ်ခါ နဖူးပေါ်သို့ ဆံစတချို့ ဝဲကျနေသည်။

အစ်ကိုထွန်းထွန်းကို ကြည့်မြင်ရသည်မှာ မမငွေးက (၉)နာရီ အရောက်လာခဲ့ပါဟု ဖုန်းဖြင့် ခေါ်ထားသောကြောင့် အိပ်ရာမှ ထသည်နှင့် ကမန်းကတန်း ရေချိုးအဝတ်လဲကာ ခေါင်းပင် မဖြီးနိုင်ဘဲ ထွက်လာပုံရသည်။

သူမ၏ အစ်ကိုထွန်းထွန်းသည် အိပ်ပုပ်ကြီးတတ်သည် မဟုတ်လား။

"ဟော ... ကိုထွန်းထွန်း ... လာ ... လာ ... ငွေးငွေးတို့အားလုံး ကိုထွန်းထွန်း အလာကို စောင့်နေကြတာ။ ဒီမှာ လူစုံပြီ။ စားဖွယ် သောက်ဖွယ် ချိုင့်တွေ တောင်းတွေလည်း အားလုံး အဆင်သင့် ဖြစ်နေပြီ"

"ဟုတ်လား မငွေးငွေး ... အခု ကျွန်တော် ရောက်လာတာ ကိုးနာရီထိုးဖို့ သုံးမိနစ် လိုပါသေးတယ်နော်။ မငွေးငွေး မှာတာက ကျွန်တော့်ကို ကိုးနာရီအရောက် လာခဲ့ပါလို့ မှာတာပါ။ ကိုးနာရီထိုးဖို့ သုံးမိနစ်တောင် လိုပါသေးတယ်"

"အံမာမင်း ... ပြေးခုန်ပစ် ပြိုင်ပွဲမှာ မိနစ် စက္ကန့်နဲ့ မှတ်တမ်းတင်တာ ကျနေတာပဲ။ ကဲ ... ကဲ ... ငွေးငွေးရဲ့ ဈေးအဖွဲ့ မိတ်ဆွေတွေနဲ့ ကိုထွန်းထွန်းကို မိတ်ဆက်ပေးမယ်"

"ဟောဒါက သီတာတဲ့။ သူက ငွေးငွေးလိုပဲ ဈေးထဲမှာ ရွှေဆိုင်ပဲ"

"ဟောဒါက နီလာတဲ့၊ သူက အထည်ဆိုင်"





"ဒါက နှင်းဆီ၊ သူက စံပယ်၊ သူက သဇင်၊ ဟောဒီ နောက်ဆုံးကတော့ သရဖီတဲ့၊ အားလုံး အထည်ဆိုင်တွေချည်းပဲ။ ငွေးငွေး ဆိုင်နဲ့ ကပ်လျက်သား ဆိုင်တွေလေ"

အားလုံး အမျိုးသမီး ခြောက်ဦး ဖြစ်ပါ၏။

ထွန်းထွန်းသည် တစ်ဦးချင်းကို မိတ်ဆက်ပေးလေတိုင်း သူ ခါးကိုညွှတ်ခါ "ကျွန်တော်က ထွန်းထွန်းပါ"ဟု တစ်ခါပြောရသည်။ နှုတ်ခမ်းကိုလည်း ပြုံးထားရသေးသည်။

သူတို့က ခြောက်ယောက်မို့ ထွန်းထွန်းမှာ ခြောက်ကြိမ် ခါးကုန်း နှုတ်ခမ်းပြုံး ကိုယ့်အမည် ကိုယ်ဖော်ထုတ်ရခြင်းဖြင့် စိတ်တော်တော် ကသိကအောက် ဖြစ်သွားရသည်။

နွေးနွေးသည် အိမ်ပေါ်ထပ် တက်သည့် ကျွန်းလှေကားကြီးအရင်း အောက်ဆုံးအထစ် ပြင်ကျယ်တွင် ဒူးကွေးတစ်ဆစ်ကျိုးထိုင်ကာ သူမ အစ်မ ငွေးငွေးနှင့် ဈေးသူတစ်သိုက်ကို ကြည့်ကာ မသိမသာလေး မဲ့မိပေသည်။

"သူက ကိုထွန်းထွန်း တဲ့နော် ... မန္တလေးတက္ကသိုလ်မှာ မဟာဝိဇ္ဇာတန်း တက်နေတယ်၊ မိဘတွေက ကျောက်မဲမှာ လက်ဖက်ခြံတွေ ပိုင်သတဲ့။ ကျော်စိုးကြီးရဲ့ ကျောင်းနေဖက် သူငယ်ချင်းလေ"

"တွေ့ရတာနဲ့ မိတ်ဆွေဖြစ်ရတာ ဝမ်းသာပါတယ်၊ မသီတာ၊ မနီလာ၊ ပြီးတော့ ... မနှင်းဆီ၊ မသဇင်၊ မစံပယ်နဲ့ မသရဖီ၊ အမယ်လေး ... မောလိုက်တာ၊ မြန်မာပြည်မှာရှိတဲ့ ပန်း

နာမည်တွေ ကုန်ပြီထင်ပါရဲ့။ ဒါပေမဲ့ တော်သေးတယ်။ ဒီအထဲမှာ မလက်ခုတ်ပန်း ဆိုတာ မပါသေးလို့"

"အို ... လက်ခုတ်ပန်း နာမည်တော့ ဘယ်သူက မှည့်မှာလဲ ကိုထွန်းထွန်းရဲ့၊ အဲဒီ လက်ခုတ်ပန်း ဆိုတာက အီးအီးစော်နံက နံသနဲ့"

လူကြည့်တော့ ညှပ်စိ အသေးဆုံးနှင့် ပြောပုံ ဆိုပုံ အသွက်လက်ဆုံး ဖြစ်သော မသရဖီက စောဒက တက်လိုက်ပေသည်။

ထွန်းထွန်းသည် ဤသောသောညံဝိုင်း၌ နွေးနွေးကို မတွေ့ရသောကြောင့် လှည့်ပတ်ပြီး ရှာဖွေကြည့်သည်။

လှေကားရင်းတွင် လောကကြီး တစ်ခုလုံး၌ ဘာကိုမှ ကျေနပ်စရာ မတွေ့သော မျက်နှာနှင့် ရှုသိုးသိုး မှုန်ကုတ်ကုတ် ထိုင်နေသော နွေးနွေးကို တွေ့ရပေသည်။

"ဟေး ... နွေးနွေး ငိုင်လှချည်လား။ ဘာတွေများ မကျေနပ်လို့ သုန်မှုန်နေတဲ့ မျက်နှာထား ဖြစ်နေပါလိမ့်"

နွေးနွေးသည် သူမအား ပြုံးပြီး ပြောနေသည့် ထွန်းထွန်းကို စေ့စေ့ပါအောင် တစ်ချက်ကြည့်ပြီး ဘာတစ်ခွန်းမှ ပြန်မပြောဘဲ သိသိသာသာကြီးပင် တခြားသို့ မျက်နှာလွှဲပစ်သည်။

နွေးနွေး၏ အပြုအမူကြောင့် အမျိုးသမီးအုပ်ကြားဝယ် ထွန်းထွန်းမှာ ကြောင်တက်တက် ဖြစ်သွားစေပေသည်။





ဒါကို အကဲခတ်မိသော ဌေးဌေးက ချက်ချင်းဝင်၍ ဖာဖာထေးထေး စကားမျိုး ပြောလိုက်သည်။

"ဆက်လို့ပဲ ကိုထွန်းထွန်းရေ။ ကိုထွန်းထွန်းရဲ့ညီမတော် စိတ်ကောက်တာကတော့ ဆက်လို့ပဲ။ အခု ပျော်ပွဲစားထွက်တာကိုတောင် မလိုက်တော့ဘူး ဆိုလို့ ဘွားဘွားက ကြိမ်းမောင်းပြီး လိုက်သွားရမယ်လို့ အမိန့်ပေးမှ စူစူအောင့်အောင့်နဲ့ လိုက်မှာ"

ဌေးဌေး၏ စကားထဲတွင် "ကိုထွန်းထွန်းရဲ့ညီမတော်"ဟု ပြောလိုက်ခြင်းဖြင့် ဈေးတစ်သိုက်သည် အချင်းချင်း လက်တို့ ခြေတို့နှင့် ပြုံးစိစိတွေ ဖြစ်သွားကြသည်။

နွေးနွေးကလည်း သူမ၏ အစ်မအရင်း ဌေးဌေးကို မော့ကြည့်လိုက်သည်။

ဌေးဌေးနှင့် နွေးနွေးသည် ညီမအရင်းဖြစ်ပြီး ဌေးဌေးက အစ်မဖြစ်သည်။ ထို့ကြောင့် ကိုထွန်းထွန်းရဲ့ ညီမတော်ဟု ဆိုလိုက်ခြင်းအားဖြင့် ဌေးဌေးနှင့် ကိုထွန်းထွန်းမှာ ဘာလိုလိုဆိုသော အဓိပ္ပာယ် ပေါက်သွားသည် မဟုတ်ပါလား။

ဒါကို ဈေးအသိုက် ရိပ်မိသည်။ ထွန်းထွန်းလည်း ရိပ်မိသည်။ နွေးနွေးလည်း ရိပ်မိမည်မို့ ဈေးအသိုက် ဘာမျှစကားမဝင်မီ ထွန်းထွန်းက ရယ်မောကာ မေးမြန်းလိုက်ပါ၏။

"ဘာတွေများ နွေးနွေးက စိတ်ကောက်တာတွေ ဆက်သွားရတာလဲ မဌေးဌေး"

"ညက ငွေငွေက ပြောမိတယ်။ နွေးနွေး ကျောင်းကို ပြန်သွားဖို့ ကောင်းပြီလို့လေ၊ တော်ကြာ ကျောင်းတက်ရက်တွေ မပြည့်လို့ဆိုပြီး စာမေးပွဲဖြေခွင့် မရမှာစိုးလို့ပါ။ အဲဒါ ဘွားဘွားကလည်း ဝင်ပြီး နွေးနွေးကို ဆူတယ်။ ညကတည်းက နွေးနွေး မကြည်ဘူးပေါ့ ကိုထွန်းထွန်း။ တစ်ခါ ဒီနေ့ နွေးနွေးဆီကို အမျိုးသမီးတစ်ယောက် စောစောက လာသွားတယ်။ ခြံထဲက ခုံတန်းလျားမှာ သူတို့နှစ်ယောက် ဘာတွေပြောကြလဲ မသိပါဘူး။ အဲဒီအမျိုးသမီး ပြန်သွားတော့ နွေးနွေး ထပ်ပြီး မကြည်ပြန်ဘူးလေ"

"အဲဒီ အမျိုးသမီးက ဘယ်သူတဲ့လဲ မငွေငွေ"

"မခင်မာတဲ့။ ငွေငွေတော့ အဲဒီ မခင်မာ ဆိုတာကို တစ်ခါမှ မမြင်ဖူးပါဘူး၊ မသိပါဘူး။ မခင်မာ ဆိုတာ ဘယ်သူဘယ်ဝါလဲလို့ နွေးနွေးကို မေးတော့လည်း နွေးနွေးက ဘာမှ တိတိကျကျ မပြောဘူး၊ ငွေငွေကို စိတ်ကောက်ပြီး ဘုပြန်နှိပ်တာ နေမှာပေါ့။ သူ့ဆီလာတဲ့ သူ့မိတ်ဆွေ မခင်မာကို သူ ကိုယ်တိုင်လည်း မသိဘူးတဲ့လေ"

"မခင်မာ ဟုတ်လား"

ထွန်းထွန်းက နွေးနွေးကို လှမ်းကြည့်ရင်း မေးလိုက်သည်။





နွေးနွေးက သူ့ကို မမေးသည့် အလား ဘာတစ်ခွန်းမှ ပြန်မဖြေဘဲ လှေကားရင်းမှ ထ,ကာ အိမ်ရှေ့ မော်တော်ကားများ ရပ်ထားရာဆီသို့ စတိုင်တင်းတင်းနှင့် လျှောက်သွားသည်။

"နေပလေ့စေ ကိုထွန်းထွန်း။ မိနွေးက စိတ်ကောက်ပြီဆိုရင် အဲဒီလိုပဲ ပေပေတေတေနဲ့၊ ဘိုးဘိုး ဝင်ချော့မှ သူ စိတ်ပြေတတ်တယ်၊ ဒါမှ မဟုတ်လည်း သူ စိတ်ပြေချင်တဲ့ အချိန်ကျမှ ပြေသွားရော။ မိနွေး စိတ်ကောက်တာ ရိုးနေပြီ။ ကဲ ... ငွေငွေတို့ သွားကြစို့။ တော်ကြာ နေသိပ်ပူသွားမယ်"

"ဦးလေးအောင်နဲ့ ဒေါ်ဒေါ်စိမ်းကကော"

"ဒီနေ့ ဥပုသ်ယူကြတယ် ကိုထွန်းထွန်း၊ ဒီနေ့ ဥပုသ်နေ့လေ၊ ဒါကြောင့် ငွေငွေတို့လည်း ဈေးပိတ်တာ"

"ဒါဆို ဦးလေးအောင်နဲ့ ဒေါ်ဒေါ်စိမ်း မသိချောင်းကို မလိုက်ဘူးပေါ့"

"ဟင့်အင်း ... ဘိုးဘိုးနဲ့ ဘွားဘွားက ဥပုသ်ယူရင် အပြင်ကို လုံးဝမထွက်တော့ဘူး၊ ဘုရားခန်းထဲမှာပဲ တရားထိုင်ကြတယ်။ ဒါကြောင့် မိနွေး စိတ်ကောက်တာကို ဘိုးကိုးမသိလို့ မချော့သေးတာ"

ချက်ပြုတ်ထားသော အိုးခွက်ပန်းကန်များ ဆွဲခြင်းများ တောင်းများကို လင့်ရိဗာနောက်ခန်းတွင် တင်ကြသည်။ ကိုယ်ထုကိုယ်ထစနစ်ဖြင့် ဝိုင်း၍ သယ်ယူကြခြင်း ဖြစ်ပါ၏။

"ကဲ ... နွေးနွေးရယ်၊ သီတာ၊ နီလာနဲ့ နှင်းဆီက ကိုထွန်းထွန်းရဲ့ လင့်ရီဗာကားနဲ့ လိုက်။ အိမ်က ဆန်နီကားကို ဌေးဌေး မောင်းမယ်။ သဇင်နဲ့ သရဖီက ငါ့ကားနဲ့ပဲလိုက်"

နွေးနွေး ဆတ်ခနဲ ဝင်ပြောသည်။

"မလိုပါဘူး ... ဆန်နီကို နွေးနွေး မောင်းမယ်။ မမဌေး လင့်ရီဗာနဲ့ပဲလိုက်။ မမဌေးတို့ စုံတွဲ လင့်ရီဗာ ရှေ့ခန်းမှာ ထိုင်ကြ"

"ဟဲ့ ... ကောင်မလေး၊ ကြည့်စမ်း ... တွေ့ကရာ လျှောက်ပြောတယ်"

ဈေးတစ်သိုက်မှာ နွေးနွေးက ဆူဆူဆောင့်ဆောင့်ဖြင့် "မမဌေးတို့ စုံတွဲ"ဟု ပြောလိုက်သည်ကို ပွဲကျသွားပေသည်။

"ဟုတ်တယ် ... ဟုတ်တယ် ... မိဌေးဌေး လင့်ရီဗာနဲ့ပဲ လိုက်"

ဟုလည်း ဝိုင်းပြောကြသည်၊ ရယ်မောကြသည်။

နွေးနွေးသည် တကယ့် ဂျစ်တူးမလေးပါပေ။ ပြောပြောဆိုဆိုပင် ဆန်နီကားမောင်းသူ နေရာတွင် ဝင်ထိုင်ပြီး တံခါးကို ဂျိမ်းခနဲ ဆောင့်ပိတ်ကာ ကားကို စက်နှိုးလိုက်ပေတော့သည်။

စပယ်၊ သဇင်နှင့် သရဖီ တို့သည် အပြေးအလွှားပင် ဆန်နီ ကားပေါ်သို့ ပြေးတက်ကြပေသည်။

လူလေးယောက် ပြည့်သည်နှင့် နွေးနွေးသည် ကားကို ဂီယာထိုးကာ ခြံထဲမှ မောင်းထွက်သွားပေတော့သည်။





"အင်း ... မိနွေးနွေးကတော့ တကယ့်ကို ဇွတ်ပဲ။ ကဲ ... တက်ကြစို့၊ သူ့နောက်လိုက်ကြစို့၊ သူ့နောက်ကို မီအောင် လိုက်မှ မိနွေးက ကားမောင်း ကြမ်းချင်တယ်။ စိတ်ကောက်နေတော့ ပိုဆိုးတာပေါ့"

လင့်ရီဗာ နောက်ပိုင်း အိုးခွက်များနှင့်အတူ သီတာ၊ နီလာနှင့် နှင်းဆီတို့ တက်ရောက်နေရာယူကြသည်။

ဌေးဌေးက အိမ်တံခါး ပြန်ပိတ်နေသဖြင့် နောက်ကျပြီးမှ လင့်ရီဗာ၏ နောက်ပိုင်းသို့ ကောင်မတွေနှင့်အတူ လိုက်ရန် တက်မည်ပြုသည်။

သို့သော် ကောင်မသုံးယောက်သည် နောက်လူထိုင်စရာ မရှိအောင် နေရာယူထားကြပြီး အိုးခွက် ခြင်းတောင်းတွေနှင့်လည်း ပြည့်သိပ်နေသည်။

"ဟေး ... ဟေး ... နောက်မှာ ထိုင်စရာနေရာ မရှိတော့ဘူး မိဌေးဌေး၊ နင် ရှေ့မှာပဲ သွားထိုင်"

နွေးနွေး၏ ကားသည် ခြံပြင်သို့ပင် မောင်းထွက်နေပေပြီ။

ထွန်းထွန်း စိတ်ဝယ် နွေးနွေးကို စိတ်မချနိုင်ဘဲ အမြန် နောက်မှမီအောင် လိုက်လိုလှပြီ။ စိတ်ကောက်ပြီး ကားကို ဇွတ်တရကြမ်းမောင်းခြင်းသည် ကြီးမားသော အန္တရာယ်ဖြစ်မှာ ထွန်းထွန်း နွေး အတွက် အရမ်းစိုးရိမ်သည်။

"လာပါ ... မငွေးငွေး ရေ့မှာပဲ လာထိုင်ပါ၊ ရေ့ကူရှင်က အကျယ်ကြီးပါ၊ ကျွန်တော်တို့ နွေးနွေးကို မမီဘဲ ကြာသွားမယ်။ ပြီးတော့ ကျွန်တော်က ပသီချောင်းသွားတဲ့ လမ်းကို မသိဘူးလေ။ မငွေးငွေး ရေ့ကထိုင်ပြီး လမ်းပြပေးမှပေါ့"

"ဟော ... ကြားလား မိငွေး။ လမ်းမသိလို့ နင့်နောက်လိုက်ရမယ်တဲ့။ သွား ... သွား ... အမြီးလေးနှံ့ပြီး လမ်းပြပေးလိုက်ဦး"

စကားအဓိပ္ပာယ်မှာ လမ်းမသိ ခွေးနောက်လိုက်ဟု သဘောဖြစ်အောင် သီတာက ညွှန်ပြီး ပြောလိုက်ရာ ကောင်မတွေ တသောသော ရယ်မောကြပြန်သည်။

"ကောင်မတွေကိုက ... ဟင်း"

ဟုသာ ပြောနိုင်ပြီး လင့်ရိဗာရေ့ခန်းသို့ သွားကာ ငွေးငွေး ထိုင်ချလိုက်ရတော့သည်။

ထွန်းထွန်းကိုလည်း ငွေးငွေးက မျက်စောင်းထိုးပါ၏။

ထွန်းထွန်းက ငွေးငွေး မျက်စောင်းထိုးသည်ကိုလည်း မမြင် မသိဘဲ ငွေးငွေး ကားပေါ်တွင်ထိုင်ပြီး တံခါးပိတ်သည်နှင့် မောင်းထွက်လာသည်။ တရကြမ်း မောင်းသည်မို့ မကြာမီ နွေးနွေး၏ ကားနောက်ကို မီလာပေသည်။

ထိုအခါကျမှ ထွန်းထွန်း စဉ်းစားတော့သည်။





မငွေးငွေးနှင့် ဒေါ်ဒေါ်စိမ်းက ကျောင်းပြန်သွားရန် ပြောသည့် ဆူပူသည့် အတွက် မငွေးငွေးအား စိတ်ကောက်သည် ပဲထားပါဦး၊ ယင်းစိတ်ကောက်ခြင်းသည် မိသားစုအတွင်း စိတ်ကောက်ခြင်းသာ ဖြစ်သည်။

မိမိအား နွေးနွေးက စကားပြန်မပြောနိုင်အောင် ဘာစိတ်ကောက်စရာ ရှိသနည်း။

ပြီး ... မခင်မာ နွေးနွေးထံသို့ ရောက်ရှိခဲ့သည်ကို နွေးနွေးက မိမိထံ အကြောင်းကြားသင့်သည်။

ကွယ်လွန်သူ ဦးမြတ်ကောင်း ပေးခဲ့သော ဖလင်ကိစ္စမှာ မိမိနှင့် နွေးနွေး နှစ်ဦးတည်းသာ သိရှိထားသောကိစ္စ မဟုတ်လော။

ထို့ကြောင့် မခင်မာ သူမထံသို့ လာသွားကြောင်းနှင့်တကွ အကျိုးအကြောင်း မိမိကို နွေးနွေး ပြောသင့်ပါလျက် အဘယ်ကြောင့် မိမိကိုပါ စိတ်ကောက်ပြီး မပြောဘဲ နေဘိသနည်း။

ပသီချောင်းရေတံခွန် တည်ရှိရာသည် တောင်ငူမှ သံတောင်သို့သွားသည့် မော်တော်ကားလမ်း ဖြစ်ပါ၏။ တောင်ငူနှင့် သံတောင်သည် (၂၈)မိုင်ခန့် ရှိပေသည်။

ပသီချောင်းသည် တောင်ငူမှ (၁၃)မိုင်အကွာတွင် ရှိပေသည်။

ပသီချောင်းဝယ် ကျောက်တုံးကျောက်ခဲ အရွယ်အစား အမျိုးမျိုးသည် ပသီချောင်း၏ ရေလယ်ရေအောက်တွင်

လည်းကောင်း၊ ကမ်းခြေနှစ်ဖက်တွင်လည်းကောင်း ရှိနေပြီး ပသီချောင်းရေမှာ ကြည်လင်သန့်စင်လာပေသည်။

ကျောက်တောင် ကျောက်တုံးများ ဖြစ်သောကြောင့် ချောင်း၏ နေရာအနှံ့တွင် ရေတံခွန်ငယ်များ ရှိနေပေသည်။

တချို့ အမျိုးသားများသည် ဘီယာဘူးများကို ပသီချောင်းရေတွင် စိမ်ထားကာ သောက်ခါနီးမှ ယူသောက်လျှင် ရေခဲစိမ်ဘီယာကဲ့သို့ပင် အေးမြသည်ဟု ဆိုကြသည်။

ပသီချောင်းတွင် ရေကူးရန်နှင့် ရေဆော့ရန် ရေအတိမ်အနက် နေရာအမျိုးမျိုးလည်း ရှိပေသည်။

ပသီချောင်းတွင် စခန်းချရာ၌ နေပူမည်ကို မစိုးရိမ်ပါလင့်။ ပသီချောင်း၏ ဟိုဘက်ကမ်း ကူးသွားလျှင် ရွက်အုပ်ဖားကြီးတွေနှင့် နေပြောက်မထိုးနိုင်အောင် ဝေသီခေါင်မြင့် သစ်ပင်ဝါးပင်များအောက်တွင် အရိပ်အာဝါသ ကောင်းလှပေသည်။

ဟိုဘက်ကမ်းမြေမှာ ကျောက်မြေဖြစ်သောကြောင့် ကော်ဖော ဒလီ စသည်တို့ပင် ခင်းဖို့မလိုဘဲ သစ်ရွက်ခြောက်များ လှည်းကျင်းပြီး မြေမာတွင် ထိုင်နိုင် နေနိုင်ပေသည်။

မြေကမ္ဗလာ၊ ကျောက်ကမ္ဗလာများ ဖြစ်ပေသည်။

ပသီချောင်းသို့ အပန်းဖြေ လာသူများနှင့် ပျော်ပွဲစား လာသူများသည် များသောအားဖြင့် ဟိုဘက်ကမ်းသို့ ကူးကာ မိမိတို့ နှစ်သက်ရာ နေရာကို ရွေးချယ်ပြီး စခန်းချတတ်သည်။





ဟိုဘက်ကမ်းသို့ ကူးရာတွင် ရေတိမ်နေရာတွင် ကျောက်တုံး ကျောက်ခဲများကို နင်းကာ တံတားအဖြစ် ကူးလျှောက်သွားရသည်။ ၎င်းကျောက်တုံးကျောက်ခဲများတွင် ရေညှိများကပ်ငြိနေတတ်ရာ ကျောက်တုံးများကို နင်းလျှောက်ကူးသန်းရာတွင် ရေညှိနှင့် ခြေချော်တတ်ကြသည်။

ခြေချော်ကျသွား၍လည်း ရေမနစ်။ အရေးမဟုတ်။ ထိုသို့ ကူးသော နေရာတွင် ရေမှာ ဒူးဆစ်ခန့်သာ အနက်ရှိသောကြောင့် ဖြစ်ပါ၏။

မငွေးငွေးတို့ လာသော ဥပုသ်နေ့မျိုးတွင် ပသီချောင်း၌ သိပ်လူစည်ကားခြင်း မရှိ။ ရုံးပိတ်ရက် ကျောင်းပိတ်ရက် ဖြစ်သော စနေ၊ တနင်္ဂနွေနေ့များ၌သာ လူစည်ကားတတ်သည်။

မ,သတ္တဂါတွေ ကြားထဲတွင် ဖိုသတ္တဝါတစ်ဦးတည်းဖြစ်နေသော ထွန်းထွန်းမှာ သူရဲကောင်းတစ်ယောက် ဖြစ်နေတော့သည်။

ပထမဦးစွာ ထွန်းထွန်း တစ်ယောက်တည်း ဟိုဘက်ကမ်းသို့ ကူးကာ စတည်းချမည့် နေရာကို ရှာဖွေရွေးချယ်ရသည်။

"ကိုထွန်းထွန်း ... ချောင်းနဲ့လည်း မဝေးစေနဲ့နော်"

"ကိုထွန်းထွန်း ... ရေဆော့လို့ ကောင်းတဲ့နေရာမျိုးနော်"

"ကိုထွန်းထွန်း ... အရိပ်ကောင်းကောင်းနဲ့ မြေပြန့်ပြန့်နေရာမျိုးနော်"

ကိုထွန်းထွန်းဟု ခေါ်သံတွေမှာ ထပ်နေပါ၏။

ထွန်းထွန်းသည် ပုဆိုးကို ခါးတောင်းကျိုက်ခါ ဖိနပ်မပါဘဲ ဟိုဘက်ကမ်းသို့ ကူးသွားသည်။ ကျောက်တုံးတံတားကို မနင်းဘဲ ခြေသလုံးနက် ရေထဲမှ ဖြတ်လျှောက်ကူးသွားခြင်း ဖြစ်ပေသည်။

သူတို့အားလုံးဝိုင်း၍ တစ်ယောက် တစ်ပေါက် မှာကြသော နေရာမျိုးကို ထွန်းထွန်း ဟိုဘက်ကမ်းပေါ် ရောက်ပြီး ရှာဖွေရသည်။ ဥပုသ်နေ့မို့ လူမများသဖြင့် စိတ်ကြိုက်နေရာကို ရွေးချယ်ရရှိပါ၏။

နေရာ ရွေးပြီးနောက် အိုးခွက်၊ ဆွဲခြင်းနှင့် တောင်းတွေကို ထွန်းထွန်း သယ်ယူရပြန်သည်။

တောင်ငူသူများ စစ်စစ် ဖြစ်သော ပန်းနာမည်အမျိုးမျိုးသော ဈေးသိုက် အမျိုးသမီးတွေ အားလုံးသည် ခြင်းတောင်းဆွဲ၊ တောင်းဆွဲကိုင်ကာ ကျောက်တုံးတံတားကို ကူးနိုင်ဖို့ နေနေသာသာ လူချည်းသက်သက် ကူးရန်ကိုပင် မဝံ့မရဲ ဖြစ်နေကြသေးသည်။

သူတို့ တစ်ယောက်ချင်းကို ထွန်းထွန်းကပင် ကျောက်တုံးတံတားကူးရန် ခါးတောင်းကြိုက်မဖြုတ် ဖိနပ်မပါဘဲ ရေထဲမှ လက်ဆွဲကာ ဟိုဘက်ကမ်း ပေးပို့ရသေးသည်။

ဟုတ်တော့လည်း ဟုတ်သည်။ တံတားကျောက်တုံးများတွင် ရေညှိများက ဖွေးထအောင် တက်နေသည်မို့ နင်းလျှင် ခြေချော်နိုင်နေပေသည်။





"လာ ... နွေးနွေး အလှည့်၊ အစ်ကို တွဲပို့ပေးမယ်"

"မလိုပါဘူး ... ကိုယ့်ဘာသာ ရတယ်"

တခြား ပန်းနာမည် အမျိုးမျိုးတို့ကို ထွန်းထွန်း တွဲထိန်းပေးပို့သည်ကို နွေးနွေးသည် မျက်မှောင်ကြုတ်၍ ကြည့်နေသည်။ နောက်ဆုံး သူမ ကူးရန် အလှည့်ရောက်သောအခါ နွေးနွေးသည် စီးထားသော ခြေညှပ်ဖိနပ်ကိုပင် မချွတ်ဘဲ သူမဟာ သူမ ဆိုးဆိုးဆတ်ဆတ် ကျောက်တုံးများကိုနင်းကာ ထွန်းထွန်း လက်တွဲမခံဘဲ သူမဘာသာ တစ်လှမ်းချင်း ကူးသည်။

ထွန်းထွန်းမှာ စိတ်မချ။

ခြေချော်ကျလျှင် ရေနစ်စရာ အကြောင်းမရှိသော်လည်း ခန္ဓာကိုယ်နှင့် ဦးခေါင်းကို မတော်တဆ ကျောက်တုံးများနှင့် ထိခိုက်ပြီး ရိုက်ခတ်မိနိုင်သည်။ တစ်ကိုယ်လုံး ရေရွှဲစိုသွားမည်။

မိမိ အတွဲမခံသော နွေးနွေးအား စိတ်မချသော ထွန်းထွန်းသည် ရေထဲမှ နွေးနွေး ဘေးတွင် ကပ်လျှောက်ခဲ့သည်။

နွေးနွေး၏ ခြေအကြွနှင့် ခြေအနင်း မျက်ခြည်မပြတ် ကြည့်နေပါ၏။

တခြား အမျိုးသမီးအားလုံး ရွေးချယ်ထားသောနေရာတွင် ရောက်သွားကြပြီး အိုးခွက်ပန်းကန် စသည်တို့ကို နေရာချနေကြသည်။ နွေးနွေး တစ်ယောက်တည်းသာ နောက်ဆုံး ဂျစ်ကန်ကန်နှင့် ကျန်တော့ခြင်း ဖြစ်သည်။

"အို ... အမေ့"

အခြေအနေ အရပ်ရပ်သည် နွေးနွေး ခြေချော်လဲပြိုစေရန် ရှိနေသည်။

နွေးနွေးသည် စိတ်ကောက်နေပြီး ဒေါသကလေး မာန်ကလေး ဖြစ်နေသည်။

ကျောက်တုံး ကျောက်ခဲများက ရေညှိတက်နေသည်။

စီးထားသော ခြေညှပ်ဖိနပ်သည် ရာဘာကြက်ပေါင်စေး အောက်ခံ ဖြစ်နေသည်။

တွဲခေါ်သော အကူအညီကို လက်မခံ။

နွေးနွေး လဲမကျဘဲ ဘာခံနိုင်တော့မည်နည်း။

ထွန်းထွန်းသည် နွေးနွေး လဲကျလိမ့်မည်ဟု ကြိုတင်တွက်ထားမိပြီး ဂရုတစိုက် ကြည့်နေစဉ်မှာပင် နွေးနွေးသည် လဲပြိုကျတော့သဖြင့် ဆွဲ၍ဖမ်းထိန်းပေးလိုက်ရာ နွေးနွေး ကိုယ်တိုင်ကလည်း လဲကျသူတို့ ဖြစ်တတ်သည့်အတိုင်း မလဲအောင် ဆွဲမိဆွဲရာ ကိုင်မိကိုင်ရာ ဖက်မိဖက်ရာကို ဆွဲကိုင်ဖက်လိုက်ရာ ထွန်းထွန်း၏ ပခုံးကျယ်ကြီးကို ဆွဲကိုင်ပြီး ထွန်းထွန်း၏ လည်ပင်းကို သူမ၏လက်နှင့် ဖက်ထားမိတော့သည်။

"ကဲ ... အစ်ကို မပြောဘူးလား။ နွေးနွေး လဲကျလိမ့်မယ်လို့"

"အို ... ကျ ... ကျ ... ဖယ်ပေး"





"မဖယ်ပေးဘူး နွေးနွေး။ အစ်ကိုကို စိတ်ဆိုးချင်ဆိုး ထင်ချင်သလိုထင်။ ဆက်ပြီး ဒီလိုသာ လျှောက်ရင် ထပ်ပြီးလဲကျဦးမှာပဲ။ ဟိုဘက်ကမ်း ရောက်တဲ့အထိ အစ်ကို ထမ်းချီသွားမှာပဲ"

"အို ... မဆိုင်ဘူး။ ဖယ်ပေး ... လွှတ်ပေး ဆိုမှနော်"

ထွန်းထွန်း တကယ်ပင် မလွှတ် မဖယ်ပေးပေ။ ပတ်ဝန်းကျင်တွင် လူသူလေးပါးလည်း မရှိ။ ရှင်းနေချိန် ဖြစ်သည်။

ငွေငွေတို့ အုပ်စုလည်း သစ်ပင်များ ကွယ်နေသည်။

ထွန်းထွန်းသည် နွေးနွေးအား ကလေးများ ပွေ့ချီသလို နွေး၏ ပခုံးတန်းတစ်ဖက်၊ ဒူးကောက်ကွေးတစ်ဖက်ချီပြီး ရေထဲကပင် လျှောက်ခဲ့တော့သည်။

နွေးနွေးသည် ပွေ့ချီခြင်း ခံထားရသည့် ကြားကပင် ထွန်းထွန်း၏ ရင်အုံကြီးကို သူမ၏ လက်သီးလေးများဖြင့် ထုနှက်နေသည်။ နှုတ်မှလည်း လွှတ်ပေးရန် တတွတ်တွတ် ပြောနေသည်။ ခြေကို ဆန့်ကာ ရုန်းကန်ခြင်းလည်း ပြုသည်။

နွေးနွေး ရုန်းလေ လွှတ်ကျမသွားအောင် ထွန်းထွန်းက ဖက်ကိုင်ချီပိုးထားလေ ဖြစ်နေတော့သည်။

သွေးသားလုံးဝ မတော်စပ်ပါပဲလျက် အရွယ်ရောက်ပြီးသား ဖိုနှင့်မ၏ အထိအတွေ့သည် ဖောဌဗ္ဗာဟု ဆိုငြားအံ့။

ယင်းဖောဌဗ္ဗာ အာရုံသည်လည်း တရှိန်းရှိန်း တမြမြဖြင့် ဖိုနှင့်မ,အား ယစ်မူးခံစားရသည်ဟုလည်း ဆိုငြားအံ့။

မ,သတ္တဝါလေး ဖြစ်သော နွေးနွေးတွင်တော့ ဘယ်လို ဘယ်ပုံ ခံစားရမည်တော့ မသိ။

ထွန်းထွန်း အနေနှင့်က တကယ့် စိတ်ရင်းစေတနာနှင့် နွေးနွေး လဲကျထိခိုက် အနာတရ ဖြစ်မည်ကို စိုးရိမ်ခြင်းသက်သက်မို့ လတ်တလော အချိန်ဝယ် ဘယ်လိုမှ ခံစားမှု မရှိဘဲ ဟိုဘက်ကမ်းရောက်အောင်တော့ ပို့ပေးမည်ဆိုသော စေတနာသက်သက် အဓိကသာ ဖြစ်တော့သည်၊

ဟိုဘက်ကမ်း ရောက်သည်နှင့် ထွန်းထွန်းသည် သယ်ဆောင်လာသော အထုပ်တစ်ထုပ်ကို ပစ်ချသည့်အလား၊ နွေးနွေးကို ချပေးကာ ...

"ကဲ ... ကြွ။ နွေးနွေးက စေတနာကို ဝေဒနာ ထင်တတ်သကိုး။ ထုချင် နှက်ချင်တာကလည်း လွန်ရော"

ထွန်းထွန်းသည် နွေးနွေးကို ချထားပြီး သူ၏ ခါးတောင်းကျိုက်ကို ဖြုတ်လိုက်သည်။

အနားကျေသွားသော ပုဆိုးကို ခြေကားပြီး ဖြန့်ကာ ပြန့်သွားအောင် လက်ဝါးနှစ်ဖက်ဖြင့် ပွတ်၍ ဖြန့်နေသည်။

သူ၏ ဖိနပ်ချထားရာ နေရာသို့ သွားကာ ဖိနပ်ကို စီးသည်။

ကဲ ... ကြွ ... ဟု ထွန်းထွန်းက ပြောပြီးချပေးသော်လည်း နွေးနွေးသည် ချက်ချင်း ထွက်မသွားသေးဘဲ သူ့ဟာသူ တစ်ယောက်တည်း အလုပ်ရှုပ်နေသော ထွန်းထွန်းကို ငေးကြည့်နေသည်။





ထွန်းထွန်း ဖိနပ်သွားစီးမှ နွေးနွေးသည် အောက်နှုတ်ခမ်းကို အပေါ်သွားလေးများဖြင့် ကိုက်ကာ ရှာခနဲလှည့်ပြီး ငွေးငွေးတို့အသိုက် ရှိရာသို့ ထွက်သွားသည်။

ထွန်းထွန်းသည် ဘာကြောင့်မှန်းမသိ ဟင်းခနဲ သက်ပြင်းကြီးတစ်ချက် မှုတ်ထုတ်မိသည်။ လေးတွဲ့သော ခြေလှမ်းတို့ဖြင့် စခန်းချရာ နေရာသို့ တစ်လှမ်းချင်း လျှောက်လာခဲ့သည်။

ငွေးငွေး အမှူးပြုသော မိန်းမသိုက်သည် မီးမွှေးပြီး ထမင်းအိုး ဟင်းအိုးတို့ကို ပြန်နွေးနေကြသည်။

"ထမင်းတွေ ဟင်းတွေ နွေးထားတုန်း ရေချိုးကြမလား ဟေ့"

သီတာက အသံပေး အဖော်စပ်လိုက်သည်။ သီတာသည် ဖြူဖြူတုတ်တုတ်နှင့် ရေကို ကြိုက်ဟန်တူသည်။

"တို့ကတော့ ဒီနေ့အဖို့ ရေမချိုးနိုင်ပေါင်"

ဟု နှင်းဆီက ပြောင်ချော်ချော် လေသံဖြင့် ပြောလိုက်သည်။

"ဘာလို့"

ဟု နှင်းဆီက မေးခွန်းထုတ်သည်။

"ငါ ဒီလက်မောင်းနဲ့ ဒီလက်ဖဝါးကိုပေါ့၊ ဟို ... ကျောက်တုံးတံတားကူးတုန်းက ကိုထွန်းထွန်းက တအားဆုပ်ကိုင်တွဲခေါ်တာလေ။ ငါ ရေချိုးလိုက်ရင် ကိုထွန်းထွန်း ကိုင်ခဲ့တာလေးတွေ ရေနဲ့ပါသွားမှာစိုးလို့ပေါ့ဟဲ့"

နှင်းဆီက သူမ လက်မောင်းကို ဆန့်ပြရင်း လက်ဖဝါးကိုလည်း ထောင်ပြရင်း ပြောလိုက်သည်။

"သေနာမ"

ဟု ပိစိကွေး သရဖီက နှင်းဆီကို ထောပနာပြုလိုက်သည်။

"ဟဲ့ ... ကိုထွန်းထွန်းက ငါတို့ကို တွဲပို့ပေးတာ တာဝန်ရှိလို့ ဝတ္တရားအနေနဲ့ အသုဘ လိုက်ပို့သလို ပို့တာဟဲ့။ ငွေငွေကို တွဲကိုင်ပို့ပေးတဲ့ အလှည့်တုန်းကများ နင်တို့သာ သတိမထားမိတာ၊ ငါကတော့ မျက်တောင်မခတ် သူတို့ နှစ်ယောက်ကို ကြည့်နေတာ သိလား"

မိန်းမသိုက် သောင်းကျန်းလေပြီ။ ကြောင်မရှိ ကြွက်ထဆိုသလိုပါပေ။

ထွန်းထွန်းသည် သူတို့ ပြောနေသံများကို ခပ်လှမ်းလှမ်း သစ်ပင်ကွယ်မှ ကြားနေရသဖြင့် သူတို့စကား အဆက်မပြတ်မီ စီးဝင်မသွားရဲသေးဘဲ သစ်ပင်၏ ပင်စည်ကို ကွယ်ကာ တိတ်တိတ်ပင် လှမ်းကြည့်နေပေသည်။

နွေးနွေးသည် သူတို့အသိုက်ထဲတွင် ဝင်ထိုင်ရင်း စကားပြောသူတိုင်းကို သူမ၏ မျက်ဝန်းကိုပင့်ကာ မော့ပြီး လိုက်ကြည့်နေပေသည်။

အထူးသဖြင့် ညုပ်စိ သရဖီက ထွန်းထွန်းနှင့် သူမ၏အစ်မ မမငွေ ကျောက်တုံးတံတား ကူးပုံကို ပြောရာတွင်





နွေးနွေးသည် မျက်တောင်မခတ်ဘဲ သရဖီအား မော့ကြည့်နေရှာသည်။

"အဲဒီလို ကိုထွန်းထွန်းနဲ့ ငွေငွေတို့ ကျောက်တုံးတံတားကို ကူးဖြတ်တုန်းက ရုပ်ရှင်တစ်ခုထဲက ဇာတ်လိုက်မင်းသားနဲ့ ဇာတ်လိုက်မင်းသမီး ကျောက်တုံးရေတံခွန်တွေ ကူးတဲ့အတိုင်းပဲအေ့၊ မျက်နှာကိုစီ ပြုံးလို့ ကြည်လို့လေ"

နွေးနွေး ထိုင်ရာမှ ထလိုက်သည်။

"အင်း ... ချစ်လိုက်ကြတာ ... ချစ်လိုက်ကြတာ"

နီလာက ဝင်၍ပင့်ပြန်သည်။

"လောကကြီးမှာ သူ့ကုသိုလ်နဲ့သူပေါ့ သရဖီရယ်၊ ငါ သိန်းထီဆုကြီးပေါက်လို့ သူဌေးဖြစ်တဲ့နေ့မှာ သရဖီ နင်က ကာလဝမ်းရောဂါနဲ့ သေတော်ခေါ်ချင်လည်း ခေါ်နေမှာပေါ့"

"ကောင်မ ... ပါးစပ်ပုပ်ကြီးနဲ့"

သရဖီက တွန့်သွားရင်း နီလာ့ကို မျက်စောင်းထိုးလိုက်သည်။

နီလာက သရဖီ၏ မျက်စောင်းကို ဂရုမစိုက်ဘဲ ပြောချင်ရာ ဆက်ပြောသည်။

"လောကကြီးမှာ နေနဲ့လ ရွှေနဲ့မြ ဆိုတာတွေက ပနာတင့်ပြီးသားချည်းပဲလေကွာ၊ ကိုထွန်းထွန်း ကလည်း ဂ,ထ,ခ,ဒ,န, တနင်္လာနံ ..."

"ကောင်မ … တွေ့ကရာ လျှောက်ပြောနေတယ်၊ တ,ထ,ဓ,ဒ,န ဆိုတာ စနေနံပဲ၊ က,ခ,ဂ,ဃ,င မှ တနင်္လာနံ"

"အေးပါ … ငါ မေ့သွားလို့ပါ။ အဲ … ကိုထွန်းထွန်းကလည်း စနေနံ၊ ဌေးဌေးကလည်း စနေနံ မှတ်လား၊ နေ့ချင်းထပ်ရင် မြတ်တယ်တဲ့။ စနေထွန်းရင် လေးကျွန်းဇမ္ဗူ တလူလူနဲ့ ဘာဖြစ်တယ် ဆိုလား … အဲဒီလို … အဲဒီလို ကိုထွန်းထွန်းနဲ့ ဌေးဌေးက အဆင်ချောနေတာ"

နွေးနွေးသည် ဆက်၍ နားမထောင်တော့ဘဲ သူမ၏ ခြေဦးတည့်ရာဘက်သို့ လျှောက်သွားသည့်နယ် သစ်ကြီးဝါးကြီးရာ ပြွတ်သိပ်နေရာ တောတန်းဘက်သို့ လျှောက်သွားပေတော့သည်။

ထွန်းထွန်းသည် မဌေးဌေးတို့ ဝိုင်းသို့ ပြန်မဝင်တော့ဘဲ သစ်ပင်ကြီးများကို ကွယ်၍ ဝိုက်၍ နွေးနွေး ထွက်သွားရာဘက်သို့ မှန်းဆကာ လျှောက်လာခဲ့သည်။

နွေးနွေးကို တွေ့ပါ၏။

အလွန်ကြီးမားသော သစ်ပင်ကြီးတစ်ပင်၏ အမြစ်ဆုံကြီးပေါ်တွင် နွေးနွေး ထိုင်နေသည်။ လက်ထဲတွင် လက်ကိုင်အိတ်နီနီလေးတစ်လုံး ကိုင်ထားသည်။

သူမ၏ မျက်နှာမူရာ အရပ်သို့ အဓိပ္ပာယ်ကင်းမဲ့စွာ ငူငူငိုင်ငိုင်လေး ကြည့်နေသည်။





ထွန်းထွန်းသည် နွေးနွေး ရှိရာသို့ တိုးကပ်လာခဲ့သည်။ ရွက်ကြွေ သစ်ရွက်ခြောက်များကို ခြေနင်းသောကြောင့် အသံဗလံလေး ထွက်သွားသည်။

နွေးနွေးသည် အသံလာရာသို့ လှည့်ကြည့်ပေသည်။ ထွန်းထွန်း လာနေသည်ကို မြင်တွေ့သည်နှင့် နေရာမှ ထရန်ဟန်ပြင်လိုက်သည်။

ထွန်းထွန်းက ခြေလှမ်းကျဲကြီးများဖြင့် အလျင်ဦးစွာ အရောက်သွားပြီး နွေးနွေး၏ ပခုံးလေးကို ဖိကိုင်ရင်း ပြန်ထိုင်ခိုင်းသည်။

"အဲဒါ ဘယ်သွားဦးမလို့လဲ နွေးနွေး၊ ပြန်ထိုင်ပါ"

"ဘယ်ဖြစ်ဖြစ်ပေါ့ … ဖယ်ပါ။ နွေးကို မကိုင်နဲ့၊ နွေးအသားကို မထိနဲ့"

"မကိုင်နဲ့ဆို မကိုင်ပါဘူး။ မထိနဲ့ဆို မထိပါဘူး နွေးနွေး။ ဒါပေမဲ့ အစ်ကို့ကို နွေးနွေး ရှောင်မပြေးပါနဲ့။ အစ်ကို စကားပြောပါရစေ"

နွေးနွေးသည် သစ်ဆုံပေါ်တွင် ပြန်၍ ထိုင်သည်။ ထွန်းထွန်းကို သူမ၏ အရည်လဲ့ မျက်ဝန်းစုံကြီးဖြင့် မော့ကြည့်သည်။

ထွန်းထွန်းက နွေးနွေး ပခုံးကို ကိုင်ထားသော လက်ကို ပြန်ရုပ်သိမ်းသည်။

"နွေး ... ဘာဖြစ်နေတာလဲဟင်"

"ဘာမှ မဖြစ်ဘူး"

"မဟုတ်သေးဘူး နွေးနွေး ... နွေးတို့ ညီအစ်မချင်း နွေးတို့ မြေးအဘွားချင်း၊ မကျေနပ် စိတ်ကောက်တာဟာ နွေးတို့ရဲ့ မိသားစုကိစ္စပါ။ နွေးနွေး စိတ်ကောက်တာတော့ ကောက်ပေါ့။ ဒီကြားထဲမှာ အစ်ကိုနဲ့ ဘာဆိုင်လို့လဲ။ အစ်ကိုကို နွေးက စကားမပြောနိုင် မခေါ်နိုင်အောင် အစ်ကိုက နွေး စိတ်ဆိုးအောင် ဘာတစ်ခု လုပ်မိလို့လဲ။ နောက်ပိုင်းမှာ နွေးတို့ရဲ့ အုတ်ကျုတ်တန်းအိမ်ကို အစ်ကို လာတိုင်း နွေးက အင်ကို့ကို ရှောင်နေတယ်။ ရှောင်ဖယ် ရှောင်ဖယ်နဲ့ အစ်ကို သိပ်စိတ်ဆင်းရဲရတယ်"

"ရှောင်တာပေါ့ ... ရှောင်သင့်တယ် ထင်လို့ ရှောင်တာ"

နွေးနွေးက ခေါင်းငုံ့ထားပြီး ဆောင့်ဆောင့်အောင့်အောင့် ပြန်ဖြေသည်။

"ဩ ... ဩ ... အစ်ကိုက နွေးနွေး ရှောင်သင့်တဲ့သူ စာရင်းထဲမှာတောင် ပါသွားသကိုး၊ အစ်ကိုက နွေးကို ဘာတစ်ခု အပြစ်ကျူးလွန်မိလို့လဲ။ အစ်ကိုက နွေးနွေး စိတ်ဆိုးလောက်အောင် တစ်ခုခု လုပ်မိသလား။ ဘာလဲ ... အစ်ကိုက လက်ရဲဇက်ရဲနဲ့ နွေ့ရဲ့လက်သီးဆုပ်ကို ဖမ်းဆွဲကိုင်ထားတာတွေ၊ ဇောဇောတုန်းက ပွေ့ချီတာတွေ အဲဒါတွေကြောင့် အစ်ကို့ကို စိတ်ဆိုးပြီး ရှောင်တာလား၊ အဲဒါတွေဟာ တကယ့်စိတ်ရင်း စေတနာနဲ့ ကိုင်မိ ချီမိတာပါ နွေး"

"တော်ပါ နားရှက်စရာတွေ"

"ကောင်းပြီ၊ တော်ပါဆို တော်ပါ့မယ်။ နောက်ကို နွေးနွေး မကြိုက်တတ် စိတ်ဆိုးတတ်တယ်ဆိုရင် နွေးနွေးကို အစ်ကို လက်ဖျားနဲ့တောင် မထိမိ မတို့မိအောင် ဂရုစိုက်ပါ့မယ်။ ထိန်းသိမ်းပါ့မယ်။ အစ်ကို့ကိုတော့ စိတ်ကောက်ပြီး အခုလို မခေါ်မပြောကြီး မနေပါနဲ့ နွေးနွေးရယ်၊ အဲဒီလိုကြီး နေနေတာကို အစ်ကို့ရင်ထဲမှာ နာနာကျင်ကျင် ခံစားရလွန်းလို့ပါ"

နွေးနွေးသည် ထိုင်နေရာမှာ ထွန်းထွန်းကို မော့ကြည့်ပြန်သည်။

နွေးနွေး စိတ်ထဲ၌ ယခု ထွန်းထွန်း ပြောနေသော စကားတို့မှာ ခုတ်ရာတစ်လွဲ ရှရာတခြား ဖြစ်နေသည်ကို မချင့်မရဲ ဖြစ်ရပါ၏။

သူမ၏ အစ်ကိုထွန်းထွန်း ထင်နေသည်က တခြား။ မိမိ စိတ်ကောက်သည်က တခြားဖြစ်နေပုံကို ဒိုးခနဲ ဒက်ခနဲ ရှင်းပြချင်လှသည်။

သို့သော် ...

မည်မျှပင် ကလေးဆန်စွာဖြင့် ပွင့်လင်းပါသည်ဆိုဦးတော့ မိန်းမသားဖြစ်နေသောကြောင့် ဒါမျိုးကျတော့ စတင်ပြီး ပြောရန်ခက်လှပေသည်။

"အစ်ကိုနဲ့ နွေးနွေးဟာ တစ်ယောက်နဲ့တစ်ယောက် မခေါ်မပြော နေလို့မရပါဘူး နွေးနွေး၊ နွေးနွေးက အစ်ကို့ကို စိတ်ဆိုးပြီး စကားမပြောချင်ဘူးထား၊ ဦးလေးဦးမြတ်ကောင်းနဲ့ ပတ်သက်တဲ့ကိစ္စတွေကို အစ်ကိုနဲ့နွေးနွေး ပူးတွဲဆောင်ရွက်ကြရမှာပါ။ တကယ်ဆိုရင် မနက်က မခင်မာ ဆိုတဲ့ အမျိုးသမီး နွေးနွေးဆီ လာတာမျိုးကို နွေးနွေး အစ်ကို့ဆီ ချက်ချင်း ဖုန်းဆက်ပြီး ပြောသင့်ပါတယ်။ ဘာလို့လဲဆိုတော့ နွေးနွေးဆီကို မခင်မာ လာပြီးတဲ့ နောက် အစ်ကို့ဆီကိုလည်း လာသွားခဲ့တာကိုး"

"အိုး ... တော်စမ်းပါ"

"ဘာကို တော်စမ်းပါရမှာလဲ နွေးနွေး"

"မနက်က တယ်လီဖုန်းအားလို့လား၊ အစ်ကိုနဲ့ မမငွေး နှစ်ယောက် တယ်လီဖုန်း ပြောနေလိုက်ကြတာ ဗာရာဏသီ တိုင်းပြည်ကြီး တစ်ခုလုံး တည်နေတာကျနေတာပဲ။ မနေ့က လည်း နှစ်ယောက်သား တယ်လီဖုန်းပြောနေတာ အကြာကြီးမှ တကယ့်အကြာကြီးပဲ။ မမငွေး တယ်လီဖုန်း ပြန်ချတော့ ဈေးက အသိုက်ရောက်နေပြီ၊ နွေးမှာ ဘယ်လိုမှ ပြောလို့ မဖြစ်တော့ဘူး။ တကတည်း မမငွေးနဲ့ အစ်ကိုက





သည်းကိုသည်းလွန်းတယ်။ တယ်လီဖုန်းတစ်ခါပြောရင် ခြေသလုံးသွေးကြော မတောင့်ကြတဲ့အတိုင်းပဲ။ ဒီလောက် အကြာကြီး ရပ်ပြောနိုင်ကြတယ်"

ထွန်းထွန်းသည် 'ဖတ်'ခနဲ အသံထွက်အောင် လက်ဖျစ်တီးလိုက်သည်။

ယခုမှပင် ထွန်းထွန်း သဘောပေါက်သည်။

တည့်တည့်ကြီး ပြောမှ ထွန်းထွန်း ရိပ်မိသည်။

လက်စသတ်တော့ နွေးနွေးသည် သူ့အား သူမ၏ အစ်မရင်း မမငွေးနှင့် အထင်လွဲနေပေသည်ကိုး။

"ဟာ ... နွေးနွေးက အစ်ကို့ကို မငွေးငွေးနဲ့ အထင်လွဲနေတာကိုး"

"အို့ ... မဟုတ်ဘူးလား"

"ကြံကြီးစည်ရာ နွေးနွေးရယ်။ အစ်ကို မငွေးငွေးကို ဇလိုက်ဇယော ဆက်ဆံနေတာဟာ အသီးကို လိုချင်လို့ အညှာကို ကိုင်လှုပ်တဲ့ သဘောပါ နွေး"

"ဘာရယ် ... အသီးကို လိုလို့ အညှာကို ကိုင်လုပ်တာ၊ ဟုတ်လား"

ထွန်းထွန်းသည် ဘေးဘီဝန်းကျင်သို့ မျက်လုံးဝေ့ အကဲခတ်လိုက်သည်။ ဤနေရာတွင် သူနှင့် နွေးနွေးမှ လွဲပြီး အခြား ဘယ်သူတစ်ဦးမျှ မရှိမှန်း သေချာမှ သူ စကားဆက်ပြောသည်။

"အစ်ကို ဖွင့်ပြောတော့မယ် နွေး။ တကယ်တော့ ဖွင့်ပြောချင်တာ ကြာပြီ။ ဒါပေမဲ့ နွေး စိတ်ဆိုးသွားမှာရယ်၊ ကလေးလို ကက်ကက်လန် ရန်ပြန်တွေ့မှာကြောက်လို့ရယ် အစ်ကို ဖွင့်မပြောရဲဘဲ မြိုနေရတာ"

ထွန်းထွန်း ပါးစပ်ဟကာ စတင်ပြောကတည်းက လူပျိုစကား ပြောတော့မည်မှန်း နွေးနွေး သိပါ၏။ ထွန်းထွန်း လူပျိုစကား ပြောပုံမှာ သမားရိုးကျလည်း နိုင်လှသည်။

သို့သော် နွေးနွေး ငြိမ်၍ နားထောင်ပါ၏။

ထွန်းထွန်းသည် တတ်သလောက် မှတ်သလောက်နှင့် စိတ်ထဲ ရှိတာတွေ ဖွင့်ချတော့သည်။

"အစ်ကို အကြောက်ဆုံးက ဖွင့်ပြောလိုက်ရင် နွေးလေး စိတ်ဆိုးပြီး ဦးလေးအောင်နဲ့ ဒေါ်ဒေါ်စိမ့်ကို ပစ်တိုင်လိုက်မှာ စိုးရိမ်တာပါ။ တကယ်တော့ ဦးလေးအောင်နဲ့ ဒေါ်ဒေါ်စိမ့်နဲ့ အစ်ကိုဟာ သိပ်ရင်းရင်းနှီးနှီးကြီး ရှိကြသေးတာမှ မဟုတ်တာ၊ နွေးက ဖွင့်တိုင်လိုက်လို့ ...

" 'ဟောကောင် တို့ အိမ်ကို မလာနဲ့တော့'ဆိုရင် နွေးနဲ့ အစ်ကို တစ်ချိတည်း ပြတ်သွားမယ်လေ။ ဒါကြောင့် ဦးလေးအောင် ဒေါ်ဒေါ်စိမ့်နဲ့ရော အထူးသဖြင့် နွေးတို့တစ်အိမ်လုံး အုပ်စီးထားတဲ့ မဒွေးဒွေးကိုရောပါ အစ်ကိုက ခင်အောင် ပေါင်းရတယ်။ ခင်မင်မှု ရင့်သွားရင် အခုလို အစ်ကိုက နွေးကို ချစ်တဲ့အကြောင်း ဖွင့်ပြောလို့ စိတ်ဆိုး





သွားရင်တောင် ဒီအိမ်ကို ဆက်ပြီး ဝင်နိုင် ထွက်နိုင်သေးတာပေါ့ နွေးနွေး။ ဒီတော့ အစ်ကို့မှာ မာဒင်္ဂဲ့မျိုးထားပြီး နွေး အနီးမှာ ကပ်ပြီး ထပ်ထပ်ပြောခွင့်ဆိုခွင့် ရနိုင်တာပေါ့"

"အစ်ကို့စကားက အရှည်ကြီးပဲနော်၊ အစ်ကို ဆိုလိုတဲ့ လိုရင်းဟာ ဘာမှန်း နွေးနွေး မသိဘူး"

"အားပါးပါး ... သေလိုက်ပါ တော့ ငထွန်းရယ်။ အစ်ကို ပြောနေတာ အားလုံးဟာ နွေးကို အစ်ကို့ရင်ထဲက အရမ်းကြီး ချစ်နေတယ်လို့ ဖွင့်ပြောနေတာ။ တကတည်း နွေးကို လူပျိုစကား ပြောရတာ ဘုန်းကြီးက ပါဠိတွေဟောပြီး အနက်အဓိပ္ပါယ် ပြန်ပြောနေရတာ ကျနေတာပဲ"

"ခစ်"ခနဲ နွေးနွေးထံမှ ရယ်သံလေး ထွက်လာသည်။

နွေးနွေး၏ မျက်နှာလေးသည် သုန်ခြင်းမှုန်ခြင်း မရှိတော့ပဲ ကြည်လင်ဝင်းပလာသည်။ မျက်လုံးလေးများ အရောင်တောက်လာသည်။

ထွန်းထွန်းက ဆက်၍ တွယ်ပြန်သည်။

"မနေ့က ဖေဖေ့ဆီက စာလာတယ် နွေးနွေး"

"ဟုတ်လား"

"ဖေဖေနဲ့မေမေက အစ်ကို့ကို အိမ်ထောင်ချပေးချင်ကြပြီတဲ့။ ပြီးတော့ ကျောက်မဲက ခြံလုပ်ငန်းကိုဖြစ်ဖြစ် မန္တလေးက ပွဲရုံနဲ့ ရောင်းဝယ်ရေးကိုဖြစ်ဖြစ် အစ်ကို ဦးစီးပြီး လုပ်စေချင်တယ်တဲ့။ အဲဒါ နွေး ဘယ်လို သဘောရလဲဟင်။

ကျောက်မဲအလုပ် လုပ်ရမလား။ မန္တလေးအလုပ် လုပ်ရမလားဟင်”

“ဘာဆိုင်လို့လဲ ... နွေးနွေးနဲ့ ဘာဆိုင်လို့လဲ”

“သိပ်ဆိုင်တာပေါ့၊ အစ်ကိုနဲ့ နွေး လက်ထပ်ပြီးရင် အဲဒီနေရာတစ်ခုခုမှာ သွားပြီး ဦးစီးလုပ်ကိုင်ကြမယ်လေ။ သြော် ... အစ်ကို့ကို ပြောဖို့ စကားကျန်သွားတယ်။ ဖေဖေနဲ့ မေမေက အစ်ကိုနှစ်သက်တဲ့ မိန်းကလေးကို လက်ထပ်နိုင်ပါတယ်တဲ့”

“နေပါဦး ... နွေးက အစ်ကို့ကို လက်ထပ်ပါ့မယ်လို့ ပြောသေးလို့လား”

“ဟင်အင်း ... မပြောသေးဘူး”

“နို့ ... အစ်ကို့အချစ်ကို လက်ခံပါပြီလို့ကော နွေးက ပြောသေးလို့လား”

“အေး ... ဟုတ်သားပဲ၊ နွေးက ဘာမှမှ မပြောသေးတာပဲ”

“အဲဒီတော့ အစ်ကို့ဟာအစ်ကို ကျောက်မဲကိုပဲ သွားသွား၊ မန္တလေးမှာပဲ နေနေ နွေးနဲ့ ဘာဆိုင်တာမှတ်လို့”

“ဒါဖြင့် ... ဒါ ... ဖြင့် ...”

ထွန်းထွန်းသည် ပြူးတဲပြဲတဲ ဖြစ်သွားကာ ဘာဆက်ပြောရမှန်း မသိသလို “ဒါဖြင့်”မှာပင် စကားထစ်နေတော့သည်။ ပြီး ... နွေးနွေး ထိုင်နေရာ သစ်မြစ်ဆုံတွင် ဝင်၍ ထိုင်ချလိုက်သည်။





“ဒါဖြင့် ... နွေးက အစ်ကို အခု ဖွင့်ပြောတဲ့ အချစ်ကို လက်မခံဘူးဆိုတဲ့ သဘောလား‌ဟင်”

“အဲဒီလိုကော နွေးက ပြောသေးလို့လား”

“ဒါဆို ... အစ်ကို့အချစ်ကို လက်ခံတယ်ပေါ့နော်”

“အဲဒီလိုကော ဘယ်သူက ပြောသေးလို့လဲ”

“အာ ...”

ထွန်းထွန်းသည် ရင်ထဲမှ ပေါက်ကွဲလာသော မချင့်မရဲစိတ်ကို မထိန်းနိုင်ပါလေတော့။

ဘာမပြောညာမပြော “အာ”ဆိုသည့် အာမေဍိတ်သံအဆုံးဝယ် ထွန်းထွန်းသည် နွေးအား ဖြစ်ချင်ရာဖြစ် ဇွတ်ပင်နွေးနွေးအား ရစ်သိုင်းဖက်ကာ သူ့ရင်ခွင်ကြီးထဲသို့ ဆွဲသွင်းလိုက်တော့သည်။

သူ့ရင်ခွင်ကြီးထဲတွင် မော့မော့လေး ဖြစ်နေသည်။ နွေး၏ ပါးပြင်ကို ကြူကြူမွှေးပစ်လိုက်တော့သည်။

“ဟွန်း ... ဒါတော့ အစ်ကို ကဲလွန်းပြီ”

“ဒါဖြင့် ဖြေလေ ... အစ်ကို့ကို နွေး ပြန်ချစ်တယ်မှုတ်လား၊ နွေး ဖြေလေ”

“သြော် ... အစ်ကို၊ တစ်ကောင်လုံး မိထားပြီးမှတော့ ခြေရာလိုက်ခံနေစရာ လိုသေးလား”

“မရဘူး ... မရဘူး ... ဒီလို ဝေ့လည်ကြောင်ပတ်လုပ်လို့ မရဘူး။ နွေး နှုတ်ဖျားကိုယ်တိုင်က ဖြေပါ ... ဖြေလေ”

"နွေး ... အသက်ရှူကျပ်တယ် အစ်ကို၊ တစ်ကိုယ်လုံးကိုလည်း ရင်ခွင်ထဲ ဆွဲသွင်းပြီး တအားကြီး ဖျစ်ညှစ်ထားတယ်။ ပါးကိုလည်း တအားနမ်းတယ်၊ အဲဒါ နွေးက ဘာဖြေရမှာလဲ"

"အစ်ကို့ကို နွေး ချစ်ပါတယ်လို့ပေါ့"

"အင်းပေါ့ ... အစ်ကို့ကို နွေး ချစ်ပါတယ်လို့ လက်ခံတယ်ပေါ့၊ ကဲ ... ကျေနပ်တော့။ နွေးကို လွှတ်တော့။ တော်ကြာ မမငွေးတို့ အသိုက်တို့ ဒီဘက်ပတ်လာပြီး ဒီလိုကြီးတွေ့သွားမှ ဟုတ်ပေ့ဖြစ်နေဦးမယ်၊ လွှတ်တော့ အစ်ကို"

ယခုတစ်ကြိမ်မှာတော့ ထွန်းထွန်းရော နွေးနွေးရော တကယ့် ဖောင့်ပွဖြစ်ရပေသည်။ နွေးကို ပွေ့ရ ဖက်ရ မွှေးရသည်မှာ ထွန်းထွန်း ရင်ထဲတွင် နှစ်သက်ကြည်နူးခြင်း၊ အပြည့်ဖြင့် ရှိန်းတမြမြ ခံစားရသည်။

နွေးက လွှတ်ပေးပါဆိုသည့်တိုင်အောင် လွှတ်မပေးချင်။

သို့သော် ...

လက်ဖက်ခြံများစွာ ပိုင်ဆိုင်သော ပိုင်ရှင်၏ သားအရင်းခေါက်ခေါက်မို့ လဖက်ကောင်းစားလိုလျှင် တောင်တက်နေ့ရမည်မှန်း သဘောပေါက်ပါ၏။

ထို့ကြောင့် နွေးကို မလွှတ်ချင်သေးဘဲလျက် လွှတ်ပေးလိုက်သည်။





နွေးသည် နဂိုအတိုင်း ဣန္ဒြေရရလေး ပြန်ထိုင်သည်ပြီးနောက် သူမ၏ လက်ကိုင်အိတ် နီနီလေးကို ဖွင့်လိုက်သ

"ရော့ ... အစ်ကို့မှာ အကြာကြီး လူပျိုစကားပြောခံတွင်းချဉ်ရောပေါ့"

စီးကရက်ဘူး ဖြစ်ပါ၏။

ထွန်းထွန်း ဆေးလိပ်ကြိုက်တတ်မှန်း သိ၍ နွေးသည် တမင်တကာ သူမ၏ အစ်ကိုထွန်းထွန်း အတွက် ထည့်ယူလာခြင်း ဖြစ်ပေမည်။

စောစောပိုင်းက မခေါ်မပြောဘဲ စိတ်ကောက်နေသည်မှာ အစ်ကိုထွန်းထွန်းကို မချစ်၍မဟုတ်။

ချစ်လွန်းသောကြောင့် စိတ်ကောက်ခြင်း ဖြစ်ပေသည်။

အစ်ကိုထွန်းထွန်းသည် မေ့မေ့လျော့လျော့ နေတတ်ပြီး ဆေးလိပ်သောက်ချင်မှ ဆေးလိပ်ရှာခြင်း၊ မီးဖြစ်ရှာခြင်း ပြုသူဖြစ်သည်။

ထို့ကြောင့် နွေးနွေးက သူမ အစ်ကို ဆေးလိပ်သောက်ချင်လျှင် အဆင်သင့်ဖြစ်အောင် ဆောင်ပေးထားခြင်းဖြစ်သည်။

"နွေးက အစ်ကို့အပေါ် သိပ်အလိုက်သိတာပဲနော်"

ထွန်းထွန်းက စီးကရက်ဘူးထဲမှ တစ်လိပ်ထုတ်ယူပြီး နှုတ်ခမ်းတွင် တွဲလိုက်သည်။

နွေးနွေးက စီးကရက်ဘူးကို ပြန်ယူကာ မီးခြစ်တစ်လုံးပါ ထုတ်ယူပြီး မီးခြစ်၍ မီးတောက်လေး တေ့ပေးလိုက်သည်။

ထွန်းထွန်းက နွေးလက်ထဲမှ မီးခြစ်ကို ကြည့်လိုက်ရာ KENT မီးခြစ်လေး ဖြစ်နေသည်ကို မြင်တွေ့ရပါ၏။

"အဲဒါ ... ဦးလေး ဦးမြတ်ကောင်း ပေးလိုက်တဲ့ မီးခြစ်မဟုတ်လား နွေး"

"ဟုတ်တယ်လေ ... နွေးက ဖလင်လိပ် ထုတ်ထားပြီး ဂွမ်းတို့ ဓါတ်ဆီတို့ ထည့်ပြီး အခု အစ်ကို့ကို ခြစ်ပေးတာ။ အစ်ကို့ဖို့လေ"

"ဖလင်လိပ်ကော"

"နွေးနွေး အိပ်ရာက ခေါင်းဦးစွပ်ကြားမှာ သိမ်းထားတယ် အစ်ကို။ မီးခြစ်ကိုတော့ အစ်ကိုက ခဏခဏ လိုနေတတ်လို့ နွေးက အဆင်သင့်ဖြစ်အောင် လုပ်ထားတာ"

ထွန်းထွန်းမှာ မိမိအပေါ် အလိုက်သိတတ်လွန်းပြီး ချစ်စရာသိပ်ကောင်းသော နွေးနွေး၏ ကျောပြင်ကို ရစ်သိုင်းဖက်ထားလိုက်မိပြန်သည်။

ထွန်းထွန်းနှင့် နွေးနွေးသည် ဤနေရာလေးတွင် လူသူကင်းသည်ဟု ထင်ကြသည်။

အမှန်မှာမူကား ...





ထွန်းထွန်း တစ်ယောက်တည်း လင့်ရိုးဗာကားဖြင့် အိမ်မှ ထွက်လာကတည်းက အခြားကားတစ်စီးသည် မသိမသာ နောက်ယောင်ခံ၍ လိုက်လာပေသည်။

ထိုကားပေါ်တွင် အမျိုးသားလေးယောက် ပါရှိသည်။ ပသီချောင်းအရောက်တွင် ထွန်းထွန်းက မသိုက်နှင့် အိုးခွက် ခြင်းတောင်း ဆွဲခြင်းမှအစ အမျိုးသမီးတို့ကို ပို့ဆောင်ရေး အလုပ်နှင့် ဗျာများနေသည်မှအစ နောက်ယောင်ခံ အမျိုးသားလေးဦးကတော့ ထွန်းထွန်းနှင့် နွေးနွေးတို့ နောက်ဆုံး နှစ်ယောက်တည်း တွေ့ချိန် အထိ မမြင်ကွယ်ရာမှ ပုန်းကွယ်ပြီး ချောင်းမြောင်းကြည့်ရှုနေပေသည်။

ယခုလည်း ထွန်းထွန်းနှင့် နွေးနွေးတို့ အကြည်ဆိုက်ခါ ပတ်ဝန်းကျင်ကို သတိမထားနိုင်သော အချိန်ဝယ် အမျိုးသားလေးဦးသည် ထွန်းထွန်းနှင့် နွေးနွေးတို့ နေရာကို လေးဖက်လေးတန်မှ ပုန်းကွယ် ချောင်းမြောင်းနေကြပေသည်။

ထွန်းထွန်းက နွေးနွေးအား ပါးချင်းကပ်ထားရာမှ မခင်မာ၏ အကြောင်းကို မေးမြန်းပေသည်။

"မခင်မာကို နွေးနွေး ဘာတွေ ပြောပြလိုက်သေးလဲဟင်"

"ဘာမှ မပြောမိသလောက်ပဲ အစ်ကို။ မခင်မာကတော့ သူ့ အိုင်ဒင်တီတီကတ်ပြားကို ထုတ်ပြတယ်။ ပြီးတော့ ဦးလေး ဦးမြတ်ကောင်းရဲ့ အကြောင်းကို မေးတယ်။

နွေးနွေး ဘာမှ မဖြေဘူး။ အစ်ကိုနဲ့ တိုင်ပင်ပြီးမှ ဖြေမယ်လို့ စိတ်ကူးထားတာ။ အဲဒီတော့ သူလည်း နောက်တစ်ခေါက် လာခဲ့ပါဦးမယ် ဆိုပြီး ပြန်သွားတာပဲ။ နို့ ... အစ်ကို့ရဲ့ ပျောက်နေတဲ့ မီးခြစ်ကော ပြန်တွေ့ပလားဟင်"

"မတွေ့သေးပါဘူး နွေးနွေးရယ်။ ဘယ်လိုကဘယ်လို ပျောက်သွားတယ်ဆိုတာတောင် စဉ်းစားလို့ မရသေးဘူး။ ဦးသာဝကို ထင်ရအောင်ကလည်း ကျော်စိုး စကားအရဆိုရင် ဦးသာဝဟာ သိပ်ရိုးသားတဲ့ လူတစ်ယောက်လို့ ပြောထားတော့ ဦးသာဝကို ယိုးစွပ်လို့ မလွယ်ပြန်ဘူး။ အင်းလေ ... ဘာပဲဖြစ်ဖြစ်ပေါ့ နွေးရယ်"

"ပြောပါ အစ်ကို"

"နွေးနွေး. ကျောင်းပြန်တက်မှာလားဟင်"

"မမငွေနဲ့ ဘွားဘွားကတော့ ကျောင်းပြန်တက်ခိုင်းနေတာပဲ၊ နွေးကတော့ မတက်ချင်တော့ဘူး အစ်ကို။ အစ်ကိုကော ဘယ်လိုသဘောရသလဲဟင်"

"အစ်ကို့ သဘောကတော့ ဦးလေး ဦးမြတ်ကောင်းရဲ့ကိစ္စပြီးတာနဲ့ နွေးကို လက်ထပ်ချင်တယ်၊ လက်ထပ်ပြီးရင် မန္တလေးက တိုက်အိမ်လေးမှာ နွေးနဲ့ အစ်ကို နေကြပြီး မန္တလေးပွဲရုံလုပ်ငန်းတွေကို အစ်ကို ဦးစီးလုပ်မယ်၊ နွေးက ကျောင်းပြန်တက်ပေါ့၊ နွေး ကျောင်းတက် ကျောင်းပြန် အစ်ကိုက ကားနဲ့ လိုက်ပို့ လာကြိုမယ်လေ"





ထိုစဉ်မှာပင် ဘေးမှ အခြားအသံ တစ်သံ ထွက်လာတော့သည်။

"အဲဒီ အကြံကောင်းတယ် ကိုထွန်းထွန်း၊ ဒီတော့ ခင်ဗျားတို့နှစ်ယောက်လည်း မြန်မြန်လက်ထပ်ရအောင်၊ မန္တလေးကိုလည်း မြန်မြန်ပြန်ရအောင် ဦးမြတ်ကောင်း ပေးထားခဲ့တဲ့ ပစ္စည်းလေးတွေ ကျုပ်တို့ကို ရှာရှာရှုရှု ပေးလိုက်ပေါ့ဗျာ၊ ဘယ့်နှယ်လဲ"

ချစ်သူနှစ်ဦး ပါးချင်းကပ်လျက် ရှိနေရာမှ ထိုအသံကြောင့် ကမန်းကတန်း လူချင်းခွာပြီး အသံလာရာဆီသို့ ကြည့်လိုက်ကြသည်။

လက်ဝဲဘက်တွင် စောမြင့်ဆွေနှင့် အခြားတစ်ဦး လက်ယာဘက်တွင် ခင်မောင်ဦးနှင့် အခြားတစ်ဦးတို့ကို မြင်တွေ့ရပါ၏။ စောမြင့်ဆွေနှင့် ခင်မောင်ဦး လက်ထဲတွင် ပစ္စတိုတစ်လက်စီ ကိုယ်စီ ကိုင်ထားသည်။ ကျန်သော နှစ်ယောက်တွင် ဓားမြှောင်ကိုယ်စီ ပါရှိသော်လည်း ထုတ်ကိုင်ထားခြင်း မရှိပေ။

"ဩ ... ကိုစောမြင့်ဆွေနဲ့ ကိုခင်မောင်ဦးတို့ ကိုယ်ထင်ပြရောက်လာကြပြီကိုး"

"မပြလို့ မရတော့ဘူးလေ၊ ကျုပ်တို့လွှတ်လိုက်တဲ့ ဟိုနှစ်ကောင်ကို ခင်ဗျားက လက်သံပြောင်ပြလိုက်တော့ တပည့်အားကိုးလို့ မရမှန်း ကျုပ်တို့ သဘောပေါက်ရပြီပေါ့။ ဒါကြောင့် ကျုပ်နဲ့ ခင်မောင်ဦး ကိုယ်တိုင် ရောက်လာရတာပဲ

ကိုထွန်းထွန်း ...အင်း ... ကိုထွန်းထွန်းက ကျုပ်နာမည်နဲ့ ခင်မောင်ဦး နာမည်ကိုပါ သိပုံထောက်တော့ ဦးမြတ်ကောင်းက ကျုပ်တို့အကြောင်း ခင်ဗျားကို ပြောခဲ့မှန်း ပိုသေချာသွားတာပေါ့။ ကဲ ... ကိုထွန်းထွန်း ကျုပ်တို့ လက်ထဲကို ဖလင်လိပ်တွေ အပ်ပေတော့။ မသိဘူး၊ မရှိဘူး ဆိုတဲ့ အကြောင်းရိုက်ကွက်တွေကိုတော့ မသုံးနဲ့တော့ဗျာ။ ဟောဒီ မိန်းမချောလက်ထဲမှာ ဖလင်တစ်လိပ်ရှိမှန်းကို ခင်ဗျား လက်က ခွေးပြေးဝက်ပြေး လာခဲ့ရတဲ့ တပည့်နှစ်ယောက်က ပြောလို့ ကျုပ် သေချာသိထားပြီးပြီ"

"မရှိဘူး ကိုစောမြင့်ဆွေ"

"မညာနဲ့ ဦးမြတ်ကောင်း ကိုယ်မှာ ကျုပ်တို့ စိမ်ပြေနပြေ ရှာခဲ့ပြီးပြီ။ တစ်လိပ်မှ မတွေ့ရတော့ဘူး၊ မရှိတော့ဘူး"

"ဒါဖြင့် ဦးလေး ဦးမြတ်ကောင်းကို ခင်ဗျားတို့ ဓားနဲ့ သုံးချက်ထိုးပြီး အပြီးသတ်လိုက်တယ်ပေါ့ ဟုတ်လား"

"ကျုပ်က တစ်ချက်တည်း ထိုးတာပါ။ ခင်မောင်ဦးက ဒေါပွပွနဲ့ နှစ်ချက် ဆင့်ထိုးလိုက်တာ၊ ဘယ့်နယ်လုပ်မတုန်း ကိုထွန်းထွန်း၊ ဦးမြတ်ကောင်း ရန်ကုန် ရောက်သွားပြီး စကားပြောနိုင်တာနဲ့ ကျုပ်နဲ့ ခင်မောင်ဦးကိုရော ကျုပ်တို့ အဖွဲ့ကိုရော ဖော်ထုတ်တာနဲ့ ရဲအဖွဲ့နဲ့ တပ်အဖွဲ့က ကျုပ်တို့အဖွဲ့ နောက်ကို လိုက်မှာ။ ဒီတော့ ဦးမြတ်ကောင်းကို ရန်ကုန်ရောက်ရင် ဘာစကားတစ်ခွန်းမှ မပြောနိုင်အောင်





နှုတ်ပိတ်လိုက်ရတာပဲ။ ဦးမြတ်ကောင်း အပြီးပါးစပ်ပိတ် သွားမှလည်း ဖလင်လိပ်ကို ကျုပ်တို့ ဆက်ပြီး ခြေရာကောက် ရှာဖွေနိုင်မှာ မဟုတ်လား"

"အင်းလေ ... ထားပါတော့။ ဟောဒီ နွေးနွေးဆီက ဖလင်ကတော့ နွေးနွေးရဲ့ အိမ်မှာပဲ ရှိနေတယ်ပဲ ထားပါတော့၊ ကျုပ်ဆီက မီးခြစ်နဲ့ ထည့်ထားတဲ့ ဖလင်လိပ်ကိုတော့ ခင်ဗျားပဲ ကျုပ် အလစ်မှာ ဝင်ယူသွားတယ် မဟုတ်လား ကိုစောမြင့်ဆွေ"

စောမြင့်ဆွေ၏ မျက်နှာမှာ တင်းခနဲ ဖြစ်သွားသည်။ ပစ္စတိုပြောင်းကိုလည်း ထွန်းထွန်း ရင်ဘတ်သို့ တည့်တည့်ကြီး ချိန်လိုက်သည်။

"အကြောင်းမရိုက်နဲ့ ကိုထွန်းထွန်း။ ကျုပ်တို့ လက်ထဲ ဘာမီးခြစ်၊ ဘာဖလင် တစ်ခုမှ မရှိသေးဘူး။ ဒါကြောင့် ခင်ဗျားတို့နှစ်ယောက် ရှိနေတဲ့ တောင်ငူတစ်ဝိုက်မှာ ကျုပ်တို့ ပုန်းလျှိုးနေနေရတာမျိုးကိုလည်း ငြီးငွေ့လှပြီ။ ကျုပ်တို့လက်ထဲ ဖလင်လိပ်တွေ ရတာနဲ့ ကျုပ်တို့ စခန်းကို ပြန်ချင်ပြီ"

စောမြင့်ဆွေ၏ ပြောစကားအရ ဆိုလျှင် မိမိ ထွန်းထွန်း လက်မှ မီးခြစ်ဖလင်သည် ဘယ်ရောက်သွားသနည်း။

"ကဲ ... ဖလင်လိပ်တွေ ပေးတော့ ကိုထွန်းထွန်း"

"အခု ပျော်ပွဲစားထွက်လာတာ ဘယ်မှာလာပြီး ဖလင်လိပ် ပါလာမှာလဲ၊ မပါလာဘူးဗျာ"

"မယုံဘူး ... ရှာကြည့်ရမှာပဲ"

"ရှာကြည့်လည်း ပိုနေမှာပဲ၊ ကျုပ်တို့က ဖလင်လိပ်ကို လုံခြုံတဲ့နေရာမှာ ဝှက်ထားလိုက်ပြီ"

"ဝှက်ထားလဲ ကိုထွန်းထွန်း ယူပြီး ကျုပ်ဆီ လာပို့ပေးပေါ့ ကိုထွန်းထွန်း"

"ပြောပုံက ပိုင်လှချည်လား ကိုစောမြင့်ဆွေ"

"ဟိုတုန်းကတော့ အပိုင်မပြောနိုင်ဘူးပေါ့ဗျာ။ အခုတော့ သိပ်ပိုင်ပြီပေါ့။ ဘာလို့လဲဆိုတော့ ဟောဒီ မိန်းမချောကောင်မလေးနဲ့ ကိုထွန်းထွန်း အသည်းချင်း ဖလှယ်ထားကြမှန်း ကျုပ်တို့ သေချာသွားပြီကိုး"

"ဘာဆိုင်လဲ"

"သိပ်ဆိုင်တာပေါ့။ နွေးနွေးကို ကျုပ်တို့က ပြန်ပေးဆွဲသွားမယ်လေ။ ခင်ဗျား အသည်းကို ကျုပ်တို့ ယူသွားတယ်ပေါ့ဗျာ။ အဲ ... နွေးနွေးကို ခင်ဗျား ပြန်လိုချင်ရင် ဖလင်နှစ်လိပ်နဲ့ လွေးပေါ့။ ကဲ ... ငါ့လူတွေ သူတို့ကိုယ်မှာ ရှာကြည့်စမ်း၊ ဒီမှာတင် ဖလင်လိပ်ရသွားလည်း သူများ အသည်းချင်း ခွဲထားဖို့မလိုတော့ဘူးပေါ့"

စောမြင့်ဆွေ အမိန့်ပေးလိုက်သည်နှင့် တပည့် ဓားသမားနှစ်ယောက်သည် ထွန်းထွန်းအနီးသို့ ချဉ်းကပ်လာပေသည်။ စောမြင့်ဆွေနှင့် ခင်မောင်ဦးက ထွန်းထွန်းကို သေနတ်နှင့် ချိန်ပေးထားသည်။





တပည့်နှစ်ဦးက ထွန်းထွန်း၏ ဂျာကင်အင်္ကျီအိတ်များထဲသို့ နှိုက်ရှာသည်။

အရှာခံရင်း ထွန်းထွန်း၏ ဦးနှောက်က စဉ်းစားပါ၏။

စောမြင့်ဆွေနှင့် ခင်မောင်ဦးတို့ အဖွဲ့သည် ဘယ်နည်းနှင့်မဆို နွေးအား ပြန်ပေးသဘော ဆွဲခေါ်သွားမည်မှာ သေချာသည်။ ထွန်းထွန်း၏ ဖလင်လိပ်မှာ ပျောက်ဆုံးနေသည်။ နွေးတွင်ရှိသော ဖလင်တစ်လိပ်တည်းနှင့် ပြန်ပေးဆွဲသည်ကို ပြန်လွေးလျှင် ပြန်ပေးပါမည်တဲ့လား။ မသေချာပါလေ။

စောမြင့်ဆွေနှင့် ခင်မောင်ဦးသည် သူတို့ လက်ထဲ ဖလင်လိပ် မရသေးမချင်း ထွန်းထွန်းကို အသေပစ်သတ်မည်မဟုတ်။ ထွန်းထွန်း သေသွားလျှင် သူတို့ ဖလင်လိပ်ရဖို့ မျှော်လင့်ချက် မရှိတော့မှန်း သူတို့ သိထားသည်။

ယခုနေ နွေးနွေးလက်ကို ဆွဲပြီး အတင်း ဒွေးဒွေးတို့ရှိရာသို့ ဆွဲပြေးသွားလျှင် စောမြင့်ဆွေတို့ကို သေနတ်နှင့် လှမ်းပစ်တောင် သေအောင်အထိ ပစ်မည်မဟုတ်။ သေနတ်သံကို လူများကြားသည်နှင့် သူတို့ ထွက်ပြေးကြမည်သာ။

ထွန်းထွန်းသည် လျှပ်တစ်ပြက် လှုပ်ရှားလိုက်ပေတော့သည်။

ထွန်းထွန်းက အရှာဖွေခံရသူမို့ သူ၏ လက်နှစ်ဖက်ကို မြှောက်ပေးထားရသည်။

ထွန်းထွန်းသည် ဂျာကင်အိတ်တွင် ငုံ့ပြီး နှိုက်ရှာနေသော တပည့်၏ လည်ကုပ်ကို လက်ဝါးစောင်း တစ်ချက်ခုတ်ချလိုက်သည်။ အငိုက်မိသွားသဖြင့် ခံသွားရသည်။ တစ်ချက်တည်းအားလျားမှောက်ကျသွားသည်။

ထွန်းထွန်း ဒုတိယကောင်ဆီသို့ အရောက်သွားပြီး ညာဖြောင့်လက်သီး သွင်းလိုက်သည်။ ထိုဒုတိယကောင်လည်း ကျသွားပါ၏။

သို့သော် နောက်မလှုံတော့ပြီဖြစ်သော ထွန်းထွန်းနောက်သို့ ခင်မောင်ဦး ရောက်လာပြီး သူ၏သေနတ်ကို လက်ဝါးတွင် အပြားလိုက်ကပ်ခါ ထွန်းထွန်း ဦးခေါင်းကို ရိုက်ချလိုက်သည်။

"အစ်ကို ... အစ်ကို"

နွေးနွေး၏ အထိတ်တလန့်သံ ကြားလိုက်ရင်း ထွန်းထွန်း မျက်စိထဲ မီးရှူးမီးပန်းတွေပွင့်ကာ ထွန်းထွန်း ဒူးညွတ်ကျသွားတော့သည်။

ဒီနောက်မှာတော့ ထွန်းထွန်း ဘာဆိုဘာကိုမှ မသိတော့ပဲ လောကကြီးကို မေ့သွားပါတော့၏။





## ၉

"ကိုထွန်းထွန်း ... ကိုထွန်းထွန်း"

ခေါ်သံတွေ ကြားလာရသည်။ မိမိခန္ဓာကိုယ်အားတအား ကိုင်လှုပ်နေသည်ကိုလည်း အသိဝင်လာသည်။

မျက်နှာပေါ်သို့ အေးစက်သော ရေများ လောင်းချခြင်းကိုလည်း သိပြီးနောက် ထွန်းထွန်း ပြန်သတိရကာ ထ,ထိုင်လိုက်တော့သည်။

မဌေးဌေးတို့ တစ်သိုက်လုံး ထွန်းထွန်းအား ဝိုင်းကာ ပြုစုနေသည်ကို တွေ့ရသည်။

"ဟော ... ကိုထွန်းထွန်း သတိရပြီနော်"

"ရပါပြီ မဌေးဌေး"

တစစ်စစ် နာကျင်နေသော ဦးခေါင်းကို လက်ဝါးအုပ်ရင်း ထွန်းထွန်း ပြန်ဖြေသည်။

ဦးခေါင်းကွဲသွားခြင်း မရှိသည်မို့ တစ်နည်းဝမ်းသာရသေးသည်။

"နွေးနွေးကောဟင် ကိုထွန်းထွန်း၊ နွေးနွေးကော"

ထွန်းထွန်းက အဖြစ်မှန်ကို လွှတ်ခနဲ ပြောပြမိတော့မည်မှ ချက်ချင်း သတိရကာ ဘေးတွင် ဈေးအမျိုးသမီး တစ်သိုက်ယုံး ရှိနေသဖြင့် စကားကို ထိန်း၍ ပြန်ပြောရပေသည်။

"ဟုတ်လား ... နွေး ပျောက်နေလားဟင်"

"ဟုတ်တယ် ... နွေးနွေးကို သိတာနဲ့ နီလာ လိုက်ရှာတာ မတွေ့ခဲ့ဘူး"

"ကျွန်တော့်ကိုကော မငွေးငွေးတို့ ဘယ်လို ပြန်တွေ့ကြတာလဲ မငွေးငွေး"

ငွေးငွေးက ငိုရှိုက်ရင်း ပြန်ပြောပြသည်။

"ငွေးငွေးတို့ ထမင်းဝိုင်းပြင်ပြီးတော့ အားလုံး အတူစားဖို့ကြည့်တာ၊ ကိုထွန်းထွန်းနဲ့ နွေးနွေး နှစ်ယောက် လိုနေတယ်။ ဒါကြောင့် အနီးတစ်ဝိုက် လိုက်ကြည့်ရှာတာ ကိုထွန်းထွန်းက ဒီနေရာမှာ သတိလစ်မေ့ပြီး လဲကျနေတာကို တွေ့တယ်။ နွေးနွေးကို လုံးဝ မတွေ့ဘူး၊ ဒါပေမဲ့ နွေးစီးလာတဲ့ ဖိနပ်တစ်ဖက်ကို ဟိုဘက်တောစပ်နားက သီတာတွေ့လို့ ကောက်ယူလာတယ်။ ဘယ်လို ဖြစ်တာလဲ ကိုထွန်းထွန်း"

ထွန်းထွန်းက ချိန်ချိန်ဆဆပင် ပြန်ပြောလိုက်သည်။





"နွေးနွေး စိတ်ကောက်ပြီး ဒီနားမှာ လာထိုင်နေတာကို ကျွန်တော်တွေ့တယ်။ ကျွန်တော်က မရောက်ဖူးတဲ့ နေရာမို့ ဟိုဟိုဒီဒီ လျှောက်ကြည့်ရင်း နွေးနွေး ဒီမှာ ထိုင်နေတာကို တွေ့ရတာပါ။ ဒါနဲ့ နွေးနွေးနဲ့ ထိုင်ပြီး နွေးနွေး စိတ်ကောက်တာကို ပြေရာပြေကြောင်း ပြောနေတုန်း တောထဲက လူလေးယောက် ထွက်လာပြီး နွေးနွေးကို ဆွဲလားရမ်းလား လုပ်လို့ ကျွန်တော်က သူတို့ကို ပြန်သတ် ပုတ်ရင်း သူတို့ထဲက တစ်ယောက်ယောက်က ကျွန်တော့် ခေါင်းကို ရိုက်သွားလို့ ကျွန်တော် မေ့လဲသွားတာ"

"ဒါဆို ... နွေးနွေးကို သူတို့လေးယောက် ဖမ်းခေါ်သွားကြတာ ဖြစ်မှာပေါ့။ အဲဒါ ... ငွေးငွေး အပြစ်ပဲ၊ ငွေးငွေးက သူ့ကို ကျောင်းပြန်ဖို့ ညက ပြောလို့ စိတ်ကောက်ပြီး ဒီမှာ တစ်ယောက်တည်း လာထိုင်တာပဲ ဖြစ်မှာ"

ငွေးငွေး ငိုချပါတော့သည်။

ဒီနေရာတွင် ထွန်းထွန်း ဖြေလိုက်သော စကားမှာ အဓိပ္ပာယ်ကောက်လျှင် နွေးနွေး မိန်းမချောလေးအား လူဆိုးလေးယောက်က နွေးနွေး၏ အလှအပကို မက်မောပြီး ခေါ်သွားသယောင်ယောင် ဖြစ်နေသည်မို့ နွေးနွေးအတွက် အရှက်ရ သိက္ခာကျစေမှန်း ထွန်းထွန်း သိပါ၏။

သို့သော် တကယ့်ဖြစ်ရပ်မှန်ကို ဤဈေးသိုက်အမျိုးသမီးတွေရှေ့တွင် ပြော၍မဖြစ်။ ဦးလေးဦးမြတ်ကောင်းနှင့် ပတ်

သက်ပြီး နိုင်ငံတော်၏ ထိပ်တန်းလျှို့ဝှက်ချက်ကြီး ဖြစ်နေသည်။ ဘေးသို့ လုံးဝပေါက်ကြား၍ မရနိုင်။ ထို့ပြင် ထိပ်တန်းလျှို့ဝှက်ချက်ကြီးသာ ဈေးစကားအဖြစ် ပေါက်ကြားသွားလျှင် စောမြင့်ဆွေနှင့် ခင်မောင်ဦးတို့အဖွဲ့က နွေးနွေးကို မစားရတဲ့အမဲ သဲပက်ဆိုသလို အသေသတ်ပစ်မည် သိပ်စိုးရိမ်ရသည်။ ဦးလေးဦးမြတ်ကောင်းအား ရက်ရက်စက်စက် အသေသတ်သွားသည်က နမူနာမဟုတ်လား။ ပြီး နွေးနွေးကို ဖမ်းသွားသည်မို့ မည်သည့်အကြောင်းကြောင့် ဖမ်းသွား ဖမ်းသွား နွေး၏ အရှက်နှင့်သိက္ခာကတော့ ကျသွားပြီးသာဖြစ်သည်။

ကိစ္စမရှိ။ ဘယ်သူတွေက နွေးနွေးကို ဘာထင်ထင်။ ထွန်းထွန်းက နွေးနွေးကို ပြန်တွေ့သည်နှင့် လက်ထပ်မည်မို့ နွေးနွေး အတွက် အထူးနစ်နာစရာမရှိ။

"ကဲ ... မဌေးဌေး ... ကျွန်တော်တို့ ပြန်ကြစို့"

"နွေးမပါဘဲ ဌေးဌေး အိမ်ကို ပြန်သွားရင် ဘိုးဘိုးက ဌေးဌေးကို ရိုက်သတ်မှာ သိလား။ ဘိုးဘိုးက နွေးနွေး မြေးအငယ်ကို သိပ်ချစ်တာ။ အိမ်မှာ ဘိုးဘိုး သဘောကောင်းပြီး လျှော့ပေးထားလို့သာ။ ဘိုးဘိုး တကယ် စိတ်ဆိုးရင် တစ်အိမ်သားလုံး နေစရာမရှိအောင် ကြောက်ရတာ"

"ဘာတတ်နိုင်မှာလဲ မဌေးဌေး။ ဖြစ်လာမှတော့ ဘာမဆို ရင်ဆိုင်ရမှာပဲ။ ဦးလေးအောင်ရဲ့ တာဝန်ကို ကျွန်တော့် တာဝန် ထားလိုက်ပါ မဌေးဌေး။ ဦးလေးအောင်ကို ကျွန်တော် ရှင်းပြမှာပါ။ ကဲ ... လာ ... ပြန်ကြစို့။ မပြန်ရဲလို့ ဒီမှာ နေလို့လည်း ကိစ္စပြီးမှာ မဟုတ်ဘူး။ လာမဲ့ဘေး ပြေးတွေ့ပစ်ရမှာပဲ မဌေးဌေး"





ထွန်းထွန်းကပင် ခေါင်းဆောင်ပြီး တောင်ငူအိမ်သို့ ပြန်ရန် အစီအစဉ်များ ပြုလုပ်ရတော့သည်။

ဌေးဌေးက သူ့အိမ်မှ သူ့ကားကို မောင်းပြီး ထွန်းထွန်းက လင့်ရိဗာကားကို မောင်းကာ ပြန်ခဲ့သည်။

တောင်ငူအိမ်သို့ ရောက်သောအခါ ဈေးတစ်သိုက်မှာ စိတ်မကောင်းစွာ ကုပ်ကုပ်လေး ပြန်သွားကြသည်။

ထွန်းထွန်းသည် သေချာစဉ်းစားသည်။

ဦးလေးဦးမြတ်ကောင်းကတော့ သေချာမှာခဲ့သည်။ သူ၏ ဖလင်လိပ်ခေါင်းစီးစာတွင် ဤထိပ်တန်းလျှို့ဝှက်ချက်များနှင့် ပတ်သက်၍ မိဘဆွေမျိုးကိုပင် အသိမပေးပါလေနှင့်ဟူ၍။

ထွန်းထွန်းနှင့် နွေးနွေးကလည်း ဦးလေးဦးမြတ်ကောင်း၏ အမှာစကားကို လိုလ်နာကာ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ဖွင့်မပြောသေး။

ယခုမူ မပြော၍ မဖြစ်တော့ပြီ။

ဦးလေးအောင်အား တိုးတိုးကျိတ်ကျိတ် အဖြစ်မှန်ကို ပြောပြရပေမည်။ နွေးနွေးကို ဖမ်းခေါ်သွားခြင်းအတွက် မပြော၍ မဖြစ်တော့ပြီ။

ထွန်းထွန်းသည် ဦးလေးအောင်အား နှစ်ကိုယ်ကြား နိဝင်ဘာလ(၁၄)ရက်နေ့က သူနှင့် နွေးနွေးတို့ လိုက်ပါလာသော အစုန်အမြန် ရထားဝယ် တွေ့ရှိကြုံကြိုက်သမျှ အားလုံးကို ရှင်းရှင်းဘွင်းဘွင်းပင် ဦးလေးအောင်အား ဖွင့်ပြောလိုက်တော့သည်။ နောက်ဆုံး နွေးနွေးအား စောမြင့်ဆွေတို့အဖွဲ့က ဖမ်းသွားသည်အထိ ပြောပြလိုက်ပါ၏။

ဦးလေးအောင် မေးကြောကြီးများ ထောင်ထလာအောင် အံကြိတ်ထားသည်။ ဌေးဌေးနှင့် ဒေါ်ဒေါ်ခ်မ့်တို့ကား ငိုပြီးရင်း ထပ်ငိုရင်း ဖြစ်နေပေသည်။

ဦးလေးအောင်က ထွန်းထွန်းကို မေးသည်။

"ဒီတော့ မောင်ထွန်းထွန်း အနေနဲ့ ဘာဆက်လုပ်မယ်စိတ်ကူးလဲ။ ခေါင်းထဲမှာ လုပ်ဆောင်ဖို့ အစီအစဥ် ရှိပြီလား"

"လောလောဆယ်တော့ စောမြင့်ဆွေတို့ အဖွဲ့က ကျွန်တော့်ကို ဆက်သွယ်မှာကိုပဲ စောင့်ရမှာပဲ ဦးလေးအောင်။ သူတို့က နွေးကို ပြန်ပေးဆွဲတယ်။ ဖလင်လိပ်နဲ့ ပြန်လဲရမယ်လို့ ပြောခဲ့ပေမဲ့ ဘယ်နေ့ ဘယ်ရက် ဘယ်အချိန်နဲ့ ဘယ်နေရာမှာ တွေ့ဆုံဖလှယ်မယ်ဆိုတာ မပြောခဲ့ဘူး။ အဲဒီတော့ ဘယ်နည်းနဲ့မဆို သူတို့ ကျွန်တော့်ကို ဆက်သွယ်မယ်လို့ တွက်ထားတယ်"

"ဒါပေါ့ ... ပြန်ပေးသမားဆိုတာ ဒီအတိုင်းပဲ ဖြစ်ရမှာပေါ့။ တင်ကြိုပြီး ဖလှယ်မဲ့ နေ့ရက် နာရီအချိန်နဲ့ နေရာကို





တင်ကြို ပြောထားရင် သူတို့ ရဲအဖွဲ့ လက်ထဲ လည်စင်းပေးသလို ဖြစ်သွားနိုင်တာပဲဟာ။ သူတို့ဟာ ကာယကံရှင်က ရဲအဖွဲ့ကို အကူအညီ မယူနိုင်အောင် တော့ဖြတ်မှာပဲ"

ဦးလေးအောင်သည် ဒုစရိုက်ကောင်းတွေနှင့် အတွေ့အကြုံများခဲ့သော ခရိုင်ရဲဝန်ဟောင်းဖြစ်သည်နှင့်အညီ သွေးအေးမှု ရှိပေသည်။ မြေးမလေး နွေးနွေးအတွက် စိတ်မကောင်းဖြစ်ရစေကာမူ ရှေ့တွင် ဘာဆက်လုပ်ရမည်ကို အဓိကထားပြီး စဥ်းစားပုံရပေသည်။

"ဘိုးဘိုး ... ဒါဟာ ဌေးဌေး အပြစ်ပါ။ ဌေးဌေးကို ရိုက်ပါ ဘိုးဘိုး"

ငိုရင်း ဌေးဌေးသည် နောင်တရခြင်း ကြီးစွာဖြင့် အဘိုးဖြစ်သူအား ငို၍ ပြောပေသည်။

"မငိုပါနဲ့ သမီး၊ ဒါ သမီးအပြစ်လို့ ဘိုးဘိုး မယူဆဘူး။ ဒီဂိုဏ်းအဖွဲ့ဟာ နွေးနွေးကို ပသီချောင်းမှာ မဖမ်းလည်း တစ်နေရာရာမှာ အမိဖမ်းမှာ။ ပြန်ပေးဆွဲမှာ။ သူတို့ရဲ့ ထွက်လမ်းက ဒီတစ်လမ်းပဲ ရှိတော့တာကိုး။ ဒါပေမဲ့ ငါ့မြေး စိတ်အေးအေးသာနေ။ ဒီကောင်တွေဟာ သူတို့လိုချင်တဲ့ ပစ္စည်းမရမချင်း နွေးနွေးကို ဘာမှ မလုပ်ရဲဘူးလို့ ဘိုးဘိုး ယူဆတယ်။ ဘိုးဘိုးတို့ရဲ့ ဒီဘက်က လုပ်ကွက်သာ ဇစပ်သေချာဖို့ လိုတယ်။ ကဲ ... မောင်ထွန်းထွန်းပဲ ဆက်ပြောပါ။ ရှေ့လျှောက် ဘယ်လိုစီစဥ်မယ်ဆိုတာ..."

"ကျွန်တော် စီစဉ်ချင်တာက သူတို့ လိုချင်တဲ့ ဖလင်နဲ့ ငွေးကို ပြန်လဲယူဖို့ အဓိကပဲ ဦးလေးအောင်။ ကျန်တဲ့ အပိုင်းကတော့ နောက်ဆက်တွဲ စဉ်းစားပြီးမှ စီစဉ်မယ် လို့ စိတ်ကူးတယ်။ ဒါပေမဲ့ ..."

ထွန်းထွန်းက ဒါပေမဲ့ တန်းလန်းနှင့် စကားကို ဖြတ်ထားလိုက်သည်။

"ဒါပေမဲ့ ... ဘာဖြစ်လဲ ကိုထွန်းထွန်း"

ငွေးငွေးသည် စိတ်အတန်ငယ် ပြေသွားကာ ဝင်ပြီး မေးလိုက်သည်။

"ဒါပေမဲ့ ကျွန်တော့်ဆီမှာ ရှိနေသင့်တဲ့ ဖလင်တစ်လိပ်က ပျောက်ဆုံးနေတယ်။ ငွေးငွေးရဲ့ ဖလင်တစ်လိပ်တည်းနဲ့ စောမြင့်ဆွေတို့ အဖွဲ့က ကျေနပ်ပါ့မလား။ အဲဒီဖလင် တစ်လိပ်နဲ့ ငွေးကို အလဲအလှယ် လုပ်ပါ့မလား ဆိုတာ စိတ်ပူနေတယ်။ အို ... ဘာပဲဖြစ်ဖြစ် သူတို့ ကျေနပ်ရင် ကျေနပ်၊ မကျေနပ်လို့ ငွေးကို ပြန်မပေးဘူးဆိုရင် ကျွန် တော့်အသက်ကို အသေခံပြီး ငွေးကို အရပြန်ယူမယ်။ ငွေး လွတ်သွားအောင်တော့ ကျွန်တော် လုပ်မှာပဲ"

"အဲဒီ တစ်ဇွတ်ထိုးစိတ်မျိုးကို ဒီကိစ္စမျိုး အရေးကြုံလာရင် ဘယ်တော့မှ မထားနဲ့ မောင်ထွန်းထွန်း။ ဒီကိစ္စမျိုးဟာ ကျားကစားသလို၊ အမဲလိုက်သလို သွေးအေးရတယ်၊ ဉာဏ်သုံးရတယ်။ တစ်ဖက်လူရဲ့ လှုပ်ရှားကွက်ကို မှန်မှန်





ကန်ကန် စောင့်ကြည့်ရမယ်။ လိုအပ်လာရင်တော့ သတ္တိနဲ့ ကိုယ်စွမ်းရည်ကို သုံးသင့်တဲ့နေရာမှာ သုံးရမယ်ပေါ့လေ။ ဩ ... ဒါထက် စောမြင့်ဆွေတို့အဖွဲ့ဟာ တောင်ငူမြို့ထဲ မှာပဲ ခိုနေသလား ... မောင်ထွန်းထွန်း ဘယ်လို ထင်သလဲ"

"သူတို့ မြို့ထဲမှာ မခိုအောင်းဘူးလို့ပဲ ထင်တယ် ဦးလေး အောင်။ အဲ ... ကျွန်တော့်ရဲ့ အရိပ်အခြေနဲ့ လှုပ်ရှားမှုကို ကြည့်ဖို့ မြို့ခံလူတချို့ကိုတော့ ကင်းသဘောမျိုး ထားချင် ထားလိမ့်မယ်။ သူတို့အဖွဲ့ကတော့ တောင်ငူမြို့မှာ ခိုရဲ မယ် မထင်ဘူး။ ပသီချောင်းမှာ တွေ့ကြတုန်းက စောမြင့် ဆွေ ကိုယ်တိုင်က ဟိုပုန်းဒီပုန်း နေရတာ ငြီးငွေ့လှပြီဆိုတဲ့ စကားမျိုးပြောပုံထောက်တော့ မြို့ပြင်တစ်နေရာမှာဖြစ်ဖြစ် တောထဲတစ်နေရာမှာဖြစ်ဖြစ် သူတို့ ခိုနေအောင်းနေတယ် ဆိုတဲ့ သဘောရှိနေတယ် ဦးလေးအောင်"

"ဒီလိုဆိုရင် ဒီကောင်တွေအနေနဲ့ ဦးလေးအောင်နဲ့ မောင် ထွန်းထွန်း တယ်လီဖုန်း ဆက်သွယ်ပြောရင် ကြားဖြတ်ပြီး နားထောင်နိုင်တဲ့ အခွင့်အရေးနဲ့ အခြေအနေ မရှိဘူး။ ဒီတော့ မောင်ထွန်းထွန်းလည်း ပြန်ပေတော့။ အကြောင်း ထူးတာနဲ့ ဦးလေးအောင်ဆီကို ဖုန်းဆက်ပြော။ အကြောင်း ထူး မရှိရင် ဒီအိမ်ကို မောင်ထွန်းထွန်း မလာနဲ့။ ဦးလေး အောင်ကလည်း ပြောစရာရှိရင် ဖုန်းနဲ့ပဲ မောင်ထွန်းထွန်း ကို ပြောမယ်။ သဘောကတော့ မြဲနေတဲ့ လူကို အပြင်လူ

က အကဲခတ်ရခက်တယ်။ အပြင်ဘက် ထွက်လှုပ်ရှားရင် သူတို့အဖို့ အကဲခတ်ဖို့ လွယ်သွားမယ်။ ဩ ... နေဦး ... ဒီကိစ္စနဲ့ ပတ်သက်ပြီး ရဲအဖွဲ့မှာ တိုင်ချက်ဖွင့်မလား မောင်ထွန်းထွန်း"

ထွန်းထွန်းက ခေါင်းခါပြလိုက်သည်။

"အမှုမဖွင့်ချင်သေးဘူး ဦးလေးအောင်၊ အခုကိစ္စက ရိုးရိုး ငွေလိုချင်လို့ ဆွဲတဲ့ ပြန်ပေးမျိုးမှ မဟုတ်တာ။ ကျွန်တော် ကိုစောမြင့်ဆွေတို့ ဆက်သွယ်မှုနဲ့ အရိပ်အခြည်ကို ကြည့်ပြီး လိုအပ်လာရင် မခင်မာနဲ့ တိုင်ပင်ပြီး လုပ်မယ်လို့ စိတ်ကူး ထားတယ် ဦးလေးအောင်"

"အေး ... မှန်တယ်"

ထွန်းထွန်း ထိုင်ရာမှ ထသည်။ ဦးလေးအောင်၊ ဒေါ်ဒေါ်စိမ့်နှင့် ဌေးဌေးကို နှုတ်ဆက်ပြီး အုတ်ကျုတ်တန်းအိမ်သို့ ပြန်ခဲ့တော့သည်။

✪ ✣ ✪





# ( ၁၀ )

ပျော်ပွဲစားသွားသော ထွန်းထွန်းတစ်ယောက် ပျော် မလာဘဲ မှိုင်တွေချလာသည်ကို ဦးသာဝက အံ့ဩမိပေသည်။

ပို၍ အံ့ဩစရာကောင်းသည်မှာ ပျော်ပွဲစားသွားပြီး ပြန်လာသော ထွန်းထွန်းက ဦးသာဝထံတွင် ထပ်မံ၍ နံနက်စာ တောင်းခံခြင်းကိုပင် ဖြစ်ပါ၏။

"ဦးသာဝ မနက်စာစားဖို့ အိမ်မှာ ဘာရှိလဲ"

"မရှိဘူး မောင်ထွန်းထွန်း၊ ပျော်ပွဲစား သွားမယ်ဆိုလို့ အိမ်မှာ ဘာမှ စီစဉ်မထားဘူး။ ဈေးလည်း မသွားဘူး၊ ဦးသာဝလည်း မုန့်ဟင်းခါးနဲ့ ထမင်းကြမ်း ရောစားလိုက်တယ်"

"ဒါဖြင့် ဘဲကင် တစ်ခြမ်းရယ်၊ ထမင်းကြော် တစ်ပွဲရယ် ဘရန်ဒီအသေးတစ်ပုလင်းရယ်၊ ဝယ်ပေးစမ်းဗျာ။ ဆော်ဒါ လည်း ဝယ်ခဲ့ပါ။ စီးကရက်တစ်ဘူးလည်း ဝယ်ပါ"

ဦးသာဝ မျက်ခုံးပင့်လိုက်သည်။

"မောင်ထွန်းထွန်း သောက်မလို့လား။ ရောက်ကတည်းက တစ်ခါမှ သောက်တာမတွေ့လို့ ဘာများ မပြေလည်တာတွေ ရှိနေလဲကွာ"

ထွန်းထွန်း ဦးသာဝကို စိုက်ကြည့်သည်။ ဦးသာဝသည် မိမိထံမှ စကားများ အစ်အောက် ထုတ်နေလေသလားဟုလည်း သံသယ ဖြစ်မိသည်။

တစ်ဆက်တည်းမှာပင် ထွန်းထွန်း အကြံတစ်ခု တွေးမိသည်။

ထွန်းထွန်း၏ ဖလင်လိပ်ပါသော မီးခြစ်ပျောက်ရာတွင် ဦးသာဝကို သိပ်မယုံချင် ဖြစ်ခဲ့သည်။

ဦးသာဝသည် ၎င်းမီးခြစ်မှာ ဦးလေးဦးမြတ်ကောင်းနှင့် ဆက်စပ်လျက်ရှိကြောင်း မသိဘူးပဲထား။ မီးခြစ်လေးက နိုင်ငံခြားလုပ် လှလှပပလေးလည်း ဖြစ်ပြန်၊ မိမိလည်း မီးခြစ်ကို စွဲစွဲမြဲမြဲ ကိုင်ဆောင်ခြင်း မရှိကြောင်း သိပြန်မို့ သူ ယူထားချင်လည်း ယူထားမည်။

ထို့ပြင် ဦးသာဝသည် ဈေးသွားရာတွင် စောမြင့်ဆွေနှင့် တွေ့ဆုံစကားပြောခဲ့ဘူးသည်။ စောမြင့်ဆွေက ဦးသာဝကို ငွေများစွာပေးကာ မီးခြစ်ကို ယူနိုင်သည်မျိုးလည်း ဖြစ်နိုင်သည်။

ဦးသာဝ မရှိစဉ် ဦးသာဝ၏ အိပ်ခန်းတွင် ထွန်းထွန်းသည် မွှေကြည့်ရလျှင် မီးခြစ်ကို ပြန်တွေ့မလား၊ သို့မဟုတ်





အခြား မသင်္ကာဖွယ် ပစ္စည်းတစ်ခုခုနှင့် အထောက်အထား တစ်ခုခု တွေ့ရလိမ့်မလားဟု ထွန်းထွန်း ရှာကြည့်ချင်သည်။

ထွန်းထွန်း မှာကြားသော ပစ္စည်းများအတွက် ပိုက်ဆံပေးရင်း အိပ်ခန်း အင်္ကျီချိတ်တွင် ချိတ်ထားသော အင်္ကျီအိတ်ထဲမှ ပိုက်ဆံကို နှိုက်သည်။

ပိုက်ဆံများနှင့်အတူ ဖေဖေ့ထံမှလာသော စာခေါက်နှင့် ကျော်စိုးထံမှ လာသည့်ဖွင့်မဖောက်ရသေးသော စာအိတ်ကိုပါ တွေ့ရသည်။

အားလုံးကို ယူလာပြီး စားပွဲပေါ်ချရင်း ဦးသာဝအား ငွေစက္ကူအချပ်ကြီးတစ်ချပ် ပေးလိုက်သည်။

"ရော့ ... ဦးသာဝ မော်တော်ကားတော့ ယူမသွားနဲ့ဗျာ၊ ကျွန်တော် ဖြန်းခနဲ သွားစရာရှိရင် သွားဖို့ထားခဲ့ပါ။ ဦးသာဝ ဆိုက်ကားနဲ့ပဲ သွား"

ဦးသာဝက ငွေစက္ကူကိုင်ကာ ထွက်သွားတော့သည်။

ဦးသာဝ ထွက်သွားသည်နှင့် ပထမဦးစွာ ဧည့်ခန်းထောင့် စာရေးစားပွဲ အံဆွဲများကို ဖွင့်ပြီး မီးခြစ်ရှာသည်။

"ဩ ... သေနတ်နဲ့ ကျည်ဆန်ဘူးပါလား"

ယင်းသေနတ်နှင့် ကျည်ဆန်ဘူးကို တွေ့မှ မခင်မာ မိမိကို လိုကာမယ်ကာ ပေးသွားသည်ကို ပြန်သတိရသည်။

အကယ်၍များ မိမိက ဤသေနတ်ကို ပသီချောင်းသွားစဉ်က ယူသွားမိလျှင် စောမြင့်ဆွေ၊ ခင်မောင်ဦးတို့ လူသိုက်ကို မိမိက ခုခံပစ်မိမည်။

ယင်းသို့သာ ဆိုပါက ခင်မောင်ဦးနှင့် စောမြင့်ဆွေကလည်း မိမိကို သူတို့ သေနတ်နှစ်လက်ဖြင့် ပစ်မည်လား။ ပစ်ကြလျှင် မိမိသာ အထိနာမည်ဖြစ်သည်။ သူတို့က သေနတ်နှစ်လက်ပေးကိုး။ ပြီး သူတို့သည် ဒုစရိုက်ကောင်တွေမို့ မိမိထက် သေနတ်ပစ်ရာတွင် ပိုမိုကျွမ်းကျင်ကြပေမည်။

တော်ပေသေးသည်။ ဤသေနတ်ကို အလေးအနက်မထား၊ မေ့မေ့လျော့လျော့ ထားခဲ့မိသည်ပင် တော်ပေသေးသည်။

ယင်းအခိုက်မှာပင် အိမ်ရှေ့မှ စာပို့သမား၏ စက်ဘီးဘဲ(လ်)တီးသံနှင့်အတူ ...

"ပါဆယ်ထုပ် ပါတယ်ခင်ဗျာ"ဟု အသံကြားသဖြင့် ထွန်းထွန်း စာပို့လုလင်ဆီသွားသည်။

"ဘယ်သူ့နာမည်နဲ့ ပါဆယ်လဲဗျာ"

"ကိုထွန်းထွန်း နာမည်နဲ့"

ထွန်းထွန်းသည် ပါဆယ်ထုပ်ကို လက်မှတ်ထိုး လက်ခံရယူပြီး ပါဆယ်ထုပ် ထောင့်တစ်နေရာတွင် ပေးပို့သူ၏ အမည်ပါသဖြင့် ကြည့်လိုက်ရာ ကျော်စိုးထံမှ ပေးပို့သော ပါဆယ်ထုပ်မှန်း သိရသည်။





ဒီကောင်က ဘာတွေများ ပါဆယ်တွေ ဘာတွေနဲ့ ပို့ပြန်တာလဲဟု တွေးရင်း ပါဆယ်ထုပ်ကို ယူကာ အိမ်ထဲ ပြန်ဝင်လာခဲ့သည်။

ပါဆယ်ထုပ်မှာ သေးသေးလေး ဖြစ်ပြီး သေချာချည်နှောင်ထုပ်ပိုးထားသည်ကို အားလုံး ဖြေခွာပြီး အထဲမှ ထွက်လာသော ကတ်ပြားဘူးကို ဖွင့်ကြည့်လိုက်ရာ ...

"ဟ ... KENT မီးခြစ်ပါလား"

ထွန်းထွန်းမှာ ဝမ်းသာအားရ ဖြစ်သွားပြီး မီးခြစ်အံကို ဖွင့်လိုက်သည်။

မီးခြစ်ထဲတွင် ဖလင်လိပ် ပါရှိသည်ကိုပါ တွေ့ပေတော့သည်၊

"ခွေးသားကျော်စိုး၊ အာ ... အာ ... ယောင်လို့ နတ်သားလေး ကျော်စိုး"

အမှန်ပင် ထွန်းထွန်းအဖို့ နတ်မ,သည့်ကိန်း ဆိုက်ပေပြီ။

ချစ်လှစွာသော နွေးနွေးကို ပြန်လည်ရရှိရေးမှာ ဤဖလင်လိပ်သည် အဓိက မဟုတ်လား။

ထွန်းထွန်းလည်း အကျိုးအကြောင်း သိရန် ကျော်စိုးစာတိုက်မှ ပေးပို့သော စာအိတ်ကို ကမန်းကတန်း ဖွင့်ဖောက်ဖတ်ရှုတော့သည်။

ဟော့ကောင် ထွန်းထွန်း

လေးနှစ်လုံးလုံး ငါ မန္တလေးတက္ကသိုလ်မှာ ကျောင်းသားဘဝနဲ့ နေခဲ့ပေမဲ့ အခု မန္တလေးကို ငါ ပြန်ပြီးအရောက်မှာ ငါ့စိတ်တွေဟာ ရွှေမန်းမြို့တော်ကြီးကို အသစ်အဆန်း အောက်မေ့ရတယ်။

မန္တလေးရောက်ပြီး နောက်တစ်နေ့မှာပဲ ငါ ဘုရားတွေ အစုံ စုံအေးနဲ့ အတူတူ လျှောက်ဖူးတယ်။ ငါ မင်းကို ငါပြသမျှ အလှူဒါနကုသိုလ်တွေကို အမျှပေးတယ် သူငယ်ချင်း၊ သာဓုသာ ခေါ်ပေတော့။

“ဟာ သောက်ရေးထဲ ဒီမသာကောင်က လျှာရှည်လိုက်တာ အလွန်ပဲ။ အမျှတွေ သာဓုတွေနဲ့”

ဟု ထွန်းထွန်းက ရေရွတ်ရင်း ကျော်စိုး၏ စာအပေါ်ပိုဒ်တွေကို ကျော်ကာ မီးခြစ်နှင့် ပတ်သက်သည့် အကြောင်းကို သဲသဲမဲမဲ ရှာဖွေသည်။

မင်း မှတ်မိသေးလား ထွန်းထွန်း။ တောင်ငူက ငါ့အိမ်ကို မင်းရောက်လာတဲ့ နေ့ကလေ၊ ညဦးပိုင်းမှာ မင်းနဲ့ငါ ဧည့်ခန်းမှာ ထိုင်လေကန်ကြတုန်း မင်းအိတ်ထဲက KENT မီးခြစ်ကို မင်း ခြစ်မရတာနဲ့ စားပွဲပေါ် ပစ်တင်ထားလိုက်တယ်လေ။ အဲဒီ မီးခြစ်ကို ငါ ဘူတာဆင်းကာနီး ကောက်ယူလာခဲ့တယ်။





မင်းဆိုတဲ့ ကောင်က ပစ္စည်းတစ်ခုခုကို ဖွဲဖွဲလမ်းလမ်းထားတဲ့ သတ္တဝါမဟုတ်လား။ မီးခြစ်လေးက လှတာနဲ့ မင်းဆီမှာ အလကားပစ်ထားမဲ့ အတူတူ ငါ သုံးမယ်ဆိုပြီး ငါ ကောက်ယူထည့်လာတာပဲလေကွာ။

ဒါပေမဲ့ ငါ မန္တလေးရောက်ပြီး မင်း မီးခြစ်ကို ငါ တော်တော်နဲ့ မသုံးဖြစ်ခဲ့ဘူး၊ မင်းတပည့် စံအေးက လိုလေသေးမရှိအောင် ပြုစုတော့ တခြားမီးခြစ်တွေ အမြဲအဆင်သင့် ဖြစ်နေတယ်။

တစ်နေ့မှာတော့ စံအေးကလည်း အပြင်သွားနေ တခြားမီးခြစ်လည်း ရှာမတွေ့တာနဲ့ ကြုံကြိုက်ပြီး မင်းရဲ့ KENT မီးခြစ်ကို ငါ သတိရတယ်။ အဲဒီမီးခြစ်ကိုပဲ သုံးမယ်လို့ ဓာတ်ဆီထည့်ဖို့ အံကိုလည်း ဖွင့်လိုက်ရော ...

ဟော့ကောင် ထွန်းထွန်း၊ မင်း ဘာတွေ လုပ်နေတာလဲဟင်၊ မီးခြစ်အံထဲမှာ ဖလင်လိပ်ထည့်ထားတာ ပါလားကွ၊ ငါက နိုင်ငံခြားက နောက်ဆုံးပေါ် ကင်မရာနဲ့ တွဲထားတဲ့ မီးခြစ်လို့ ထင်လိုက်မိသေးတယ်။ တကယ်တော့ ဖလင်က တခြား မီးခြစ်က တခြားကြီးပဲ။

ထွန်းထွန်းသည် ကျော်စိုးစာကို ထိုမျှသာ ဖတ်ပြီးဆုံးအောင် ဆက်မဖတ်တော့ပဲ စားပွဲပေါ် ပစ်တင်ထားလိုက်သည်။

အဓိပ္ပာယ်မှာ ရှင်းနေပေပြီ။

မီးခြစ်ထဲတွင် သီးသန့်ထည့်ထားသော ဖလင်လိပ်ကို ကျော်စိုးတွေ့ပြီး အရေးကြီးမှန်း သိသဖြင့် ထွန်းထွန်း ထံသို့ ပါဆယ်နှင့် ပြန်ပို့ပေးခြင်းဖြစ်သည်။ အကျိုးအကြောင်း ရေးသော စာက အရင်ရောက်နှင့်ပြီး ပါဆယ်ထုပ်က နောက်ကျပြီးမှ ရောက်ခြင်း ဖြစ်ပေသည်၊

ဦးသာဝကြီးကို ထွန်းထွန်း အထင်မလွဲတော့ပေ။ မည်သို့ဆိုစေ ထွန်းထွန်း ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါ၏။ မီးခြစ်ကို အလစ်သုတ်သွားသော ကျော်စိုးက မီးခြစ်နှင့် ဖလင်ကို ပြန်ပို့ပေးသည့်အတွက် ကျေးဇူးများစွာ တင်ပါ၏။

ယခုမူ ထွန်းထွန်းတွင် စောမြင့်ဆွေတို့နှင့် ရဲရဲတင်းတင်း ရင်ကော့ပြီး ရော့ ဖလင်လိပ်၊ ပေး နွေးနွေး။ ပြန်လည်လဲ ယူနိုင်ပေပြီ။

"ဖလင်(၂)လိပ်နှင့် နွေးနွေး"

ထွန်းထွန်း စဉ်းစားရင်း စိတ်ထဲတွင် စနိုးစနောင့် ဖြစ်လာရပြန်သည်။ ဖလင်(၂)လိပ်နှင့် ...

ဖလင်နှစ်လိပ်ကို နွေးနွေးနှင့် ဖလှယ်ရခြင်းသည် ထွန်းထွန်းအတွက် အတွာသိပ်ဆန်ပြီး တစ်ကိုယ်ကောင်း သိပ်ဆန်နေလေသလား။

တိုင်းပြည်၏ သားကောင်းရတနာ လူ့အဖိုးတန်ကြီး ဦးမြတ်ကောင်းသည် ဤဖလင်နှစ်လိပ်အတွက် သူ့အသက်ကို





စတေးရန် ပွဲစာနမထားဘဲ တိုင်းပြည်အတွက် အမိကထားပြီး အသေခံသွားသည်။

ဤဖလင်လိပ်သည် ကိုယ့်တိုင်းပြည်ကိုယ့်လူမျိုး အတွက် ထိပ်တန်းအရေးပါကြောင်း ဦးလေးဦးမြတ်ကောင်းက ရှေ့မှ သက်သေပြသွားသည်။

ထွန်းထွန်းသည် ဦးလေး ဦးမြတ်ကောင်းလောက် မရင့်မာသည့်တိုင်အောင် ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုးကိုတော့ ချစ်တတ်ပါသေးသည်။

စောမြင့်ဆွေ၊ ခင်မောင်ဦးတို့ ဂိုဏ်းလက်သို့ ဤဖလင် လိပ် ရရှိသွားလျှင် တိုင်းပြည်နှင့် လူမျိုးအား မည်မျှထိ နစ်နာသွားလေမည်နည်း။

ထွန်းထွန်း၏ တကယ့်စိတ်ဓာတ် အရင်း ၂၁ ဤဖလင်နှစ်လိပ်ကို ဦးလေးဦးမြတ်ကောင်း၏ အမှာအတိုင်း ဦးစောရန်နိုင် လက်သို့ ကိုယ်တိုင်ကိုယ်ကျ နွေးနှင့်အတူ သွားရောက်ပေးအပ်ချင်သည်။

မည်သည့် ပုဂ္ဂိုလ် တစ်ဦးကိုမျှ ကြားခံတစ်ဆင့် ဦးစောရန်နိုင် လက်သို့ ပေးအပ်ခြင်းမျိုးပင် မပြုလို။

စိတ်ဓာတ်ရင်းက ထိုကဲ့သို့ ရှိနေသလို နွေးကိုလည်း စောမြင့်ဆွေတို့လက် ဒီအတိုင်း ပစ်မထားနိုင်။

ထွန်းထွန်း ဘယ်လို လုပ်ရပါ့။

ခဲတစ်လုံးတည်းနှင့် နှစ်ကောင်ထိအောင် ဘယ်လို လုပ်ရပါ့။

ဦးစောရန်နိုင်၏ လက်သို့ ဤဖလင်လိပ်လည်း ပေးပို့နိုင်စေ၊ ငွေလည်း သူတို့လက်မှ လွတ်မြောက်စေ ဖြစ်အောင် ဘယ်လို လုပ်ရပါ့။

ထွန်းထွန်း အကြံအိုက်နေစဉ်မှာပင် တယ်လီဖုန်း မြည်သံ ထွက်ပေါ်လာပေသည်။ ထွန်းထွန်း တယ်လီဖုန်းဆီသွားကာ ကောက်ကိုင်လိုက်သည်။

"ပြောပါ ... ကျွန်တော် ထွန်းထွန်း ပါ"

"ခင်ဗျား ထွန်းထွန်း သေချာတယ်နော်"

"ရေတစ်စက်မှ မရောတဲ့ ထွန်းထွန်း အစစ်ပါ"

"ကောင်းပြီ ... ကျုပ်ပြောမယ်။ ခင်ဗျားက ကြားဖြတ်ပြီး တစ်လုံးမှ မပြောနဲ့။ ကျုပ် ပြောတာကိုသာ နားထောင်။ ရေတာရှည်မြို့ကအထွက် တစ်မိုင်သာသာလောက် ညောင်ပင်သာရွာနားမှာ မယ်ဒက်ဘုရားကိုသွားတဲ့ လမ်းခွဲရှိတယ်။ အဲဒီလမ်းခွဲထိပ်မှာ 'မယ်ဒက်ဘုရားသို့'ဆိုင်းဘုတ်ကြီး ကပ်ထားတယ်။ ခင်ဗျား လမ်းမှားစရာ မရှိဘူး။ အဲဒီလမ်းအတိုင်း ခင်ဗျား လင့်ရှိဗာကားနဲ့ ခင်ဗျားတစ်ယောက်တည်း လာခဲ့။ အဖော်ပါလာရင် ကျုပ်တို့ အတွေ့မခံဘူး"

"ဘယ်နေ့ ဘယ်အချိန်ဆိုတာလဲ ပြောဦးမှပေါ့"





"ခင်ဗျား ပါးစပ် ပိတ်ထားလေ။ ကျုပ်ပြောတာကိုသာ နားထောင်။ နက်ဖြန်ည ဆယ်နာရီ အရောက်၊ မယ်ဒက်ဘုရားကို မောင်းလာခဲ့။ လမ်းမှာ ရွာငယ်လေးတွေတော့ ရှိတယ်။ ရွာတံခါး ပိတ်ချင် ပိတ်ထားမယ်။ ဒါပေမဲ့ ခင်ဗျားတစ်ယောက်တည်း မော်တော်ကားနဲ့ မယ်ဒက်ဘုရားကို သွားချင်လို့ပါလို့ ပြောရင် တံခါးဖွင့်ပေးမှာပါ။ မယ်ဒက်ဘုရားကို ရောက်ရင် လက်ဝဲဘက်မှာ ဇရပ်ကြီးတစ်ခု တွေ့မယ်။ ဇရပ် ပတ်ပတ်လည်မှာ အင်ပင်ပေါက်တွေရှိတယ်။ အဲဒီဇရပ် ရောက်တာနဲ့ ကားရှေ့မီးကြီးကို ပိတ်။ ဆိုင်းလင့်မီး အသေးနှစ်လုံးသာ ဖွင့်ထား။ အဲဒီမှာပစ္စည်းချင်း ဖလှယ်မယ်"

"ကျုပ် ခင်ဗျားတို့ကို မယုံဘူး။ ကျုပ်ဆီက ပစ္စည်းကို ခင်ဗျားတို့က ယူပြီး ငွေငွေကို လွှတ်မပေးရင် ဘယ့်နှယ် လုပ်မလဲ၊ ကျုပ်က တစ်ယောက်တည်း လာရပြီး ဘာလက်နက်မှ မရှိတဲ့လူ"

ထွန်းထွန်းသည် မခင်မာ ပေးထားသော သေနတ်ရှိနေစေကာမူ သူ့တွင် ဘာလက်နက်မှ မရှိသော လက်နက်မဲ့လူ အသွင် ပြောလိုက်သည်။

စောမြင့်ဆွေတို့သည် ထွန်းထွန်း အကြောင်း ကိုယ်ရေးရာဇဝင်ကို စုံစမ်းပြီးသား ဖြစ်မှာ သေချာသည်။ သူ စုံစမ်းရရှိနိုင်သည်မှာလည်း ထွန်းထွန်းသည် ကျောက်မဲ့ရှိ ချမ်းသာသော

မိဘ၏ တစ်ဦးတည်းသောသား ဖြစ်ပြီး တက္ကသိုလ်ကျောင်းသား တစ်ဦး ဖြစ်သည် ဆိုသည်ကိုပဲ စုံစမ်းရရှိပေမည်။

ကျောင်းသားသာသာ ရှိသေးသော ထွန်းထွန်း ဘာလက်နက် ဘာသေနတ်မှ မရှိနိုင်မှန်းကိုလည်း သူတို့သဘော ပေါက်မည်သာ။ ပြီး ... ထွန်းထွန်း တောင်ငူလာရာ၌ သေနတ် မပါရှိနိုင်ဟုပင် ထွက်ပေမည်။

"ခင်ဗျား သိပ်လျှာရှည်တယ်၊ ခင်ဗျား နွေးနွေးကို ကျုပ်တို့က ဘာလုပ်ရမှာလဲ။ ကျုပ်တို့နဲ့ ခေါ်သွားရင် ခြေတောင် ရှုပ်သေးတယ်၊ ကျုပ်တို့ လိုချင်တာ ရပြီးတာနဲ့ ကျုပ်တို့ တစ်ချီတည်း အရှေ့ဘက်ကို လစ်သွားတော့မှာ"

"ခင်ဗျား ဘာပြောပြော အဲဒီလိုတော့ မရဘူး ကိုစောမြင့်ဆွေ"

ထွန်းထွန်းက ခပ်မာမာတင်းတင်းပင် ပြန်ပြောသည်။ တချို့နေရာတွင် မာမာတင်းတင်း ပြောသူ၏ စကားကို ပိုမိုပြီး အယုံအကြည် ရှိတတ်သည်။

သူတို့သည် ဖလင်လိပ်ကို အသေအလဲ လိုချင်နေသူများဖြစ်သည်။ ပြီး ... ထွန်းထွန်းနှင့် နှစ်ချီနှစ်မောင်း ရင်ဆိုင်ထားပြီးသားလည်း ဖြစ်သည်။

ထွန်းထွန်း မာကျောကျော ပုံအရ သူတို့သည် လူဖြောင့် လူမှန်ဟု မှတ်ယူဖွယ် ရှိသည်။

"ဒါဆို ... ခင်ဗျားက ဘယ်လိုဖြစ်စေချင်သလဲ ကိုထွန်းထွန်း"





"ကျုပ်အနေနဲ့ ခင်ဗျားတို့ လိုချင်နေတဲ့ ပစ္စည်းကို အမှန်အကန်နဲ့ ကျုပ် တစ်ယောက်တည်း လာပေးမယ်။ ခင်ဗျားတို့ အထဲက တစ်ယောက်ယောက်က နွေးကို ကျုပ်ဆီ တစ်ပါတည်း ခေါ်လာရမယ်။ အဲဒီလူကို ကျုပ်က ဖလင်လိပ် ပေးလိုက်မယ်။ နွေးကို ကျုပ်လက်ထဲ ပြန်ပေး၊ ကျုပ်အဖို့ လောကကြီးမှာ နွေးထက်ပိုပြီး တန်ဖိုးထားစရာ မက်မောစရာ ဘာမှမရှိဘူး"

စောမြင့်ဆွေ ခဏ ငြိမ်သွားသည်။ စဉ်းစားသည် ထင်ပါ၏။

"ကောင်းပြီလေ ... နက်ဖြန်ည ဆယ်နာရီ မယ်ဒက်ဘုရားက ဇရပ် ... ဒါပဲ"

"ကျုပ်ကလည်း ဒါပဲ"

ဖုန်းများ ကိုယ်စီ ပြန်ချလိုက်သည်။

ထွန်းထွန်းအဖို့ ယခုလို နာရီပိုင်းမှာပင် သတင်းထူးနှစ်ခု ဖြစ်ပေါ်လာသည်။

ပထမသတင်းမှာ ကျော်စိုး ပြန်ပို့ပေးလိုက်သော ဖလင် ပါရှိသည့် မီးခြစ်ဖြစ်သည်။

ဒုတိယမှာ စောမြင့်ဆွေ ထံမှ ဖလင်နှင့် နွေးနွေး နက်ဖြန်ည ဆယ်နာရီ မယ်ဒက်ဘုရားတွင် ဖလှယ်လဲလှယ်ကြရန် ဖြစ်သည်။

ဦးလေးအောင်ထံ ဖုန်းဆက်ပြောကြားရ ကောင်းမလားဟု ထွန်းထွန်း စဉ်းစားသည်။

သို့သော် မပြောဘဲ နေသည်က ပိုကောင်းမည်။

ဦးလေးအောင် သိလျှင် ဒေါ်ဒေါ်စိမ်း သိမည်။ ဒေါ်ဒေါ်စိမ်း သိလျှင် ဌေးဌေး သိမည်။ ဌေးဌေး သိလျှင် ဈေးသိုက်ပါ သိသွားနိုင်သည်။

သတင်းတွေ ပေါက်ကြားလျှင် စောမြင့်ဆွေသည် နက်ဖြန်ည အစီအစဉ်ကို ဖျက်ကောင်း ဖျက်ပစ်နိုင်သည်။

နွေးနွေး အဖို့ သူတို့လက်ထဲတွင် တစ်နာရီ ပိုနေရလျှင် တစ်နာရီ ပိုပြီး စိတ်ဆင်းရဲ လူဆင်းရဲ ဖြစ်လေမည်သာ။

စောမြင့်ဆွေ ကလည်း အဖော်မခေါ်ခဲ့ရန် ပြောထားသည်။ ဦးလေးအောင်ကို အကြောင်းကြားပါက ဦးလေးအောင်က ခရိုင်ရဲဝန်မဟောင်း တစ်ဦးမို့ ထွန်းထွန်း၏ လုံခြုံမှုအတွက် အကူအညီ တောင်းခံ၍ သတင်းပေါက်ကြားလျှင် စောမြင့်ဆွေတို့က အတွေ့ခံတော့မည် မဟုတ်။

သို့သော် ...

ထွန်းထွန်းသည် နွေးနွေးကိုလည်း ပြန်ရလိုသည်။ ဖလင်နှစ်လိပ်ကိုလည်း စောမြင့်ဆွေ၏ လက်ထဲရောက်မသွားစေချင်။

ခဲတစ်လုံးတည်းနှင့် နှစ်ကောင်ထိအောင် ထွန်းထွန်း စဉ်းစားတော့သည်။





မခင်မာ။

ဟုတ်သည်။ ဒီကိစ္စ မခင်မာနှင့်သာ ဆွေးနွေးသင့်သည်။

ဦးလေးအောင်က ပင်စင်စား။

မခင်မာက လက်ရှိရာထူးနှင့် လက်ရှိမှာပင် ဤဖလင်နှစ်လိပ်ကိစ္စအတွက် တာဝန်ထမ်းဆောင်နေသူ။

ပင်စင်စား ဆိုသည်မှာ နာမည်သာ ရှိတော့ပြီး သြဇာတိက္ကမ မရှိတော့ပြီ ဖြစ်သည်။

ဒေါ်ခင်မာက သူမအား ဆက်သွယ်ရန် ဖုန်းနံပါတ်ပေးထားသည့်အတိုင်း ဒေါ်ခင်မာ ထံသို့ ထွန်းထွန်း ဖုန်းဆက်လိုက်သည်။

ဒေါ်ခင်မာ၏ဖုန်းမှာ တပ်အတွင်းမှဖုန်း ဖြစ်သောကြောင့် ပြောရသည်မှာ စိတ်ချရသည်။

ဒေါ်ခင်မာနှင့် (၃၅)မိနစ်ကြာအောင် ပြောလိုက်ရပြီးနောက် ထွန်းထွန်း တအားပင် စိတ်ရော လူရော ပေါ့ပါးသွားသည်။

ထွန်းထွန်းသည် နက်ဖြန် နေ့ပိုင်းတွင် နွေးနွေးအိပ်ရာခေါင်းစွပ်ကြားတွင် ဝှက်ထားသော ဖလင်လိပ်ကို သွားယူမည်။

ညပိုင်း(၁၀)နာရီအတွင်း ဒေါ်ခင်မာနှင့် တိုင်ပင်ထားသည့်အတိုင်း ဆက်လုပ်ဖို့ ဆုံးဖြတ်လိုက်သည်။

ဒီနောက်မှာတော့ ဦးသာဝကြီး ဝယ်လာသော ထမင်းကြော်၊ ဘဲကင်နှင့် ဘဲရှန်ဒီဆော်ဒါရောကို သောက်ရင်း စားပေတော့သည်။

ပသီချောင်း ပျော်ပွဲစားပွဲတွင် ဘာမှ မစားလိုက်ရဘဲ ယခုအချိန်ထိ အူဟောင်းလောင်း ဖြစ်နေသော ထွန်းထွန်းသည် သီတာ၊ နီလာ၊ နှင်းဆီ၊ စပယ်၊ သဇင်၊ သရဖီတို့ မပါဘဲလျက် ဘဲရှန်ဒီကို အဖော်ပြုကာ ထမင်းကြော်၊ ဘဲကင်ကို တစ်ယောက်တည်း ပြောင်တလင်းကျအောင် မြိန်ရေယှက်ရေ စားပစ်လိုက်လေတော့သည်။

အစားရော အသောက်ရော ဟုတ်လှသော ထွန်းထွန်းအား ဦးသာဝက ငေးကြည့်နေပါ၏။





# ( ၁၁ )

ပုရစ်ရင်ကွဲတို့သည် ညဦးပိုင်း စိတ်ကြိုက်အော်ဟစ်ခါ ညဉ့်နက်လျှင် မအော်ကြပါလေတော့။ အော်ရင်း ရင်ကွဲနာကျသေသွားကြပြီထင့်။

ဒီကြားထဲကပင် ရင်ကွဲနာ မကျသေးသော ပုရစ်တစ်ကောင်သည် သူ့ဟာသူ တစ်ယောက်တည်း ည(၁၀)နာရီအထိ အော်နေသေးသည်မှာ ဆွေးဆွေးမြည့်မြည့်အသံ ဖြစ်နေသည်။

လူတွေအများအပြားနှင့် နံနက် နေ့လယ်တို့တွင် အမြောက်သံ ဗုံးသံသည်ပင် အထိတ်တလန့် မဖြစ်သော်လည်း ...

ယခုလို အဖော်မပါ တစ်ယောက်တည်း တောတန်းနှစ်ခုကြား လမ်း၌ ကားကို မောင်းနေရသည်စဥ် တစ်ကောင်တည်းသော ပုရစ်၏ အော်သံသည်ပင် ထိတ်လန့်တုန်လှုပ်ချောက်ချားဖွယ် ဖြစ်နေပါ၏။

ရေတာရှည်မြို့အလွန် ညောင်ပင်သာရွာ အနီးရှိ မယ်ဒက်ဘုရားသို့ သွားသောလမ်းအတိုင်း ထွန်းထွန်း တစ်ယောက်တည်း လင့်ရိုဗာကို မောင်းလာခဲ့သည်။

လမ်းက လှည်းများ သွားလာထားသောလမ်း ဖြစ်သောကြောင့် လမ်းကြမ်း ဖြစ်နေသည်။

ထွန်းထွန်းသည် သူ၏ကားကို နံပါတ်တစ်ဂီယာ၊ နံပါတ်နှစ်ဂီယာတို့ တစ်လှည့်စီထိုးကာ ဖြည်းဖြည်းပင် မောင်းနေရပေသည်။

ကားရှေ့မီးကြီးနှစ်လုံးကို ဖွင့်ပြီး မောင်းခဲ့သည်။ ကားမီးရောင်နှင့် မောင်းလာသော ထွန်းထွန်း၏ကား အနီးကပ်ရောက်လာမှ ရုတ်တရက် ဝူးခနဲ ထပြန်သော မြေဝပ်ကောင်၏ တဖျပ်ဖျပ် အတောင်ပံခတ်သံသည်ပင် ထိတ်လန့်ဖွယ်တစ်မျိုး ဖြစ်နေပါ၏။

လမ်း၏ လက်ဝဲဘက် ကြည့်လျှင် အင်ပင်ပေါက်တောတန်း၊ လက်ယာဘက် ကြည့်ပြန်လည်း အင်ပင်ပေါက် တောတန်းနှင့် တစ်ဦးတစ်ယောက်တည်း အဖော်မပါ ထွန်းထွန်းခမျာ ကားမောင်းလာခဲ့ရသည်မှာ ကြောက်စရာ ကောင်းလှပေသည်။

သို့သော် ထွန်းထွန်းသည် နွေးနွေး၏ ဓာကပ်နေသောကြောင့်လား မသိ၊ ဘာကိုမှမကြောက်၊ ဘာကိုမှမလန့်၊ မိမိဝတ်လာသော ဂျာကင်၏ ညာဘက်အိတ်ထဲရှိ ဒေါ်ခင်မာ ပေးထားသော သေနတ်ကို လက်ဝါးအုပ်စမ်းရင်း ရှေ့သို့သာ ဆက်မောင်းလာခဲ့သည်။

ထွန်းထွန်းသည် ဘယ်ဘက်ဂျာကင်အိတ်ထဲရှိ တန်ဖိုးကြီးမားလှသော ဖလင်နှစ်လိပ်ကိုလည်း မကြာခဏ လက်ဝါးအုပ်စမ်းသပ်မိသည်သာ။

ကံအားလျော်စွာပင် ဖြတ်သန်းလာရသော ရွာငယ်လေးတွေတွင် ရွာတံခါး ပိတ်မထားသဖြင့် တောက်လျှောက်မောင်းလာနိုင်ခဲ့သည်။

တစ်စထက် တစ်စ မယ်ဒက်ဘုရားသို့ နီးကပ်လာသည်။

မိမိ၏ လင့်ရိုဗာကား ရှေ့မီးကြီးနှစ်လုံး၏ အထိန်အလင်းနှင့်ပင် စောမြင့်ဆွေ ပြောသော လက်ဝဲဘက်ရှိ ဇရပ်ကို ထွန်းထွန်း တွေ့ရသည်။

ကားခေါင်း ဝင်ရသလောက် ဇရပ်၏ရှေ့သို့ မောင်းလာပြီး ကားကို စက်သတ်လိုက်သည်။

ကားဟွန်းသံ သုံးချက်ပေးလိုက်သည်။

ကား၏ မီးအကြီးနှစ်လုံးကိုပိတ်ခါ ဆိုင်းလင့်မီးအသေးနှစ်လုံးကိုသာ ဖွင့်ထားပေးသည်။

ဇရပ်ထဲမှာတော့ စောမြင့်ဆွေကိုလည်းကောင်း၊ သူ့အဖွဲ့သား တစ်ဦးတလေကိုလည်းကောင်း မတွေ့ရပေ။




စေတနာစာပေ

ဇရပ်၏ဝန်းကျင် အင်ပင်ပေါက် တောထဲတွင် သူတို့ နိုအောင်းနေကြပေလိမ့်မည်။

ထွန်းထွန်း သူ့ဘက်မှ ကားတံခါးဖွင့်ပြီး အောက်သို့ဆင်းသည်။ သူ၏ ခန္ဓာကိုယ်ကို ကားတံခါးက ရှေ့မှဒိုင်းသဖွယ် ကာထားပြီး ရပ်နေလိုက်သည်။

သုံးမိနစ်ခန့် အားလုံး ငြိမ်သက်နေသည်။ ပြီးမှ ဇရပ်၏ ခေါင်းရင်းဘက်ဆီမှ လှုပ်လှုပ်ရှားရှားသဏ္ဍာန်တို့ကို တွေ့ရသည်။

ကောင်းကင်တွင် လ,မသာသော်လည်း လင်းလက်တောက်ပနေသော ကြယ်များ၏ အရောင်ဖြင့် ဝိုးတဝါး မြင်တွေ့နိုင်စွမ်း ရှိပါ၏။

သုံးမိနစ်ကျော်ကျော် မှောင်ထဲတွင် ရပ်နေသော ထွန်းထွန်း၏ မျက်လုံးတို့သည် အမှောင်ကို ကျင့်သားရသွားပေပြီ။

ဇရပ်ခေါင်းရင်းမှ လှုပ်ရှားနေသော သဏ္ဍာန်သည် ရှေ့သို့ တိုးလာပြီး မော်တော်ကား၏ ဆိုင်းလင့်မီး အလင်းရောင်အရောက် အစွန်းတွင် ထိုသဏ္ဍာန်ရပ်သွားသည်။ ကားမီးမှိန်မှိန်လေး ဖြစ်သော်လည်း ထိုမှိန်မှိန် အလင်းသို့ပင် ထိုသဏ္ဍာန်က တိုးမလာပေ။

ထွန်းထွန်းက သေချာဂရုစိုက် ကြည့်နေပါ၏။

"ကိုထွန်းထွန်းလား"

"ဟုတ်တယ် ... ကျုပ် ထွန်းထွန်း"





တစ်ဖက်မှ ထိုလူ၏အသံသည် ခင်မောင်ဦး၏ အသံမှန်း ထွန်းထွန်း ကျက်မိသည်။

"တစ်ယောက်တည်းနော်"

"သက်ရှိသတ္တဝါဆိုလို့ ကားပေါ်မှာ ပိုးဟပ်တစ်ကောင်တောင် ကျုပ်နဲ့အတူ ပါမလာဘူး"

"ဒါဖြင့် ခင်ဗျား ကျုပ်ဆီကို လျှောက်လာပြီး ပစ္စည်းကို ပေးပါ"

"မရဘူး၊ ကျုပ်က တစ်ယောက်တည်းသမား၊ ဘာလက်နက်မှလဲ မပါဘူး။ ခင်ဗျားနောက်မှာ ခင်ဗျားလူတွေ တစ်အုပ်တစ်သင်းကြီး ရှိနေမှန်း ကျုပ်သိတယ်။ ပြီးတော့ ခင်ဗျားတို့မှာ လက်နက်ကိုယ်စီနဲ့။ ဒီလို ဖလှယ်ဖို့ ကိစ္စမှာ ရှေ့ပဋ္ဌာမြား၊ ရှေ့နဂါးပဲလို့ ကိုမြင့်ဆွေနဲ့ ကျုပ် ပြောထားပြီးသား"

"ကောင်းပြီ ... ခင်ဗျား ဖလင်နှစ်ခုလုံး အဆင်သင့် ထုတ်ထား"

တစ်ဖက်မှ သဏ္ဍာန်သည် ကားဆိုင်းလင့်မီး အလင်းရောင်တဲသို့ တဖြည်းဖြည်းချင်း ဝင်ရောက်လာသည်။

ခင်မောင်ဦးနှင့် နွေးနွေးပါပေ။

ခင်မောင်ဦးသည် နွေးနွေး၏ လက်မောင်းတစ်ဖက်ကို ဆုပ်ကိုင်ထားပြီး ကျန်တစ်ဖက်က ပစ္စတိုသေနတ်ကိုင်ကာ ထွန်းထွန်းအား ချိန်ထားရင်း တရွေ့ရွေ့ ရှေ့သို့ တိုးလာသည်။

ထွန်းထွန်းနှင့် ဆယ်ပေခန့် အကွာတွင် ထွန်းထွန်းကပင် ခင်မောင်ဦးကို လှမ်းပြောလိုက်သည်။

"အဲဒီမှာ ခဏရပ်ပါ ကိုခင်မောင်ဦး။ ခင်ဗျား သေနတ်ကို မြေကြီးပေါ်မှာ ချထားခဲ့ပါ။ ပြီးမှ နွေးနဲ့အတူ ကျုပ်ဆီ လျှောက်ခဲ့ပါ"

"ဘယ်ဖြစ်မလဲ"

"ကျုပ် ခင်ဗျားတို့ကို မယုံဘူး ကိုခင်မောင်ဦး။ ခင်ဗျားတို့ဟာ လူသတ်ဖို့ ဝန်မလေးကြမှန်း ဦးလေး ဦးမြတ်ကောင်းကို သွေးအေးအေးနဲ့ သတ်ခဲ့တာက ထင်ရှားနေပြီ။ ခင်ဗျားလက်ထဲ ကျုပ်ဆီက ဖလင်လိပ်ရပြီးမှ ကျုပ်နဲ့နွေးကို ခင်ဗျား ပစ်သတ်ရင် ဘယ့်နှယ့်လုပ်မလဲ။ ကျုပ်လက်ထဲမှာ ခုခံဖို့ အပ်တစ်ချောင်းတောင် ရှိတာမဟုတ်ဘူး၊ နွေးကို ပြန်လိုချင်လွန်းလို့သာ တစ်ယောက်တည်း စွန့်ပြီးလာခဲ့တာ"

ခင်မောင်ဦး တွေဝေသွားပေသည်။

ထွန်းထွန်း၏ ပြောစကားကိုလည်း လက်ခံယုံကြည်ပုံရသည်။ ပသီချောင်းမှာတုန်းက ထွန်းထွန်း၏ တစ်ကိုယ်လုံးကို ရှာဖွေရာတွင် ဘာလက်နက်မှ မရှိကြောင်း သူတို့ လက်တွေ့ဖြစ်သည်။

"ကောင်းပြီလေ ... ခင်ဗျား ယီးတီးယားတား လုပ်လည်း ကျုပ်တို့လူ အားလုံးက ခင်ဗျားကို သေနတ်ကိုယ်စီနဲ့ချိန်ထားပြီးသားပဲ။ ကဲ ... ဒီမှာကြည့် ..."





ခင်မောင်ဦးသည် သူ့လက်ထဲမှ ပစ္စတိုကို မြေပေါ်သို့ ကုန်းပြီးချထားပြသည်။ ပြီး ... နွေးနွေးနှင့် အတူ ထွန်းထွန်းရှေ့သို့ အရောက်လျှောက်လာသည်။

"နွေး"

"အစ်ကို"

"နွေး ... ဘာမှမဖြစ်ဘူးနော်၊ သူတို့က နွေးကို နာနာကျင်ကျင် နှိပ်စက်ကြသေးလား ... ဟင်"

"အခန်းထဲမှာ ပိတ်လှောင်ထားတာကလွဲပြီး ဘာမှ နွေးကို မနှိပ်စက်ကြပါဘူး အစ်ကို"

ခင်မောင်ဦးက စိတ်မရှည်သော အသံဖြင့် ပြောလိုက်သည်။

"ကဲ ... အလွမ်းသယ်ကြရင်လည်း ကိုယ့်အိမ်ပြန်ရောက်မှ အလွမ်းသယ်ကြ။ အခု ကျုပ်ကို ဖလင်တွေ ပေးတော့။ ကျုပ် ဖလင်တွေကို စစ်ဆေးကြည့်ရဦးမှာ"

"ရပါတယ် ... အဆင်သင့်ပါပဲ၊ ရော့"

ထွန်းထွန်းသည် ဖလင်နှစ်လိပ်ကို ဂျာကင်အိတ်မှ ထုတ်ယူပြီး ခင်မောင်ဦးကိုပေးရင်း နွေးနွေးကို သူ့ဘက်သို့ ဆွဲခေါ်ယူလိုက်သည်။

နွေးနွေးသည် ထွန်းထွန်း၏ ရင်ခွင်ထဲသို့ အတင်းတိုးဝင်လာပေသည်။

ခင်မောင်ဦးက နွေးနွေးကို လွှတ်ပေးလိုက်ခြင်းဖြစ်ပါ၏။ မလွှတ်၍လည်း မရ။ ခင်မောင်ဦး အဖို့ ဖလင်လိပ်ကို ဖြန့်ဆွဲပြီး ကားဆိုင်းလင့်မီးရောင်တွင် ထောင်ကြည့် စစ်ဆေးရပေတော့သည်။

"နွေးနွေး ကားပေါ်တက်တော့"

ဖွင့်ထားပြီးသော ကားတံခါးမှ နွေးနွေးကို တွန်းတွန်းတိုးတိုးပင် ထွန်းထွန်းက အတင်းတင်သည်။

ခင်မောင်ဦးသည် ဖလင်ကို စစ်ဆေးပြီး ကျေနပ်သွားပုံရသည်။ သူ့အင်္ကျီအိတ်ထဲသို့ ထည့်လိုက်သည်။

"ကျုပ် သွားမယ်၊ ခင်ဗျား ကားမီးကြီးကို လုံးဝ မဖွင့်ပါနဲ့။ ကျုပ် ဇရပ်ဘေးက တောတန်းထဲ ရောက်သွားမှ ခင်ဗျားတို့ ပြန်။ အဲဒီလို မလုပ်ဘဲ ဗွေဖောက်ရင်တော့ ချုံခိုနေတဲ့ ကျုပ်တို့အဖွဲ့က ခင်ဗျားတို့နှစ်ယောက်အပေါ် ကျည်ဆန်မိုးရွာချပေးလိမ့်မယ် ... ဒါပဲ"

ခင်မောင်ဦးသည် လာလမ်းအတိုင်း ပြန်လျှောက်သွားသည်။ ဆယ်ပေခန့် အကွာတွင် သူချထားခဲ့သော ပစ္စတိုကို ပြန်လည်ကုန်းကောက်စဉ်မှာပင် ထွန်းထွန်းသည် အမြန်ဆုံးနှင့် အသွက်ဆုံး လှုပ်ရှားမှုကို ပြုလိုက်ပေတော့သည်။

ထွန်းထွန်း ကတော့ ဒေါ်ခင်မာနှင့် ညှိနှိုင်းတိုင်ပင်ထားသည့်အတိုင်း တစ်သဝေမတိမ်းပင် လှုပ်ရှားလုပ်ဆောင်လိုက်သည်။





"နွေးနွေး ... ခါးကိုင်းပြီး ခေါင်းငုံ့နေ၊ လုံးဝမထောင်နဲ့"

ဟု ပြောရင်း သူ၏ ဂျာကင်အိတ်ထဲမှ ဒေါ်ခင်မာ ပေးထားခဲ့သော သေနတ်ကို ထုတ်ယူပြီး ခင်မောင်ဦးအား လက်ဆန့်တန်း တည့်မတ်စွာချိန်ကာ ပစ်ချလိုက်တော့သည်။

"ဒိုင်း"ခနဲ သေနတ်သံနှင့်အတူ ခင်မောင်ဦး ဟတ်ထိုးမြေပေါ်သို့ လဲကျသွားတော့သည်။

ခင်မောင်ဦး လဲကျသည်နှင့် ထွန်းထွန်းသည် မြေပြင်တွင် လိမ့်ကာ တွားကာ လဲကျသွားသော ခင်မောင်ဦးထံသို့ လှစ်ခနဲ အရောက်သွားပြီး ခင်မောင်ဦးအား ဖက်တွယ်ထားလိုက်သည်။

ဒိုင်း ... ဒိုင်း ... ဒိုင်း နှင့် သေနတ်သံတို့သည် ဘယ်ကပေါ်လာသည် မသိ။ မယ်ဒက်ဘုရားတစ်ဝိုက်လုံး ပေါက်ပေါက်ဖောက်သလို တရစပ် ထွက်ပေါ်လာတော့သည်။

ထွန်းထွန်းသည် ဗလကောင်း ခွန်အားကောင်းသူမို့ အသက်ရှူနေသေးသော ခင်မောင်ဦးအား ကျကျနန ချုပ်ကိုင်ကာ ခင်မောင်ဦး အိတ်ထဲမှ ဖလင်နှစ်လိပ် ပြန်လည်နှိုက်ယူနိုင်ပေသည်။

ဖလင်လိပ်နှစ်ခု ပြန်ရသည်နှင့် ထွန်းထွန်းသည် မြွေတစ်ကောင်လို မြေပြင်တွင် ဟိုတွန့် ဒီလိမ်ဖြင့် လင့်ရိဗာကားဆီသို့ အရောက်တွားပြီး လာခဲ့သည်။

"နွေးနွေး ... နွေး ဘာဖြစ်သွားသေးလဲဟင်"

"ဘာမှ မဖြစ်ဘူး အစ်ကို၊ ကားကိုတော့ ကျည်ဆန်တွေ တဒေါက်ဒေါက်နဲ့ လာပြီး မှန်နေကြတယ်"

ယင်းအချိန်မှာပင်။

ဝန်းကျင်တစ်ခုလုံး ထိန်ထိန်လင်းလာသည်။ မီးအလင်းရောင်ကြားမှာပင် ဂျီသရီးသေနတ်သံ၊ စက်ကလေးအသေးစားဆွဲသော အသံတွေ ဆက်တိုက် ထွက်ပေါ်လာပေတော့သည်။

ထွန်းထွန်းနှင့် နွေးရှိရာ လင့်ရိုဗာဆီကိုတော့ ဘာကျည်ဆန်မှ လာမထိတော့ပေ။

ဒေါ်ခင်မာသည် အစီအစဉ်ကို ကျကျနန စနစ်တကျ ဆွဲနိုင်ခဲ့ဟန်တူသည်။

ဒေါ်ခင်မာနှင့် အတူပါလာသော လက်နက်ကိုင်အဖွဲ့သည် မီးကျည်ဖောက်ပြီး မီးကျည်အလင်းရောင်ဖြင့် ရန်သူကို ဂျီသရီး၊ စက်သေနတ်တို့ဖြင့် ပစ်ခတ်ကာ စောမြင့်ဆွေ အဖွဲ့အား တောနင်းတိုက်ခိုက်နေပေပြီ။

ထွန်းထွန်းသည် လင့်ရိုဗာကို စက်နှိုးပြီး ကားကို နောက်ဆုတ်ကာ ခေါင်းပြန်ကွေ့ပြီး ထိုနေရာမှ မောင်းထွက်လာခဲ့သည်။

ဘာလိုသေးသနည်း။

နွေးနွေးလည်း ပါလာပြီး ဖလင်နှစ်လိပ်လည်း ပြန်ရခဲ့ပြီ။

"အစ်ကို ... နွေး ကူရှင်မှာ ပြန်ထိုင်ရတော့မလားဟင်"





"သြော် ... ဟုတ်သားပဲ။ စိတ်စောပြီး ပြန်ထိုင်ဖို့ ပြောဖို့တောင် သတိမရ ဖြစ်သွားတယ်၊ ပြန်ထိုင်တော့ နွေး။ အစ်ကိုတို့ နောက်ကို စောမြင့်ဆွေတို့ အဖွဲ့က ကျည်ဆန်ရောက်လာဖို့ဝေးလို့ သူတို့နောက်ကို တရကြမ်း လိုက်ပစ်နေတဲ့ ဒေါ်ခင်မာနဲ့ အဖွဲ့ကိုတောင် လွတ်အောင်ရှောင်နိုင်မှာ မဟုတ်တော့ဘူး"

နွေးနွေး ကူရှင်တွင် ပြန်ထိုင်သည်။ ပြီး ... ရှေ့မှန်ကို ကြည့်လိုက်သည်။

"အယ် ... ကြည့်စမ်း၊ ဆန်ကာပေါက်ကျနေတာပဲ"

မှန်၏။

ခင်မောင်ဦးကို ထွန်းထွန်းက သေနတ်နှင့် ပစ်လိုက်သည်နှင့် စောမြင့်ဆွေ အဖွဲ့က ဇရပ်ကို ခေါင်းထိုးထားသော လင့်ရိုဗာကို ပစ်ခတ်ကြရာ လင့်ရိုဗာ၏ ရှေ့မှန်ကို ကျည်ဆန်များ လာထိခဲ့ခြင်း ဖြစ်သည်။

လင့်ရိုဗာ၏ ကားရှေ့မှန်မှာ ကော်ကပ်သုံးထပ်မှန် ဖြစ်နေသောကြောင့် ဖြန်းခနဲ ကွဲသွားခြင်း မရှိဘဲ၊ ကျည်ဆန်ထိရာတွင် အပေါက်လေးများ ရှိသွားခြင်း ဖြစ်ပေတော့သည်။

"တော်သေးတာပေါ့ ... နွေးနွေးက ခေါင်းမဖော်ဘဲ ဝပ်နေလို့။ နို့မို့ရင် အစ်ကို မကြီးမငယ်နဲ့ အူလှိုက်အသည်းလှိုက် ငိုရမှာ"

"ဘာ ... ငိုရဦးမှာလဲ။ ဒီမှာဖြင့် အသက် ဘယ်ကထွက်မလဲဆိုပြီး ကြောက်လိုက်တာ"

ထုံးစံအတိုင်း နွေးနွေးက လက်သီးဆုပ်လေးများဖြင့် ထွန်းထွန်းကို ထုပြန်သည်။

ထွန်းထွန်း သူ၏ လက်တံရှည်ကြီး တစ်ဖက်ဖြင့် နွေးကို ဖက်ထားလိုက်ပါ၏။

ဒီလိုဆိုတော့လည်း နွေးနွေးသည် သူမ၏ ထုနက်နေသော လက်သီးဆုပ်လေးများ အလိုလို ရပ်သွားပေသည်။ ထွန်းထွန်း ပခုံးပေါ်တွင် သူမ၏ ဦးခေါင်းကိုပင် မှေးတင်ထားလိုက်တော့သည်။

"အစ်ကိုရယ် ... နွေးရဲ့အသက်ဟာ အစ်ကို့ရဲ့အသက်ပါ။ အစ်ကိုသာ လာမကယ်ရင် နွေး သေမှာ"

"အမယ်လေး ... အစ်ကို့ရဲ့ အသက်ကလည်း နွေးရဲ့အသက်ပါပဲ နွေး။ တကယ်လို့ ဉုံဖွ လွဲစေ ဖယ်စေ မပြောကောင်း မဆိုကောင်း နွေးသာ တစ်ခုခုဖြစ်သွားရင် အစ်ကိုလည်း အလိုလို မသာပေါ်သွားမှာ၊ ဘာလို့လဲဆိုရင် နွေး မရှိရင် အစ်ကို မနေနိုင်တော့ဘူးလေ"

"ကြည့် ... ပိုပြီ"

"ကြည့်တော့ ကြည့်မယ် နွေး၊ ဒါပေမဲ့ အစ်ကိုက မပိုပါဘူးနော်"

"ကြည့်ပါလား ... ဘာတွေ ပြောနေမှန်းလဲ မသိဘူး"





ထွန်းထွန်းသည် နွေးကို ပိုမို၍ တင်းတင်းကျပ်ကျပ်လေး ဖက်ထိုပြန်သည်။ ရင်ထဲတွင် ကြည်နူးမှု ဖြစ်ရလွန်းသည်။

ထွန်းထွန်း အဖို့ နောက်ဆုံးတွင် မြွေပါလည်းမဆုံး ကျားလည်းမဆုံး၊ သုဝဏ္ဏသာမ ဇာတ်တော်မှ သားရွှေအိုးထမ်းလာသည်ကို မြင်ရကိန်းမျိုး ဆိုက်သွားပါလေ၏။

မယ်ဒက်လမ်း ဆုံးသောအခါ ရန်ကုန်-မန္တလေး ကတ္တရာလမ်းကြီးပေါ်သို့ ရောက်ရှိလာကြသည်။

ထွန်းထွန်းသည် မိနစ်ပိုင်းအတွင်း ရေတာရှည်မြို့သို့ရောက်ပေမည်။ ရေတာရှည်မှ တောင်ငူသို့ (၁၇)မိုင်သာရှိသည်။

နာရီဝက်အတွင်းမှာပင် တောင်ငူ အုတ်ကျွတ်တန်း [illegible] ဆင်ဝင်အောက်တွင် လင့်ရိဗာကားကို ထိုးရပ်လိုက်တော့သည်။

လင့်ရိဗာနှင့်အတူ နွေးနွေး အကောင်းပကတိ ခလုတ်မထိ ဆူးမငြိ ပါရှိလာသည်ကို တွေ့ရသည်နှင့် အိမ်သားတစ်စု [illegible] ပွက်လောရိုက်အောင် ဝမ်းသာသွားကြပေတော့သည်။

ဦးလေးအောင်ကလည်း သူ၏မြေးချစ်လေး သူမ၏ အသည်းမလေး ပြန်ရောက်လာသဖြင့် ဝမ်းသာမဆုံး တပြုံးပြုံး။

ဒေါ်ဒေါ်စိမ်းကလည်း (၃၂)ချောင်းသော သွားတွေပေါ်အောင် ရယ်မောနေသည်။

ဌေးဌေး၏ မျက်နှာမှာလည်း ဝင်းဝင်းပပလေး ဖြစ်နေသည်။

ထိုညက ထွန်းထွန်း၏ အသက်ကို ပဓာနမထား ခွန့်စားခဲ့ပုံများကို နွေးနွေး ဂုဏ်ယူဝင့်ကြွားသော အသံလေးဖြင့် ပြန်၍ ဖောက်သည်ချနေသည်မှာ သူမ၏ အစ်ကိုထွန်း ဒဏ္ဍာရီ ပုံပြင်များတွင် အစွမ်းထက် တန်ခိုးကြီးလှသော နေနတ်သားထက် လည်း စွမ်းအားပိုသည်။ မိုးနတ်သား၊ လေနတ်သားတို့ထက်လည်း စွမ်းပကား ပိုသည်။ ကမ္ဘာလောကကြီး တစ်ခုလုံးဝယ် အစ်ကိုထွန်း ထက် မည်သူတစ်ဦးမျှ ပို၍ သစ္စာမရှိနိုင်၊ သမာဓိမရှိနိုင်၊ သတ္တိ မရှိနိုင်ဟု သက်ရောက်စေပေသည်။

နွေးနွေးလေး ပြောသမျှ ဦးလေးအောင်က တဟဲဟဲ နားထောင်သည်။ ဒေါ်ဒေါ်စိမ်းကလည်း ခေါင်းတညိတ်ညိတ် နားထောင်သည်။ ဒွေးဒွေးကလည်း မျက်လုံးအိမ်ဝယ် မိုးရေ နှင်းရေနှယ် ကြည်လင်သော အရေလေးများ ဝေ့တက်လာသည် အထိ ကျေနပ်ဝမ်းမြောက်စွာ နားထောင်သည်။

ချစ်ချင်းမေတ္တာ ဆိုသည်မှာ ချစ်သူကို ကြဲဖန်ပြီး အထင်ကြီးခြင်းပေလား မပြောတတ်။

ထွန်းထွန်း သန်းခေါင်ကို အတော်ကြီးကျော်မှ နွေးတို့အိမ်မှ ပြန်ခဲ့ရပေသည်။





# ၄၂

ထုံးစံအတိုင်းရော ညက တော်တော်ကြီး ညဥ့်နက် မှ အိပ်ရာဝင်ခဲ့ရသည်ကြောင့်ရော နံနက်(၇)နာရီထိုးပြီးသည်အထိ ထွန်းထွန်း အိပ်ရာမှ မထသေး။

ဦးသာဝသည် နံနက်(၆)နာရီကတည်းက ဈေးသွား ရန် လင့်ရိဗာကား ရပ်ထားရာသို့ ဆင်းလာပြီး ကားကိုကြည့်လိုက် ရာ ...

"ဟေး ... ကားတစ်စီးလုံးလည်း အပေါက်တွေချည်းပါလား"

ဦးသာဝသည် ကားတစ်စီးလုံးတွင် ရှေ့မှန်တွင် ပင့်ကူအိမ်သဖွယ် ဖွယ်နေရုံမက အပေါက်တွေ ပေါက်နေသည်ကို လည်းကောင်း ...

ကားရွှံ့ကာမှာရော၊ တံခါးမှာရော၊ ဘော်ဒီမှာရော အပေါက်တွေ ရှိနေသည်ကိုလည်းကောင်း၊ ကြည့်ကာ အပေါက် တွေကို တစ်ပေါက်၊ နှစ်ပေါက်၊ သုံးပေါက် စသည်ဖြင့် ရေတွက်

ကြည့်ရင်း လင့်ရိဗာကို ပတ်ချာလှည့်ကြည့် ရေတွက်နေစဉ်မှာပင် ခြံထဲသို့ ကားနှစ်စီး ဝင်လာသည်ကို လှမ်းကြည့်လိုက်သည်။

တစ်စီးမှာ အုတ်ကျွတ်တန်းမှ အငြိမ်းစားခရိုင်ရဲဝန်ဟောင်း ဦးကြဲတိုင်းအောင်က မောင်းပြီး ဇနီးဖြစ်သူ ဒေါ်စိမ်းစိမ်းက ဘေးမှာ ထိုင်လျက် တွဲလျက် တွေ့ရသည်။

ကား၏ နောက်ကူရှင်တွင် နွေးနွေး တစ်ယောက်ဘည်း လိုက်ပါလာသည်ကိုလည်း မြင်ရသည်။

ဦးကြဲတိုင်းအောင်၏ ဆန်နီကားနောက်မှ ဟိုင်းလတ်ပစ်ကပ်ကားတစ်စီး လိုက်ပါလာသည်ကိုလည်း ဦးသာဝ လှမ်းကြည့်ပြန်သည်။

ကားရှေ့ခန်းတွင် ရဲယူနီဖောင်းဝတ်ထားသူ တစ်ဦးက မောင်းပြီး ဘေးတွင် အသားညိုညိုနှင့် ချောမောလှပသော အမျိုးသမီးလေး ပါရှိလာသည်ကို ကြည့်ပြီး ...

"ဟ ... ဒါ ... ဟိုနေ့က မောင်ထွန်းထွန်းဆီကို လာတဲ့ ညိုချော မိန်းကလေးပါလား"

ဟု စိတ်ထဲက ရေရွတ်လိုက်သည်။

ထိုကား၏ နောက်ဝယ် ရဲယူနီဖောင်းဝတ် သေနတ်ကိုင် ပုဂ္ဂိုလ်တွေလည်း လိုက်ပါလာသည်ကို တွေ့ရပြန်သဖြင့် ဈေးသွားမည့် ဦးသာဝမှ ဈေးမသွားဖြစ်သေးဘဲ "သူတို့တစ်တွေ ဘာလို့ မောင်ထွန်းထွန်းဆီ လာပါလိမ့်"ဟုတွေးကာ ငေးကြည့်နေမိသည်။





ကားနှစ်စီးစလုံး အိမ်ရှေ့ ဆင်ဝင်အောက်တွင် ရပ်ကြပြီး ဦးလေးအောင်၊ ဒေါ်ဒေါ်စိမ်းနှင့် နွေးနွေးတို့ ကားပေါ်မှ ဆင်းကြသည်။

လက်နက်ကိုင် ယူနီဖောင်းဝတ်တွေကတော့ တစ်ယောက်မှ မဆင်းကြဘဲ ကားပေါ်မှာပင် ထိုင်မြဲထိုင်နေသည်။

ဒေါ်ခင်မာလည်း ကားပေါ်မှ ဆင်းလိုက်ပါ၏။

ဦးသာဝသည် ဧည့်သည်များ ရောက်လာသည့်အတွက် ဈေးမသွားသေးဘဲ အိမ်ဘက်ဆီသို့ ပြန်လျှောက်လာသည်။

"ဟော ... ကိုသာဝ၊ မောင်ထွန်းထွန်း အိမ်မှာရှိရဲ့လား"

"ရှိပါတယ် ခင်ဗျ။ အိပ်နေတုန်းပါ"

"ဒါဆိုလည်း နှိုးလိုက်စမ်းပါ ကိုသာဝ"

အားလုံးသည် အိမ်ထဲဝင် ဧည့်ခန်းကုလားထိုင်များတွင် အသီးသီး ထိုင်ကြပေသည်။

ဦးသာဝက ထွန်းထွန်း အိပ်ခန်းထဲသို့ ဝင်သွားသည်။ ဧည့်ခန်းနှင့် အိပ်ခန်းမှာ နီးကပ်သဖြင့် ဦးသာဝ ဝင်ရောက်သွားပြီး ထွန်းထွန်းကို အိပ်ရာမှ နှိုးသံ။ ထွန်းထွန်းနှင့် ဦးသာဝ ပြောဆိုသံများကို ကြားနေရပါ၏။

"မောင်ထွန်းထွန်း ... မောင်ထွန်းထွန်း"

"အင်း ... ဘာလဲဗျ ဦးသာဝ"

ထွန်းထွန်း၏ အိပ်ချင်မူးတူးနှင့် ပြန်ပြောသံ ထွက်လာသည်။

"ထတော့ကွ။ ညှိသည်တွေ မောင်ထွန်းထွန်းကို စောင့်နေတယ်"

"ဘာဝှတွေလဲ"

ထွန်းထွန်းသည် ဦးသာဝ နှိုးသည်ကို မထသေးဘဲ အိပ်ချင်မူးတူး အသံကြီးနှင့် ပြန်မေးသံကို ဧည့်ခန်းမှ ကြားရပါ၏။

"ဦးကြဲတိုင်းအောင်လေကွာ"

"သူ့ဟာသူ နေပလေ့စေဗျာ"

အပြင်မှ ကြားရသောကြောင့် ဦးကြဲတိုင်းအောင်မှာ ကုလားထိုင်တွင် ထိုင်လျက်ကပင် ကျောကို ဆတ်ခနဲ တွန့်လိုက်မိသည်။

"ဒေါ်စိမ်းစိမ်းလည်း ပါလာတယ်ကွ"

"ပါပါဗျာ"

"ဟ ... ထဦးမှပေါ့ကွ၊ ဟို ... ညိုညိုချောချော အရာရှိမလေးလည်း ပါလာတယ်"

"အရာရှိရှိ ဘာရှိရှိ ကျွန်တော် အိပ်ချင်သေးတယ်ဗျာ"

"ဪ ... ခက်တော့နေပြီပဲ၊ ဧည့်ခန်းမှာ မောင်ထွန်းထွန်းကို စောင့်နေရတဲ့လူတွေ အားနာစရာ ကောင်းနေပြီ။ ပြီးတော့ ... ဟိုသူငယ်မချောချော နွေးနွေး ဆိုတာလည်း ပါလာတယ်ကွ"

"ဗျာ ... နွေး ... ဟုတ်လား။ နွေး ပါလာသလား။ စောစောက ပြောရောပေါ့ ဦးသာဝရာ၊ အလကား ဗာရာဏသီ





ချဲ့နေတယ်၊ နွေး လာတယ်ဆို ကျွန်တော် ငေါက်ခနဲထမှာပေါ့"

"အဲဗျာ ... လူနာရဲ့ ဓာတ်စာက နွေးနွေးပေကိုး။ ဟဲ ... ဟဲ ...။ တစ်ချိတည်း ဆေးတောင်ဖူးနဲ့ တို့လိုက်သလို ငေါက်ခနဲ ပါလား။ ဟား ... ဟား ..."

အထဲမှ ဦးသာဝ၏ ရယ်သံနှင့်အတူ ဧည့်ခန်းထဲမှာ ဦးလေးအောင်ကလည်း တဟဲဟဲဖြင့် ဦးသာဝနှင့်အတူ လိုက်ရယ်ပေသည်။

ဒါကို ဒေါ်ဒေါ်စိမ်းက မျက်စောင်းထိုးကာ ဦးလေးအောင်၏ ပေါင်ကို ဆွဲဆိတ်ရင်း ...

"အဘိုးကြီးနော် ... ကိုယ့်မြေးလေးရှေ့မှာ တော်တော်ဝါသနာကြီးတယ်"

"အာကွာ ... ဝါသနာကြီးတာ မဟုတ်ပါဘူး၊ ကိုသာဝ ပြောပုံကိုက ရယ်စရာကောင်းနေလို့ ငါ ရယ်တာပါ"

နွေးနွေးသည် အဘိုးနှင့် အဘွားကို ကြည့်ရင်း ကြည်နူးကျေနပ်စွာ ပြုံးပါလေ၏။ သူမ၏ အစ်ကိုထွန်း ပြောသမျှကို ကြားသောကြောင့်လည်း ဖြစ်ပါ၏။

သို့သော် အဘိုးအဘွားရှေ့တွင် လက်ကိုင်ပဝါ ပါးစပ်ပိတ်ပြီး ခေါင်းငုံ့ထားပါ၏။

ဒေါ်ခင်မာကတော့ သိသိသာသာပင် ဦးသာဝနှင့် ကိုထွန်းထွန်း အပြောတို့ကို ရယ်မိပေသည်။

မရှေးမနှောင်းမှာပင် ထွန်းထွန်းသည် အခန်းထဲမှ ထွက်လာပါ၏။ ညကဝတ်ထားသော ဂျာကင်၊ ညကဝတ်ထားသော အင်္ကျီပုဆိုးတို့နှင့်ပင် ဖြစ်သည်။

ဆံကေသာ တစ်အုံလုံးမှာ ဖရိုဖရဲနှင့် လှိုင်းထနေသည်။

"ဟဲ ... ဟဲ ... ကျွန်တော် အိပ်ပုပ်ကြီးသွားတယ်။ ညက ပင်ပန်းပြီး အိပ်ရာဝင် နောက်ကျသွားလို့ပါ ဦးလေးအောင်"

"ရပါတယ်ဗျာ ... ရပါတယ်၊ မောင်ရင့်ဟာ မောင်ရင် အိပ်ပုပ်ပဲ ကြီးကြီး၊ ဘာကြီးပဲ ကြီးကြီးပါ"

စောစောတည်းက ကျောတွန့်သွားသော ဦးလေးအောင်၏ အပြောကို ဝါးခနဲ ဝိုင်းရယ်ကြပြန်သည်။

နွေးနွေးလည်း အများနှင့်အတူ ပါးစပ်ကို လက်ကိုင်ပဝါ မပိတ်တော့ဘဲ သွားဖြူတန်းလေး ပေါ်အောင်ပင် ရယ်တော့သည်။

အထူးသဖြင့် နွေးနွေး ရယ်မိသည်မှာ သူမအစ်ကို ထွန်းသည် အမြဲတမ်း အိပ်ပုပ်ကြီးရုံမက အစားကလည်း ပုပ်သည်။

သို့တစေ သူ၏ အိပ်ပုပ်ကြီးခြင်းနှင့် အစားပုပ်ကြီးခြင်းကို အရှက်ပြေ အကာအကွယ် ဆင်ခြေစကားများ အမြဲပေးတတ်သည် မဟုတ်ပါလား။





မီးရထားပေါ်တွင် စတင်တွေ့ကတည်းက သူ၏ အိပ်ပုပ်ကြီးခြင်းနှင့် အစားပုပ်ကြီးခြင်းကို အကာအကွယ် ဆင်ခြေပေး လျှောက်လဲတတ်လွန်းသော အစ်ကိုထွန်းပါပေ။

"ကဲ ... ခင်မာကတော့ တာဝန်ရှိ ဝန်ထမ်းပီပီပဲ ကိုထွန်းထွန်းရေ့။ လုပ်စရာရှိတဲ့ ရေချိုးသန့်စင်တာတို့ အဝတ်လဲတာတို့ကို ကိုထွန်းထွန်း နောက်ပြီးမှ ဆက်လုပ်တော့။ အခုတော့ တွေ့တွေ့ချင်းပဲ သက်ဆိုင်တဲ့ လုပ်ငန်းစကားကိုပဲ တိုတိုနဲ့ လိုရင်း ပြောမယ်"

"ဟုတ်ကဲ့ ... ပြောပါ မခင်မာ"

"ကိုထွန်းထွန်းရဲ့ သတင်းပို့ ညှိနှိုင်းတိုင်ပင်ချက် အရပဲ ခင်မာနဲ့ လက်နက်ကိုင်အဖွဲ့ဟာ တောတန်းထဲမှာ ဝိုင်းထားတယ်။ ကုန်းကြီးတောတန်းဘက်နဲ့ ရေတာရှည်ဘက်က တောလမ်းအတိုင်း ခြေကျင်ဖြန့်တက်လာခဲ့ကြတာပဲ ...

"ကိုထွန်းထွန်းနဲ့ အချိန်းအချက် ပြုထားတဲ့အတိုင်း ကိုထွန်းထွန်းက ရန်သူကို သေနတ်နဲ့ ပစ်လိုက်တာနဲ့ ခင်မာတို့အဖွဲ့က မီးကျည်ဖောက်ပြီး အပြင်း ဝင်တိုက်တာပဲ။ စောမြင့်ဆွေကို အသေမိတယ်။ ခင်မောင်ဦးကိုတော့ ကိုထွန်းထွန်း သေနတ်နဲ့ ပစ်ထားလို့ ပေါင်မှာ ထိထားပြီး မပြေးနိုင်တာနဲ့ အရှင်ဖမ်းမိတယ်။ နောက်လိုက်လေးယောက်ကို အသေမိတယ်၊ တခြား လွတ်ပြေးသွားတဲ့ နောက်လိုက် နှစ်ယောက်ကို တောနင်းပြီး လိုက်ရှာနေတုန်းပဲ ...

"စောမြင့်ဆွေနဲ့ ခင်မောင်ဦးဟာ တောတွင်းသောင်းကျန်းလက်နက်ကိုင်အဖွဲ့က ခေါင်းဆောင်နှစ်ယောက်ပဲ။ ဘယ်အဖွဲ့ကလည်း ဆိုတာတော့ ခင်မာ ပြောပိုင်ခွင့် မရှိဘူး။ ကဲ ... အဲဒါ ... ခင်မာရဲ့ တာဝန်ပိုင်းပဲ။ အခု ကိုထွန်းထွန်းရဲ့ တာဝန်ပိုင်း အခြေအနေကို ပြောပြပါ"

"ကျုပ် တာဝန်ပိုင်း ပြောရရင် ကျုပ် တာဝန်ကျေတယ်။ နွေးကို သူ့လက်က အရပြန်ယူနိုင်တယ်။ ခင်မောင်ဦးကို ဘယ်မှာထိထိ ဆိုပြီး ကျုပ် မခင်မာ ပေးထားတဲ့ သေနတ်နဲ့ပစ်ပြီး ဖလင်နှစ်လိပ်ကို ရအောင် ပြန်ယူခဲ့တယ်။ ကျုပ် တာဝန်ပိုင်းနဲ့ အခြေအနေက ဒါပဲ။ ကျုပ် ရေချိုးတော့မယ်။ ဒီဖလင်နှစ်လိပ်ကို ကျုပ်နဲ့ နွေး ကိုယ်တိုင် အရာရှိချုပ်လက်ကို ဦးလေးဦးမြတ်ကောင်းရဲ့ဆန္ဒအတိုင်း ပေးပို့မယ်"

"အဲဒီ ဖလင်နှစ်လိပ် ခင်မာရဲ့လက်ထဲ မအပ်နိုင်ဘူးလား ကိုထွန်းထွန်း"

"မအပ်ဘူး၊ ကျုပ်နဲ့ နွေး ကိုယ်တိုင် အပ်မယ်။ အရာရှိချုပ် ဦးစောရန်နိုင် ဆီကိုသာ မခင်မာက ကျုပ်တို့နှစ်ယောက်ကို ပို့ပေးပါ"

"အင်း ... ကိုထွန်းထွန်းဟာ ဒီအတိုင်းပဲ လုပ်မှာလို့တော့ ခင်မာက တွက်ပြီးသားပါ။ ခင်မှာ လက်ကို အပ်လိုအပ်ငြား သဘောနဲ့သာ မေးတာပါ၊ ဒါကြောင့် ... နွေးနွေးကို တစ်ပါတည်း ဝင်ခေါ်ခဲ့တာပါ၊ ဦးလေးအောင်နဲ့ဒေါ်ဒေါ်စိမ်း





ကြ သူတို့ပါ လိုက်မယ်ဆိုပြီး ဒီ ကိုထွန်းထွန်း အိမ်ကို လိုက်ခဲ့ကြတာပါ။ ကဲ ... ကိုထွန်းထွန်း ရေချိုး အဝတ်အစား လဲပါတော့"

ထွန်းထွန်း အိပ်ခန်းထဲ ဝင်သွားသည်။ ဂျာကင်အင်္ကျီ ရှပ်အင်္ကျီတို့ကို ချွတ်ပြီး ချိတ်တွင် ချိတ်ကာ ရေချိုးသည်။

ထွန်းထွန်း ရေချိုး အဝတ်သစ် လဲသည်မှာ မိနစ်နှစ်ဆယ်ခန့် ကြာပေသည်။

သူ၏ အိပ်ခန်းထဲမှ ပြန်ထွက်လာသောအခါ ထွန်းထွန်းသည် သပ်သပ်ရပ်ရပ်နှင့် အလွန်ကြည့်ရှု တင့်တယ်သော လုလင်ပျိုတစ်ဦးအသွင် ရှိနေပါ၏။

စပို့ရှပ်လက်တို ကြက်သွေးရောင် ဝတ်ထားသည်။ ဘောင်းဘီမှာ ငါးရှဉ့်ရောင် တက်ထရက်(စ်)ဘောင်းဘီဖြစ်ပြီး အုံကြွပွယောင်းသော ဆံကေသာကို ဆီမွှေးလိမ်းကာ ခွဲကြောင်းကျအောင် ဟိုဘက် ဒီဘက် ခွဲထားသည်။

နွေးမှာ သူမ၏ ချစ်သူကြီးကို ကြည့်မဝ ရှုမဝ ဖြစ်ရပေသည်။

"ကဲ ... သွားကြစို့ ... ရယ်ဒီပဲ မခင်မာ"

အားလုံး နေရာမှ ထကြသည်။ နွေးသည် သူမ၏ အစ်ကိုထွန်းအား မယုံကြည် စိတ်မချသော အကြည့်ဖြင့် လှမ်းကြည့်ပြီး ...

"အစ်ကိုထွန်း"

"ဆို ... နွေး"

"အစ်ကို့မှာ အရာရှိချုပ်ကြီးလက် အပ်ဖို့ ဖလင်နှစ်လိပ်ကော ပါပြီလားဟင်"

"အာ ... ဟုတ်ပါ့ ... ကြည့်စမ်း၊ နွေး သတိပေးလို့၊ အဲဒီ ဖလင်နှစ်လိပ်က ဂျာကင်အိတ်ထဲမှာပဲ၊ ရေချိုးမလို့ဆိုပြီး ချွတ်ပြီး အိပ်ခန်းထဲက ချိတ်မှာ ချိတ်ထားတယ်၊ အစ်ကို သွားယူလိုက်ဦးမယ်"

ထွန်းထွန်း အိပ်ခန်းထဲ ပြန်ဝင်သွားပေသည်။ မခင်မာသည် သူမ၏ ရင်အုံမို့မို့လေးကို လက်ဝါးနှစ်ဖက်အုပ်ပြီး နွေးနွေးကို ကြည့်ကာ ပြောလိုက်သည်။

"ဘုရား ... ဘုရား ... ကိုထွန်းထွန်း လုပ်ပုံကြီးက လယ်ထွန်သွား နွားမေ့မလို့ချည်းပါလား၊ နွေး သတိပေးလို့သာ ပေါ့"

နွေးနွေးက ဘာမျှပြန်မပြောဘဲ ပြုံး၍သာ နေလိုက်ပေတော့သည်။

နွေးသည် သူမ၏ ချစ်လှစွာသော အစ်ကိုထွန်းအကြောင်းကို ခတ်သိ အစင်းသိ ဖြစ်နေပေပြီ။ ကိုယ်သောက်တတ်သည့် ဆေးလိပ်ကိုပင် မီးခြစ်ရှာပေးရသူ အမြဲလိုအပ်နေတတ်သော အစ်ကိုထွန်းပါတည်း။

ထွန်းထွန်း ပြန်ထွက်လာသည်။

"ဩော် ... မခင်မာ ... မခင်မာ ပေးထားတဲ့ သေနတ်ကို ကျွန်တော် ပြန်အပ်တော့မယ်၊ ကျည်ဆန်တစ်တောင့်





တော့ လျော့နေပြီ၊ ကျည်ဆန်ဘူးကတော့ မခင်မာ ပေးခဲ့တဲ့အတိုင်း တစ်တောင်မှ မလျော့ဘူး။ ဒါလည်း အခု ဂျာကင်အကျီအိတ်ထဲ သွားနှိုက်မှ သေနတ်နဲ့ ကျည်ဆန်ဘူးပါ ပြန်တွေ့လို့ ယူလာတာ"

"ရန်ကုန်ကျမှပဲ အပ်ပါတော့ ကိုထွန်းထွန်း၊ ဆရာကြီး ဦးစောရန်နိုင်ကို ဖလင်အပ်ရင်း သေနတ်နဲ့ ကျည်ဆန်ဘူးကိုပါ ပြန်အပ်ပါ"

"ဒါဆိုလည်း ပြီးရော၊ လာ ... သွားကြစို့"

နွေးက ပြောင်စပ်စပ် မျက်နှာလေးနှင့် သူမ၏အစ်ကိုထွန်းကို ခနိုးခနဲ့လေး မေးလိုက်ပါ၏။

"ဒီတစ်ခါ တကယ် ရယ်ဒီပဲလား အစ်ကို၊ ဘာမေ့သလဲ စဉ်းစားပါဦး"

"တကယ် ရယ်ဒီပါ နွေး၊ လိုအပ်တာတွေ နှံ့သမျှ အားလုံး ပါလာပါပြီ၊ ဒီတစ်ခါ တကယ့် ရယ်ဒီပါ"

အားလုံး အိမ်ထဲမှ ထွက်လာကြသည်။

မခင်မာက သူ၏ကားပေါ် ရှေ့ခန်းသို့ တက်သွားသည်။

ဦးလေးအောင်က ဆန်နီဆလွန်းကား မောင်းသူနေရာတွင် ဝင်ထိုင်းပြီး ဒေါ်ဒေါ်စိမ်းက ဦးလေးအောင် ဘေးတွင် ဝင်ထိုင်သည်။

နွေးက နောက်ကူရှင် တစ်ဖက်ထောင့်တွင် ဝင်ထိုင်သည်။

ထွန်းထွန်း ဘယ်မှာ ထိုင်ရပါ့။ ဦးလေးအောင်နှင့် ဒေါ်ဒေါ်စိမ်း ရှိနေသဖြင့် နွေး၏ နောက်ကူရှင်တွင် ဝင်ထိုင်ပါက လူကြီးတွေကို မလေးစားဟု ဦးလေးအောင်နှင့် ဒေါ်ဒေါ်စိမ်းက ထင်သွားမှာ ကြောက်သည်။

ယခုအချိန်ထိ နွေးနှင့် မိမိ မေတ္တာရှိနေပြီမှန်း လူကြီးတွေကို ဖွင့်မပြောရသေးသောကြောင့် ဖြစ်သည်။

"တက်လေကွာ မောင်ထွန်းထွန်း"

"ကျွန်တော် ဘယ်မှာထိုင်ရမှာလဲ ဦးလေးအောင်"

"ဟ … လွတ်တဲ့နေရာမှာ ထိုင်ပေါ့ကွ။ မင်းက ငါ့အဘွားကြီး မင်းဒေါ်ဒေါ်စိမ်းရဲ့ ပေါင်ပေါ်မှာ တက်ထိုင်လို့မှ မဖြစ်တာ။ နောက်ကူရှင်က မိနွေး ဘေးမှာ နေရာလွတ်နေတာ အဲဒီမှာပဲ ထိုင်ပေါ့။ ဟဲ … ဟဲ … ဟဲ။ အား … အလဲ့လဲ့ … နာပါတယ် မိစိမ်းရာ"

ဦးလေးအောင်အား ဒေါ်ဒေါ်စိမ်းက ဘာလုပ်လိုက်သည်မသိ။ ဦးလေးအောင်ထံမှ အလဲ့လဲ့ နာပါတယ် မိစိမ်းရာ ဆိုသော အသံပါ တစ်ဆက်တည်း ထွက်ပေါ်လာပေသည်။

ထွန်းထွန်းက သူ၏ခန္ဓာကိုယ်ကြီးကို နောက်ကူရှင် နွေး၏ ဘေးမှာပင် ပစ်ထိုင်လိုက်ပြီး တံခါးပြန်ပိတ်သည်နှင့် ဦးလေးအောင်က ကားကို မောင်းထွက်လာပေတော့သည်။

"ဩော် … မေ့နေတယ် နွေး။ မငွေးငွေး တစ်ယောက်ကော ဘာလို့ လိုက်မလာတာလဲဟင်"





"ဈေးနာသတဲ့ အစ်ကိုထွန်း၊ နွေးတို့နဲ့ လိုက်ရင် သူ့ဈေးက ရွှေဆိုင် အရောင်းအဝယ်မှာ နာသတဲ့။ မမငွေးက ဈေးထွက်ပြီး ကျန်ခဲ့တာပဲ အစ်ကိုထွန်း"

ဩော် … ဩော် … ဟု ပြောရင်း ထွန်းထွန်းသည် သူ့အင်္ကျီအိတ်၊ ဘောင်းဘီအိတ်များထဲသို့ ဟိုစမ်း ဒီစမ်းနှင့် တစ်ခုခု ရှာဖွေနေပေသည်။

"ဘာရှာနေတာလဲ အစ်ကိုထွန်း"

"စီးကရက်ပါ နွေး၊ ဒီနေ့ အိပ်ရာက ထကတည်းက အစ်ကို ဆေးလိပ်မသောက်ရသေးလို့"

"ဒါဆို … ရော့ အစ်ကိုထွန်း"

နွေးသည် သူမ၏ လက်ကိုင်အိတ်ထဲမှ ငါးသုံးလုံး စီးကရက်ဘူးကို နှိုက်ယူကာ ထွန်းထွန်း လက်သို့ ပေးအပ်လိုက်သည်။

ထွန်းထွန်းက စီးကရက်ဘူးထဲမှ တစ်လိပ်ထုတ်ယူကာ နှုတ်ခမ်းတွင် တွဲလဲချိတ်ပြီး ဟိုစမ်း ဒီစမ်းနှင့် ထပ်ပြီး အိတ်များနှိုက် ရှာဖွေပြန်သည်။

"ဒီမှာ အစ်ကို ညှိ"

နွေးသည် ပသီချောင်းတုန်းက ညှိပေးခဲ့ဖူးသော KENT မီးခြစ်လေးကို ဖတ်ခနဲ ခြစ်ကာ ထွက်ပေါ်လာသော မီးတောက်လေးကို ထွန်းထွန်း၏ တွဲလဲစီးကရက်ထိပ်တွင် တေ့ပေးလိုက်သည်။

ထွန်းထွန်းက စီးကရက်ကို မီးညှိရှိုက်ဖွာပြီး မီးခိုးငွေများ ပြန်မှုတ်ထုတ်ရင်း ...

"အား ... နွေးလေးရယ်၊ နွေးလေးကတော့ တကယ့်ကိုပဲ အစ်ကို့ရဲ့ ဘဝခရီးဖော် အစစ်ပါပဲကွယ်"

"ဘာလို့လဲ အစ်ကိုထွန်း"

ဘာလို့လဲဟု နွေးမေးသော မေးခွန်းကို ထွန်းထွန်းက မဖြေရသေးမီမှာပင် ကားနောက်ကြည့်မှန်ကို မပြတ်ကြည့်မောင်းနေသည့် ဦးလေးအောင်က ကြားဖြတ် ဝင်ရောက်ဖြေလိုက်ပေသည်။

"ဘာဖြစ်လို့ရမလဲ မိနွေးရဲ့။ နင်က သူ့ ဆေးလိပ်သောက်ချင်တိုင်း၊ စီးကရက် ထုတ်ပေး၊ မီးခြစ် ခြစ်ပေးလို့ နင်ဟာ သူ့ဘဝ ခရီးဖော်လို့ ဆိုတာပေါ့ ... ဟား ... ဟား ... ဟား"

ဦးလေးအောင်၏ ရယ်ဟားလိုက်သော အသံသည် တောင်ငူနှင့် ရန်ကုန် မော်တော်ကားလမ်း တစ်ခုလုံးအား ဖုံးလွှမ်းသွားလေသည်ထင့်။

**နားကြပါဦးစို့**

**တက္ကသိုလ်တင်မြင့်**